
www.burmeseclassic.com

# ဂျူး

# ကမ်းပျောက်တဲ့ပင်လယ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၀၇၀၀၁၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၁၅၁၀၂၁၀ |
| အဖုံးဒီဇိုင်း | - | Idea Kyaw & Kyaw Oo |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၀၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံယဉ်အော့ဖ်ဆက်<br>၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ။<br>ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ・ ၈၃

ဖျး

ကမ်းပျောက်တဲ့ ပင်လယ်/ ဖျး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၀

၂၈၀ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ကမ်းပျောက်တဲ့ ပင်လယ်။


BURMESE CLASSIC .com

## အခန်း (၁)

"အမလေး နာလိုက်တာ ကယ်ပါဦး အား ကျွတ် ကျွတ်"

စူးစူးဝါးဝါး အော်ဟစ် ညည်းညူသံက နားထဲကို တိုးဝင်လာသည်။ နားနေခန်းလေးထဲက ထိုင်ခုံမှာ ခမ်း ဆက်ပြီး ထိုင်မနေနိုင်တော့ဘဲ ထရပ်လိုက်မိပြီး ဖြစ်နေသည်။

"အား အမေရေ နာလိုက်တာ ကယ်ကြပါဦး"

မွေးလူနာတစ်ယောက် ထပ်ရောက်လာပြီဟု ခမ်း သိလိုက်ခြင်းနှင့်အတူ ခြေလှမ်းတွေက အခန်းအပြင်ဘက်ကို လှမ်းထွက်ပြီး ဖြစ်သည်။

မြင်လိုက်ရသည့် မြင်ကွင်းက အတော့်ကို ကသိကအောက်နိုင်သည်။ ဆေးရုံတံခါးဝမှာ လမ်းမလျှောက်နိုင်အောင် နာကျင်ညည်းတွားနေသော ကိုယ်ဝန်ဆောင် အမျိုးသမီးကို လက်တစ်ဖက်က ဆွဲထူမကာ အရှတ်တိုက် ဆွဲခေါ်မတတ် ယောကျ်ားအသွင်က မျက်ခုံးတွေ စုရှုံ့သွား



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။

တကယ်ဆို ဒီလို လုပ်ရလောက်ဟု စိတ်ထဲက ဒေါသထွက်သွားမိပေမယ့် ပြန်ထိန်းချုပ်လိုက်မိသည်။

"နှင်းနှင်း လှည်းယူပြီး သွားခေါ်လိုက်ပါဦး"

ခမ်း အနားကို ရောက်လာပြီး မင်သက်စွာ ရပ်ကြည့်နေသော နပ်စ် နှင်းနှင်းကို သတိပေးရသည်။

နှုတ်က မနားတမ်း ညည်းညူဟစ်အော်နေသည့် အမျိုးသမီး ပုံစံသည် ခပ်နွမ်းနွမ်းနှင့် ဝမ်းနာခြင်း ဝေဒနာကို ပြင်းပြစွာ ခံစားနေရပုံ ရှိသည်။ သူမကို တွဲခေါ်နေသော အမျိုးသားအသွင်ကတော့ အဖြူရောင် ကွမ်းရိုးစင်း လက်ရှည်အကျီနှင့် ရှားရင့်ရောင် ကွက်စိပ်ပုဆိုးကို တွဲဖက်ဝတ်ဆင်ထားသည်။

ဖြူဝင်းသော အသားအရည်နှင့် နုနုဖတ်ဖတ် ရုပ်သွင်က ရှင်းသန့်လွန်းကာ အမျိုးသမီးထက် ငယ်ရွယ်ပုံရတာ ထင်ရှားပါသည်။

ဝမ်းနာနေသော မိန်းမကို တွဲခေါ်လာပုံကအစ မဝံ့မရဲ ကုပ်တတလေးနှင့် တကယ့် အ'တတ ပုံစံပေါက်နေ၏။

နှင်းနှင်းနှင့် ဒေါ်စေးဝါးတို့ အကူအညီတွေကြောင့်သာ ထိုအမျိုးသမီး လူနာတင်လှည်းလေးပေါ် လွယ်ကူစွာ ရောက်သွားခြင်းဖြစ်သည်။





ကြည့်ရတာ မွေးဖို့အားဖို့ ကြိုတင်စီစဉ်ထားခြင်း မရှိပါဘဲ မိန်းမဝမ်းနာမှ ဒရောသောပါး ပြေးလာသည့် အသွင်ပါပဲ။

ခမ်း အခန်းထဲ ခပ်သွက်သွက် ပြန်ဝင်ကာ နားကြပ်နှင့် သွေးပေါင်တိုင်း ကိရိယာကို ယူပြီး ပြန်ထွက်ခဲ့သည်။

လူနာ အခန်းထဲရောက်တော့ ခုတင်ပေါ်မှာ ရောက်နေပြီ ဖြစ်သော လူနာကို ခမ်း စစ်ဆေးကြည့်သည်။

အခြေအနေက အရေးပေါ် အခြေအနေဟု နားလည်လိုက်၏။

"နှင်းနှင်း လူနာကို O.T (Operation Theater ခွဲစိတ်ခန်း) ထဲ သွင်းလိုက်ပါ"

ခမ်း ပြောပြီးသည်နှင့် O.G ဒေါက်တာ ဒေါ်ခင်ခင်ဆင့် အခန်းဆီ ခပ်သုတ်သုတ် လှမ်းခဲ့သည်။

စားပွဲပေါ်မှာ စာရင်းဇယားတွေ ဖိုင်တွဲတွေနှင့် အလုပ်ရှုပ်နေသော ဒေါ်ခင်ခင်ဆင့် ပါဝါမျက်မှန်ကိုင်းလေး ပင့်ကာ ခမ်းကို ကြည့်ရင်း

"မွေးလူနာ အရေးကြီးလာပြီလား ခမ်း"

"ဟုတ်တယ် မမဆင့် လူနာက သွေးပေါင်ကျနေတယ် Operation လုပ်ရမယ့် အခြေအနေပါ"

ခမ်း စကားတွေကို ခေါင်းညိတ် လက်ခံရင်း O.G မမဆင့် ထရပ်ပြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရန်နိုင် လူနာကို G &M(သွေးအုပ်စု ခွဲခြားစစ်ဆေးခြင်း) လုပ်ပါ၊ မနွယ်က Pre-op (မခွဲစိတ်မီ ကြိုတင်ပြင်ဆင်ခြင်း)တွေ လုပ်ထားနှင့်ပါ၊ ခမ်း လူနာရှင်ဆီက Concent (ခွဲစိတ်ကုသရန် သဘောတူလက်မှတ် ရယူခြင်း) ယူပြီး လိုက်ခဲ့ပါ"

O.G ဒေါက်တာ ဒေါ်ခင်ခင်ဆင့်က အားလုံးကို တပြိုင်နက် ညွှန်ကြားရင်း ရုံးခန်းထဲက ဦးဆောင် ထွက်သွားခဲ့သည်။

ခမ်း လိုအပ်သည့် ဖိုင်တွဲကို ကောက်ယူကာ အမြန်ဆုံး လိုက်ခဲ့၏။ ခွဲစိတ်ခန်းရှေ့က မြင်မြင်ထင်ထင် ထိုင်ခုံတွေပေါ်မှာ တစ်ယောက်မှ မတွေ့ရပါ။

သည်မျှအရေးကြီးနေချိန်မှာ မွေးလူနာ၏ အမျိုးသားက ဘယ် ချောင်ရောက်နေသည်လဲ။ ခမ်း စိတ်တိုသွားတာ အမှန်။

လူနာကို တွဲခေါ်လာကတည်းက ထိုအမျိုးသား တစ်ယောက်တည်းမို့ ခမ်း မျက်ဝန်းတွေက ကသောကမျော ရှာနေရတာ။ ကိုးကန်း တောင်းမှောက်။

လူနာ ခုတင်မှာလည်း မတွေ့။ အပြာရောင် မွေ့ရာထက်မှာ ဘာမှလည်း ခင်းကျင်းပြင်ဆင်မထား။ ဆေးရုံကို ဘာတစ်ခုမှ ယူမလာဘဲ သည်အတိုင်း လူချည်း ပြေးလာကြသည်လား။

ခမ်း တော်တော်တော့ စိတ်တိုနေပြီ။ အခန်းထဲက ပြန်လှည့်





ထွက်ရင်း စင်္ကြံလမ်းအတိုင်း ခပ်သွက်သွက် ပြန်လျှောက်ခဲ့သည်။

ကြည့်စမ်း ဆေးရုံတံခါးဝမှာ လက်နောက်ပစ်ကာ ကျောပေးရပ်နေသည့် ထိုလူအသွင်က ခမ်း ဒေါသတွေကို မှုံ့သိပ်ဖို့ ကင်းလွတ်သွားစေခဲ့သည်။

"ဒီမှာ"

ဒေါသလှိုင်းသင့်နေသော ခမ်းအသံက နှုတ်ဖျားက ခပ်ဆောင့်ဆောင့် ခုန်ထွက်သွားခဲ့သည်။

"ဪ ဒေါက်တာ"

ခမ်းကို လှမ်းကြည့်သည့် မျက်ဝန်းတွေက ရိုးသားမှုတွေ လက်ဖြာနေပေမယ့် ခမ်း ဒေါသတွေကိုတော့ မပြေစေနိုင်ခဲ့တာ သေချာသည်။

"ဒီမှာ လက်မှတ်ထိုး"

"ဗျာ"

"ရှင် အူတူတူ အတတ လုပ်မနေနဲ့ မွေးလူနာအတွက် ခွဲစိတ်ဖို့ သဘောတူကြောင်း လက်မှတ်ထိုးခိုင်းနေတာ"

ခမ်း စိတ်မရှည်နိုင်စွာ ရူးစူးရှရှ ပြောလိုက်သံကြောင့် သူ့မျက်လုံးတွေ ပြူးကာ ထိတ်လန့်သွားတာ အထင်အရှား။

"ကျွန်တော် ဟို ကျွန်တော်"

စကားသံတွေက တုန်ယင် တွန့်ဆုတ်ပြီး ဘာမှ မထွက်



www.burmeseclassic.com

www.burmeseclassic.com



မလာသော သူ့ကို ခမ်း သည်းခံနိုင်မှုအစွမ်းတွေ လုံးဝ ကုန်ခမ်းသွားခဲ့သည်။

"ရှင် မထိုးဘူးလား ထိုးမလား"

ခမ်း ယတိပြတ် မေးရင်း လက်ထဲက ဖိုင်တွဲကိုလည်း စားပွဲပေါ် ဘုတ်ခနဲ ပစ်ချလိုက်၏။

ခမ်းရဲ့ ဒေါသတွေကို ဥပေက္ခာပြုကာ သူ့မျက်ဝန်းတွေက ဆေးရုံဝင်းအပြင်ဘက်ကို ဦးလှည့်သွားတာမို့ ခမ်း လက်တစ်ဖက်က သူ့ရင်ဘတ်ကို ခပ်ရိုင်းရိုင်းပဲ ပုတ်ခတ်မိတော့သည်။

"ဒီမှာ ရှင် ကျွန်မတို့ကို လာပြီး ဒုက္ခတွေပေးနေတာလား။ မွေးလူနာက ခွဲစိတ်ခန်းထဲ ရောက်နေပြီ၊ ဆရာဝန်ကြီးတွေက ခွဲစိတ်မွေးဖို့ အသင့်ဖြစ်နေကြပြီ၊ လူနာရှင်ရဲ့ သဘောတူ ခွင့်ပြုလက်မှတ် တစ်ခုအတွက် ကျွန်မ ရှင့်ကို လိုက်ရှာနေရတဲ့ အချိန်တွေက စက္ကန့်တိုင်း အရေးပါတယ်၊ အားလုံးကို ရှင် စိတ်ဒုက္ခပေးနေတာကို ကျွန်မ သည်းမခံနိုင်တော့ဘူးနော်"

ခမ်း အသံတွေ လိုအပ်သည်ထက် ကျယ်လောင်တုန်ခါသွားတာကြောင့် အားလုံး မျက်ဝန်းတွေက လှမ်းကြည့်လာသည်။ ဒါပေမဲ့ ခမ်း ဘာကိုမှ ဂရုမစိုက်နိုင်အောင် ဖြစ်နေပြီမို့

လက်ထဲက ဘောပင်ကို ထိုလူ့လက်ထဲ ခပ်ဖဆောင့်ဆောင့်





ထိုးထည့်ပေးကာ

"အခုချက်ချင်း ရှင် ဟောဒီ နေရာမှာ လက်မှတ်ထိုးလိုက်ပါ"

သည်တစ်ခါတော့ သူ ဘာမှ မငြင်းဆိုတော့ဘဲ ခမ်း စေခိုင်းသည့်အတိုင်း ဖိုင်တွဲပေါ်က စာရွက်မှာ လက်မှတ်ထိုးပေးသည်။

ဖြူနုသွယ်တန်းသော လက်ချောင်းလေးတွေနှင့် ရှင်းသန့်သော လက်သည်းခွံလေးတွေကို ခမ်း မြင်တွေ့နေရသည်။

မိန်းမဆန်လွန်းအောင် နုဖတ်လွန်းပြီး ရဲရင့်ဖျတ်လတ်မှု မရှိသော ထိုယောကျ်ားကိုတော့ ခမ်း ဘယ်လိုမှ အထင်ကြီး လေးစားလို့ မရနိုင်ပါ။

သူ လက်မှတ်ထိုးပြီးသည့် ဖိုင်တွဲကို ခမ်း ဆတ်ခနဲ ကောက်ယူလိုက်ရင်း •

"ရှင် ဒီမှာပဲ ကျောက်ရုပ်တစ်ရုပ်လို ရပ်မနေနဲ့ဦး၊ မွေးခန်းထဲက ရှင့်မိန်းမ မီးဖွားပြီး ပြန်ထွက်လာရင် အဆင်သင့်ဖြစ်အောင် စီစဉ်ထားပါ၊ လူအတွက် ကလေးအတွက် ဘာတစ်ခုမှ မပါဘဲ ဆေးရုံရောက်လာတဲ့ ရှင့်လို နုံနုံအအ အဖေမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ခမ်း စိတ်ထဲရှိသမျှ ပြောဆိုပြီး ချာခနဲ လှည့်ထွက်ခဲ့တော့ သူ ကြောင်တောင်တောင် ရပ်ငေးကျန်ရစ်ခဲ့သည်။

သည်လောက်အထိ တုံးလွန်း နုံအလွန်းသော ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဘီလူးကြိမ်း ကြိမ်းလိုက်မိသော ခမ်းကို ရပ်ငေးကြည့်နေသူတွေ ဘယ်လို ထင်မြင်ကြမည် မသိပါ။

ဒေါက်တာ သွင်ခမ်းနား ဆိုသည့် ဆရာဝန်မလေးက ရုပ်လေးနှင့် မလိုက်ဖက်အောင် ကြမ်းတမ်းလိုက်တာဟု ဆိုမည်လား။

ထင်ချင်လည်း ထင်ပါစေတော့။

ခမ်း စိတ်ရှိလက်ရှိ ထုရိုက်ပစ်ချင်လောက်အောင် သင်းကလေး လုပ်ရပ်က ဆိုးလွန်းခဲ့တာ မဟုတ်လား။

■ ■ ■

ညည်းတွားသံတွေ၊ သွေးစက်တွေ၊ ချွေးစက်တွေကြားက လောကကြီးကို နှုတ်ဆက်ဟစ်ကြွေးလိုက်သည့် ကလေးငယ်၏ အူဝဲသံလေးက ရူးရူးရှရှ ထွက်ပေါ်လာသည်။

"ယောကျ်ားလေး ဒေါက်တာရ"

ခွဲစိတ်မွေးဖွားပြီးသည့် ကလေးငယ်ကို ဆေးကြောသန့်စင်ပေးသည့် နာ့စ် သွယ်သွယ်က ဝမ်းသာအားရ ဆိုတော့ ခမ်း ကြည်နူးစိတ်ကလေး ဝေမိသည်။

ခွဲစိတ်ခုံပေါ်မှာ သတိလစ်နေဆဲ မိခင်ဖြစ်သူ မျက်နှာကို လှမ်းကြည့်ရင်း ခမ်း မျက်ဝန်းထဲ ပြေးမြင်လာသည်က ကလေးရဲ့ ဖခင်ပုံရိပ်။

တကယ့် လူနုံ လူအ။ သည်ကလေးလေးကတော့ အဖေတူ





သားတစ်ယောက် မဖြစ်ပါစေနဲ့ဟုတောင် ခမ်း ဆုတောင်းမိမတတ်။

အားလုံး စိတ်ချရပြီဆိုတော့မှ O.G ဒေါက်တာ ဒေါ်ခင်ခင်ဆင့် ဦးဆောင်သော ခမ်းတို့ ဆရာဝန်အဖွဲ့ ခွဲစိတ်ခန်းထဲက ပြန်ထွက်လာနိုင်တော့၏။

"ဟော့ မင်းကလေးရော လူကြီးရော နေကောင်းတယ်၊ အိုကေ သွားပြီ ဝမ်းသာတော့"

ခွဲစိတ်ခန်း ရှေ့က ခုံမှာ တစ်ယောက်တည်း ထိုင်နေသော သူ့ကို O.G မမဆင့်က တရင်းတနှီး ပြုံးပြုံး နှုတ်ဆက်သည်။ ဒါကို အူကြောင်ကြောင် မျက်ဝန်းတွေနှင့် ငေးကြည့်နေပြီးမှ

"ဟုတ် ဟုတ်ကဲ့ ဒေါက်တာ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

တော်သေးတာပေါ့။ ကျေးဇူးတင်စကားလေးတော့ ပြန်ပြောနိုင်ပေလို့၊ တစ်ချိန်တည်းမှာပင် သူ့အကြည့်တွေက ခမ်းဆီကို လှမ်းကြည့်လာသည်။

ခမ်း တမင် မျက်မှောင်ကုပ်ကာ ဘုကြည့် ပြန်ကြည့်ပစ်လိုက်တော့ ချက်ချင်း အကြည့်လွှဲကာ ပြန်ထိုင်သွားသည်။

"နှင်းနှင်း ကလေးအဖေ လက်ထဲက သူ့သားကို ပေးလိုက်ပါ"

ဖြူဖွေးသော အနှီးစဖြင့် ထုပ်ပိုးထားသည့် ကလေးငယ်ကို နှင်းနှင်းက သူ့လက်ထဲ ထည့်ပေးတော့ မချီဟုတ် ချီတတ်နှင့် ပွေ့ထား



www.burmeseclassic.com

www.burmeseclassic.com



တမ်း

"ကလေးလည်း ပြုတ်ကျဦးမယ်၊ ပေးပါ ကျွန်မပဲ ခုတင်မှာ သွားထားပေးပါ့မယ်"

ကြားထဲက မနေနိုင်သူ နှင်းနှင်းက ကလေးကို ပြန်လှမ်းပွေ့ ကာ ထွက်သွားတော့မှ အနောက်က အူတူတူနှင့် လိုက်ပါသွားခဲ့သည်။

ပုံစံကတော့ တကယ့်ကို တုံးအလွန်းသည့် အူကြောင်တုံးလေး ဟု ခမ်း ကောက်ချက်ချမိသည်။

မျက်နှာ နုနုဖတ်ဖတ်ကလေးကို မြင်ရုံနှင့် ခမ်းထက် အသက် ငယ်ရွယ်သူဆိုတာ ခန့်မှန်းလို့ ရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင် ကျခဲ့တာ ထင်သည်။

သားဦးဆိုတော့ ပိုဆိုးတော့မည်ပေါ့။ လူကြီးမိဘတွေ တစ် ယောက်မှ ရောက်မလာကြဘူးလား မသိပါ။ အူကြောင်တုံးလေး အသွ ကတော့ ဘာမှ ပင်ပင်ပန်းပန်း လုပ်ကိုင်တတ်ပုံလည်း မရ။ လုပ်ကို ခဲ့ရပုံလည်း မပေါ်။

သင်းကလေး မိန်းမယူတာကို မကြည်ဖြူ၍ မိဘတွေက ဥပေက္ခာပြု စွန့်ပစ်ထားခြင်းလား။ ခမ်း ခေါင်းထဲကို ဆင့်ပွားဝင်လာသော အတွေးတွေက နားနေခန်းထဲ ပြန်ရောက်သည်အထိ ဖြစ်သည်။

"မမခမ်းနား ကော်ဖီလေး သောက်လိုက်ဦးနော်"





ခမ်း အကြိုက်ကို သိသော နှင်းနှင်းက ဓာတ်ဘူးထဲမှာ အသင့် ဖျော်ထည့်ထားသော ကော်ဖီပူပူကို ခွက်လေးထဲ ထည့်ကာ ယူလာပေး သည်။

ကော်ဖီ ခါးသက်သက် အရသာကို ခမ်း ဖိမ်ခံသောက်ရင်း စိတ်ကို ပေါ့ပါးစွာ အနားပေးလိုက်မိသည်။

သားဖွားဆောင်ဘက်က ပျံ့လွင့်လာသော ကလေးငယ်တို့၏ ငိုကြွေးသံလေးတွေက ခမ်းအတွက်တော့ အပန်းဖြေ နားဆင်ဖို့ ဂီတသံစဉ် လေးတွေ ဖြစ်ခဲ့တာ ကြာပြီ။

ဒေါက်တာ သွင်ခမ်းနား ဆိုသည့် သူမ ဘဝလေးကို ခမ်း တွယ်မက်ပျော်ပိုက်စွာ ရွေးချယ်ခဲ့တာပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

round လှည့်ပြီးသွားချိန်လေးမှာ ခမ်းအတွက် တခဏတာ
တော့ အားလပ်ခွင့်လေး ရပါသည်။

လက်ရှိ အရေးပေါ်လူနာလည်း မရှိတာမို့ အပြောင်းပြေ အညာ
ပြေ စင်္ကြံကော်ရစ်တာလေးမှာ ခမ်း လမ်းလျှောက်မိသည်။

လက်နှစ်ဖက်ကို လိုအပ်သည်ထက် ပိုမိုလွှဲခါရမ်းကာ ခြေလှမ်း
တို့ ကျဲကျဲမှန်မှန် လျှောက်တတ်တာ ခမ်းအတွက် လေ့ကျင့်ခန်းတစ်ခုလို
ပါပဲ။

လူကြည့်ကောင်းအောင် တမင်လုပ်ယူရသော လမ်းလျှောက်မှု
မျိုး မဟုတ်ပါဘဲ စိတ်လွတ်လပ်မှု အပြည့်အဝ ပိုင်ဆိုင်စေသည့် သည်လို
လမ်းလျှောက်မှုမျိုးကို ခမ်း သဘောကျ နှစ်သက်မိသည်။





စင်္ကြံလမ်းထိပ် အဆုံးမှာ ခမ်း ချာခနဲ ပြန်ဦးအလှည့်မှာ
မြင်လိုက်ရသော မြင်ကွင်းကြောင့် တုံ့ခနဲ ရပ်သွားမိ၏။

အူကြောင်တုံး ကောင်လေးက ခမ်းကို ငေးမောရပ်တန့်လို့
ကြည့်နေသည်။ လက်ထဲမှာ ကိုင်ဆွဲထားသည်က လက်ဆောင်ပန်းခြင်း
ကြီးတစ်ခြင်း ဖြစ်နေသည်။

သည်တစ်ခါ ဝတ်ဆင်ထားသော မီးခိုးရောင် ခေါင်းစွပ်စွယ်တာ
အဖြူစင်းနှင့် အနက်ရောင် ဘောင်းဘီရှည်က မနေ့ကထက် ကြည့်
ကောင်းတာ အမှန်။

ဆံပင်တိုတိုကပ်ကပ်နှင့်မို့ မျက်နှာလေးက ပိုမိုပေါ်လွင် ရှင်းသန့်
နေခဲ့သည်။ ထင်းပြီး တန်းနေသော မျက်ခုံးတွေအောက်က ကြည်လင်
သော မျက်ဝန်းတစ်စုံ၊ နှာတံကျစ်ကျစ်က အချိုးကျ၍ ပန်းရောင်သမ်း
နေသော နှုတ်ခမ်းတွေက ပြုံးမလို ရယ်မလို ခပ်ဟဟလေး ဖြစ်နေ၏။

ရုပ်ရည်သွင်ပြင်နှင့် အရုပ်အမောင်းကတော့ ဘာဝတ်ဝတ်
စတိုင်ကျ လိုက်ဖက်အောင် ချောမွေ့ပြေပြစ်ပါသည်။ ဒါပေမဲ့ ခမ်း သိ
ထားသော သူသည် အူကြောင်တုံးလေးသာ ဖြစ်ပါသည်။

ခြေလှမ်းတို့ တုံ့ရပ်ကာ ခမ်း အကဲခတ်ကြည့်နေမိတာ အတော်
ကြာလို့ သူကလည်း ခြင်းတောင်းလေး ကိုင်ဆွဲကာ ရပ်နေတာ လျှောက်
ချပ်တစ်ရုပ်အတိုင်း။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလုပ်နေတာလဲ။ ဒီစကြံလမ်းမှာ ရှိနေတာလည်း ခမ်းနှင့် သူ နှစ်ယောက်သာ ဖြစ်သည်။ ဒါဆို ခမ်းဆီလာတာလား။ မဖြစ်နိုင်ဟု ထင်သည်။

သင်းကလေး အုကြောင်တုံး ရပ်နေတိုင်း ကိုယ်က လိုက်ရပ်နေမိတာတော့ မဟုတ်သေးပါ။ ဖျတ်ခနဲ သတိဝင်လာမိပြီး ခမ်း ခြေလှမ်းတို့ ဆက်လှမ်းသည်။

ခမ်း မျက်ဝန်းတွေကို သူ့ဆီမကြည့်မိအောင် တမင်ရှောင်ကာ သူ့နံဘေးကပဲ ခမ်း ကျော်ဖြတ်လျှောက်သည်။

"ဒီ ဒီမှာ ခင်ဗျ"

စကားသံ တုန်ယင် ထစ်ငေါ့စွာနှင့် သူ့အသံ တိုးတိုးကြောင့် ခမ်း ချာခနဲ ပြန်ဦးလှည့်ကြည့်သည်။

"ရှင် ခေါ်နေတာ ဘယ်သူ့ကိုလဲ"

"ဟို ဒေါက်တာ ဒေါ်သွင်ခမ်းနားကိုပါ ခင်ဗျာ"

ခမ်း အမည်ကိုတောင် သိနေသည်လား။ သည်လိုကျတော့လည်း သိပ်ပြီး မနုံမအသေးဘူး ထင်၏။ ခမ်း သူ့ရှေ့အထိ ပြန်လှည့်လျှောက်ခဲ့ရင်း ခြေနှစ်လှမ်းအကွာလောက်မှာ ရပ်လိုက်သည်။

"ကဲ ပြော ရှင်က ကျွန်မကို ခေါ်တာဆိုတော့ ဘာကိစ္စလဲ"

မနေ့က အစာမကြေသည့် ကိစ္စအတွက် ခမ်းမျက်နှာနှင့်





လေသံက မာကြောကြောနိုင်နေမှာ သေချာသည်။ ကြည့်လဲ့နေသော သူ့မျက်ဝန်းတွေက ခမ်းကို တောင်းပန်တိုးလျှိုးနေတာတော့ အမှန်။

"ဟို ဒီလိုပါ မနေ့ကိစ္စ ကျွန်တော် တောင်းပန်ချင်လို့ပါ"

မျက်နှာညှိုးမဲ့မဲ့လေးနှင့် သူ ပြောသော စကားသည် ဒီတစ်ခါတော့သိပ်ပြီး ထစ်ထစ်အအ မရှိတော့ပါ။ ဒါပေမဲ့ နောက်ထပ် စကားတွေ အတွက်တော့ အားယူနေသည့် ပုံပေါက်နေသေး၏။

"တောင်းပန်တယ်ဆို ပြီးပြီပေါ့"

ခမ်း ပြောပြီးသည်နှင့် ပြန်လှည့်ထွက်ဖို့ ပြင်တော့ သူ ကပျာကသီ တားသည်။

"နေ နေပါဦး ကျွန်တော် ဒေါက်တာ့ကို ဒါလေး လက်ဆောင်ပေးချင်လို့ပါ"

"ဘာ"

လက်ထဲက လက်ဆောင်ခွဲခြင်းကြီးကို ကိုင်မြှောက်ကာ ကမ်းပေးရင်း သူ ပြောတော့ ခမ်း ဒေါသသံနှင့် ဟစ်အော်မိ၏။ ခြင်းလေးထဲမှာ ရှိနေသော ပန်းသီးတွေ အိုဗာတင်းတွေ နို့ဆီဘူးတွေကို ခမ်း ခပ်မဲ့မဲ့ ငုံ့ကြည့်မိလိုက်သည်။

"ဒီမှာ အဲဒါတွေကို ကျွန်မ မလိုအပ်ဘူး။ ရှင့်ဘာသာ ပြန်ယူသွားတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟို မလုပ်ပါနဲ့ဗျာ သူများတွေက ပြောတယ်၊ ဒေါက်တာမလေး က စိတ်ကောင်းတယ်ဆိုလို့"

"ဘာပြောတယ် ဘာပြောတယ် ရှင့်စကား အဓိပ္ပါယ်က ဘာလဲ ကျွန်မက စိတ်မကောင်းရအောင် ရှုးနေလို့လား။ ရှင် ဘာစကား ပြော တာလဲ"

ဒေါသစိတ်နှင့်အတူ သူ့ရင်ဘတ်ကို ခမ်း လက်တစ်ဖက်က ခပ်ဆောင့်ဆောင့် တွန်းထုတ်ပြီး ဖြစ်နေသည်။ ထင်မှတ်မထားသော တုံ့ပြန်ချက်ကြောင့် ထင်၏။ သူ့မျက်ဝန်းတွေ အံ့ဩထိတ်လန့်သွားတာ အထင်အရှား။

"ကျွန် ကျွန်တော် သူတို့ ပြောတာ ယုံ ယုံမိလို့ပါဗျာ၊ တောင်း ပန်ပါတယ်"

ကြည့် တောင်းပန်နေပုံက ဘယ်လောက် ဒေါသဖြစ်စရာ ကောင်းသလဲ။ သူများပြောတာ ယုံမိတာပဲ မှားသလိုလို။ ဒါဆို သွင် ခမ်းနားက စိတ်ထား မကောင်းတဲ့ မိန်းမပေါ့။

"ရှင် ကျွန်မကို တမင်လာစော်ကားနေတာပဲ၊ ကျွန်မ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူးနော်"

"အာ မဟုတ်ပါဘူးဗျာ ကျွန်တော် မနေ့က ကိစ္စအတွင် ခင်ဗျားကို ကျေးဇူးတစ်လွန်းလို့ပါဗျာ၊ ခင်ဗျားတို့ ဆရာမအဖွဲ့ကို လက်





ဆောင်ပေးချင်လို့ပါ၊ ကျွန်တော် စကားပြောဖူးတာကလည်း ခင်ဗျား တစ်ယောက်ပဲ ရှိတော့ ဒီ ဒီလက်ဆောင်တွေကို ခင်ဗျားဆီ လာပေး တာပါ"

သည်တစ်ခါတော့ စကားတွေကို တစ်ဆက်ကြီး ပြောကာ သူ တောင်းပန်နေသည်။ ခမ်းကတော့ နှုတ်ခမ်းတွေကို အသားကုန် မဲ့ချ ပစ်လိုက်ကာ ခန္ဓာကိုယ်ကို လိုအပ်သည်ထက် ဆန့်မတ်ပစ်လိုက်၏။

"သေချာကြည့်စမ်း ကျွန်မ မျက်နှာကို ရှင် အသေအချာ ကြည့်ထားစမ်း၊ ကျွန်မတို့ ဆရာဝန်တွေရဲ့ စေတနာကို ရှင် ဘယ်လို ဦးနှောက်နဲ့ တွေးဆခုတ်ထစ်ပြီး ဒီလက်ဆောင်တွေနဲ့ ပိုင်းဖြတ်တာလဲ၊ ဒီမှာ ရှင့်လက်ဆောင်တွေကို ပြန်ယူသွားပြီး ရှင့်ခေါင်းထဲက မသေမချင်း မှတ်ထားလိုက်၊ ကျွန်မတို့ စေတနာတွေကို ငွေကြေးလက်ဆောင်တွေနဲ့ ဘယ်တော့မှ တန်ဖိုးမဖြတ်ပါနဲ့"

စကားအဆုံးမှာ ခမ်း ချာခနဲ လှည့်ထွက်ခဲ့သည်။ စကြံလမ်းပေါ် မှာ သူ ဒီအတိုင်း ရပ်ကျန်ရစ်ခဲ့မည် ထင်သည်။

ခမ်း ဒေါသတွေကို ပြေအောင် အခန်းထဲရောင်မှ စိတ်ကို လျှော့ချလိုက်ရ၏။ ဘယ်လိုရှေးရေစက်လဲ မသိ။ သည်လူ မျက်နှာကို မြင်တာနှင့် ခမ်း ဒေါသထွက်နေတာ ချုပ်ထိန်းလို့မရအောင် ဖြစ်နေသည်။

စားပွဲပေါ်က ဖိုင်တွဲကို ဖွင့်ကာ အူကြောင်တုံးရဲ့ နာမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ခမ်း ရှာဖွေဖတ်ကြည့်မိသည်။

မောင်မိုးညို တဲ့။ နာမည်နှင့်လှုပုံ ဒိုက တကယ့်ကို ဆန့်ကျင်ဘက် ဖြစ်နေသည်။ လှပုံက ဖြူဖြူနုနု ပျော့တိပျော့ညံ့ ယောကျ်ား ယယ်ယယ်ရွယ်ရွယ်နှင့် ကလေးတစ်ယောက် ဖခင်ဘွဲ့ကို ပိုင်ဆိုင်သွားခဲ့ပြီ။

မိသားစု တာဝန်၊ ဖခင်တစ်ယောက် ဝတ္တရားတွေ၊ ဒီအရူကြောင် တုံးလေး ဘယ်လို ရင်ဆိုင်ဖြတ်သန်းမည် မသိ။

ရင်မောစရာ ကောင်းလိုက်တာ။

■ ■ ■



## အခန်း (၃)

O.G ဆရာဝန်မကြီး ဦးဆောင်သော ခမ်းတို့ ဆရာဝန်အဖွဲ့ လူနာဆောင်တွေ တစ်ဆောင်ပြီး တစ်ဆောင် ဝင်ထွက်ပြီး round လှည့်ကြည့်သည့်နေ့ကလေးမှာပဲ ခမ်း မှားယွင်းခဲ့တာကြီးကို သိခွင့်ရလိုက်ပါသည်။

မောင်မင်းညို၏ ဇနီး နီလာခင်ရဲ့ ခုတင်ကို ရောက်ခဲ့ကြသည်။ ခမ်းတို့ကို မြင်တော့ နီလာခင် အပြုံးချိုချိုလေးတွေနှင့် နှုတ်ဆက်နေ၏။

ရင်သွေးတစ်ယောက် မွေးဖွားပြီးစ မိခင်တစ်ယောက်ရဲ့ အားမာန်ရှိမှုတွေလည်း ထိုအပြုံးတွေထဲမှာ ပါသည်။ ခမ်းတို့တွေ အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ခြင်းတွေလည်း ပါနေသည်။

"နေကောင်းတယ်နော် သမီး"

O.G ဒေါ်ခင်ခင်ဆင့်က ရင်းနှီးစွာနှင့် မေးတော့ အပြုံးလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ရင်း

"ဟုတ်ကဲ့ ကောင်းပါတယ် ဆရာမကြီးရှင့်၊ သမီး ဆရာမကြီးတို့ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်"

မိခင်နှင့် ကလေးနှစ်ဦးစလုံးကို ခမ်းတို့တွေ စမ်းသပ်စစ်ဆေးပြီး လူနာ မှတ်တမ်းမှာ O.G က မှတ်ချက်ပေးသည်။

"အခြေအနေ အားလုံး ကောင်းပါတယ်၊ နောက်သုံးရက်လောက်ဆိုရင် ဆင်းလို့ရပါပြီ၊ ဒါနဲ့ သမီးက တစ်ယောက်တည်းလား၊ အမျိုးသားရော"

"ရှိပါတယ် ဆရာမကြီး အခုလေးတင် အပြင်ထွက်သွားလို့ ပြန်လာမှာပါရှင်"

နီလာခင် အဖြေတောင် မဆုံးသေးပါ။ အခန်းထဲကို ခပ်သုတ်သုတ် လှမ်းဝင်လာသော အမျိုးသားတစ်ဦးကို တွေ့လိုက်သည်။ လက်ထဲမှာ ကြွပ်ကြွပ်အိတ်အနက်ရောင်လေး တစ်လုံး ဆွဲကိုင်ထား၏။

အသားက ညိုညို၊ ခန္ဓာကိုယ်က တောင့်တောင့် ဆံမလိမ်းသော ဆံပင်တွေက မွဲခြောက်ခြောက်နှင့် အမျိုးသားက ခမ်းတို့ရှေ့မှာ ရိုကျိုးစွာ ရပ်ရင်း

"ဆရာမကြီးတို့ကို ကျွန်တော် ကျေးဇူးအထူး တင်ပါတယ်ခင်ဗျာ၊ အခုလည်း ဟောဒီ လက်ဆောင်လေးတွေနဲ့ ဆရာမကြီးတို့ကို





ကန်တော့ချင်လို့ပါ ခင်ဗျာ၊ လက်ခံပေးပါ ဆရာမကြီးတို့ရယ်"

လက်ထဲက ကြွပ်ကြွပ်အိတ်လေးကို လက်နှစ်ဖက်နှင့် ကမ်းပေးရင်း ထိုလူက ဒူးထောက် ထိုင်ချလိုက်တော့ ခမ်းတို့တောင် တွန့်ခနဲ ဖြစ်သွား၏။

"အို မဟုတ်တာကွယ်၊ မလုပ်ပါနဲ့ ဒါ ဆရာမကြီးတို့ရဲ့ တာဝန်ပါ၊ လက်ဆောင်တွေ မလိုပါဘူး၊ မင်း စေတနာကို ဆရာမကြီးတို့ လက်ခံ ပီတိ ဖြစ်ရပါတယ်ကွယ်"

"ကျွန်တော် အရမ်း ကျေးဇူးတင်လွန်းလို့ပါ ဆရာမကြီးရယ်၊ ကျွန်တော့်ရဲ့ ချွေးနည်းစာလေးနဲ့ တတ်စွမ်းသလောက် ကန်တော့တာပါဗျာ၊ လက်ခံပေးပါနော် ဆရာမကြီး"

ငြင်းဆန်ခက်ခဲလောက်အောင် လူနာရှင်က မျက်နှာငယ်လေးနှင့် ဖွတ်တောင်းပန်နေတာမို့ ဒေါ်ခင်ခင်ဆင့် အိတ်ကလေးကို လှမ်းယူလက်ခံလိုက်ရပါသည်။

"မင်းရဲ့ စေတနာ ထက်သန်မှုကို ဆရာမကြီးတို့ အသိအမှတ်ပြုလိုက်တာပါကွယ်၊ ကဲ ကဲ နှင်းနှင်းရေ ဒါနဲ့ မြောက်အောင် တို့တွေ ဝေမျှစားလိုက်ကြတာပေါ့"

နာ့စ်မလေး နှင်းနှင်း လက်ထဲကို ဒေါ်ခင်ခင်ဆင့်က အိတ်လေးကို ကမ်းပေးသည်။ အိတ်လေးထဲမှာ ရှိနေသော ငှက်ပျောသီးတစ်ဖီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းသီးလေး နှစ်လုံးထက် လူနာရှင်၏ စေတနာအတွက် ခမ်းတို့ ပီတိတွေ ပြည့်ဝနေခဲ့သည်။

"ဆရာမကြီးတို့သာ မကယ်ရင် ကျွန်တော့်ဇနီးနဲ့ သားလေး အတွက် မတွေးရဲအောင်ပါဘဲ ခင်ဗျာ"

နီလာခင် လက်ထဲက သားငယ်လေးကို ပွေ့ချီရင်း ဆိုလာသည့် ထိုလူ့စကားကြောင့် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်ကာ အံ့ဩသွားမိတာက ခမ်း တစ်ယောက်ပဲ ဖြစ်သည်။

"အခုတော့ မင်း စိတ်ချမ်းသာသွားပြီ မဟုတ်လား။ မောင်မိုးညို ရှေ့ဆက်ပြီး မင်းတို့ မိသားစု ကျန်းမာပျော်ရွှင်နိုင်ပါစေကွယ်၊ ကဲ ဆရာမကြီးတို့ကို ခွင့်ပြုဦးကွယ်"

"ဟုတ်ကဲ့ ခင်ဗျ ဟုတ်ကဲ့"

O.Gဆရာမကြီးနှင့် အားလုံး အခန်းထဲက ထွက်ခွာသွားကြ ပေမယ့် ခြေလှမ်းတို့ မရွေ့နိုင်ဘဲ ကျန်ရစ်ခဲ့သူက ခမ်းပဲ ဖြစ်သည်။

ခမ်းကို ပြုံးကြည့်နေသော နီလာခင်။ ပြီးတော့ ကလေးငယ်ကို ထွေးပိုက် ကြည်နူးနေသော ကိုမိုးညို ဆိုသည့် ခင်ပွန်းသည်။

ဒါဆို ခမ်း သိထားသော အကြောင်းတုံးလေးက ဘယ်သူလဲ။ နီလာခင်ရဲ့ ခင်ပွန်း ကိုမိုးညို မဟုတ်ဘူးပေါ့။

ခမ်း မနေနိုင်တော့သည့်အဆုံး နှုတ်ကပဲ ဖွင့်မေးမိတော့သည်။





"ဟို လေ ကျွန်မ တစ်ခုလောက် မေးချင်လို့၊ ဒီက ညီမ ခွဲစိတ်ခန်းဝင်တုန်းက လက်မှတ်ထိုးပေးတဲ့သူက ဘယ်သူလဲ"

"ကျွန်မကို ဆေးရုံလိုက်ပို့ပေးတဲ့သူကို မေးတာလား ဆရာမ"

"ဟုတ်တယ် ဟုတ်တယ် ဟိုလေ ညီမ အမျိုးသား ထင်ပြီး ကျွန်မ အတင်း လက်မှတ်ထိုးခိုင်းနေမိတာ၊ သူက အူတူတူ လုပ်နေလို့ ကျွန်မနဲ့တောင် ပြဿနာဖြစ်လုလုပဲ၊ အကြိတ်အနယ်ပဲ"

ခမ်း ရှင်းပြလိုက်တော့ နီလာခင် ခင်ပွန်း ကိုမိုးညိုက ပြုံးပြုံး ကြီးနှင့် ဝင်ရှင်းပြပါသည်။

"သူက ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက်ပဲ ဆရာမရေ၊ ကျွန်တော်က နယ်မှာ အလုပ်သွားလုပ်နေတာပါ၊ ကျွန်တော့်ဇနီးက မပေါ့မပါးကြီးနဲ့ အိမ်မှာ တစ်ယောက်တည်း နေရသူပါ၊ အဲဒီနေ့က ဈေးသွားရင်း လမ်းမှာ ဗိုက်နာတော့ အဲဒီကျေးဇူးရှင် ညီလေးက ဆေးရုံ ကို လိုက်ပို့ပေးတာပါ"

"ဟင်"

"ဟုတ်တယ် ဆရာမရဲ့ မမျှော်လင့်ဘဲ ကျွန်မ ခွဲစိတ်ခန်းထဲ ရောက်တဲ့အထိ လိုအပ်တဲ့ ဆေးဖိုးဝါးခအပြင် ဘာမှပါမလာတဲ့ အခြေ အနေဆိုတော့ လိုအပ်တဲ့ အနှီး၊ ပိတ်စ၊ အခု စားပွဲပေါ်မှာ မြင်ရသမျှ အဲဒီ မောင်လေးက စိုက်ထုတ်ဝယ်ပေး ကူညီပေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ခမ်း အခုမှ ခုတင်ဘေးက စားပွဲလေးပေါ် လှမ်းကြည့်မိသည်။ စားစရာ မုန့်ဘူးတွေက အပြည့်။ ခါတ်ဘူးတွေ အသုံးအဆောင်တွေ အားလုံးက အသစ်တွေ ဖြစ်နေသည်။

"တကယ့် ကျေးဇူးကြီးမားတဲ့ ညီလေးပါပဲ ဆရာမရယ်၊ ကျွန်တော်က လက်သမားတစ်ယောက်ပါ၊ ငွေကြေးလည်း မပြည့်စုံဘူး။ အဲဒီ ညီလေးကပဲ ဆွေမတော် မျိုးမတော်ဘဲ ကုန်သမျှ စိုက်ထုတ်ကူညီသွားတာ၊ ကျွန်တော် ရှိသမျှလေး ပြန်ပေးတာတောင် လက်မခံဘူး။ သူ မထင်မှတ်ဘဲ ပြုခွင့်ရတဲ့ ဒါန ကုသိုလ်မို့ ခွင့်ပြုပါတဲ့ ဆရာမရယ်"

ကိုမိုးညို စကားတွေက ခမ်းခန္ဓာကိုယ်ကို သေးသိမ် ကျုံ့သွားစေသလား ထင်မိ၏။ တကယ့်ကို လေးစားစရာကောင်းတဲ့ စိတ်ဓာတ်နဲ့ သူ့ကို ခမ်း တစ်ပြားမတန်အောင် ပြောခဲ့မိတာ။

သေလိုက်စမ်း သွင်ခမ်းနား။ ထစ်ခနဲရှိရင် ထောင်းခနဲ ဖြစ်တတ်တဲ့ ဒေါသစိတ်ကြောင့် မှားခဲ့တာကြီးက ရှက်စရာ ကောင်းလိုက်တာ။

ကိုယ်က မှားခဲ့တာ အမှားကြီး။ ဒုတိယတစ်ခါ ပြန်ဆုံတော့လည်း ပြောပစ်လိုက်တာ ရစရာတောင် မရှိ။ တွေးကြည့်မှ ရှက်စရာကောင်းလိုက်တာ။

"ကဲ ကျွန်မကို ခွင့်ပြုပါဦး"

ကိုမိုးညိုတို့ လင်မယားကို နှုတ်ဆက်ပြီး ခမ်း လှည့်ထွက်ခဲ့





သည်။ အခန်းဝမှာ ခမ်း မျက်ဝန်းထဲကို ရိပ်ခနဲ ဝင်လာသော အရိပ်လေးနှင့် ရင်ဆိုင်မိသည်။

သူ ။ အူကြောင်တုံးလေးလို့ ခမ်း ကောက်ချက်ချ သတ်မှတ်ထားသော သူ။

ခမ်းကို မြင်တော့ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွား၏။ ကော်ဖီရောင် အဲရိုးလက်တိုနှင့် အပြာရောင် ကွက်စိပ်ပုဆိုးကို သေသေသပ်သပ် ဝတ်ဆင်ထားသည်။

ခမ်းကို ကြောက်ရွံ့နေတာလား မသိ။ ခမ်း မျက်နှာတော့ မှုန်သည်။ သူကတော့ ခမ်း ရပ်နေသမျှ ရပ်နေဦးမှာ သေချာသည်။

ခမ်း နားနေခန်းဘက်ကို ဆက်လျှောက်ခဲ့လိုက်သည်။

အခန်းဝ ရောက်မှ လှည့်ကြည့်တော့ သူ အခန်းတံခါးရှေ့မှာ ရပ်ပြီး ခမ်းကို ကြည့်နေတာ တွေ့သည်။

ခမ်း အကြည့်တွေကို ကြောက်နေတာ သေချာ၏။ ခမ်း ကြည့်မှ သုတ်ခနဲ အခန်းထဲ ဝင်သွားခဲ့သည်။

ခမ်းကိုများ တကယ့် ဘီလူး၊ သရဲ တစ်ကောင် ထင်မှတ်နေသည်လား။ အင်းလေ ခမ်းက ခမ်းပါပဲ။

ခွင့်လွှတ်ပါ အူကြောင်တုံးလေးရယ်ဟုပဲ ခမ်း စိတ်ထဲက တောင်းပန်လိုက်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နေ့ဂျူတီ တစ်နေ့တာ ကုန်ဆုံးပြီးသွားသည့် အခါတိုင်း ခမ်း
ပေါ့ပါးလတ်ဆတ်လေကို တစ်ဝကြီး ရှူရှိုက်သည်။

ဆေးရုံဝင်းထဲက ကားစတင်းမှာ ရပ်ထားသော ကားဆီ ခမ်း
လှမ်းခဲ့ရင်း မျက်ဝန်းတွေက သတိထားမိတာ အနီရောင် ဂျစ်ကားလေ
တစ်စီး။

တစ်ခါ မြင်ဖူးရုံနှင့် ခမ်း မှတ်မိနေသည်။ ဟို အူကြောင်တုံ
လေးရဲ့ ကားဖြစ်သည်။ သူ ကူညီခင်မင်နေသော မွေးလူနာ နီလာခင်ဆီ
လာတာပဲ ဖြစ်လိမ့်မည်။

တစ်နေ့တစ်ကြိမ်လောက်တော့ ရောက်လာကြည့်တတ်သော
သူနှင့်မဆုံမိအောင် ခမ်း ကြိုးစားပြီးတော့ ရှောင်ပါသည်။ သူနှင့် မျက်နှာ
ချင်းဆိုင်မိလျှင် မျက်နှာပူတာကြောင့် ဖြစ်သည်။





ကိုယ့်တက်က သွားတောင်းပန်ပြီး အစဖော်ရမှာလည်း မျက်နှာ ပူသည်။ နီလာခင်က ရက်ပိုင်းအတွင်းမှာ ဆေးရုံက ဆင်းရတော့မှာ ဆိုတော့ ပြဿနာတော့ မရှိနိုင်။

ကိုယ်နှင့်ထပ်ပြီး ဆုံဆည်းနိုင်စရာ အကြောင်းမရှိတော့တာမို့ ပြစ်ပြီးသည့် အတိုင်းပဲ ရှိစေဟု တွေးထားခဲ့တာ ဖြစ်၏။

ဒေါက်တာ သွင်ခမ်းနွား ဆိုသော မိန်းမသည် စကားပြော ကြမ်းတမ်းမောက်မာသူ၊ လူမှုရေး အသိတရားမဲ့သူဟု သတ်မှတ်ချင် လည်း သတ်မှတ်စေတော့။

"ဟင်"

ရပ်ထားသည့် ခမ်းရဲ့ ဆလွန်းကားဖြူလေး အနားရောက်တော့ ခမ်း မျက်မှောင်ကျုံ့သွားမိသည်။

ခမ်းရဲ့ ကားရှေ့မှာ ကန့်လန့်ကြီး ပိတ်ရပ်ထားသော ပါရာဒို ကားပြာကြီးကို မြင်တော့ ကျုံ့မိသည်။ မျက်ခုံးတွေ ပြေဖို့ထက် နှုတ်ခမ်း တွေကိုတောင် တင်းတင်းစေ့ပိတ်မိသေး၏။

ဒါ မိုးမြင့်ယံရဲ့ ကားပဲဖြစ်သည်။ ခမ်းကားရှေ့မှာ တမင်ပိတ် ရပ်ထားတာ စဉ်းစားကြည့်စရာတောင် မလိုအပ်ပါ။

ခမ်း ဒေါသစိတ်ကလေးနှင့် အောက်နှုတ်ခမ်းကို ဖိကိုက်ကာ ဆေးဘီဝဲယာကို ဝေ့ဝဲရှာကြည့်မိသည်။ မိုးမြင့်ယံကို အရိပ်တောင် မမြင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါ။

တမင် တစ်နေရာက ပုန်းကွယ်ကာ ခမ်း ဒေါသထွက်နေတာကို စောင့်ကြည့်နေတာပဲ ဖြစ်မည်။

"တောက်"

ခမ်း ဒေါသနှင့် တက်တစ်ချက် ခေါက်မိစဉ်မှာပဲ ပါရာဒို ကားကြီး၏ တံခါးက လျော့ကနဲ ပွင့်သွားသည်။ ပြုံတီတီ ပြောင်စပ်စပ် မျက်နှာပေးနှင့်အတူ ကားပေါ်က ဆင်းလာသူက မိုးမြင့်ယံ။

ပိတ်ထားသော အနက်ရောင် ကားမှန်တွေကြောင့် သင်း အထဲမှာရှိနေတာကို ခမ်း မမြင်တာ ဖြစ်၏။

"နင့် ကားကို ခုချက်ချင်း ရှေ့က ဖယ်ပေးစမ်း မိုးမြင့်ယံ"

ခမ်း ချက်ချင်း ခါးထောက်ပြီး လေသံမာမာနှင့် အမိန့်ပေးတော့ မိုးမြင့်ယံ၏ မျက်နှာပေါ်က ပြောင်စပ်စပ် အပြုံးတွေ မပြယ်သေးဘဲ တပ်ထားသည့် မျက်မှန်နက်ကို ချွတ်သည်။

မျက်ပေါက်ကျဉ်းကျဉ်း မျက်ဆံသေးသေး၊ မျက်ဝန်းတစ်စုံက အမြင်ကပ်စရာ ကောင်းအောင် မှောင်ရိပ်တို့ ခိုတွယ်လျက်။

"ငါ့ဖလက တောင့်ပေမယ့် ဒီကားကြီး တစ်ခုလုံးတော့ မရွှေ့နိုင်ဘူး ခမ်းနားရဲ့ အဟင်း ဟင်း"

နာမည်နှင့် မလိုက်အောင် ပုပျက်ပျက် အရပ်နှင့် မောင်မြန်မာ





တွေလို သန်မာကြီးမားသော ဖလကြီးနှင့် မိုးမြင့်ယံသည် ခမ်း ရှုံ့ရှာ မုန်းတီးသူတစ်ယောက် ဖြစ်သည်။

ခမ်း ဆေးကျောင်းသူ ဘဝကတည်းက အမြဲတမ်း နှောင့်ယှက်တတ်သော မိုးမြင့်ယံသည် ဖလကြီး ကြီးသလောက် ဆင်ခြင်ဉာဏ် ဦးနှောက် နည်းပါးသူ ဖြစ်၏။

အခုလည်း ဖလကြီးနှင့် မလိုက်ဖက်အောင် ပြာပြာညက်ညက် အသံသေးသေးနှင့် ရယ်နေပုံက အော့နှလုံး နာစရာကောင်း၏။

"ဖလစုတ် နင့်ကိုငါ အေးအေး ပြောနေတာနော်၊ ငါ ဒေါသထွက်လာရင် အဆိုးမဆိုနဲ့"

"မဆိုရက်ပါဘူး ခမ်းနားလေးရယ်၊ မင်းလေးကို ကိုယ်က အစဉ် မပြောင်းလဲဘဲ ချစ်ခဲ့ရသူရယ်ပါ"

ရင်အုပ်ကားကား ကျယ်ကျယ်ကြီးကို လိုသည်ထက်တော့ ကော့ကာ လက်နှစ်ဖက် ဘောင်းဘီအိတ်ထဲ နှိုက်ကာ ပြောနေပုံက ခမ်း မျက်ဝန်းထဲမှာ ဘယ်လိုမှ ကြည့်လို့ မရပါ။

အဆီပိုတွေနှင့် ပြည့်နေသော မျက်နှာကြီးက ဖောင်းကားကား အနီရဲရဲ စပို့ရှပ် လက်တိုက မဆန့်မပြဲ ခန္ဓာကိုယ်ကြီးကို ကြပ်ကြပ်တပ်တပ် ပတ်ထားသည့်ပုံ။

သေးသိမ် ရှုံ့သွယ်သော ခန္ဓာအောက်ပိုင်းမှာကလည်း အ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုဆိုးလှသော ကိုမန်ဒိုကွက် ဘောင်းဘီနှင့် မိုးမြင့်ယံ အသွင်က ခမ်း ဒေါသတွေကို ပိုလို့ ဆင့်ကဲစေတာမို့

"ဗလစုတ် နင် အရှက်မရှိပေမယ့် ငါ ရှက်တယ်၊ ကိုယ့်ရုပ်ကို မှန်ထဲ ပြန်ကြည့်ဦး၊ ခေါ်စာပစ်လို့ ခွေးမစားတဲ့ ရုပ်၊ ဝိတ်ပေါ်ကြီးရုပ်မျိုး ဆယ်တန်းတောင် မအောင်ဘဲ မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့ကောင်ကို ငါက စိတ်ကူးထဲတောင် မထည့်ဘူး သိရဲ့လား"

ခမ်း ဘယ်လိုပဲ နာအောင်ပြောပြော မိုးမြင့်ယံတို့က မျက်နှာလေး တစ်ချက်မပျက်အောင် ရှက်ကြောပြတ်နေသလား မှတ်ရသည်။

"ခမ်းနားလေးရယ် ပြောရက်လိုက်တာ၊ ကိုယ်က ပါရမီ မပါလို့ ပညာရေး မထွန်းကားပေမယ့် ခမ်းနားအတွက်ဆို ဆေးရုံကြီးကြီးတောင် ထောင်ပေးနိုင်ပါတယ်"

"သေလိုက် နင်ဆောက်မယ့် ဆေးရုံကြီးမှာ နင့်ဘာသာ သွား သေလိုက် ဗလစုတ်"

"ရက်စက်လိုက်တာ ခမ်းနားလေးရယ် နေ့တိုင်း အလေးမ ကြီးအောင် လုပ်ထားရတဲ့ ဒီဗလကြီးကို ဗလစုတ်လို့ ခေါ်ရက်တာ မင်းလေးပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ ကိုယ်က ခွင့်လွှတ်ပြီးသားပါ၊ ငါ့ အလုပ်ကိုတော့ အသိအမှတ်ပြုပေးပါနော်၊ ပါးစပ်လေးက မဖြေရဲရင် ခေါင်းကလေးညိတ် နော် နော်"





"တော်စမ်း မိုးမြင့်ယံ၊ နင့်ကိုငါ အပြတ်ပြောလိုက်မယ်၊ နင် ဦးကို ဘယ်တော့မှ မနှောင့်ယှက်နဲ့၊ နင့်ကိုငါ နောက်ဆုံး သတိပေးခြင်း ပဲ"

ခမ်း ယတိပြတ် ပြောသည့်စကားကို မိုးမြင့်ယံ အပြုံးမပျက် မျက်ဝန်းကျဉ်းကျဉ်းတွေနှင့်ကြည့်ရင်း

"ငါကတော့ နင် ချစ်ချစ် မချစ်ချစ် ဂရုမစိုက်ဘူး၊ နင် ထက်မထပ်သေးသ၍ ချစ်သူ မရှိသေးသ၍ ငါ ချစ်ခွင့်ရှိတယ်၊ တောင်းဆို ခွင့် ရှိတယ်၊ ဖွဲကောင်းကောင်းနဲ့ အဖြေတောင်းနေရဦးမှာပဲ အဟင်း ဟင်း"

ဒေါသတွေ ထွက်လွန်းလို့ ခမ်း လက်သီးနှစ်ဖက်ကိုတောင် ကျစ်ကျစ်ဆုပ်ထားမိသည်အထိ။ အထက်တန်း ကျောင်းသားဘဝ ကတည်းက ခမ်း အနားမှာ အရိပ်လို လိုက်နေတတ်သော မိုးမြင့်ယံ။

ခမ်း ဆေးကျောင်းရောက်တော့လည်း ကျောင်းရှေ့မှာ အရှက် မဲ့စွာ ရှိနေတတ်သည်။ မိဘရဲ့ ကြွယ်ဝချမ်းသာမှုနှင့် တစ်ဦးတည်းသော သား မိုးမြင့်ယံ ဆိုသော ဗလကြီးသည် ဆင်ခြင်ဦးနှောက် နည်းပါးလွန်း သည်။

ခမ်း စကားတွေကြောင့် တော်ရုံယောကျ်ားဆိုလျှင် အရှား ဆောင် သိတ်မည် မဟုတ်ပါ။ မိုးမြင့်ယံကိုတော့ ခမ်း ဗျူဟာပြောင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်မှ ဖြစ်မည်။ ဆေးရုံကို နေ့စဉ်လာပြီး နှောင့်ယှက်နေလျှင် ခမ်း သိက္ခာကို ထိခိုက်နိုင်၏။

"ကဲ မိုးမြင့်ယံ ငါ အပြတ်ပြောမယ်၊ အခု ငါ့မှာ ချစ်သူရှိနေပြီ နင် ဘယ်တော့မှ ငါ့ကို မနှောင့်ယှက်ပါနဲ့တော့"

ခမ်း တည်တည်ငြိမ်ငြိမ်နှင့် တစ်လုံးချင်း ပြောလိုက်တော့ မိုးမြင့်ယံ မျက်နှာကြီး တည်သွား၏။ ပြီးမှ ကျယ်လောင်စွာ ဟားတိုက် ရယ်လိုက်သံက အကျယ်ကြီး။

"ဟား ဟား ဟား"

ခမ်း အံ့သြကြောင်တွေစွာနှင့် မျက်ဝန်းလေးတွေ ဝိုင်းစက်က ဘေးဘီကိုတောင် ဝေ့ဝဲလှည့်ကြည့်မိ၏။ မိုးမြင့်ယံက အရူးတစ်ယောက် တဟားဟား ရယ်နေတာ တော်တော်နှင့် မရပ်။

"မိုးမြင့်ယံ ရှင် ဘာလို့ ဒီလောက် အော်ရယ်နေရတာလဲ"

"ရယ်မှာပေါ့ နင့်မှာ ချစ်သူရှိတယ်ဆိုတာ ရယ်စရာ ပြက်လုံး ကြီးပဲဟ၊ မယုံရေချ မယုံတူ။ ဘယ်ယောကျ်ားကိုမဆို နင်က ဂျစ်ကန်ကန် နဲ့ မောင်းထုတ်တတ်တဲ့သူ၊ အထင်မကြီးတတ်တဲ့သူက ချစ်သူရှိတယ် ဆိုတာ ယုံစရာလား ဟား ဟား"

လူက အူတူတူပေမယ့် ဒီလိုကျတော့လည်း မိုးမြင့်ယံက လည် သည်။ ဆေးကျောင်းသူ ဘဝတစ်လျှောက်လုံး ဘယ်ယောကျ်ားကို





အထင်မကြီး စိတ်မဝင်စားဘဲ အနား မကပ်ခင်က ဘုကြည့်ကြည့် ဖြဲသနာရှာတတ်သော ခမ်းနား အကြောင်းကို သိထားသူမို့ မယုံပါ။

"သွင်ခမ်းနားရယ် မင်း ကိုယ့်ကို ကလေးပိစိကွေးလေးလို သွားစမ်းပါနဲ့၊ ဘယ်မှာလဲ မင်းရည်းစား ခုချက်ချင်း ကိုယ့်ရှေ့မှောက် ခွဲခေါ်လာပြ၊ ဒါဆို ယုံရေးချ ယုံလိုက်မယ် ဟဲ ဟဲ"

ပြောရင်း သဘောကျစွာ အသံသေး အသံပြောင်နာနာနှင့် ရယ်နေ၏။ ခမ်း ကိုယ့်စကားနှင့်ကိုယ် ချောင်ပိတ်ကာ ဒေါသတွေလည်း ထလိပ်လိပ် တက်လာသည်။

ဒီပေါက်တာကြီး လုပ်ပုံနှင့် ဆေးရုံတစ်ခုလုံး သိကုန်တော့မည်။ အခုတောင် ဘယ်သူတွေ မြင်ကုန်ပြီလဲ မသိ။

"ဟင်"

ပတ်ဝန်းကျင်ကို စိုးရိမ်စွာ လှည့်ကြည့်ရင်း ခမ်း မြင်လိုက်မိတာ သူ ဆေးရုံတံခါးဝက မတ်တပ်ရပ်ကြည့်နေသော အူကြောင်တုံးလေး။

"ခမ်းနားလေးရယ် မင်းကို ကိုယ့်လို အပြောခံ အဆိုးခံ အနစ်နာခံပြီး ရင်ပွင့်မတတ် ချစ်တဲ့ ယောကျ်ားရှိရင် ပြော၊ ကိုယ့်အချစ် တွေ အလွမ်းပင်လယ်ထဲ မျှောပစ်လိုက်မယ် အဟင်း၊ ဟင်း ဟင်း"

"တောက်"

ဘယ်လိုမှ သည်းမခံနိုင်သော မိုးမြင့်ယံ၏ ရူးကြောင်ကြောင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေကို မကြားနိုင်တော့သည့် သွင်ခမ်းနား တက်တစ်ချက် ခေါက်သည်။

"တောက်"

ဘယ်လိုမှ သည်းမခံနိုင်သော မိုးမြင့်ယံ၏ ရှုးကြောင်ကြောင်ရယ်သံတွေကို မကြားနိုင်တော့သည့် သွင်ခမ်းနား တက်တစ်ချက် ခေါက်သည်။

ပြီးတော့ သုတ်ခနဲ ဦးလှည့်ထွက်ခဲ့တာ ဆေးရုံဝမှာ ရပ်နေသော အူကြောင်တုံးလေးဆီ ဖြစ်သည်။

သူ့ဆီကို ခမ်း တန်းတန်းမတ်မတ် လျှောက်လာတာ မြင်ကတည်းက သူ့မျက်ဝန်းတွေ စိုးရိမ်စိတ်တို့နှင့် မျက်တောင်တို့ ပုတ်ခတ်နေသည်။ ဒီမိန်းမ ဘာပြဿနာရှာဦးမှာလဲဟု တွေးကြောက်နေသည်လား။

"ဒီမှာ အူကြောင်တုံးလေး"

"ခင်ဗျာ"

ယောင်ယမ်းပြီးတော့ ခမ်း နှုတ်က လွှတ်ခနဲ ခေါ်မိတာကို သူကလည်း ကယောင်ကတမ်းနှင့် ပြန်ထူးသည်။

"ဆောရီး မင်းနာမည် ဘယ်သူလဲ အမြန်ပြောစမ်းပါ"

"မင်းသွေးနီပါ ခေါက်တာ"





ခမ်း ဒေါသစိတ်တွေကြားက ပြုံးချင်ချင် ဖြစ်မိသည်။ မင်းသွေးနီ တဲ့။ နာမည်နဲ့ လူနဲ့လိုက်အောင် နီလိုက်တဲ့သွေး။ ခမ်းကို မဝံ့မရဲ ခိုးကြည့်နေသော မျက်ဝန်းတွေက အူကြောင်ကြောင်။

"ဟုတ်ပြီ မင်းသွေးနီ ရှင် ကျွန်မကို တစ်ခု ကူညီပါ၊ သိပ် အရေးကြီးနေလို့"

"ဟုတ် ဟုတ်ကဲ့ ခေါက်တာ သွင်ခမ်းနား"

"ဒီမှာ ကျွန်မ အရေးပေါ် အကူအညီ လိုတယ်၊ ရှင် ကျွန်မရဲ့ ချစ်သူရည်းစားအဖြစ် မိနစ်ပိုင်းလောက် သရုပ်ဆောင်ပေးပါ"

"ခင်ဗျာ ဟို ကျွန်တော်"

ဖြူစွတ်စွတ် မျက်နှာလေး နီမြန်းသွားတာက ရဲရဲနီသော ခရမ်းချဉ်သီးတစ်လုံးပမာ။ နာမည်နဲ့လိုက်ပ့ါ မင်းသွေးနီရယ်။

"မခက်ပါဘူး ကျွန်မ လက်ကိုဆွဲပြီး ဟော ဟို ဗလကြီးရှေ့ ထိုက်ခဲ့၊ ရှင် ဘာမှ မပြောနဲ့ ခေါင်းညိတ် ခေါင်းခါပဲလုပ်ပေး ဒါဆို ပြီးပြီ"

"ဟုတ် ဟုတ်ကဲ့"

"ကဲ ကျွန်မ လက်ကို ကိုင်လေ"

ကိုင်ပါဆိုမှ တွန့်ဆုတ်ဆုတ်နှင့် နောက်ကို ရှိသွားတာမို့ အူကြောင်တုံးလေး လက်ကို ခမ်း လှမ်းဆွဲလိုက်သည်။ လက် တွေက



www.burmeseclassic.com

www.burmeseclassic.com



အေးစက်နေလိုက်တာ။ ရှင့်နာမည်ကို ပြောင်းသင့်ပြီ မင်းသွေးနီ။ မင်းသွေးဖြူ ပဲ ဖြစ်သင့်တာ။

"ဘာမှမဖြစ်ဘူး ကျွန်မ လက်တွေကို ပြန်ဆုပ်ကိုင်ထားစမ်းပါ"

ခမ်းပြောပြီး သူ့လက်ကို တင်းတင်း ဆုပ်ကိုင်ကာ မိုးမြင့်ယံဆီ လျှောက်ခဲ့သည်။ ခမ်းတို့နှစ်ဦး အဖြစ်ကို ကြည့်ကာ မိုးမြင့်ယံမျက်နှာကြီးက ပုပ်အက်အက် ကိုင်းခရမ်းချဉ်သီးကြီး တစ်လုံးလို ရှိ

"ကဲ ဗလစုတ် မိုးမြင့်ယံ၊ နင် သိပ်တွေ့ချင် မြင်ဖူးချင်နေတဲ့ ငါ သိပ်ချစ်တဲ့ ချစ်သူ မင်းသွေးနီ ဆိုတာ သူပဲ၊ မောင် ကျွန်မကို အမြဲတမ်း နှောင့်ယှက် ဒုက္ခပေးနေတာ သူပေါ့"

ခမ်း ခပ်တည်တည်နှင့် ဆိုလိုက်တော့ မိုးမြင့်ယံ တွန့်ခနဲ နောက်ကို တစ်လှမ်းဆုတ်သည်။ ဗလသာ ရှိပြီး သတ္တိနည်းပါးလွန်းသော မိုးမြင့်ယံ အကြောင်း ခမ်း သိပြီးသားမို့

"နင့်ကို ပေါ်တောတောမို့ ငါ ပြဿနာ မရှာတာ မိုးမြင့်ယံ၊ မောင်က ဒုရဲအုပ် မင်းသွေးနီ၊ ကာရာတေးမှာ ခါးပတ်နက် အဆင့်ရပြီးသား။ ဝန်ကြီးဌာနပေါင်းစုံ ပြိုင်ပွဲမှာ ပထမရထားလို့ အာရှပွဲမှာတောင် အရွေးချယ်ခံထားရတယ် သိလား"

ခမ်း စကားတွေ နားထောင်ရင်း မိုးမြင့်ယံ နောက်ကို ခြေလှမ်း တစ်လှမ်းပြီး တစ်လှမ်း ဆုတ်သွားခဲ့တာ ရပ်ထားသည့် သူ့ရဲ့ ပါရာ





ကားတံခါးကြီးမှာ ကျောကပ်သွားတဲ့ အထိဖြစ်၏။

"ဆောရီး အဲ ကန်တော့ အစ်ကို ကျွန်တော် သွားတော့မယ် ခင်ဗျ"

မိုးမြင့်ယံတို့ သတ္တိက ဖွေးဖွေးဖြူသည်။ ကားတံခါးဖွင့် ကသောကမျော တက်ကာ ပိတ်ရပ်လိုက်သော ကားကြီးကို ဂူးခနဲ မောင်းထွက်သွားပုံက ကြောင်မြင်လို့ ပြေးသည့် ကြွက်တစ်ကောင်လိုပါပဲ။

ခမ်း သဘောကျစွာ ခစ်ခနဲ ရယ်မောရင်း သူ့ကို မော့ကြည့်တော့ သူ့မျက်နှာကလည်း ဖြူလျော်လျော်။

"ရှင် ဘာဖြစ်နေတာလဲ နေမကောင်းဘူးလား"

"ဗျာ ကောင်းပါတယ် ဟို ဟို သူနဲ့ကျွန်တော် ဗလချင်းက မမျှတာဘူးဗျာ၊ ဒေါက်တာ လုပ်ပုံနဲ့ ဒုက္ခပါပဲ"

"ရှင် ယောက်ျားမဟုတ်ဘူးလား။ ဘာရင်မဆိုင်ရဲစရာရှိလဲ၊ အခုတောင် ဗလစုတ်က ရှင့်ကို ကြောက်သွားပြီ၊ ကဲ ကျေးဇူးတင်တယ် မင်းသွေးနီ၊ တလက်စတည်း ပြောရဦးမယ်၊ မွေးလူနာ နီလာခင် ကိစ္စ ဘုန်းက ကျွန်မ လူမှားပြီး လက်မှတ်ထိုးခိုင်းတာ ဆောရီးပဲ၊ ရှင်ကလည်း ရှင်းပြသင့်တယ်"

"ဟို အဲ ကျွန်တော် ရှင်းပြမလို့ပါဗျာ"

"မလိုတော့ဘူး ခုမှ ရှင်းပြမနေနဲ့တော့၊ ရှင်က တကယ့် အူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တုံးလေးပဲ"

"ဗျာ"

မင်းသွေးနီ မင်သက်စွာ ကျန်ရစ်ခဲ့ခိုက်မှာ ခမ်း ကားတံခါး ဖွင့်မောင်းထွက်ပြီး ဖြစ်နေသည်။

"ကူညီမှုအတွက် ကျေးဇူးပဲနော်"

အနောက်မှာ ရပ်ကျန်ရစ်ခဲ့သော အူတူတူ ပုံရိပ်ကလေးက ကားဘက်မှန်ထဲမှာ ပျောက်ကွယ်သွားသည့်တိုင် ခမ်း မျက်ဝန်းထဲမှာ အရိပ်ထင်နေဆဲ ရှိ၏။

မင်းသွေးနီ တဲ့။ တကယ် ရယ်စရာကောင်းတဲ့ အူကြောင်တုံး လေး။ မျက်ဝန်းတွေက ဖြူစင်ရိုးသားတာ သေချာသည်။

တစ်ပါးသူအတွက်ဆို အမြဲ ကူညီဖို့ ရှင့်သွေးတွေက ရဲရဲနီနေ တဲ့ သဘောလား မင်းသွေးနီ။

ကျွန်မအတွက်တော့ ရှင်က အူကြောင်တုံးလေးပါ။

■ ■ ■



## အခန်း (၃)

ဟိုးအမြင့်ဆုံး ရှစ်လွှာကို ရောက်ဖို့အတွက် ခပ်သွက်သွက် ခြေလှမ်းတွေနှင့် ခမ်း တောက်လျှောက် ပြေးတက်ခဲ့သည်။

ဒုတိယလွှာ၏ လှေကားထစ်အတက်မှာပဲ အနောက်က ကပ်ပါ လာသည့် ခြေသံကြောင့် ဆတ်ခနဲ ပြန်လှည့်ကြည့်မိသည်။

"ဟင်း"

အံ့ဩစိတ်နှင့် ခမ်း မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့၏။ ရှေ့က ခမ်း တုံ့ခနဲ ရပ်သွားတော့ အနောက်က ကပ်ပါလာသော သူလည်း တုံ့ခနဲ ရပ်သွားခဲ့သည်။ ပြီးတော့ မျက်ဝန်းတွေက ခမ်းကို မော့ကြည့်နေ၏။

ဘယ်က ဘယ်လို ပါလာတာလဲ ခမ်း စဉ်းစားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တမင် ခမ်းကို လိုက်ချောင်းမြောင်းနေလို့ ခမ်းနေတဲ့ နေရာကို သူ သိတာပေါ့။

ကြည့်စမ်း ကိုယ်ကသာ အူကြောင်တုံးလေးလို့ ထင်ထားတာ၊ အခွင့်အရေးယူပြီး သင်းကလေးက လိုက်လာတယ်ပေါ့လေ။ ကူညီတာက နည်းနည်း၊ ကူလီကူမာ လုပ်ချင်တာက များများ။

သည်လို အချိုးမျိုးတော့ လုပ်လို့ရမလား။ သွင်ခမ်းနား တဲ့။

နှုတ်ခမ်း ထောင့်စွန်းတစ်ဖက်ကို ဖိကြိတ်ရင်း ခမ်းရဲ့ အနောက် သုံးထစ်ကျော်လောက်မှာ ရပ်နေသော သူ့ဆီကို ခမ်း တရှိန်ထိုး ဆင်းခဲ့သည်။

ပြုံးမလို ရယ်မလို သူ့မျက်နှာက ချက်ချင်း တည်သွားခဲ့ကာ ခမ်းကို မဝံ့မရဲလေးနှင့် ကြောင်ငေးကြည့်နေရှာသည်။

"ဒီမှာ ရှင် ဘာလုပ်တာလဲ၊ သွင်ခမ်းနားကို ဘယ်လို မိန်းမ ထင်လို့လဲ ပြောစမ်း"

"ဗျာ"

အူကြောင်တုံးလေးရဲ့ ထုံးစံအတိုင်း ခမ်းကို ဘာမှခွန်းတုံ့မပြန် နိုင်ဘဲ ကြောင်တောင်တောင် လုပ်နေပြန်သည်၊ ပြန်ပြောလို့ကော ရမည် တဲ့လား။ ဘယ်ယောကျ်ားကိုမှ မကြောက်ခဲ့တဲ့ ခမ်းအတွက် ဒီလို အူတူ တူ ယောကျ်ားလောက်ကတော့ ပျင်းသည်။





"ဗျာတွေ ဗျက်တွေ လုပ်မနေနဲ့၊ ရှင် ဘာအချိုးချိုးတယ်ဆို တာ သွင်ခမ်းနားတို့က နောကြေပြီးသား၊ ဘာလဲ ရှင့်ကို ကျွန်မ တစ်ခါ အကူအညီ တောင်းခဲ့တာကို အခွင့်ကောင်းယူပြီး နိုးကြောင်နိုးဝှက် လိုက်လာတာ မဟုတ်လား ပြောစမ်းပါ"

"ဟို မ မဟုတ်"

"သူခိုးလူမိ လုပ်မနေနဲ့၊ ဘယ်သူခိုးမှ ခိုးတယ်လို့ မပြောဘူး၊ ဒီမှာ အပြတ်ပြောလိုက်မယ် နားထောင်၊ ရှင့်ကို ကျွန်မ အကူအညီ တောင်းတာ အရေးပေါ် အခြေအနေမို့၊ ဒါကို အခွင့်ကောင်းယူတတ်တာ ယောကျ်ားကောင်းမဟုတ်ဘူး မှတ်ထား"

စိတ်က တိုနေတာမို့ ခမ်း ခါးသီးသော စကားလုံးတွေနှင့်ပဲ မနားတမ်း ပြောပစ်သည်။ သင်းလေးကိုလည်း ဖြေရှင်းခွင့်မပေးဘဲ ကိုယ် ပြောချင်တာကို အားရအောင် ပြောသည်။

ဒါက သွင်ခမ်းနားရဲ့ အမူအကျင့်ပဲလေ။ ရိုင်းတယ်ထင်လည်း မတတ်နိုင်ပါ။

"ရှင် ဘာလုပ်နေတာလဲ"

"ဟို ဟို ခင်ဗျား အဲ ဒေါက်တာ့စကားကို နားထောင်နေတာပါ"

"ဘာ"

ခမ်း အော်လိုက်သံက သူ့ကို တွန့်ခနဲတောင် တွန့်သွားစေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာမှ နားထောင်မနေနဲ့၊ အမြန်ဆုံး ရှင် ဒီနေရာက လှည့်ထွက်သွားတော့နော်၊ ကျွန်မက ရဲစခန်း မတိုင်ဘူး၊ ကျွန်မကိုယ်တိုင် ဆုံးမပစ်မှာ"

"ဟာ မ မလုပ်ပါနဲ့"

"ဒါဆို ပျင်း ပြန်တော့လေ"

"ကျွန်တော် ပြန်လို့ မဖြစ်ဘူး၊ ကျွန်တော် ဒီ ဒီက ခြောက်လွှာကို လာတာပါ"

စကားသံ တုန်တုန်ဆုတ်ဆုတ်နှင့် သူ ဖြေရှင်းသည်။ သည်တော့ မှပဲ ခမ်း ဒေါသကို ဘရိတ်အုပ်ရင်း သူ့ကို စူးစိုက်ကြည့်သည်။ ပြာလဲ့လဲ့ မျက်ဝန်းတွေကတော့ ရိုးသားပုံပါပဲ။ ဒါပေမဲ့ ဟန်ဆောင်ထားတာလည်း ဖြစ်နိုင်သည်။

"ကဲ ဒါဆိုလည်း ပြီးတာပဲ အူတူတူတော့ လာမလုပ်နဲ့"

ပြောပြီးသည်နှင့် ခမ်း ရှေ့က ဆက်ပြီး လှမ်းတက်ခဲ့သည်။ နောက်ကို တစ်ချက်လေးတောင် လှည့်မကြည့်ဖြစ်ပါ။

ခုနစ်လွှာ ရောက်မှ ပြန်လှည့်ကြည့်၏။ အူကြောင်တုံးလေး ပါမလာတော့ပါ။

တကယ် ကျန်ရစ်ခဲ့တာလား။ ထွက်ပြေး ဆုတ်ပြန်လှည့်သွားတာ





ထား မသိ။ ခမ်း သိလည်း မသိချင်ပါ။ ကိုယ့်မှာက လုပ်စရာတွေ ရှိသေးသည်။ ဂျူတီ နားရက်လေးမှာပဲ ခမ်း လုပ်စရာတွေကို လုပ်နိုင်၏။ ထဲခါးသော့ဖွင့်ကာ ဝင်ခဲ့သည်။

အမှန်တကယ်တော့ ဒီလို ဂျူတီအော့ဖ်သော နေ့များတွင် သူငယ်ချင်းမိတ်ဆွေတွေနှင့် ခမ်း စကားလက်ဆုံကျနေချင်ပါသည်။ တစ်ယောက်တည်း နေရတာကို နှစ်သက်မိပေမယ့် တစ်ခါတစ်ရံကျပြန်တော့ ဖွင်းရိမိပြန်သည်။

မင်းသွေးနီ တဲ့။ အူကြောင်တုံးလေးလို့ ခမ်း ခေါ်ခဲ့သော သူ တာ သူမ နေတဲ့နေရာကိုတောင် သိနေ၏။ ခြောက်လွှာကို ရောက်တော့ သူ ပျောက်သွားခဲ့သည်။ နားလည်ရခက်သည့် အူကြောင်တုံးပဲဟု တွေးမိသည်။

အိမ်မှုကိစ္စတွေ ဆောင်ရွက်ရဦးမှာမို့ အူကြောင်တုံးအကြောင်း ခေါင်းထဲက ခဏထုတ်ထားလိုက်သည်။ တစ်ပတ်လုံး ပစ်ထားတာကြောင့် ဖွစ်ညစ်ပစ္စယတွေက ရှုပ်ယှက်ခတ်နေသည်။

ပေါ့ပေါ့ပါးပါးရှိအောင် ခြေဖြားထိ ရှည်သည့် နီညိုရောင် အပွင့်ကြီးတွေနှင့် ဂါဝန်ရှည်ကြီးကို ဝတ်ဆင်သည်။ အမှိုက်သရိုက်နှင့်ဖုန်တွေ ခေါင်းထဲမဝင်အောင် ပလပ်စတစ် ခေါင်းစွပ်ကို ဆောင်းသည်။

ထမင်းစားခန်းကို စတင်ရှင်းလင်းဖို့ ဝင်ခဲ့သည်။ မျက်နှာကျက်



www.burmeseclassic.com

www.burmeseclassic.com



ကို မော့ကြည့်တော့ မီးသီးကျွမ်းနေတာ မလဲရသေးကြောင်း သတိရသည်။

မျက်နှာကျက်မှာမို့ တစ်ယောက်တည်း လုပ်ရတာ အဆင်မပြေ။ တစ်ယောက်တည်း နေရသည့် ဒုက္ခကိုတွေးရင်း သက်ပြင်းရှိုက်မိသည်။

ထမင်းစားပွဲပေါ် ခွေးခြေခုံရှည်လေးကို ထပ်တင်သည်။ ပြီးတော့ စားပွဲပေါ် ကုပ်တက်သည်။ ခွေးခြေခုံပေါ် ထပ်တက်ဖို့ကျတော့ ရွံ့နေသည်။ ခုံကို ကိုင်လှုပ်ကြည့်ပြီး လန့်သွားမိ၏။

နွဲ့တဲ့တဲ့ ခုံက ရမ်းနေသည်။ ကိုင်ပေးထားသူ မရှိလျှင် ပြုတ်ကျနိုင်သည်။ မီးလုံးကို မော့ကြည့်ပြီး ဆက်တက်ဖို့ စိုးရွံ့နေမိသည်။

"တီ တီ တီ"

အရှေ့က ဘဲလ်သံကြောင့် ဖက်ကလေး ပုမိသည်။ အရေးထဲ ဘယ်က ဧည့်သည်လဲဟု အလိုမကျ ဖြစ်မိသည်။

"တီ တီ တီ"

ဘဲလ်သံက အဆက်မပြတ် ပေါ်လာပြန်သည်။ အသိမိတ်ဆွေ အနည်းအကျဉ်းသာ ရှိသည့် ခမ်းဆီလာတာ ဧည့်သည်တော့ မဖြစ်နိုင်။ ဆရာဝန်လာ ပင့်တာများလားဟု တွေးမိသည်။

စားပွဲပေါ်က ခုန်ချပြီး အခန်းတံခါးကို ပြေးဖွင့်ပေးလိုက်တော့

"ခင် ခင်ဗျာ"

"ဟင် ရှင် ရှင်"





ခမ်း မျက်ဝန်းလေးတွေ ဝလုံးလေးတွေ ဖြစ်သွားသည်။ သူကသည်း ခမ်းကိုကြည့်ပြီး သွေးပျက်နေဟန်။ တံခါးလော့ကို ကိုင်ထားလျက်မှ အသိဝင်လာတော့ ဒေါသတွေ အလိပ်လိုက် တက်လာသည်။

စဉ်းစားကြည့် ဖြစ်နေတဲ့ပုံစံက မသိလျှင် ကိုယ်ကပဲ တော်တော်ကြောက်စရာကောင်းနေသလိုလို။ မျက်မှောင်လေးကျုံ့ ခါးထောက်ပြီး အင်္ကျီကြောင်တုံးကို ခပ်စူးစူး ကြည့်ပစ်လိုက်သည်။

အင်္ကျီကြောင်တုံးလေးက ကတုန်ကယင် ပုံစံဖြင့်

"ဟို ဒီ ဒီလိုပါ ကျွန် ကျွန်တော် ခင်ဗျားကို လာပင့်တာပါ"

"ဘာ"

အဆက်အစပ်မဲ့ စကားက ခမ်း ဒေါသကို ထိုးဆွနေသည်။

"ဟုတ် ဟုတ်ပါတယ်"

အလိုက်ကန်းဆိုးမသိ ဆက်ပြောနေတာကြောင့် အော်ပစ်မိသည်။

"ဘာ ဟုတ်တာလဲ မလိုက်ဘူး သွား"

နူးညံ့မှု ကင်းမဲ့နေတဲ့ အသံကြောင့် မျက်နှာလေး ငယ်သွားပြီး

"မလုပ် မလုပ်ပါနဲ့ဗျာ၊ ဒီတိုက်မှာ ဆရာဝန် နှစ်ယောက်တည်း ရှိတာ၊ ခုနစ်လွှာက ဆရာဝန် မရှိဘူး၊ ဒါကြောင့် ခင်ဗျားကို လာပင့်တာပါ။ ဟို ဟိုလေ ဒီအခန်းမှာ ခင်ဗျား နေမှန်းလည်း ကျွန်တော် မသိပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးက တော်တော် ဖျားနေလို့ပါဗျား ခြောက်လွှာကလေ ကူညီပါဗျာ နော်''

''ခြောက်လွှာက ကလေး ဟုတ်လား''

ခြောက်လွှာက ကလေးဆိုတော့ ခမ်း ရင်ထိတ်သွားသည် ကျူရှင်သွားတိုင်း ခမ်း ဆေးရုံသွားချိန်နှင့် ဆုံတတ်သည့် ကလေးမလေး တွေ့တိုင်းလည်း ချစ်စဖွယ် နှုတ်ဆက်တတ်သည်။

ဒေါသကြောင့် ပြောမိပေမယ့် အရေးကြီး လူနာ လာပင့်တာ ကိုတော့ ခမ်း ဥပေက္ခာ မပြုမှာလည်း သေချာပါသည်။

''ကဲ သွားကြမယ်''

ဒေါသတွေ ဘယ်ရောက်ကုန်ပြီ မသိ၊ ဆေးအိတ်ဆွဲပြီး ထွက်ခဲ့ သည်။ အူကြောင်တုံးလေးကတော့ နားမလည်ဟန် လိုက်လာသည်။

အပူချိန်တိုင်းတော့ အဖျားက တစ်ရာ့ငါးဆယ် ကလေးက မျက်နှာလေးတွေ ရဲနေသည်။ ခြေဖျားလက်ဖျားတွေက အေးစက်စက်

''ဒေါက်တာ မြေးလေးက တော်တော်စိုးရိမ်ရလား ဟင်၊ ကြီး ရင်တွေ ပူလွန်းလို့ပါ၊ ကြီးတို့မှာက မြေးအဘွားနှစ်ယောက်တည်း ရှိတာ၊ ကလေး တစ်ခုခုဖြစ်ရင် နိုင်ငံခြားက သူ့အဖေနဲ့အမေက ကြီးကို ဝိုင်းအပြစ်တင်ကြမှာ''

ကလေး၏ အဘွားဖြစ်သူက စိုးရိမ်စွာ တတွတ်တွတ်။ သွေး





ခေါင်ချိန်တော့ အပေါ်သွေး အောက်သွေးက ပုံမှန်ပင်။

''အရမ်းကြီးတော့ မစိုးရိမ်ရပါဘူး၊ ကလေးက ရိုးရိုးပဲ ဖျား တာပါ။ ဆေးတစ်လုံး ထိုးပေးခဲ့မယ်၊ အခုပေးတဲ့ ဆေးတွေ နှစ်နာရီခြား တစ်ခါ တိုက်ပါ။ ကျွန်မလည်း မကြာမကြာ လာကြည့်ပေးပါ့မယ် သက်သာ သွားမှာပါ''

''ကျေးဇူးပါပဲ ဒေါက်တာလေးရယ် ကြီးမေက စိုးရိမ်နေတာ နဲ့ပဲ ရင်ထဲက အလုံးကြီးကျတော့တယ်၊ တစ်ယောက်တည်း ဆိုတော့ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဆရာလေးရောက်လာမှ ဒေါက်တာဆီ ပြေးပင့် နိုင်းရတာ''

ကြီးမေကြီးဆိုတော့ အူကြောင်တုံးလေးက မနေတတ်သလို ဖြစ်နေ၏။ ခမ်း ယဲ့ယဲ့လေး ပြုံးမိရင်း ကလေးကို ဆေးထိုးဖို့ ပြင်သည်။

''ကဲ သမီးလေး ဆေးထိုးမယ်နော်၊ ငြိမ်ငြိမ်လေးနေ၊ မနာစေ ရဘူး သိလား''

ကလေးက မျက်နှာလေး မဲ့နေတာမို့ နှစ်သိမ့်ရသေးသည်။ ဆေးထိုးအပ်လေးကို ထိုးစိုက်လိုက်တော့ ကလေးက တွန့်သွား၏။ နံဘေး က လှုပ်ရှားသွားသော အရိပ်ကြောင့် ခမ်း ဆေးထိုးသွင်းရင်း ကြည့်မိ သည်။

မျက်စိစုံမှိတ်လျက် ရပ်နေသည့် အူကြောင်တုံးလေးက အသား



www.burmeseclassic.com

www.burmeseclassic.com



တွေ တုန်နေသေးသည်။ ယောက်ျားကြီးတန်မဲ့ ဆေးထိုးတာလေးကို

ကြောက်လို့ ဖြစ်ရသလားဟု မျက်စောင်းထိုးမိသည်။

အထူးအဆန်း ဖြစ်နေတာကြောင့် သူ့ကို ငေးကြည့်နေမိသည်

မျက်လုံးတွေ မရဲတရဲ ဖွင့်ကြည့်သည့် သူနှင့် အကြည့်ချင်း ဆုံသွား

စူးစူးရှရှ ခမ်း အကြည့်ကြောင့် သူ့ပုံစံက ရှက်ရွံ့သွားပုံဖြင့်

"မမ မီး ဘယ်တော့ ပြန်နေကောင်းမှာလဲ ဟင်"

ကလေးမလေး အသံကြားမှ အကြည့်ကို လွှဲဖယ်မိသည်။

မေကြီးက ဆေးသောက်ဖို့ ချော့နေ၏။

"မြေးလေး မမက ဒီဆေးတွေ သောက်လိုက်ရင် ပြန်

ကောင်းသွားမှာတဲ့၊ ဆေးတိုက်တဲ့အခါကျ သောက်ရမယ်နော်၊ မြေး

လိမ္မာပါတယ်"

ခမ်းက ခပ်ဖွဖွလေး ပြုံးကာ ကလေးလက်ကလေးကို ဆုပ်ကို

ရင်း

"ဟုတ်တယ် သမီးရဲ့ ဆေးသောက်ရင် ကောင်းသွားမှ

အသွားကို ဂျီမကျရဘူးနော်၊ ကဲ အခု အိပ်လိုက်ဦးနော်"

ကလေးမလေးက ခမ်း စကားကို မျက်လုံးလေးတွေ စင်းလျ

နာခံရှာသည်။

"ကြီးမေ ခမ်း ပြန်တော့မယ်နော်၊ လောလောဆယ်တော





ဆလေးကို ဆန်ပြုတ်ပဲ တိုက်ဦးပေါ့"

"ကျေးဇူးပါပဲကွယ် နောက်နေ့လည်း လာကြည့်ပေးပါဦး သြော်

ဆရာလေး မရှိမသေ ဆရာမလေးကို လိုက်ပို့ပေးပါဦး"

အူကြောင်တုံးလေးက ခေါင်းအသာ ဆတ်ပြရင်း ခမ်းဆီက

အတက်သျှိုကေ့စ်ကို ပြောင်းယူသည်။ အရမ်းကို ပျော့ညံ့ ရိုကျိုးလွန်းတဲ့

ပုံစံကြောင့် ခမ်း အမြင်ကပ်သွားမိသည်။

ရှေ့က ခပ်တည်တည်ဖြင့် ထွက်ခဲ့တော့ နောက်က ခပ်ကုပ်ကုပ်

လေး ပါလာသည်။ အခန်းရှေ့ရောက်တော့ ဆေးသေတ္တာကို တရိုတသေ

ကမ်းပေး၏။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ခင်ဗျားကို ကျေးဇူးတင်ပါတယ်"

"ရပါတယ် မလိုပါဘူး"

တုံးတိတိ စကားကို ပြန်လည် ချေပခြင်း မရှိဘဲ လှည့်ထွက်

သွားသည်။ သူ့မ စကားလုံးတွေ ရင့်သီးကာ ခွန်းတုံ့မပြန်တဲ့ သူ့ကို

ရယ်ချင်နေမိတာမို့ လည်ချောင်းပေ့

"ကဲ တက်လေ ဒီမှာ ခုံကို ထိန်းပေးထားတာသည်။ စိတ်က

က ဘာကိစ္စ တုန်နေရတာလဲ၊ ယောက်ျားဖြစ်ပြီး ဒီလောက်မယ့်

ကြောက်တတ်သလား ဟင်"

စိတ်အလိုလိုက်တတ်သော ခမ်း လက်တွေက မြွေသလုံးကို



www.burmeseclassic.com

www.burmeseclassic.com



●

ခမ်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသော မင်းသွေးနီ အသွင်က ခမ်းအတွက် ဆန်းနေတာတော့ အမှန်။ တရွေ့ရွေ့ လှုပ်ရှားနေသည့် ကျောပြင်ကို ငေးရင်း အတွေးတစ်ခု ဝင်လာသည်။

"ဟိတ် ခဏ နေဦး"

"ကျွန် ကျွန်တော့်ကို ခေါ်တာလား"

"ဟုတ်တယ် ဒီနားမှာ ဘယ်သူရှိလို့လဲ"

ဘေးဘီကို ဝေ့ကြည့်ပြီး မေးနေသည်မို့ ခမ်း ရယ်ချင်သွားမိသည်။ ဒါပေမဲ့ မျက်နှာကို တင်းထားပြီး ပြောလိုက်သည်။ မင်းသွေးနီက စိတ်ဆိုးခြင်း မရှိဘဲ သိုးငယ်လေးလို ပြန်လျှောက်လာသည်။

မင်းသွေးနီ ပုံစံက အူကြောင်ကြောင်နိုင်ပေမယ့် ခမ်းစကားကို နားထောင်တာမို့ ကျေနပ်မိသည်။ ပြီးတော့ သူ့ပုံစံက ခမ်းကိုလည်း ရှိန်နေပုံရ၏။

"ဒီမှာ ရှင့်ကို အကူအညီတောင်းစရာ ရှိလို့ ခေါ်တာ ကူညီနိုင်မလား"

ဆေးသောက်ရင် ကောင်းသွားမှာ

"ဂျီမကျရဘူးနော်၊ ကဲ အခု အိပ်လိုက်ဦးနော်"

ကလေးမလေးက ခမ်း စကားကို မျက်လုံးလေးတွေ စင်းလျှ နာခံရှာသည်။

"ကြီးမေ ခမ်း ပြန်တော့မယ်နော်၊ လောလောဆယ်တေ





"ဒါဆို အနောက်က လိုက်ခဲ့"

ညွှန်ခန်းထောင့်က စားပွဲပေါ် ဆေးအိတ်ကို တင်လိုက်ချိန်အထိ ခမ်း နောက်တွင် လက်ကလေးနောက်ပစ်ပြီး ပါလာသည်။

ထမင်းစားခန်းထဲ ရောက်တော့။

"ဒီမျက်နှာကျက်က မီးလုံးကို ဖြုတ်ပြီး လဲချင်တယ်၊ ဖြစ်တယ် မဟုတ်လား"

"ဗျာ ဟုတ် ဟုတ်ကဲ့ ရပါတယ်"

ပါးစပ်က ကတိပေးနေပေမယ့် ခွေးခြေခုံကို ကြည့်နေတဲ့ မျက်လုံးတွေက ဂနာမငြိမ်။ တော်တော်လေးကို အူကြောင်ကြောင်နိုင်သည့် မင်းသွေးနီဟု မှတ်ချက်ချမိသည်။

"ကဲ ဒါဆို တက်"

သူမကို တစ်ချက် ငဲ့ကြည့်ပြီး တက်သွားပုံက မဝံ့မရဲ။ ခုံက လှုပ်တော့ ဒူးတွေ တဆတ်ဆတ် တုန်နေတာ အတိုင်းသား မြင်ရသည်။ ရယ်ချင်နေမိတာမို့ လည်ချောင်းတွေတောင် ယားသလိုလို။

"ကဲ တက်လေ ဒီမှာ ခုံကို ထိန်းပေးထားတာတောင် ဒီဒူးတွေက ဘာကိစ္စ တုန်နေရတာလဲ၊ ယောကျ်ားဖြစ်ပြီး ဒီလောက်တောင် ကြောက်တတ်သလား ဟင်"

စိတ်အလိုလိုက်တတ်သော ခမ်း လက်တွေက ဂျြိသလုံးကို



www.burmeseclassic.com

www.burmeseclassic.com



အလိုလို ဆွဲဆိတ်ပြီးသား ဖြစ်သွားသည်။

"အ တက်ပါပြီ ခင်ဗျား သေချာကိုင်ထားနော်"

နာကျင်စွာ အော်ပြီး စိတ်မချသလို သတိပေးသွားသေးသည်။ မီးလုံးကို မရဲတရဲဖြင့် လှမ်းဖြုတ်၏။ ရှားရှားပါးပါး အာဂယောကျ်ားကို ကြည့်ပြီး ခမ်း ကြိတ်ရယ်မိသည်။

"ဒီအမြင့်က ပြုတ်ကျတာလောက်တော့ မသေနိုင်ပါဘူးရှင်၊ ကျွန်မလည်း သေချာကိုင်ထားတာပဲ၊ စိတ်ချ ရှင် ပြုတ်ကျလည်း ကျွန်မက ဆရာဝန်ပဲ"

"ဒါတော့ မသိဘူး ကျွန်တော်က အမြင့်ကြောက်တယ်ဗျ။ ဘယ်မှာလဲ ခင်ဗျား အသစ်လဲမယ့် မီးသီး"

"ဟာ ဟုတ်သားပဲ မီးလုံးအသစ်က ဧည့်ခန်းထဲမှာ ရှင် မလှုပ်နဲ့၊ ခဏလေး စောင့် ပြန်လာခဲ့မယ်"

"ဟာ ဟေ့ဟေ့ ခဏ ပြန်ဆင်း"

ခမ်း သူ့စကား မဆုံးခင် လျှင်မြန်စွာ ပြေးထွက်ခဲ့သည်။ ဖောချွေးပြန်နေမှာ မြင်ယောင်သည်။ မီးလုံးကို အမြန်ယူပြီး ပြန်ပြေးလာရသည်။

"အထားမှားလို့ ရှာနေရသေးတယ် ရော့ ဒီမှာ မြန်မြန် တပ်လိုက်"





ခမ်းဆီက မီးလုံးကို လှမ်းယူပြီး တတ်နေတဲ့ လက်တွေက အတုန်ကယင်။ အောက်ပြန်ရောက်တော့ ချွေးစို့နေတာ အတိုင်းသား မြင်ရသည်။

သူ့မျက်နှာသည်. . .။

■ ■ ■

"ကျွန်တော် ကျွန်တော် ပြန်လို့ ရပြီလားဟင်"

ခမ်း ခွေးခြေကို ချပြီး သူ့ဘက်ကို မျက်ဆံ့တွေ ထောင့်ကပ်ကြည့်ကာ

"ရပြီ ရပြီ သွားလို့ရပြီ"

ခမ်း အသံက အမိန့်ဆန်နေမှာ သေချာသည်။ ဘာစကားမှ ဆိုတဲ သူ လှည့်ထွက်သွားသည်။ တံခါးဝရောက်သွားမှ ရှိုးသားသန့်စင်သော သူ့ကို ကြည့်ပြီး သနားစိတ် ဝင်မိသည်။ သူမ ဆက်ဆံတာတွေ နိုင်းသွားခဲ့သလား။

ရိုးသားတဲ့ ယောကျ်ားတစ်ယောက်ကို အနိုင်ယူလိုက်သလို ဖြစ်သွားပြီလား။ ရှိုင်းပြသွားမိသော အဖြစ်ကို တွေးရင်း စိတ်မကောင်းဖြစ်မိသည်။ အမှန်တော့ သူ့ကို သူမ စမ်းသပ်ကြည့်လိုက်မိတာပါ။

ဒီလိုသာ ဆက်ဆံလျှင် သူ ပေါက်ကွဲလာမည်ဟု ထင်မိသည်။ သည်တော့ သက်သက် နှိပ်စက်အနိုင်ကျင့်သလို ဖြစ်သွားရပြီ။



www.burmeseclassic.com

www.burmeseclassic.com



''ဟိတ် ခဏနေဦး''

ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားသည်။ ခပ်ဖြည်းဖြည်း စောင်းငဲ့လာသည့် မျက်ဝန်းတွေက ရီဝေနေသည်။

''ဒီမှာ ခဏ ထိုင်နေဦး''

မီးဖိုခန်းဘက် ပြေးခဲ့ပြီး ကော်ဖီနှင့်မုန့် ပြင်သည်။ သူမ ပြန်ထွက်လာတော့ သူက နှစ်လိုဖွယ် ပြုံးပြသည်။ ဒါပေမဲ့ အလျှော့မပေးချင်သော စိတ်က -

''ရှင့်ကို ပြန်ခေါ်ပြီး ကော်ဖီတိုက်တယ် ဆိုတာကို သိပ်ဘဝင်မမြင့်နဲ့နော်၊ ကျွန်မဘက်က ရှင်းပြသွားသလို ဖြစ်မှာဆိုးလို့ သိလား''

''ဟို ကျွန်တော် ကျွန်တော်''

ခမ်း စကားကြောင့် စကားတွေ အထစ်ထစ် အငေါ့ငေါ့ဖြင့် သူ့ပုံစံက ထိုင်ရမလို ထရမလို ဖြစ်သွားသည်။

''ဆက်ပြီး ထိုင်နေလိုက်ပါ မင်းသွေးနီ ကော်ဖီသောက်ပြီးမှ ရှင် ပြန်ရမယ်''

''ဟို ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်ပါတယ်''

ပြတ်သားသော ခမ်း စကားဆုံးတော့ သူ ငြိမ်သက်သွားသည်။ သူမ ရှေ့ရောက်တာနှင့် ဘာကြောင့် သိမ်ငယ်သွားရတာလဲ။ တခြားလူတွေနှင့်ရော ဒီအတိုင်းပဲလား။ ကော်ဖီခွက်ကို အရသာခံ သောက်နေသည့်





သူ့ပုံစံက ယုန်ငယ်လေးလို။

''ကော်ဖီချည်းပဲ သောက်မနေနဲ့လေ မုန့်လည်း စားဦး''

ခမ်း ပြုံးတုံ့တုံ့လေးဆိုတော့ မင်းသွေးနီ ခမ်းကို ပြန်ကြည့်သည်။ ဒီတစ်ခါတော့ သူ့အကြည့်တွေက စူးရှရဲတင်းနေပြန်သည်။

''ဘယ်လိုလဲ ကျွန်မလက်ရာ ကောင်းတယ် မဟုတ်လား''

''ဟုတ် ဟုတ်ကဲ့ ကောင်းပါတယ်''

နှုတ်ခမ်းတွင် တေ့ထားသည့် ကော်ဖီခွက်ကြီး ပြန်ချပြီး ဖြေသည်။

''ကျွန်မက အချက်အပြုတ်တွေနဲ့ အိမ်အလုပ်တွေ သိပ်မကျွမ်းပေမယ့် ကော်ဖီတော့ စပယ်ရှယ်လစ်ပဲ၊ ရှင်ရော ကော်ဖီကြိုက်လား''

ပခုံးလေးကို တွန့်ကွေးရင်း ပြောသည်။ နှစ်လိုဖွယ်ရာ ပုံစံလေးက ချိုမြနေသည်။ ဒီလိုကျတော့ ဒေါသတွေ မာန်မာနတွေ ကင်းစင်နေသည့် ပုံစံလေးက မျက်လုံးထဲက မထွက်တော့။ ပကတိ ဖြူစင်အေးချမ်းလှသည်။

မင်းသွေးနီ ငေးငေးလေး ကြည့်ရင်း ခမ်းနှင့် စကားပြောရ

ဒကျွနုပ်လာသည်။

ဆုံသွားတ

ာယ်ပါဘဲနှင့် သူမနှင့် ဆုံဆည်းခဲ့သည်။ သူနှင့်ရှေ့တိုင်း

က ဘဝတွေတွေပဲ

ဂနဲ့ အနိုင်ယူတတ်ပေမယ့် သူ ကျေနပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စတင်တွေ့ဆုံပြီးကတည်းက တိုက်တိုက်ဆိုင်ဆိုင် နောက်ထပ်နှစ်ကြိမ် ဆုံတွေ့ခဲ့ခြင်းတွေကတော့ သူ့အတွက် အမှတ်တရပင်။

"ဒီမှာ ကျွန်မ မေးနေတာ ကြားရဲ့လား"

"ဟို အင်း ကြိုက်တယ်လို့တော့ မဟုတ်ဘူး ဒါပေမဲ့ ကြိုက်ပါတယ်"

သူ့စကားက တော်တော်တော့ အူကြောင်ကြောင်နိုင်ပါသည်။ ကော်ဖီကို တမ်းတမ်းစွဲ ကြိုက်တာ မဟုတ်ပေမယ့် ကြိုလျှင်တော့ သောက်ဖြစ်သည်။ သူ့စကားအမှားကြောင့် သူမ တုံ့ပြန်လာမှာကို နားစွင့်နေမိသည်။

စိတ်ကောင်းဝင်နေပုံရသည်။ သူမ မျက်ဝန်းတွေက တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေဟန်။ ပြီးမှ နှုတ်ခမ်းပါးလေးတွေ လှုပ်လှုပ်သွားပြီး

"အင်း ကော်ဖီကြိုက်တာ သိပ်ကောင်းတာပေါ့ ဘယ်နိုင်ငံမဆို မိတ်ဆွေကောင်းတွေနဲ့ စကား လက်ဆုံကျရင် ကော်ဖီက ပါရမြဲဖြည့်ဘက်လေ၊ အခု ရှင်က ကျွန်မနဲ့ ကော်ဖီအတူ သောက်နေတာဆိုတော မိတ်ဆွေ ဖြစ်သွားပြီပေါ့" ဟုသည်။

"ဗျာ ခင်ဗျားက ကျွန်တော်နဲ့ သူငယ်ချင်း ဖြစ်လို့၊ တခြားလူလား၊ ဝမ်းသာလိုက်တာဗျာ ဒါပေမဲ့" ယာခံ သောက်နေသည့်





စကားလုံးတွေ ရှေ့မဆက်နိုင်ဘဲ တွေတွေလေး ဖြစ်သွားသည့် သူ့ကို ခမ်း နားမလည်စွာ ငေးနေမိသည်။ ကော်ဖီခွက်ကို မသောက်ဘဲ ပြန်ချထားလိုက်မိသည်။

ခေါင်းကို စောင်းငဲ့ပြီး ဆံပင်တွေကို သပ်တင်လိုက်သည့် သူ့အတွက်က တစ်ခုခုကို အမှတ်ရ၍ ခံစားနေသည့်ပုံစံ။

"ရှင် ရှင် ဘာဖြစ်သွားတာလဲဟင်"

"ဘာမှမဖြစ်ပါဘူး မေမေ့ကို သတိရသွားလို့ပါ၊ ကျွန်တော့်ဘဝမှာ ခင်တွယ်စရာဆိုလို့ မေမေ တစ်ယောက်တည်းပဲ ရှိခဲ့တာလေ၊ ခင်ဗျားက ကျွန်တော့်ရဲ့ ပထမဆုံး မိတ်ဆွေဆိုတော့ မေမေ့ကို သတိရမိလို့ပါဗျာ"

"ဒါ ဒါဆို ရှင့်အမေက မရှိတော့ဘူးပေါ့"

မင်းသွေးနီ ခေါင်းငုံ့သွားသည်။ မျက်နှာလေးက နုသလောက စိတ်ထားလည်း တော်တော်နုသူ ဖြစ်သည်။ ခမ်း ရင်ထဲမှာ သူ့ကို ကြည့်ပြီး ရှုတတ နာကျင်သွား၏။ ကိုယ့်အဖြစ်နှင့်တူသော သူ့ကို သနားနေမိသည်။

"ကျွန်မလည်း ဒီလိုပါပဲ မေမေက ငယ်ငယ်လေးကတည်းက ဆုံးသွားတာ ဖေဖေကလည်း ဆုံးသွားတာ မကြာသေးဘူးလေ၊ ကျွန်မတို့က ဘဝတူတွေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ချင်းစာစိတ်ဖြင့် သူ့အပေါ် နားလည်မိသည်။ ကရုဏာတရား အပြည့်ဖြင့် နှစ်သိမ့်နေခြင်း ဖြစ်၏။ စစ်မှန်သော ခံစားချက်တချို့ လမ်းခုလတ်တွင် အကြည့်ချင်း ဆုံသည်။

"ကျွန်တော်က တစ်ကောင်ကြွက်ပါဗျာ"

"ကျွန်မလည်း အတူတူပဲလေ"

ပြီးတော့ တစ်ယောက်ကို တစ်ယောက် တော်တော်ကြာအောင် ငေးမောနေမိသည်။ သူ့ရဲ့ နှုတ်ခမ်းတွေ တဖြည်းဖြည်း လှုပ်ရှားလာသည်။

ခမ်း မျက်နှာမှာလည်း ပန်းတွေ ဝေနေမှာ သေချာ၏။

"ကဲ ဒီနေ့ကစပြီး နှစ်ကောင်ကြွက် ဖြစ်သွားပြီပေါ့"

နှုတ်ခမ်းတွေ အတော်မသတ် စီးမျောနေသည့် အသံလေးက ကြည်လင်စွာ ပေါ်ထွက်လာသည်။ သူကတော့ ပြုံးရုံသာ ပြုံးနေ၏။

လက်ဝါးချင်း ခတ်သံက ရင်ထဲမှာ ပဲ့တင်ထပ်သွားသလို။

■ ■ ■



## အခန်း (၆)

အခန်းတံခါးကို သော့ပိတ်သည်။ ဂျူတီကုတ်ကို ဘယ်လက်မှာတင် ညာလက်တွင် အတက်ချိုကျေစ်ကို ကိုင်ဆွဲလိုက်သည်။

ပန်းနုရောင် နှုတ်ခမ်းလေးမှာ တေးသွားချိုချိုလေးကို ညည်းညူရင်း လှမ်းထွက်ခဲ့၏။ လှေကားထစ်တွေအတိုင်း ခပ်သွက်သွက် ဆင်းခဲ့သည်။

ခြောက်လှမ်းထိပ်ရောက်တော့ လေးဆင့်ချိုင့်ကြီး ကိုင်ဆွဲထားသော မီးမီးတို့ ခြေအဘွားနှင့် ဆုံသည်။ အခန်းတံခါးကို သော့ပိတ်နေတာမို့ တစ်နေရာရာကို သွားမည်မှာန်ရှိသည်။

"ဟာ ဒေါက်တာမလေး ဆေးရုံသွားတော့မလို့လား"

"ဟုတ်ကဲ့ ကြီးမေ"



www.burmeseclassic.com

www.burmeseclassic.com



"မမက ဒီနေ့ ပိုချောလာတယ်"

"အောင်မယ် မီးမီးက မမကို မြှောက်နေပြန်ပြီ"

မီးမီးရဲ့ ချစ်စဖွယ် ပါးဖောင်းဖောင်းလေးကို ဖျစ်ညှစ်ရ... ဆိုမိသည်။ မီးမီးက သဘောကျစွာ တခစ်ခစ် ရယ်၏။

မီးမီး စကားကြောင့် ခမ်း မလုံမလဲ ဖြစ်မိတာတော့ အမှ... ယခင်က ခမ်းက အရောင်ဖျော့ဖျော့တွေသာ ဝတ်ဆင်တတ်တာ ဖြစ်... ဒီနေ့ ခမ်းက ငုဝါရောင် ဝမ်းဆက် ဝတ်ဆင်ထားသည်။

Jtokim ဘလောက်စ်အင်္ကျီ ငုဝါရောင်လေးနှင့် ငုဝါရော... အသားပျော့ ထဘီလေးကို ခြေမျက်စိဖုံးအောင် ဝတ်ထားသည်။ ကိုယ့်... ကိုယ်ကို မလုံလဲစွာ ပြန်ကြည့်မိသည်။ နဂိုဖြူသော အသားအရည်... ဝါဖျော့နေသလိုလို။

သွယ်လျလျ ခန္ဓာကိုယ်နှင့် လိုက်ဖက်စွာ စီးထားသည့် Hu... Puppies ဖိနပ်ကလည်း ငုဝါရောင်။ ပခုံးကျော်ကျော် ရှည်သော... ဆံပင်လေးတွေက အဖျားလေးတွေ ချွန်အောင် ရိတ်ထားသည်။

ဆံပင်တွေကို အမြဲတစေ ဖြန့်ချထားတတ်သည့် ခမ်းကို အဆ... မိတ်ဆွေတွေက ဘရစ်တနီစပီးယား ဟု နောက်ပြောင်ကြ သည်။

ယနေ့ ခမ်း တကယ်ပဲ လှနေတာတော့ သေချာသည်... တိုစိပ်စိပ် မျက်တောင်လေးတွေနှင့် မျက်ရစ်မထင်သော မျက်ဝန်း...





...ဒိုင်နာပါးပါး ခြယ်ထားသည်။

ဆေးရောင်မကူသော ပန်းနု နှုတ်ခမ်းတွေက သဘာဝအတိုင်း ...နေသည်။ ဘဲဥပုံဆန်ဆန် မျက်နှာကျက လှသည်ဆိုတာထက် ချစ်စရာ ...ကောင်းသည် ဆိုလျှင် ပိုမှန်ပါသည်။

ခမ်းက ပင်ကိုယ် လှသူတစ်ယောက်ပါ။ အလှအပ ဆိုတာကို ...ရင်က ခြယ်သဖို့ နေနေသာသာ ပြင်ပြင်ဆင်ဆင် မရှိ။ ဖြစ်သလိုသာ နေသည်။

ဂရာမ စာအုပ်ကြီးတွေ ဆေးဘက်ဆိုင်ရာ ပညာရှင်တချို့၏ ...အုပ်တွေနှင့်သာ နပန်းလုံးခဲ့သည်။ ခမ်း စိတ်ဝင်စားတာက ခေါင်းက ...ဆော်နံ့ထွက်အောင် စာဖတ်ဖို့ပင်။

ကိုယ့်အကြောင်းကိုယ် ပြန်တွေးတော့ ပြုံးမိသေးသည်။

"ဪ ဒါနဲ့ တံခါးကြီး ပိတ်ပြီး ဘယ်သွားကြမလို့လဲ၊ ကျူရှင် ...တတ်ရဘူးလား"

"မသွားတော့ဘူး ဒေါက်တာလေးရ ဟိုတလောက ဒေါက်တာလေးကို လာပင့်တဲ့ ဆရာလေးလေ သူ ဖျားနေလို့ သူက မီးမီးရဲ့ ကျူရှင်ဆရာလေ၊ မြေအဘွားနှစ်ယောက် စားစရာတွေ ပို့ရင်း သတင်း သွားမေးမလို့"

"သူ ဖျားနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



တိုးဖွဖွလေး ရေရွတ်မိသည်။ ထင်သွားသည့်စိတ်က ရင်ထဲ မှန်တိုင်းထန်သွား၏။ သူ သက်ကော သက်သာရဲ့လား။

"သူက တစ်ယောက်တည်း နေတာလေ သိပ်အား တတ်တာ၊ ဒေါက်တာလေးနဲ့ ခင်တယ်ဆိုရင် အားသွားပေးလိုက်ပါ ဆရာလေးက စိတ်ကောင်းရှိရှာပါတယ်"

"အင်း နောက်တော့ ခမ်း သွားကြည့်လိုက်ပါ့မယ်၊ အ ဂျူတီချိန် နီးနေလို့ ခမ်းကို ခွင့်ပြုဦးနော် မီးမီး တော့တာ"

နှုတ်ဆက်ပြီး ထွက်ခဲ့ပေမယ့် စိတ်က သူ့ဆီမှာသာ။ မျော တော့ မျက်ဝန်းတွေကို ပြန်မြင်ယောင်လာသည်။ ဂျူတီချိန်မို့သာ ဂျူ မရှိလျှင် သူ့ဆီ ရောက်နေမှာ သေချာပါသည်။

ခြေလှမ်းတွေက လေးလံနေသည်။ သူ ရှိရိုးဖျားတာမှ ဟုတ် လား။ သူမသာ ရောက်လာလျှင် အားတက်မှာ သေချာသည်။

တထင့်ထင့် ဖြတ်ကျော်ရဦးမည့် နာရီတွေက...။



## အခန်း (၇)

မြက်ခင်းစိမ်းစိမ်းနှင့် ကုန်းမြင့်ထက်က မိုးပြာရောင် တစ်ထပ် တိုက်ပုလေးက သပ်သပ်ရပ်ရပ် နေချင်စဖွယ်လေး ဖြစ်သည်။

အရှေ့သို့ ခပ်ယွန်းယွန်း ထုတ်ထားသည့် ပေါ်တီကိုရဲ့ တစ်ဖက် ခြမ်းတွင် ဒါန်းကလေးက ငြိမ်သက်နေ၏။

စိမ်းလဲ့လဲ့ ရေကူးကန် ပန်းပင်ရောင်စုံလေးတွေက တိုက်ကလေး ၏ ခန့်ညားမှုကို ပံ့ပိုးပေးနေသလို။

ဆေးအိတ်ကို ကိုင်တွဲပြီး ခမ်း ဝင်လာခဲ့သည်။ ယခုအချိန်ထိ အိမ်ထဲတွင် ဘယ်သူ့ကိုမှ မမြင်ရ။ မင်းသွေးနီ နာမည်ကို တိုးဖွဖွ ရေရွတ်ရင်း ဟိုဟိုဒီဒီ ရှာဖွေမိသည်။ လေတိုးသံမျှပင် မကြားရ။

မိနစ်အနည်းငယ် ကြာတော့ ခမ်း စိတ်မရှည်ချင်။ သူတစ် ယောက်တည်းနေတာကို သတိရပြီး အိမ်ထဲ ဝင်ရှာဖို့ ဝန်မလေးတော့။



www.burmeseclassic.com

www.burmeseclassic.com



မူးများလဲနေသလား မသိ။ စိုးရိမ်ပူပန်စိတ်ဖြင့် အခန်းတံခါး တွေ ဆွဲဖွင့်ပြီး အပြေးအလွှား ရှာဖွေမိသည်။ သန့်ပြန့်သော အိပ်ခန်းမှ စာသင်ခန်းမှတစ်ပါး ဘာကိုမျှ မတွေ့ရ။

"မင်းသွေးနီ မင်းသွေးနီ ရှင် ဘယ်မှာလဲ"

တကြော်ကြော် ခေါ်နေမိပေမယ့် ဘာသံမှ မကြားရ။ နှာခေါင်း မှာ မွှေးပျံ့သော ဟင်းနံ့ကို ရှူရှိုက်မိ၏။ မီးဖိုခန်းဟု ထင်ရသော အခန်းတံခါးကို ဆွဲဖွင့်လိုက်တော့

"ဟာင် သွင် သွင်ခမ်းနား"

သူ့ပုံစံက တော်တော်လေး အံ့ဩဝမ်းသာသွားပုံရသည်။

"ကျွန်မကတော့ လိုက်ရှာလိုက်ရတာ၊ မောလို့ သေတော့မယ် ရှင့်ကို လူနာ လာကြည့်တာ၊ ဟင်းနံ့တွေက မွှေးကြိုင်နေတာပဲ"

ဟန်မဆောင်နိုင်ဘဲ ရေရွတ်မိသည်။ ပါးစပ်က ပွစိပွစိ ပြောရင်း ခမ်း အရှေ့သို့ တိုးသွားပြီး သူ့ဘေးနားရောက်တော့

"ဟယ် ရှင် ရှင် ဒါတွေ ဘာလို့ စားနေရတာလဲဟင်"

မင်းသွေးနီ စားလက်စ တန်းလန်းဖြင့် ဘာမှမဆို။ စားပွဲပေါ် တွင် မုန့်ဖတ်အပိုပန်းကန်။ အငွေ့တထောင်းထောင်း ထနေသော ဟင်းရည်ပန်းကန်၊ ငါးဖယ်ဆုပ်ကြော်နှင့် ဆီချက်၊ ငရုတ်သီး မိုးမျှော် တောင့်၊ အချဉ်ရည် အင်ရည်၊ ငါးရံ့ကောင်းဘူး စုံစီနေသည်။





ဆူဖို့ပင် မေ့လျော့လျက် ယိုစိမ့်လာသည့် သွားရည်ကို ခမ်း မြိုချလိုက်ရသည်။ ခမ်း ဟန်မဆောင်နိုင်တော့ဘဲ

"ကျွန်မက မုန့်တီဆို သိပ်ကြိုက်တာ၊ နည်းနည်း စားမယ်နော်"

"အင်း ဟင်းရည်လေးက ကောင်းတယ်၊ ငါးဖယ်ကြော်ရောပဲ"

ခမ်း ကူနွှေမဆည်နိုင်တော့ဘဲ ဆေးအိတ်ကို ဘေးကခုံပေါ် ချတင်လိုက်သည်။ ပန်းကန် အလွတ်ထဲကို ရှိသမျှ စုံပလုံနေအောင် ထည့်ကာ ခေါင်းမဖော်တမ်း စားပစ်လိုက်သည်။

"ရှင် ချက်တာလား၊ အရမ်းကောင်းတယ် သိလား"

"ဟုတ်တယ် ရခိုင်မုန့်တီလေ၊ မေမေ သင်ပေးခဲ့တာ၊ ကျွန်တော် ခဏ ခဏ ချက်စားတယ်"

"ဟုတ်လား ရှင်က ဘယ်ဆိုးလို့လဲ၊ ကျွန်မက သိပ်ကြိုက်တာ"

"ကျွန်တော် အမြဲ ချက်ကျွေးမယ်"

စိတ်ရှိလက်ရှိ စားပစ်လိုက်တာ ပန်းကန်တွေအကုန် ပြောင်သွား ခဲ့သည်အထိ ဖြစ်သည်။ အဝအပြဲ စားလိုက်တာမို့ ဗိုက်ကြီးအင့်ပြီး ချွေးကျောတွေ တောင့်နေသည်။

ခမ်း အခုမှပဲ မင်းသွေးနီ နေမကောင်းတာကို သတိရမိ တော့သည်။ မင်းသွေးနီကတော့ အခုထိ ဟင်းရည်တွေ သောက်လို့ ကောင်းနေတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းသွေးနီ ရှင်က ဖျားနေတာလေ၊ ဘာကိစ္စ အချိ
အစပ်တွေ စားနေရတာလဲ၊ လာလာ လာခဲ့ ရှင့်ကို ကျွန်မ ကြည့်ပေးမယ်"

"ဟာ ခမ်း"

စားလက်စ ပန်းကန်ကျန်ခဲ့ပြီး မင်းသွေးနီ ခမ်း ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်ဖြင့် ပါလာသည်။ ညှော်ခန်းထဲရောက်တော့မှ မင်း သွေးနီ ကမန်းကတမ်း ရှင်းပြသည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ခမ်းရဲ့၊ တကယ် ဘာမှမဖြစ် တာပါ၊ ဆေးကုစရာ မလိုဘူး ကောင်းသွားပြီ"

အသည်းအသန် ငြင်းဆန်နေသည့် ပုံစံက ခမ်းကို ကြောက်ရွံ့ နေဟန် အပြည့်။ ခမ်း သိပါသည်။ သူက ဆေးထိုး ဆေးသောက် ကြောက်သူဆိုတာကိုလေ။

ဖွတ်ပင် အပူချိန်တိုင်းကိရိယာနှင့် သွေးပေါင်ချိန်တိုင်း ကိရိယာ ကို ထုတ်သည်။ သူ့ကိုလည်း မာန်မဲ ဖိဟောက်ရသေးသည်။

သူမ ဟောက်လိုက်တော့ မင်းသွေးနီ မငြင်းတော့။ သုံးယောက် ထိုင် ဆိုဖာကြီးပေါ်မှာ ငြိမ်သက်စွာ ထိုင်နေသည်။ သူမက ပါးစပ်ဟ ဆိုလျှင် ဟသည်။ လက်ဆန့်ဆိုလျှင် ဆန့်၏။ ခမ်းပင် ပျော်လာသလိုလို။

"ကြည့်စမ်း အဖျားပြတ်သေးတာ မဟုတ်ဘဲနဲ့ တစ်ရှော့နစ် တောင် ရှိသေးတယ်၊ ရှင် တော်တော်ဆိုးတာပဲ"





သာမိုမီတာကို ထောင်ကြည့်ပြီး ခမ်း ကရုဏာသံလေးဖြင့် ယိုက်သည်။ ပြီးမှ မျက်ဆံနက်ကလေးတွေ ထောင့်ကပ်ပြီး ကြည့် ိုက်၏။ ရင်ဘတ်ကို လှမ်းထုရင်း ခမ်း ပြုံးပြမိသည်။

ခမ်း လုပ်သမျှကို ခေါင်းကြီးငုံ၍ ငြိမ်သက်စွာ ခံယူနေပြန်သည်။ ရောင် bossini ဆွယ်တာလေးနှင့် အစိမ်းကွက်စိပ် လုံချည်လေးကို က် ဝတ်ဆင်ထားသည့် သူ့အသွင်က ရှင်းသန့်နုဖတ်နေသည်။

ဖြူလျော်လျော် အသားအရည်နှင့် နူတ်ခမ်းတွေရဲနေပုံက လေးတွေတောင် ရှုံးလောက်သည်။ စိမ်းညို့ညို့ မျက်ခုံးတွေ နှင့် ထောင့်စပ်စပ် မျက်နှာကျက တကယ် ကြည့်ကောင်းပါသည်။

မြင့်မားသော အရပ်အမောင်းနှင့်ဆိုတော့ ယောကျ်ားပီသ ောင် ချောမောသူဟု ဆိုနိုင်သည်။ ဒါပေမဲ့ ဘာကြောင့် စိတ်ပျော့ရ လဲ။

"ငြိမ်ငြိမ်လေး ခဏလောက် နေဦး"

သူမ ဆိုတော့ နားမလည်သလို ကြည့်နေပြန်သည်။ ဆေးအိတ် ို နံရံဘက် စာကြည့်စားပွဲပေါ် တင်သည်။ ဆေးတစ်လုံး ဖောက်ယူကာ ဆေးထိုးအပ်ဖြင့် စုပ်ယူလိုက်သည်။

"ဟင် ခင်ဗျား ကျွန်တော့်ကို ဆေးထိုးမလို့လား"

မင်းသွေးနီက သူမ လက်ထဲက ဆေးထိုးအပ်ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်စွာ ပြောသည်။ သူ ဘာမှမပြောဘဲ သူ့ဆီ လျှောက်သွားလိုက်သည်။ သူက ဆိုဖာထက်မှနေ၍ ဆင်းပြေးတော့သည်။

ခမ်း စိတ်ပျက်သွားမိသည်။ ဒေါသလည်း ထွက်လာ၏။

"ရှင် ဘယ်ပြေးမလို့လဲ မင်းသွေးနီ၊ ဆေးမထိုးလို့ မရဘူး လာခဲ့ ရှင်က ဆေးပေးလည်း သောက်မှာ မဟုတ်ဘူး၊ လာခဲ့စမ်း ကလေးလေး ကျနေတာပဲ"

ခမ်းက ဆေးထိုးအပ် ကိုင်လျက်နှင့် သူ့နောက်က လိုက်သည်။ မင်းသွေးနီက ဆက်တီခုံတွေ ရှောင်ကွေ၍ ပတ်ပြေးနေသည်။ ကြာတော့ ခမ်း ဟန်မဆောင်နိုင်အောင် မောလာသည်။

"မင်းသွေးနီ ရှင်နော် လာလို့ ပြောနေတယ် မဟုတ်လား ဆေးထိုးမှ ကောင်းသွားမှာပေါ့၊ ကျွန်မကို စိတ်ညစ်အောင် မလုပ်ပါနဲ့"

"ဟင့်အင်း မလာဘူး၊ ခင်ဗျားက အပ်ကြီးနဲ့ မညှာမတာ ထိုးမှာ၊ ဆေးထိုးအပ်ကြီး လွှင့်ပစ်လိုက်မှ လာမယ်"

"မင်းသွေးနီ"

ကျယ်လောင်သော အသံကြောင့် မင်းသွေးနီ ကြောင်တွေတွေ ကြည့်နေသည်။ ခမ်း ဘယ်လိုမှ သည်းမခံနိုင်တော့။ အပ်နှင့် ထိုးမှာ ကြောက်ရအောင် ကလေးလည်း မဟုတ်။

မင်းသွေးနီက ခမ်းကို ငြိမ်သက်စွာ ကြည့်နေသည်။ ခမ်း



… ဆီသို့ တိုးကပ်သွားပြီး

"ရှင် ပြောလို့ မရဘူးလား၊ ကျွန်မကို စိတ်ဆိုးအောင် မလုပ်ပါနဲ့ ရှင် ဒီ့ထက်ပိုနာသွားလိမ့်မယ်နော်"

ခမ်းက မင်းသွေးနီ လက်မောင်းကို ဆွဲရင်း ဆိုဖာဆီ လျှောက်ခဲ့တော့ ဘာမှမပြောတော့ဘဲ ပါလာခဲ့သည်။ သူ့ကို ကြည့်ရတာ သူမကို ရွှန်ဆန်နိုင်တာ သေချာနေသည်ပဲ။

ပြေးလွှားခဲ့ရ၍ သူ တော်တော် မောနေပုံရသည်။ သူ့ကို ကြည့်မိမှ ခမ်းလည်း မောဖို့ သတိရတော့သည်။ အမောပြေလောက်ပြီဆိုတော့မှ

"ကဲ ရှင် ဆိုဖာပေါ်မှာ လှဲလိုက်"

"ကျွန် ကျွန်တော်"

"ဘာမှမပြောနဲ့ မကြားချင်ဘူး လှဲဆိုလှဲ"

သူမ အမိန့်အတိုင်း ဆိုဖာထက်တွင် လှဲရှာသည်။ ခမ်းလည်း ဆေးထိုးအပ်ကို လက်ချောင်းကြားတွင် ဆုပ်ရင်း

"အား"

တကယ်တော့ ခမ်းက သူ့ကို ဆေးပင် မထိုးရသေးပါ။ ခမ်း ဆေးထိုးအပ်ကို ကိုင်ရင်း ပြုံးကြည့်နေမိသည်။

တကယ် ဆေးကြောက်တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မြင်ကွင်းက ကြည်နူးချမ်းမြေ့ဖွယ်အတိ။ ပန်းတို့ရဲ့ အလယ်တ

ဥယျာဉ်မှူးရဲ့ တင့်တယ်ခြင်းမျိုး ဖြစ်သည်။

"မင်းသွေးနီ"

"ဟင် ခင်ဗျား"

ခမ်းကို မြင်တာနဲ့ လက်ထဲကစာအုပ် ကြမ်းပေါ် လွတ်ကျသွား

ရတဲ့ အဖြစ်။ စာအသံတွေ အားလုံး တိတ်ဆိတ်သွား၏။ ခမ်းဆီကို

ရုပြုံရောက်လာသော ကလေးတွေရဲ့ မျက်ဝန်းတွေက ရူးစမ်းမှုတွေဖြင့်

သူက ခပ်ယဲ့ယဲ့ပြုံးပြသည်။ ဒါပေမဲ့ မချိတင်ကဲ အပြုံးမျိုး

မနေ့က အကြောင်းကို သတိရတိုင်း ခမ်းကို သူ လန့်နေမှာ သေချာသည်။

မျက်နှာ အနည်းငယ် ချောင်သွားပေမယ့် သူ့အသွင်က လန်းဆန်း

နေသည်။





အရှားသည့် ဆေးတိုးကြောက်ပြီး ထွက်ပြေးသွားဟန်ရှိသည်။

မှာတော့ လူကောင်းပကတိ တစ်ယောက်အတိုင်းပါပဲ။

"မဂ်လာပါ"

သူတို့ ဆရာကို တစ်လှည့် ခမ်းကို တစ်လှည့် ကြည့်နေရာမှ

တွေက ထနှုတ်ဆက်၏။ သံပြိုင်နှုတ်ဆက်လိုက်သည့် ကလေးတွေ

သံချိုချိုလေးတွေက ခမ်းရင်ကို အေးမြသွားစေသည်။

စာသင်ခန်းအဝမှာ ရပ်နေရာမှ ခမ်း ခြေလှမ်းတွေကို စတိတ်

သို့ ဦးတည်လျှောက်သွားလိုက်သည်။

ဆေးအိတ်ကို ကိုင်ဆွဲပြီး ကလေးတွေရှေ့ ရောက်တော့ ခမ်း

ရပ်လိုက်သည်။ ကြည်စင်နေသည့် မျက်နှာလေးတွေကို ကြည့်ပြီး

အားပါးတရ ပြုံးပြမိသည်။

ပထမတော့ ကလေးတွေက ကြောင်တွေနေကြပြီး နောက်မှ

ပြစ်ကင်းစင်သည့် အပြုံးလေးတွေနှင့် နှုတ်ဆက်ကြ၏။

မင်းသွေးနီက ခမ်းနှင့်ကလေးတွေ လုပ်သမျှကို တအံ့တသြကြီး

ကြည့်နေသည်။

"မမကပဲ ကလေးတို့ကို စနှုတ်ဆက်မယ်နော်၊ မမ နာမည်က

ကတော သွင်ခမ်းနားတဲ့၊ မင်းတို့ ဆရာလေးရဲ့ သူငယ်ချင်းပေါ့၊

တ်ထားနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မမဒေါက်တာ"

ကလေးတွေက သံပြိုင်အော်ဟစ်ပြောကြသည်။ သွက်လ
လွန်းသော သူတို့လေးတွေကို ခမ်း ခင်မင်စိတ် ဖြစ်လာတာတော့ အမှ

"မမ ဒေါက်တာက တအားချောတာပဲ"

"မင်းတို့လည်း ချစ်စရာလေးတွေပါပဲကွယ် အဟင်း ဟင်း"

ခမ်း ကလေးတွေကို ပြောဆိုနေတာကို ကြည့်ပြီး မင်းသွေးနီ
ပြုံးနေ၏။ ခမ်းက စကားပြောလိုက်တိုင်း ခေါင်းလေးကို ဘယ်ညာခါယ
ပြီး ပြောဆိုနေတာ ဖြစ်သည်။

ပန်းပေါ် ကျော့ကျနေသော ဆံပင်တွေက လှုပ်ရှားလိုက်တိုင်
ယိမ်းနွဲ့ခါယမ်းသွားသည်။ အေးမြမြ ခမ်းရဲ့ အသံကြည်ကြည်လေး
နားဝင်ချိုလှသည်။

ရင်ထဲအထိ တိုးဝင်စိမ့်သက်သွားသည်ဟု မင်းသွေးနီ ထင်
သည်။ စာအုပ်ပြန်ကောက်ဖို့ပင် မေ့လျော့နေမိသည်။၏

"ဟုတ်ကဲ့ မီးမီးတို့ သားသားတို့ စာကြိုးစားပါ့မယ်"

ကလေးတွေက အားလုံး လိမ္မာကြပါသည်။ ပြီးတော့ ခမ်း
ဆေးကုပေးခဲ့သည့် မီးမီးလေးလည်း ပါသည်။ ထိုအထဲမှာ မီးမီးလေး
ကတော့ အကဲဆုံးပေါ့။

"လမ်းမှာတွေ့ရင်လည်း မမကို ခေါ်ကြနော်၊ တကယ်လို့





ကောင်းတဲ့အခါကျရင်လည်း ခေါ်ကြပါ၊ မမကို ကလေးတို့ရဲ့ အစ်မ
ယောက်လို သတ်မှတ်ကြနော်၊ အခု မမ လာတာ မင်းတို့ ဆရာလေး
ကောင်းလို့ လာကြည့်ပေးတာ"

ခမ်း စကားကြောင့် ကလေးတွေက သူတို့ ဆရာကို ဝိုင်း
ကြည့်ကြသည်။ သူ့ပုံစံကတော့ မနေတတ်သလို ခေါင်းကြီးငုံ့ပြီး ငြိမ်သက်
တကယ် ရယ်ဖို့ကောင်းပါသည်။

သူ့ပုံစံကိုကြည့်ပြီး ခမ်း စချင်လာမိသည်။

"မင်းတို့ ဆရာလေးက တအားကြောက်တတ်တာကွယ့်၊ မနေ့
ဆေးထိုးတော့ ထွက်ပြေးလို့ မနည်းလိုက်ဖမ်းရတယ် ခစ် ခစ်"

ခမ်း အရွှန်းဖောက်တော့ ကလေးတွေအားလုံး ပွဲကျသွား
ကြသည်။ ဆူညံသော ရယ်သံတွေ အတော်မသတ်တော့။

သူ့မျက်နှာက နီရဲနေရာမှ သပြေသီးမှည့် တစ်လုံးလို အညို
ရောင် ပြေးသွားသည်။ သူ့ပုံစံကို ကြည့်ပြီး ခမ်း ရယ်နေမိတာ အတော်
ကြာသွားခဲ့သည်။

ယောကျ်ားတန်မဲ့ အရက်အကြောက် ကြီးလွန်းသော သူ့ကို
ခမ်း စရတာ ပျော်ဖို့ကောင်းပါသည်။

ခမ်းကို အမြဲတစေ ပြန်လည်ချေပခြင်း မရှိခဲ့သော သူသည်
ပြုံးတုံ့တုံ့ဖြင့်သာ နေခဲ့သည်။ သူ့အပေါ် တိမ်းမူးစွာ သံယောဇဉ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်တင်းခဲ့တာကိုတော့ ခမ်း ဝန်ခံရပါမည်။

ကလေးငယ်လေးတွေနှင့် ပျော်ရွှင်စရာ ကောင်းသည့် မင်းသွေး

နီ ဘဝလေးကို ခမ်း အားကျမိသည်။ ခမ်းရဲ့ အားလပ်ရက် တိုင်း

မင်းသွေးနီ၏ ကျူရှင်လေးမှာသာ ကုန်ဆုံးခဲ့သည်။

ကလေးတွေကို ဘုရားစုံလိုက်ပို့သည်။ တိရစ္ဆာန်ဥယျာဉ်

ကစားကွင်းတွေ လိုက်ပို့သည်။ Game City မှာ ရှိလာကိုစတာ စီးတော့

ကလေးတွေရော သူမပါ အော်လိုက်ကြတာ မင်းသွေးနီကတော့ မော်ဆို

ငေးနေရုံသာ။

သူများတွေ ပျော်ရွှင်စွာ ဆော့ကစားနေတာကို ကြည့်ပြီး ပျော်

ရွှင်နေတတ်တာက သူ့ရဲ့ကိုယ်ပိုင် စတိုင်တစ်ခုလို ဖြစ်နေသည်။

ပျော်ရွှင်စရာ နေ့ရက်လေးတွေကို ဖြတ်သန်းရသော ဘဝ

ငြိမ်းချမ်းလှသည်။ ခမ်းအတွက်တော့ မမေ့နိုင်စရာပါပဲ။

နောက်ထပ် မနက်ဖြန်တိုင်းသည်လည်း . . ။

■ ■ ■



## အခန်း (၉)

သူ ချက်ကျွေးသော အစားအစာမျိုးစုံကို စားရင်း ခမ်း ကျေနပ်

နေတတ်ပါပြီ။ ခမ်း ဖျော်တိုက်သော ကော်ဖီကိုလည်း သူက စွဲလန်း

နေတတ်ပါပြီ။

အားလပ်ရက်တိုင်းမှာ ဆုံဖြစ်ခဲ့ကြတာကတော့ နှစ်ယောက်

လုံးအတွက် ဝတ္တရားတစ်ခုလို ဖြစ်သည်။ သူ့ကျူရှင်မှာ မဟုတ်လျှင်

ခမ်းရဲ့ တိုက်ခန်းလေးမှာ တစ်ဦးကိုတစ်ဦး သံယောဇဉ်ပိုတွယ်ခဲ့ကြပြီ။

အခုဆို အခေါ်အဝေါ်တွေတောင် ပြောင်းလဲခဲ့ပြီပဲ။ သူက

ခမ်းကို ခမ်းနားတဲ့ ခမ်းကလည်း သူ့ကို မင်းဟု တစ်လုံးတည်း အဖျား

ဆွတ် ခေါ်တတ်ခဲ့ပြီ ဖြစ်သည်။

တကယ်တော့ မင်းသည် ရိုးသား အေးဆေးသော လူငယ်

လေးတစ်ယောက် ဖြစ်ပါသည်။ လူတကာကို အကူအညီပေးလိုသည့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ခါတ်လေးက ချစ်စရာကောင်းသည်။

အရင်က အူကြောင်ကြောင် ပုံစံဟု ခမ်းက ထင်ခဲ့သည် … ဒါပေမဲ့ လက်တွေ့တွင်က အလွန်အကျွံ ရိုးသားခြင်းဟု ခမ်း နား… တပ်မိပါသည်။

ခမ်း အနိုင်ကျင့် ဗိုလ်ကျသမျှကို ကျေနပ်စွာ ခံယူတတ်သ… မင်းသည် ခမ်းအတွက်တော့ မရှိမဖြစ် လူတစ်ယောက် ဖြစ်လာသည်…

တစ်စုံတစ်ခုကို တွေးတောလိုက်တိုင်း ဦးနှောက်အသိမှာ … လာတတ်တာက မင်းရဲ့ မျက်ဝန်းအေးအေးလေးတွေ ဖြစ်သည်။

တစ်ယောက်တည်း ပျင်းရိစွာ ဖြတ်သန်းခဲ့ရသည့် ခမ်းဘဝ… အမော်ဆိုတဲ့ တွယ်တာမှုက ကိန်းဝပ်နေခဲ့တာ ကြာခဲ့ပြီပဲ။

"ဟဲလို မင်းလား"

"ခမ်းနား ပြောလေ"

"အင်း ဟုတ်တယ် ခမ်း ကားက နည်းနည်းချုချာနေ… ဝပ်ရှော့ရုံမှာ ခဏသွားသိပ်ထားရတယ်၊ မင်းရဲ့ ကျူရှင်ချိန် ပြီး… ကျွန်မကို လာကြိုပါလား၊ ဒါပေမဲ့ ဒီအတိုင်း လာခဲ့နော် ကားမယူလာခဲ့…

'ဟင် ခမ်းနား'ဆိုတဲ့ အသံကိုသာ ကြားလိုက်ရသည်။ ခမ်း… ဖုန်းကို ဂွပ်ခနဲ ချပစ်လိုက်သည်။ ကား မယူဘဲ လာကြိုရမယ့် အဖြစ်… စဉ်းစားရင်း မင်း နားမလည်နိုင်ဖြစ်နေမှာ သေချာသည်။



ခမ်း သူနှင့်ယှဉ်တွဲလျှောက်ရမည့် အဖြစ်ကို တွေးနေမိသည်။ …တော့ တော်တော်စိတ်ဆင်းရဲနေမှာ သေချာသည်။

ခမ်း ထင်သည့်အတိုင်းပင် နာရီဝက်လောက် ကြာတော့ တက္ကစီ… သူ ပေါက်ချလာခဲ့သည်။

ထူးခြားချောမွေ့နေသော သူ့အသွင်ကြောင့် ခမ်း တမေ့တမော… ဖြစ်သွား၏။

မိုးပြာရောင် ဂျော်ဒါနီး စပို့ရှပ်လေးက မျက်နှာကို ပိုနုသွား…သည်။ အနက်ရောင် စတိုင်ပင်က ပြည့်တင်းသော ခန္ဓာကိုယ် အချိုး…ပေါ်မှာ ကြည့်မဝအောင် နေရာယူထား၏။

မှန်အကြည့်မှာ လေးထောင့်ကိုင်း အမည်းလေးနှင့် မင်း မျက်နှာ…က လိုက်ဖက်လွန်းနေပြန်သည်။ ဖြီးသင်စရာမလိုသော သူ့ဆံပင် …ပျော့ပျော့လေးတွေက ယခင်ကထက် ပိုရှည်ကာ ပုံစံကျ နေပြန်သည်။

"ခမ်းနား ကျွန်တော် တောင်းပန်ပါတယ်၊ နည်းနည်း နောက်…သွားတယ်၊ ဟို ခမ်းနားက ကားမယူလာနဲ့ဆိုတော့ ခမ်းနား က …ချင်မှန်းမသိဘူးလေ၊ တော်တော် ဦးနှောက်စားသွားတယ်"

တတွတ်တွတ် တောင်းပန်နေသည့် မင်းကိုကြည့်ပြီး ခမ်း …စိတ်ထဲမှာ ပြုံးမိသည်။ မျက်လုံးကလေး ကလည်ကလည်ဖြင့် ခမ်းရှေ့… …နေတာက အဖြစ်ရှိသော ကလေးတစ်ယောက်လို။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီးရဲ့ ပေါ်တီကိုအောက်မှာ ဆေးအိတ်ကို ညာလက် ဆွဲ၊ ဂျူတီကုတ်ကို ဘယ်လက်ကကိုင်ရင်း ဟမ်းဖုန်းတစ်ဖက်နှင့်ပြေ ခမ်း မင်းကို စိတ်မဆိုးမိပါ။

တဖြည်းဖြည်း ညိုမှောင်လာသည့် မိုးတိမ်တွေကို ကြည့် ခမ်း ပို၍ပင် ပျော်ရွှင်လာမိပါသည်။

"ခမ်းနားကို ကျွန်တော် တက္ကစီနဲ့ ပြန်ပို့ပေးရမှာလားဟင်

"မဟုတ်ဘူး ရှင် ကျွန်မကို လမ်းလျှောက်ပြီး လိုက်ပို့ေ မယ်လေ"

"ဗျာ မိုးတွေညိုနေတာ မိုးမိကုန်မှာပေါ့"

မင်းသွေးနီက ညိုမှောင်နေသော မိုးကောင်းကင်ကြီးကို ေ ကြည့်ကာ ပြောသည်။

"ဘာဖြစ်လဲ ကျွန်မတို့ မိုးရွာထဲ လမ်းအတူလျှောက်ပြန်ကြ ပေါ့ မင်းရဲ့"

"ဒီလိုမှန်းသိရင် ကျွန်တော် ထီးယူလာတာပေါ့ဗျာ"

"တမင် မယူခိုင်းတာ မိုးရွာထဲ လမ်းလျှောက်ပြန်ချင်လို့"

ခမ်း ပြောရင်း ဂျူတီကုတ်၊ ဖုန်း၊ ဖိုင်တွဲတွေကို အတက် ကော့စ်ထဲ ထည့်နေတော့ မင်းသွေးနီ ငေးကြည့်နေ၏။

"ကဲ အတူ ပြန်ကြရအောင် မင်းသွေးနီ"





ခမ်း ပြောပြောဆိုဆို ရှေ့က လှမ်းထွက်လာတော့ မင်းသွေးနီ ာက ပြေးလိုက်လာတော့သည်။

"ခမ်းနား ကျွန်တော့်ကို သေတ္တာပေး ကျွန်တော် သယ်ခဲ့မယ်"

မင်း လှမ်းတောင်းနေတော့ ခမ်း လက်ထဲက အတက်ချီကော့စ် လှမ်းထည့်ပေးလိုက်သည်။ မိုးတို့က ညို့နေရာမှ လေကလေးဝှေ့ကာ က်ပွင့်တွေကို ခေါ်ဆောင်လာသည်။

ခမ်း မျက်နှာလေး ရွှင်ပြုံးကာ မိုးစက်ပွင့်တွေကြားမှာ မြူးမြူး လေး လှမ်းလျှောက်နေတော့ မင်းသွေးနီ အနောက်က ခပ်သွက်သွက် း ပြေးလိုက်နေရသည်။

တစိမ့်စိမ့် ရွာသော မိုးက ပိုလို့တောင် သည်းလာသည်။ က်တော်နှင့် စဲမည့်ပုံ မရှိ။ နှစ်ဦးစလုံး မိုးတွေ ရွှဲရွှဲစိုသွားခဲ့၏။

"ခမ်းနား ခင်ဗျား မိုးတွေ စိုနေပြီ"

"မိုးရွာထဲ လမ်းလျှောက်တာပဲ စိုမှာပေါ့ မင်းရဲ့၊ ပျော်စရာကြီး နော်"

"ဟာဗျာ မိုးမိပြီး ဖျားနာကုန်မှာပေါ့၊ လေကလည်း တိုက်နေ တာ ချမ်းလာပြီဗျ"

အတက်ချီကော့စ်ကို ရင်မှာ ပွေ့ပိုက်ကာ မင်းသွေးနီ ကုပ်ကုပ် လေးဖြစ်နေတော့ ခမ်း ထောင်းခနဲ ဒေါသထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ယောကျ်ားမဟုတ်ဘူးလား၊ သွက်သွက်လျှောက်စမ်း
ချမ်းတာကို ကုပ်နေတော့ ပိုဆိုးမှာပေါ့"

"ဟုတ် ဟုတ် ကဲ့"

ဟုတ်ကဲ့ ဆိုသည့် အသံက မေးရိုက်သံ ထွက်နေပြီ။ ခမ်းနား
စိတ်မရှည်နိုင်စွာ မင်းသွေးနီ ရှေ့မှာ မျက်နှာချင်းဆိုင် ရပ်ပစ်လိုက်သ

"ကဲ ရှင့်ဘာသာ အခု တက္ကစီငှား ပြန်တော့"

"ဗျာ ဘာဖြစ်လို့လဲဗျာ"

"တစ်ယောက်တည်း လမ်းလျှောက်ပြန်ရမှာ ပျင်းလို့ ရှင့်
ခေါ်လာပါတယ်၊ ပိုတောင် ပျင်းစရာကောင်းသေးတယ်၊ ဒီတော့ ရှင့်ဘာ
သာ ပြန်တော့"

ခမ်း မောင်းထုတ်တော့ မင်းသွေးနီ မျက်နှာလေး ညှိုးမှိုင်
ခေါင်းကို ခါရမ်းသည်။

"ဟာ မဟုတ်ပါဘူး ကျွန်တော်က ခမ်းနား နာဖျားနေမှာ စိုး
လို့ပါ၊ ကျွန်တော် လိုက်ပို့ပေးပါရစေ"

"ဆရာမလုပ်နဲ့ ကျွန်မက ဆရာဝန်၊ ဘာမှမဖျားနိုင်ဘူး။
ရှင် ကုပ်ကုပ်ကွကွ လုပ်မနေနဲ့၊ လိုက်မယ်ဆို ကျွန်မခြေလှမ်းတွေ
အောင်လိုက်လျှောက်"

ခမ်း ဆိုတော့ မင်းသွေးနီ ခေါင်းကလေးညိတ်ကာ ခမ်းနှံ့သ





ာ အတူလိုက်လျှောက်သည်။ ခမ်း သွက်သွက်ကလေး ပြေးတော့လည်း
င်းသွေးနီ လိုက်ပြေးသည်။

"ရှင့်ပုံစံက စက်ရုပ်လေး ကျနေတာပဲ"

"ဗျာ ဘာဖြစ်လို့လဲ ခမ်းနားရဲ့"

"ကျွန်မ လမ်းလျှောက်မှ လျှောက်၊ ပြေးမှလိုက်ပြေးတော့
ဘယ်ကောင်းမလဲ၊ ကိုယ့်စိတ်ထဲက ဆန္ဒအတိုင်း လုပ်စမ်းပါ၊ မိုး
တော်တွေထဲမှာ စိတ်လွတ်ကိုယ်လွတ် နေရတာ ပျော်စရာပဲလေ၊ ရှင်
ယ်ယ်က မိုးရေထဲမှာ မဆော့ဖူးဘူးလား"

"ဟင့်အင်း မဆော့ဖူးဘူး။ မေမေကလည်း မဆော့ခိုင်းပါဘူး"

ခမ်း စိတ်ညစ်သွားမိသည်။ ဘယ်လို ယောကျ်ားပါလိမ့်။
င်းသွေးနီ မျက်ဝန်းလေးတွေက ဖြူစင်တောက်ပကာ အမှန်အတိုင်း
ြန်ခံနေခြင်းဟု သိလိုက်တော့လည်း ခမ်း ခွင့်လွှတ်ရပြန်၏။

"ကဲ ငယ်ငယ်က မဆော့ဘူးရင် အခု ဆော့ကြမယ်၊ မိုးရေ
ထဲမှာ မောတဲ့အထိ ပြေးမယ်၊ ပြီးရင် လမ်းလျှောက်ကြမယ် ဟုတ်လား"

ခေါင်းကလေးညိတ်ကာ ခမ်း လုပ်သမျှ မင်းသွေးနီ တသွေ
တိမ်း လိုက်ပြုမူပါသည်။

ခမ်း ပြေးလျှင် သူပြေးသည်။ ခမ်း လမ်းလျှောက်လျှင် သူ
လျှောက်သည်။ ခမ်း လက်နှစ်ဖက် မြှောက်ကာ ပြိုးလျှင် သူ ပြိုး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟေး"

"ဟေး"

တကယ် ရယ်စရာကောင်းသည့် အူကြောင်တုံးလေးပါပဲ။ ခမ်း

ဟစ်အော်တော့လည်း လိုက်အော်သည်။

နှစ်ဦးသဘောကျစွာ ရယ်လိုက်မိကြသည်။

ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်မိကြပါ။ သည်အရွယ်တြ

တွေနှင့် မိုးရေထဲမှာ စိတ်ရှုပေါက်နေကြတာတွေ့လျှင် နာခေါင်းရှုံ့ကြ

သေချာသည်။ ဒါပေမဲ့

ခမ်း ရင်ထဲမှာ လွတ်လပ်ပေါ့ပါးနေခဲ့ပါသည်။ မင်းသွေး

ရင်ထဲမှာကော ဘယ်လိုရှိမည် ခမ်း မသိပါ။

မိုးစက်တွေထဲမှာ ခမ်း ကြည်နူးပေါ့ပါးလို့။

■ ■ ■





## အခန်း (၁၀)

"အဲဒီနေ့က ကျွန်တော် အဖျားဝင်သွားသေးတယ်"

"ဟင်း ရှင်ကတော့ နဲလိုက်တာ လွန်ရော၊ ဘာလို့ ခမ်းဆီ

ဖုန်းမဆက်တာလဲ၊ ခမ်းက ဂျူတီရက်ဆက် ဝင်နေရလို့ မဆက်မိတာပါ"

"ခမ်းနား ဖုန်းမဆက်ကတည်းက အလုပ်မအားဘူးဆိုတာ

ကျွန်တော် သိတယ်၊ ဒါကြောင့် မဆက်တာပါ၊ ဆေးဝယ်သောက်လိုက်လို့

သက်သာသွားပါပြီ"

"ဘာလဲ ဆေးထိုးခံရမှာကြောက်လို့ ညာနေတာလား"

"ဟာ မဟုတ်ပါဘူး၊ တကယ် အဖျားပျောက်သွားတာပါ"

အထိတ်တလန့်လေး ပြောတော့ ခမ်း ရယ်မိသေးသည်။ ခမ်း

အလုပ်စိတ်ရက်မို့ အိမ်ထိရောက်လာသော မင်းသွေးနှင့်ခမ်း ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်း စကားကောင်းနေကြတာ ဖြစ်သည်။

"ရှင်လည်း ဒီနေ့ ကျူရှင်ပိတ်တယ်ပေါ့"

"ဟုတ်တယ် ဒါကြောင့် ခမ်းနားဆီ လာဖြစ်တာပေါ့"

"အိုကေ ဒါဆို ဒီမနက်စာ ဒီမှာပဲ စားသွားရမယ်၊ နေ့လ

မှပဲ ပြန်ပေါ့"

မင်း ငြင်းလျှင်လည်း ခမ်း ဒေါသကို ရင်ဆိုင်နိုင်ရတ

ထင်သည်။ ခမ်း အလိုကျ ခေါင်းညိတ်ရှာသည်။

တကယ်တမ်းကျ မနက်စာ စားပြီးတော့လည်း မင်းသွေ

မပြန်ဖြစ်သေးပါ။

နှစ်ယောက်သား အတူထိုင်ကာ စကားတွေ ပြောဖြစ်၏။

ပြောပြတာတွေ နားထောင် သူ ပြောတာတွေ ခမ်း နားထောင်

အချိန်က ကုန်မှန်းမသိ။

"ရှင်က ဆွေမျိုးသားချင်းတွေ မရှိကြဘူးပေါ့"

"ဟင့်အင်း မရှိတော့ပါဘူး၊ ဖေဖေကော မေမေပါ ဆုံးပါး

ကျွန်တော့်အဒေါ်က ဆက်ပြီး စောင့်ရှောက်ခဲ့သေးတာ၊ ဒေါ်လေးဆုံး

ကျွန်တော် တစ်ယောက်တည်းပေါ့ဗျာ"

ထိုထက်ပိုမို၍ သူ့ဘဝကို မပြောချင်တာလား။ ပြော

မရှိတာလား မသိပါ။ မင်းသွေးနီ ဘာမှ ဆက်မပြောတော့ပါ။





ပညာရေးဘွဲ့တစ်ခု ပိုင်ဆိုင်ပြီးတော့ မူလတန်းကျောင်းသူ

ကျောင်းသား ကလေးငယ်တွေနှင့် ဘဝကိုရင်းသန်နေသော သူ့ဘဝလေးက

အေးချမ်းစရာတော့ ကောင်းသည်။

သူ ပိုင်ဆိုင်သော မြေကြီးနှင့် အိမ်ကြီးကို ခမ်း ရောက်ဖူးတာမို့

သူ့ဘဝက ပြည့်စုံတာ ခမ်း ခန့်မှန်းလို့ရပါသည်။

ငွေကြေးထက် စိတ်ချမ်းသာသော ဝါသနာတစ်ခုအတွက် သူ

ကျူရှင်ကျောင်းလေး ဖွင့်ထားတာကို ခမ်း နားလည်မိပါ၏။

"မထူးပါဘူး မင်းရယ်၊ ဒီညနေစာပါ စားပြီးမှ ရှင်ပြန်"

"ဟာ အားနာစရာ ခမ်းနားရယ်"

"အားနာစရာလား ရှင့်အိမ်မှာလည်း ကျွန်မ စားဖူးနေတာကို

အဲ ကျွန်မက ရှင့်လောက်တော့ ဟင်းချက်မကောင်းဘူးပေါ့"

ခမ်း ဆိုတော့ သူ ပြုံးသည်။ မင်းသည် ခမ်းထက်တော့

တကယ်ပဲ ဟင်းချက်တော်သူ ဖြစ်သည်။

"ဒေါ်လေးက ဟင်းချက်ကောင်းတယ်ဗျ၊ ကျွန်တော့်ကိုလည်း

သင်ပေးထားလို့ပါ ခမ်းနားရဲ့၊ ခမ်းနား စားချင်တဲ့နေ့ လာစား ပါ၊

ကျွန်တော် ချက်ကျွေးပါ့မယ်"

ဖြူစင်ရိုးသားသော မင်းရဲ့ စိတ်ဓာတ်နှင့် မျက်ဝန်းတွေကိုတော့

ခမ်း တကယ်ပဲ ခင်တွယ် သံယောဇဉ်ဖြစ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညနေကျရင် ရှင့်ကို ခမ်း အရမ်းလှတဲ့ ရှုခင်းတွေပြမယ် မင်း"

သည့်လိုနှင့် ခမ်းတို့နှစ်ဦး ညနေဆည်းဆာရဲ့ အလှကို မြင်တွေ့ခံစားနိုင်သော ရှစ်လွှာရဲ့ အပေါ်ဆုံးထပ် တိုက်ခေါင်မိုးပေါ်ကို ရောက်ခဲ့သည်။

"ဘယ်လောက်လှတဲ့ နေရာလေးလဲ မင်း မနက်ခင်းတွေ ညနေခင်းတွေဆို ခမ်း အမြဲတမ်း ဒီနေရာလေးကို ရောက်တယ် သိလား"

"ဟင် ဒီအပေါ်မှာ ခမ်း တစ်ယောက်တည်း လာတတ်တယ်"

"ဘာဖြစ်လို့လဲ တကယ်လှပတဲ့ မြင်ကွင်းတွေကို ဒီနေရာကပဲ မြင်နိုင်တာ၊ ကြည့်စမ်း ကောင်းကင်ကြီးနဲ့ တိမ်တွေကို အနီးကပ်ဆုံး မြင်ရသလိုပဲ"

ခမ်း တစ်ယောက်တည်း လာတတ်သည်ဆို၍ မင်းသွေးနီ အံ့သြလို့နေပုံရသည်။

နေဝင်ဆည်းဆာ၏ လှပသော ရှုမြင်ကွင်းတွေကို ရှစ်လွှာရဲ့ ခေါင်မိုးပေါ်က မြင်နေရတာ အံ့သြနေပုံလည်း ရှိသည်။

"တိမ်တွေ ငှက်တွေ ကောင်းကင်ကြီး ဘယ်လောက်အထိ လှပ ချစ်စရာကောင်းသလဲ"

ခမ်း ခံစားသလို မင်းသွေးနီ ခံစားကြည့်နေခဲ့တာလား မသိ။





ငှက်ဝန်းတွေက အဝေးကို ဝေးရိုလျက် လွင့်မျောနေသလို ရှိသည်။

ဆည်းဆာရဲ့ ရွှေနေခြည်တွေ ဖြာကျနေသော မင်း မျက်နှာလေးကို ခမ်း ငေးကြည့်နေမိ၏။

သူတစ်ပါးကို ကူညီတတ်သော ဖြူနုသည့် စိတ်ထားလေးနှင့် မင်းသွေးနီသည် အူကြောင်တုံးလေးပေမယ့်

ခင်မင်စရာ ကောင်းပါသည်။

သွင်ခမ်းနား ဘဝမှာ ဒီလို မိတ်ဆွေမျိုး မပိုင်ဆိုင်ဘူးတာ သေချာသည်။

ထိုခင်မင်မှုတွေသည် သံယောဇဉ်နှောင်ကြိုးတွေ အဖြစ် အထပ်ထပ် ရစ်ပတ်နှောင်တွယ်ရာတတ်သည် ဆိုတာကိုသာ ခမ်း သိခဲ့ပါလျှင်. . ။

■ ■ ■



www.burmeseclassic.com

## အခန်း (၁၁)

ကောင်းကင်ပြာပြာကြီးထဲမှာ အဆုပ်လိုက် စုဝေးနေသော တိမ်တွေက နေရောင်ခြည်ကြောင့် တောက်ပ ရှန်းကြွနေကြသည်။

လှပသော ညနေခင်းလေးမှာ တိုက်ခေါင်မိုးထက်က သည်နေရာလေးမှာ ခမ်း ခိုလေးတွေကို အစာကျွေးနေရတာ ပြုနေကျ အပန်းဖြေမှုတစ်ခုပါပဲ။

ခမ်းကိုင်ထားသော ပန်းကန်ထဲအထိတောင် ခိုလေးတွေက လုယက်စားတော့မတတ် ကျွမ်းဝင်နေသည်။

"ဟော့ကောင်တွေ လုမစားနဲ့လေ ကျွေးမှာပေါ့"

ခမ်း ဟစ်အော်ရင်း ပဲစေ့လေးတွေကို အဆုပ်လိုက်ယူကာ ပက်ကျွေးသည်။ ခိုကလေးတွေက ဝဲပျံလျက် ကောက်ယူစားကြသည်။





"ကုန်ပြီလေကွာ နောက်ရက်မှစား သွားကြတော့"

ပန်းကန်လေးကို မှောက်ယမ်းခါပြရင်း ခမ်း ဆိုတော့မှ အနားမှာ ငေ့ဝဲပျံနေသော ခိုလေးတွေ ပျံသန်းထွက်ပြေးကုန်သည်။

မကြာခင် ကုန်ဆုံးတော့မည့် ညနေဆည်းဆာကို နှမြောတသစွာ ခမ်း ငေးကြည့်ရင်း လက်နှစ်ဖက်ကို မြှောက်ထားလိုက်၏။

ခမ်း ဝတ်ဆင်ထားသော အဖြူရောင် အပါးစ အင်္ကျီလက်ရှည်စာအားလေးက လေမှာ ဝဲလွင့်နေ၏။

ခမ်း မျက်ဝန်းလေးတွေ မှိတ်ထားတော့ စိတ်က တိမ်စိုင်တွေထဲကို ရောက်သွားသလိုပါပဲ။ ရင်ထဲမှာ တလှပ်လှပ် အရသာက ခမ်းစိတ်ကို ကြည်လင် လန်းဆန်းစေ၏။

မည်မျှ ကြာအောင် ခမ်း ရပ်နေမိသည် မသိပါ။ ခေါင်မိုးစွန်းမှာ နားနေသည့် ခိုလေးတွေ အထိတ်တလန့် တောင်ပံခတ်ပျံ ပြေးသံ ကြားလိုက်ရမှ မျက်ဝန်းတွေ ဖွင့်ကြည့်မိသည်။

ဒါ တစ်စုံတစ်ခုသော ပယောဂကြောင့်ပဲ ဖြစ်မည်။

ခမ်း နောက်ကို ဖျတ်ခနဲ လှည့်ကြည့်တော့ မင်းသွေးနီ။

"ဟယ် မင်း ကျွန်မ ဒီမှာရှိနေမှန်း မင်း ဘယ်လိုသိသလဲ"

"ကျွန်တော် ခမ်းနား စိတ်ထဲ ဝင်ကြည့်တော့ ခမ်းနား ဒီနေရာမှာ ရှိနေတယ်လေ"

www.burmeseclassic.com



မင်း စကားက ဖြူစင်ရိုးသားပေမယ့် ခမ်း ရင်ထဲမှာ တလှ
လှပ် လှုပ်ခါသွားစေသည်။ မင်းကတော့ တည်တည်ငြိမ်ငြိမ်ကလေး
ပြုံးကာ ခမ်းကို ကြည့်နေသည်။

ဆံနွယ်လေးတွေက လေပြည်သွဲ့သွဲ့ကြောင့် နဖူးပြေပြေပေါ်မှာ
ဝဲလွင့်လှုပ်ခတ်လျက်။ မျက်ခုံးစိမ်းတန်းတန်းလေး အောက်က မျက်
တွေ ကြည်လင်ဇတာက်ပလွန်းသည်။

ထူးဆန်းစွာ တိုက်ဆိုင်နေသည်က မင်း ဝတ်ထားသော အ
ကလည်း ခမ်းလိုပဲ အဖြူရောင် ရှပ်လက်တို ဖြစ်နေသည်။ ဂျင်း
ဘောင်းဘီရှည်နှင့် ပိုလို့ လိုက်ဖက်သည်။

"ခမ်းနားကို ကျွန်တော် အကြာကြီး ရပ်ကြည့်မလို့ဗျ။ ငှ
ကလေးတွေက လန့်ပျံကုန်လို့"

ခမ်း မျက်နှာ ပန်းနုရောင် သမ်းသွား၏။ မင်းကတော့ သိ
မရဘဲ မျက်ဝန်းကြည်ကြည်လေးတွေနှင့် ပြုံးနေဆဲ။

"မင်း လာလေ ကျွန်မတို့တွေ တိမ်တွေထဲမှာ စိတ်တွေ ဖြ
ကျက်ပြီး လေဟုတ်စီးကြမယ်"

ခေါင်းကလေးညိတ်ကာ ခမ်း နံဘေးကို မင်းသွေးနီ ရောက်လာ
သည်၊ ခမ်း လက်နှစ်ဖက်ကို ဆန့်တန်းကာ မျက်ဝန်းလေးတွေ မှိတ်ထား
မင်းကလည်း တသွေမတိမ်း လိုက်ပြုမူသည်။





"မင်း စိတ်တွေလျှော့ချပြီး မျက်နှာကို လာထိတွေ့ထဲ့ လေညင်း
နဲ့ အရသာကို ခံစားကြည့် မင်း၊ လူက တိမ်တွေထဲ မျောနေသလို
ခံစားကြည့်"

"အင်း အင်း ဟုတ်တယ်ဗျ၊ ရင်ထဲမှာ ပေါ့ပါးပြီး တလှပ်လှပ်
နဲ့ ပျော်စရာပဲနော်"

ခမ်းကော မင်းပါ မိနစ်ပိုင်းမျှ ငြိမ်သက်နေပြီးမှ လက်တွေချ
ကာ ဖြိုင်တူလှည့်ကြည့်မိသည်။

"ပျော်စရာ မကောင်းဘူးလား မင်း၊ ဂျူတီစောပြန်တဲ့ ညနေ
ခင်းတွေဆို ကျွန်မ ဒီလိုပဲ ခံစားကြည့်တယ်"

"ပျော်စရာ ကောင်းပါတယ်"

ကောင်းကင်ကြီးကို မော့ကြည့်ကာ မင်း ပြောတော့ ခမ်း
ပျံသန်းသွားသည့် ငှက်ကလေးကို လက်ညှိုးကလေး ညွှန်ထိုးပြရင်း

"ခမ်းတော့ ငှက်ကလေး ဖြစ်ချင်တယ်"

"ဟင့်အင်း ကျွန်တော်က မိုးကောင်းကင်ကြီးဖြစ်ချင်တာ"

မင်း စကားကြောင့် ခမ်း မျက်မှောင်လေးကျုံ့ကာ မင်းကို
လှည့်ကြည့်မိသည်။

"ရှင်က ဘာလို့ မိုးကောင်းကင်ကြီး ဖြစ်ချင်တာလဲ"

"ကျွန်တော့်မေမေ ငယ်ငယ်က ပြောဖူးတယ်၊ မေမေ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ရင် သား မငိုနဲ့တဲ့၊ မေမေက မိုးကောင်ကင်ကြီး ဖြစ်သွားမှာတဲ့၊ သား
အမြဲငုံ့ကြည့်နေမှာတဲ့လေ၊ မိုးတွေ ရွာချရင်လည်း သားကို လွမ်း
မေမေ့မျက်ရည်တွေတဲ့၊ ဒါကြောင့် ကျွန်တော် မိုးကောင်းကင်ကြီး ဖြစ်
တာ''

သိပ်ကို စိတ်ကူးယဉ်ဆန်တဲ့ အကြောင်းတုံးလေးလို့ ခမ်း မ
ရက်တော့ပါ။ သူ့ကို စာနာသနားစိတ်က ရင်ထဲမှာ ပြည့်လာသည်

မင်းသွေးနီ မျက်ဝန်းတွေက ခမ်းကို လှည့်ကြည့်လာရင်း

''ခမ်းနားက ငှက်ကလေးဆိုရင်လည်း ကျွန်တော်က ကော
ကင်ကြီးအဖြစ် ငုံ့ကြည့်နေမှာပါ၊ ကျွန်တော် မရှိတော့ရင်လည်း ခမ်း
အခုလို ကောင်းကင်ကြီးကို မော့ကြည့်နေပေါ့၊ ခမ်းနား လွမ်း
ကျွန်တော့်ရဲ့ မျက်ရည်တွေ ကျလာလိမ့်မယ်''

သူ့စကားက ခမ်း ရင်ထဲအထိ စူးစူးနစ်နစ် တိုးဝင်သွားခဲ့သည်
ခမ်း ရင်ထဲမှာ ဟာခနဲ ခံစားလိုက်ရတာ အမှန်။

သူ့မျက်ဝန်းပြာလဲ့လဲ့တွေကို စိုက်ကြည့်ရင်း ခမ်း ရင်ထဲမှ
ဝေဒနာတစ်ခု လှိုက်ခနဲ။

''မင်းသွေးနီ ရှင် ဘာတွေပြောနေတာလဲ၊ ရှင် ဘာလို့ ကျွန်
နားမှာ မရှိရတာလဲ၊ ဘာလို့ ဒီစကားတွေ ရှင်ပြောရတာလဲ ဟာ
မင်း''





ခမ်း သူ့အနားရောက်သွားကာ သူ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး
နေမိသည်။ သူ့မျက်ဝန်းတွေက ခမ်း မျက်ဝန်းတွေထဲ စူးစူးနစ်နစ်
ကြည့်ရင်း

''ကျွန်တော် ခင်ဗျားကို အရမ်းချစ်လို့ပါ ခမ်းနားရယ်၊ ကျွန်
တော်လေ''

မင်း စကားသံတွေ တိမ်ဝင်သွားခဲ့သည်။ မျက်ဝန်းမှာ စိုလဲ့
ကပ်ပလာကြတာ မျက်ရည်စတွေလား။ ဟင့်အင်း ရှင့် မျက်ရည်တွေ
ကို ခမ်း မမြင်ရက်ဘူး မင်းသွေးနီ။

သတိထားမိချိန်မှာ ခမ်း သူ့ရင်ခွင်ထဲကို တိုးဝင်မိပြီး ဖြစ်နေ၏။

''ခမ်းနား''

သူ ခေါ်သံကြောင့် ခမ်း မော့ကြည့်မိ၏။ သူ့မျက်ဝန်းပြာပြာ
တွေ သိမ်မွေ့နူးညံ့စွာနှင့် ရှိသည်။

''ကျွန်တော် သိပ်မှားသွားတယ်''

''ဟင့်အင်း မမှားဘူး မင်း။ ခမ်းလည်း ရှင့်ကိုချစ်တယ်''

မင်း မျက်ဝန်းတွေ လက်ခနဲ ဖြာလဲ့ တောက်ပသွား၏။ တဆတ်
ဆတ် တုန်နေသော နှုတ်ခမ်းလေးတွေက စက္ကန့်ပေါင်းများစွာ တိတ်ဆိတ်
ခြင်း ကင်းမဲ့လို့

''ခမ်းနားရယ်''



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်ထဲမှာ ခမ်းကို တင်းတင်းကြပ်ကြပ် တွယ်ဖက်ထား
ခဲ့သည့် တခဏမှာ ခမ်း ရင်မှာ ကြည်နူးနွေးထွေးခြင်းတွေနှင့် ရှိန်းမြ

ရိုးသားဖြူစင်သော အူကြောင်တုံးလေးသည် ခမ်းကို နွေးထွေ
စွာပဲ ဖက်တွယ်ထားခဲ့ခြင်းထက် မပိုခဲ့ပါ။

ဆည်းဆာရိပ်အောက်မှာ ထိုညနေက သွင်ခမ်းနား နှလုံးသ
က ရောင်စဉ်တွေ ထူးခြားစွာ လက်ဖြာနေခဲ့သည်။

ဒါ ချစ်ခြင်းရဲ့ ရောင်စဉ်တွေလား။ ဒါဆိုရင် သွင်ခမ်း
ဘဝမှာ ပထမဆုံး လက်ဖြာဖူးတဲ့ ချစ်ရောင်စဉ်တွေပဲ မင်းရယ်။

■ ■ ■



## အခန်း (၁၂)

ချစ်သူတွေ ဖြစ်ခဲ့ပြီဆိုတော့ ခမ်းဘဝမှာ ဟိုးအရင်ကလို အထီး
ကျန်မဆန်တော့တာ အမှန်။ တစ်ပတ်မှာ နှစ်ကြိမ်လောက် ဆုံတွေ့ခွင့်
ရသော ခမ်းနှင့် မင်းကြားမှာ ရင်းနှီးမှုတွေ ပိုခဲ့ကြတာလည်း အမှန်။

ခမ်း တကယ်ပဲ ရှင့်ကို သတိရတတ်ပါပြီ မင်းသွေးနီ။

အရေးပေါ် ခွဲစိတ်ခန်းကအထွက် စိတ်လှုပ်ရှားမှုတွေ၊ စိတ်ပင်
ပန်းမှုတွေ လုံးလုံးမေ့လျော့ကာ ဦးစွာ ပထမ သတိရမိသူမှာ မင်းသွေးနီ
ပဲ ဖြစ်သည်။

နာရီကိုငုံ့ကြည့်တော့ ဆယ့်နှစ်နာရီကျော်ပြီ။

ဒီအချိန်ဆိုလျှင် သူ ကောင်းစွာ အိပ်မောကျနေမည်ဟု တွေး
ကြည့်ရင်း စင်္ကြံလမ်းမဘက် ခမ်း လျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ပွင့်လေးတွေ လက်ဖြာနေသော ကောင်းကင်မှာ လ
ကြီးကလည်း ထိန်ထိန်သာနေသည်။

သူ့ကို သတိရလျှင် ကောင်းကင်ကြီးကို မော့ကြည့်လိုက်ပါ
ခမ်းကတော့ မော့ကြည့်နေရ၏။ သင်းလေးက အိပ်နေမှာ သို့
တွေးကြည့်ရင်း ရင်ထဲမှာ ခပ်ရှရှလေး မျက်သွားသည်။

အုကြောင်တုံးလေးကိုတော့ နည်းနည်းတော့ ဒုက္ခပေးချင်
သည်။

နားနေခန်းဆီ ပြန်လာခဲ့ကာ ဟန်းဖုန်းလေးကို ခမ်း ယူသ
ပြီးတော့ အခန်းအပြင်ထွက်ကာ မင်းရဲ့ ဖုန်းနံပါတ်လေးကို နှိပ်ခေါ်
မင်းသွေးနီ ဖုန်းပိတ်မထားပါ။ ဒါပေမဲ့ ကြာရှည်စွာ ကိုင်မည်
မရှိ။ အိပ်ပုပ်ကြီးလိုက်တဲ့ မင်း။

ခမ်း စိတ်လေးတိုသွားကာ ဖွဲကောင်းကောင်းနှင့် ဆက်
သည်။

"ဟဲလို"

အိပ်မှုံစုံဖွားနှင့် မင်းသွေးနီ အသံကို ကြားသည်။

"မင်း ခမ်းပါ"

"ဟင် ခမ်းနား ဒီအချိန်ကြီးကျမှ"

"ဟုတ်တယ် ကျွန်မ ညဂျူတီလေ ရှင့်ကို သတိရလို့ ဆက်





ဘတော့ အိပ်ပုပ်ကြီးလိုက်တာ၊ တော်တော်နဲ့ ခေါ်လို့ မရဘူး"

"ဟုတ်လား ကျွန်တော် ဖုန်းစောင့်ရင်း အိပ်ပျော်သွားတာ၊
နား ဘာပြောစရာရှိလို့လဲဟင်"

"ရှိတယ် အခု တွေ့ချင်တာ ရှင် လာခဲ့နော်၊ ဆေးရုံရှေ့က
ကျိုပင်ကြီးအောက်က စောင့်နေ"

"ဟင် ခမ်းနား ကျွန်တော်"

သူ ဘာမှမပြောနိုင်ခင်မှာ ခမ်း ဖုန်းကို ပိတ်ပစ်လိုက်သည်။
ဆီကိုတော့ သူ မလာဘဲ နေမှာမဟုတ်။ ဒါပေမဲ့ ကြောက်တတ်သော
လာဖို့ကလည်း စဉ်းစားစရာ။

ဆေးရုံအထိ ဆယ်မိနစ်မျှသာ မောင်းရသော သူ့အိမ်မှ မ
ရောက်အောင်တော့ လာမည်ဟု ထင်သည်။ ဖွဲနှင့်စောင့်ကြည့်ရင်း
ယ်သုံးမိနစ်ခန့်မှာ သူ့ရဲ့ကားလေး ဆေးရုံကြီးရှေ့ ကုက္ကိုပင်အောက်ကို
ဆက်လာ၏။

ခမ်း ကျေနပ်သွားမိတာ အမှန်။ ဒီလိုကျတော့လည်း သတ္တိ
သာပဲ။ ခမ်း ဖုန်းလေးဖွင့်ကာ ဆက်သွယ်လိုက်၏။

"ဟဲလို ခမ်းနား ကျွန်တော်"

"မင်းကို ပြောမလို့ ခမ်းဆီ မလာနဲ့တော့၊ ဒီမှာ အရေးပေါ်
တ်ကုသရမယ့် လူနာ ရောက်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ကျွန်တော်က ဆေးရုံရှေ့ ရောက်နေပြီ"

ခမ်း ရယ်ချင်စိတ်ကို မျိုသိပ်ထားမိသည်။ တမင် ဒုက္ခပေးမ

အကြောင်းတုံးလေး သိပုံမရသေးပါ။

"ဟုတ်လား ခမ်းက ထွက်လို့ရမှာ မဟုတ်ဘူး။ အခုပဲ ခွဲစိ

ခန်း ဝင်ရတော့မှာ"

မင်းရဲ့ ပင့်သက်ရှိုက်သံကြီးကို ကြားသည်။ ခမ်း ဆက်ပြေ

သည်။

"ရှင် ပြန်တော့ မင်း၊ သိပ်ညဥ့်နက်နေပြီ၊ အခု ရှင် စောင့်

တဲ့ ကုက္ကိုပင်ကြီး ညာဘက်က အဆောင်က ဘာလဲ ရှင်သိလား၊ အ

လူသေတွေ ထားတဲ့ ရေခဲတိုက်"

"ဗျာ"

ဖုန်းထဲမှာမို့ သူ့အသံ တုန်တုန်ကိုပဲ ကြားသည်။ ခမ်း လှ

မြင်နေရသည့် သူ့အသွင်ကတော့ ဖုန်းဆက်နေရင်း ခမ်း ပြောသ

နေရာကို ကြည့်လိုက် ဘေးဘီဝဲယာကို ကြည့်လိုက်နှင့် ရှိ၏။

ခမ်း ရယ်ချင်လွန်းလာတာမို့ ဖုန်းကို ပိတ်ပစ်လိုက်၏။

စကြံလမ်းပေါ်က ဝရန်တာမှ ခမ်း မြင်လိုက်ရသည့် မြင်ကွ

ကတော့ ခမ်းကို အသံထွက်အောင် ရယ်မိစေသည်။

မင်းသွေးနီတစ်ယောက် ကားပေါ် ကသောကမျောတက်





မောင်းထွက်ပြေးသည်မှာ တန်းလို့။

ခမ်း မျက်ရည်တွေထွက်သည်အထိ ရယ်မောမိရင်း ကျန်ရစ်

သော ထိုညလေးက တွေးမိတိုင်း ပြုံးမိတာ အခါခါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

''မင်းရယ် ရှင်ဟာလေ ဒီလောက်လေး စမိတာကို ဖျားတဲ့အထိ ဖြစ်ရသလားဟင်''

''ကျွန်တော် အရမ်းကြောက်သွားတာ ခမ်းနားရဲ့၊ ဒီကြားထဲလပ်းမှာ လမ်းမပေါ် ဆေးလိပ်ကြီးဖွာ လျှောက်လာတဲ့ အမှုသမားနဲ့ ထပ်တိုးတော့ ပိုဆိုးတာပေါ့၊ ကျွန်တော် အရမ်း လန့်သွားတာ''

မင်းသွေးနီ စကားကို နားထောင်ကာ ခမ်း ရယ်ချင်ပေမယ့် မရယ်ဖြစ်ပါ။ လန့်ဖျား ဖျားရအောင် ကလေးလေးလည်း မဟုတ်တဲ့ မင်းသွေးနီကို အဖျားသွေးတိုင်းကြည့်တော့ သိပ်မပြင်းပါ။

''ကျွန်တော် သက်သာပါပြီ ခမ်းနားရဲ့၊ ဆေးတော့ မထိုးပါရစေနဲ့နော် ခမ်းနား''





ဆေးထိုးစရာ မလိုအပ်ပေမယ့် သူ့ အကြောက်အကန် ငြင်း...တာကို အမြင်ကပ်တာမို့ ခမ်း ခပ်တည်တည်နှင့် ဆေးအိတ်ဖွင့်ကာ

''မရဘူးလေ ဒီလောက် ခဏ ခဏ ဖျားတတ်တဲ့ အဖျားကို...တော့ ဆေးထိုးရမယ်၊ နောက်တစ်ခါ မဖျားရဲအောင် နှစ်လုံးထိုးမယ်''

''ဗျာ ခမ်းနား''

သွေးပျက်ထိတ်လန့်နေပုံက ထပ်ပြီး အဖျားကြီးလောက်သည်။ ...း သူ့နဖူးကို ခေါက်ဖို့ ရွယ်မိပြီးမှ ပြန်ရုပ်ရင်း

''မင်း ရှင့်ကို ကျွန်မ ခေါက်မိမယ်နော်၊ တကယ့် ကလေးလေး...နေတာပဲ၊ ပြီးတော့ ဖျားလိုက်တာလည်း နှစ်ယောက်မရှိဘူး၊ ဆေး...ဆိုတောင် ဆေးသောက်ရမယ်''

''ရတယ် ဆေးတော့ မကြောက်ပါဘူး၊ ငယ်ငယ်ကတည်းက...ဏ ခဏ သောက်နေကြပါ''

''ဘာရယ် ခဏ ခဏ ဖျားဖူးတယ်ပေါ့''

''အင်း ကျွန်တော်က ခဏ ခဏ ဖျားတတ်တယ်၊ ဒါပေမဲ့...ကြီးကြီးမားမားတော့ မဟုတ်ပါဘူး ခမ်းနားရဲ့ အပရိုကလောက်ပါ''

''တော်သေးတာပေါ့ အပရိုကမို့ ရှင့်ပုံစံကတော့ ဆေးခန်းတွေ...ပွားချမ်းသာမယ့် ပုံပဲ''

သူ့အတွက် သောက်ဆေးတွေ ထုတ်ပေးရင်း ခမ်း တွေးမိပွမ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေတော့ သူ ပြုံးရင်း

"ကျွန်တော့်ကို ခမ်းနား ကုပေးမှာပဲလေ၊ ခမ်းနားက ဆရာဝန် မကြီးပဲ ဥစ္စာ"

"အံ့မယ် ရှင့်ကိုချည်း ကုပေးနေရမှာ မဟုတ်သေးဘူး"

ခမ်း အပျော်ဆိုခြင်းပေမယ့် မင်းသွေးနီ မျက်နှာလေး ညှိုးကျ သွားခဲ့သည်။ တစ်ခါတစ်ရံမှာ အားငယ်တတ်သော မင်းကို ခမ်း မကြိုက် တာလည်း တစ်ချက်။

"ဒါက ဘာဖြစ်တာလဲ အားငယ်တာလား"

"ဟင့်အင်း မငယ်ပါဘူး၊ ခမ်းနားကိုလည်း မကုနိုင်းရဲပါဘူး။ ဆေးထိုးမှာ ကြောက်လို့ အဟင်း ဟင်း"

ရယ်သလို မောသလို နောက်ပြောင်တော့ ခမ်း နှုတ်ခမ်းလေး စူကာ မျက်စောင်းထိုးမိသည်။

"နောက်တာနော် ခမ်းနား စိတ်မဆိုးကြေး"

"စိတ်ဆိုးတာ မဟုတ်ဘူး၊ ဒေါသဖြစ်နေတာ ဟွန်း နေမ ကောင်းလို့ နှိုမိုဆို နဖူးတော့ ဒေါက်ခနဲပဲ"

"တော်သေးတာပေါ့ဗျာ ခဏ ခဏ ဖျားလို့ နဖူးမှာ ဘုမထွက် တာ ထင်ရဲ့"

တစ်ခါ တစ်ခါကျတော့လည်း ခမ်း စိတ်ပြေအောင် ရယ်စရာ …းတွေ ပြောကာ မင်းသွေးနီ နောက်တတ်သေး၏။

ခမ်းထက် နှစ်နှစ်ကျော် ငယ်ရွယ်သော မင်းသည် ခမ်းအတွက် …တော့ တစ်ခါတစ်ရံမှာ မောင်ငယ်လေးလိုလည်း ဖြစ်သွားတတ်ပါသေး သည်။

သေချာသည်ကတော့ ခမ်းနှင့်မင်းကြားမှာ သံယောဇဉ်တို့ မြဲမြဲ …ှာ နိုင်ကျည်ခဲ့တာပဲ ဖြစ်သည်။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မင်း"

"ဟင် ခမ်းနား ကျွန်ငော် ခမ်းနားဆီကို အခုပဲ ဖုန်းဆက်မလို့ တိုက်ဆိုင်လိုက်တာဗျာ"

မင်းသွေးနီရဲ့ တအံ့တဩ ရှိုးသားစွာ ပြောလာသည့် စကားသံလေးတွေကို ကြားမိတော့ ခမ်း ပြုံးမိသည်။ ချစ်သူရည်းစားတွေ ဖြစ်ခဲ့ပြီ ဆိုပေမယ့် မင်းသွေးနီရဲ့ အခေါ်အဝေါ် အပြောအဆိုလေးတွေက ပြောင်းလဲမသွားခဲ့ပါ။

ကျွန်တော်တွေ ခင်ဗျားတွေ ပြောတတ်စမြဲ။ ခမ်းနားဟုလည်း ခေါ်ချင် ခေါ်တတ်သည်။

"ခမ်းနားနဲ့ ကျွန်တော်တို့နှစ်ယောက် စိတ်တွေ တိုက်ဆိုင်နေတဲ့





သဘော ထင်တယ်နော် ခမ်းနား"

တကယ့်ကို စိတ်ကူးယဉ် ဆန်လွန်းသော မင်းသွေးနီကို ဒါကြောင့်လည်း ခမ်း အူကြောင်တုံးလေးလို့ ခေါ်မိတာပဲ ဖြစ်သည်။

"အူကြောင်တုံးလေး စိတ်ကူးတွေ လျှောက်ယဉ်မနေနဲ့၊ အခု ခမ်း ဖုန်းဆက်တာ ရှင် နေကောင်းသွားပြီလား သိချင်လို့"

"ကောင်းသွားပြီ ခမ်းနား။ ခမ်းနားကို ကျွန်တော် ကျေးဇူးတင်ပါတယ်"

"လုပ်ပြန်ပြီ ရှင်က ဘာအတွက် ကျေးဇူးတင်ရပြန်တာလဲ မင်းရဲ့"

"ခမ်းနား ကျွန်တော့်ကို ဆေးကုပေးလို့လေ"

"သေလိုက် ရှင်နဲ့ကျွန်မက ချစ်သူတွေလေ၊ ကျေးဇူးတင်စရာ လိုလို့လား"

ခမ်း ဒေါသစိတ်ကလေးနှင့် ဆိုတော့ သူ ဖုန်းထဲမှာတောင် ဟိုဟို ဒီဒီတွေ ဖြစ်သွားတတ်သည်။

"ဒါ ဒါက ဟို ဟို ဒီ ဒီလိုလေ ခမ်းနားရဲ့"

"ဟိုတွေ ဒီတွေ လုပ်မနေနဲ့ မင်း။ ရှင့်ကို ကျွန်မ အဲဒါကြောင့် အူကြောင်တုံးလေးလို့ ခေါ်တာ"

"ခမ်း ခေါ်တာကို ကျွန်တော် စိတ်မဆိုးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အနားမှာသာ ရှိနေလျှင် သူ့နဖူးကို ခမ်း ခေါက်ခနဲ ခေါက်ပစ်လိုက်မိမှာ အသေအချာ။

"ကဲ ရှင်နဲ့အငြင်းအခုန် ပြန်ပြောနေရရင် ကျွန်မ အချိန်ပဲကုန်လိမ့်မယ်၊ ဒီမှာ ကျွန်မ ရှင့်ကို ပြောမယ့် ကိစ္စတောင် ဘယ်ရောက်ကုန်ပြီလဲ မသိဘူး"

"ခမ်းနား ဘာပြောမလို့လဲ၊ ခဏ ပြန်စဉ်းစားလိုက်လေ၊ ကျွန်တော် ဘာမှမပြောဘဲ ငြိမ်ငြိမ်လေး စောင့်နားထောင်ပေးမယ်"

"စောင့်မနေနဲ့ အခု ပြောမယ် နားထောင်၊ ကျွန်မ အခု ဂျူတီထွက်ပြီ၊ အိမ်မပြန်ချင်သေးဘူး၊ မင်းနဲ့အတူ တစ်နေ့လုံး လျှောက်လည်မလားလို့ ဘယ်လိုလဲ"

"အင်း ခမ်းနား သွားချင်ရင် သွားလေ"

"ဘာလဲ ရှင်က မလိုက်တော့ဘူးပေါ့"

မင်း ရှင်းနဲ့ကျွန်မကတော့ တကယ့် ဆန့်ကျင်ဘက်တွေ ထင်ရဲ့၊ ရှင်က အူကြောင်ကြောင်တုံး။ ကျွန်မက စိတ်မြန်လက်မြန်နဲ့ ဝုန်းဒိုင်းကြဲ လုပ်တတ်သူ။ အခက်ပဲ။

ခမ်း စောင့်နေမည့် နေရာလေးကို အမြန်ပဲ ချိန်းဆိုပြီး ဖုန်းကို ပိတ်လိုက်ရသည်။ နို့မို့ဆို အချိန်တွေ အလဟဿ ကုန်ဆုံးကာ လိုရင်းကို ရောက်တော့မည် မဟုတ်။





ဆေးရုံဝင်းရှေ့က ကဖေးဆိုင်ကလေးမှာ ခမ်း ဆယ်မိနစ်လောက်ပဲ စောင့်လိုက်ရပါသည်၊ မင်း တက္ကစီလေးနှင့် ရောက်လာသည်။

ခမ်းရဲ့ ကားနှင့်အတူ လည်ပတ်သွားချင်တာမို့ သူ့ကားကို ထားရစ်ခဲ့ဖို့ ခမ်း မှာထားတာကြောင့်ပဲ ဖြစ်၏။

"ခမ်းနား စောင့်နေရတာ ကြာပြီလားဟင်"

"ဆယ်မိနစ်ပြည့်ဖို့ တစ်မိနစ်တိတိ လိုပါသေးတယ်၊ ကဲ မင်း ဘာသောက်ဦးမလဲ"

"ဟင့်အင်း မသောက်တော့ဘူး၊ ကျွန်တော် အိမ်မှာ ကော်ဖီတွေ သောက်ပြီးပြီ ခမ်းနားရဲ့"

"အိုကေ ဒါဆို လစ်ကြမယ်"

အပြာနုရောင် **Arrow** ရှပ်လက်ရှည်အပေါ်မှာ လက်ပြတ်ခေါင်းစွပ်ဆွယ်တာလေး ဝတ်ထားသည့် မင်းသွေးနီ အသွင်က ကြည့်လို့ကောင်းပါသည်။ ဒါပေမဲ့ လူမမာ တစ်ယောက်ပုံပေါက်နေသည်ဟု ခမ်း ထင်၏။

"ရှင် နေကောင်းရဲ့လား မင်း"

"ကောင်းပါတယ် ခမ်းရဲ့ ဘာဖြစ်လို့လဲ"

"အနွေးထည်ကြီး အပေါ်က ထပ်ဝတ်ထားလို့ မေးတာ"

"ဆောင်းဝင်လာပြီ ခမ်းနားရဲ့၊ ညနေဆို အအေးဓာတ်က ပို



www.burmeseclassic.com

www.burmeseclassic.com



လာပြီ၊ ဒါကြောင့် ထပ်ဝတ်လာတာပါ"

ခမ်း ဘာမှ ဆက်မပြောတော့ပါ။ သောက်ထားသည့် ကော်ဖီ ဖိုးရှင်းကာ ဆိုင်လေးထဲက ထွက်ခဲ့ကြသည်။

"ခမ်းနား ညက တစ်ညလုံး ဂျူတီကျထားတာမို့လား"

"အင်းလေ အိပ်ရေးတော့ မပျက်ပါဘူး။ ညတုန်းက မွေးလူနာ နှစ်ယောက်ပဲ ရောက်လာဆိုတော့ အိပ်ရေး ဝပြီးသား"

"ကျွန်တော် ကားမောင်းမယ်နော်"

ခမ်း ခေါင်းကလေးပဲ ညိတ်ပြလိုက်ပါသည်။ မင်းသွေးနီက ကားမောင်းသူနေရာမှာ ဝင်ထိုင်သည်။

ဘေးတိုက်မြင်နေရသော မျက်နှာလေးက နုနုဖတ်ဖတ်နှင့် အပြစ်ကင်းစင်နေသည့် မင်းသွေးနီ အသွင်ကတော့ ခမ်း စိတ်ကူးထဲမှ ဘယ်လိုမှ ပုံဖော်မထားခဲ့ဘူးသော ယောကျ်ားတစ်ယောက် ပုံစံဆိုတာ သေချာသည်။

ခမ်းဘဝမှာ ချစ်သူရည်းစား မထားဘူးပါ။ တစ်နေ့ ခမ်း ရွေးချယ်မည့်ချစ်သူသည် ယောကျ်ားပီသ ခန့်ညားသူ၊ ခမ်းနဲ့ စိတ် ကိုယ်တူ ရဲရင့်သူ ဖြစ်ရမည်ဟု စိတ်ကူးယဉ်ဖူးသည်။

အခုတော့ ခမ်း တကယ် ကြုံတွေ့ဖြစ်ပျက်နေတာ စိတ်ကူးထဲ နှင့် တကယ့်ကို တလွဲပါပဲ။





"ကျွန်တော် ဘယ်ကို မောင်းရမလဲ ခမ်းနား"

မောင်းချင်တဲ့နေရာ မောင်းဟု ပြောလိုက်မိမလိုပါဘဲ။ ဒါပေမဲ့ စိတ်ကို လျှော့ချကာ ခမ်း ပလာဇာ မောင်းခိုင်းလိုက်သည်။ သည်တော့မှ ဝဲ ကားလေးက ကော်ဖီဆိုင်လေးရှေ့က ခွာတော့သည်။

အနီးကပ် မြင်နေရသော မင်းသွေးနီရဲ့ ရှင်းသန့်ခန့်ညားနေသော အသွင်ကို မြင်နေရတော့မှ ခမ်း ကိုယ့်မျက်နှာကို နောက်ကြည့် မှန်ထဲမှာ ပြန်ကြည့်မိသည်။

ဂျူတီကအထွက် မျက်နှာသစ်၊ ဆံပင်ဖီးသင်ကာ ပြင်ဆင်ထားမှုမှ ခမ်း မျက်နှာပေါ်မှာ ဘာအခြယ်အသမှ မရှိပါ။

မရမ်းရင့်ရောင် ခါးတင်လက်တိုအင်္ကျီနှင့် အရောင်တူ ထဘီကိုသာ ခမ်း ဝတ်ဆင်ထားတာ ဖြစ်သည်။ ကိုယ့်မျက်နှာက ဖြောင့်ကြီးနှင့် ဆိုတော့ မင်းလို နုနုဖတ်ဖတ် ချောမွေ့သော ချစ်သူနှင့် လည်ပတ်ရတာ အများ ဂရုစိုက် ကဲ့ရဲ့စရာများ ဖြစ်နေမည်လား။

"ဘာကြည့်နေတာလဲ ခမ်းနားရဲ့"

"ကိုယ့်ရုပ်ကို ပြန်အကဲခတ်နေတာ၊ ဘာမှမပြင်မဆင်ထားဘဲ ရှင်နဲ့အတူ တွဲသွားရတာ သင့်တော်ပါ့မလားလို့၊ ကျွန်မ နည်းနည်းတော့ ပြင်ဆင်သင့်တယ် ထင်တယ်"

"ဟာ မလိုပါဘူး မပြင်ဆင်လည်း ခမ်းနားက လှပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနား မျက်နှာက ဘာမှ မပြင်ဆင်ဘဲ ကြည့်ကောင်းပါတယ်၊ မဆိုး
ဘူး''

ချစ်သူကို ကြည့်ကာ ချီးကျူးသည့် မင်းသွေးနီရဲ့ စကားတွေ
က သည်မျှပဲ ဖြစ်သည်။ သည်ထက်ပိုပြီး ကဗျာဆန်ဆန် မချီးကျူးတတ်
တာကိုတော့ ခမ်း သဘောကျပါသည်။

ဒါပေမဲ့ တမင် သူ့ကိုတော့ ရစ်ချင်သေးသည်။

''မဆိုးပါဘူးဆိုတော့ ကျွန်မပုံစံက ရှက်ကြမ်းရောကို့ သဘော
ပေါ့''

''အဲဒီထက် သာပါတယ် ခမ်းနားရဲ့၊ ခမ်းနား မျက်ဝန်းတွေ
က ရှုးရှတယ်၊ အရိုန်အဝါတွေ ပျော်ဝင်နေသလိုပဲ၊ ခမ်းနား မျက်လုံးတွေ
ကို ရင်ဆိုင်ဖို့ စတွေ့ကတည်းက ကျွန်တော် ကြောက်နေတယ်၊ ခမ်းနား
မျက်နှာက ဘာမှ လိမ်းစရာ မလိုဘဲ အဆင်ပြေတယ် ထင်တာ
မျက်ခုံးတန်းတန်းလေးတွေ မျက်ဝန်းတွေ နှာခေါင်းကော နှုတ်ခမ်းတွေ
ဒါကြောင့် ထင်ရှားနေတာပေါ့''

''နေပါဦး ကျွန်မ မျက်ဝန်းတွေကို မင်း ကြောက်တယ်ဆိုတော့
နဂါးမျက်လုံးလို မီးလျှံတွေ ထွက်နေလို့လား''

ခမ်း တမင်ထပ်ပြီး ရစ်ကာ ပြောတော့ နှုတ်ခမ်းလေးတွေ
မပွင့်တပွင့်နှင့် မင်းသွေးနီ ပြုံးသည်။ ဖြူဖွေးသော သွားတန်းလေးတွေ





တ ထင်းခနဲ။

''စတွေ့တုန်းက ကြောက်တာပါ၊ အခုတော့ ကျွန်တော် မ
ကြောက်တော့ပါဘူး၊ ခမ်းနား မျက်ဝန်းတွေက ချစ်စရာကောင်းတယ်၊
အဲဒီ မျက်ဝန်းတွေထဲကို ကြည့်ရင်း ခမ်းနား ရင်ထဲကို ကျွန်တော် မြင်
တယ်ဗျ''

''ဘာတွေ မြင်တာလဲ၊ ကလီစာတွေလား''

''ဟင့်အင်း ခမ်းနားရဲ့ နှလုံးသားကိုပါ၊ ကျွန်တော့်ကို ချစ်တဲ့
ခမ်းနားရဲ့ အချစ်တွေကို မြင်တာ''

''ဒီတစ်ခါတော့ ရှင်က အူကြောင်လည်ကြီးပဲ''

ခမ်း စကားကြောင့် သူ့ ကျေနပ်စွာ ပြုံးနေခဲ့ပါသည်။ ဘာ
ကြောင့်မှန်း မသိ။ သူ့ကို ငေးကြည့်ကာ ခမ်း ရင်ထဲမှာ ကြည်နူးလှိုက်ဖို
ခြင်းတို့ ခံစားရသည်။

သူ ဆိုသလို ခမ်း နှလုံးသားက သူ့ကို ချစ်သော ချစ်ခြင်းတွေ
နှင့် ခမ်းနား ထည်ဝါနေခဲ့ပြီလား။

■ ■ ■

တစ်မနက်လုံး ပလာဇာမှာ အချိန်ဖြုန်းခဲ့သည်။

ခမ်း စိတ်ကြိုက် ဝယ်သမျှ သူ အနောက်က တကုပ်ကုပ်လိုက်
ကာ မငြီးမငြူ သယ်ဆောင်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ လိုက်ဖက်တဲ့ အဝတ်အစားတွေလည်း ခမ်း ဝယ်ပေ
မယ်"

ခမ်း ပြောသမျှ သူ ပုတ်သင်ညိုလေးလို ခေါင်းညိတ်သည်
ပေဟာဇာထဲက ထွက်တော့ သူ့လက်ထဲမှာလည်း အထုပ်အပိုးတွေ တစ်
ကြီးနှင့်။ ခမ်း လက်ထဲမှာလည်း တပွေ့တပိုက်ကြီးနှင့်။

စားသောက်ဆိုင် တစ်ခုမှာ မနက်စာ စားသောက်ပြီးတော
ရွှေတိဂုံဘုရားပေါ်ကို ခမ်းတို့ ရောက်ခဲ့ကြပြန်သည်။

နှစ်ဦးသား ဘုရားအရိပ်မှာ အတူဖူးမျှော်ပြီးတော့ Hap
world ကို ဝင်ဖြစ်သည်။

"မင်းရေ ရောက်တုန်းသရဲအိမ်ထဲ ဝင်ပြီး ရင်ခုန်ရအောင်

"ဟာ မ မဝင်ပါနဲ့၊ ကျွန်တော် မဝင်ရဲဘူး ခမ်းနား"

ငြင်းပုံက အထိတ်တလန့်မို့ ခမ်း ဝင်ဖြစ်အောင် ဝင်မည်
ဆုံးဖြတ်လိုက်မိသည်။

"ဘာမဝင်ရဲစရာရှိလဲ ကလေးတွေတောင် ဝင်နေကြတာ

"မလုပ်ပါနဲ့ ခမ်းနားရယ်၊ ကျွန်တော် ကြောက်တတ်တ
တကယ်ပြောတာပါ နော် ခမ်းနား နော်"

"မင်းနော် ကြောက်စရာ မရှိ အလုပ်တွေကို ဘာကြောက်
ရှိလဲ၊ တစ်ခါမှ မဝင်ဖူးဘူးဆိုရင် ဝင်ကြည့်ရမယ်၊ အရမ်းပျော်





ကောင်းတာ"

ခမ်း ဖွတ်ပြောပြီး မင်းသွေးနီ လက်ကို ဆွဲကာ ဝင်ပေါက်ဆီသို့
လှမ်းခေါ်ခဲ့တော့ မင်းသွေးနီ တွန့်ဆုတ် တွန့်ဆုတ်နှင့် ပါလာသည်။

"ခမ်းနား ကျွန်တော် ကျွန်တော် အပြင်ကပဲ စောင့်ပါရစေ
နော်"

နံဘေးက လူတွေက ခမ်းနားတို့ စုံတွဲကိုကြည့်ကာ တအံ့တဩ
ဖြစ်နေကြ၏။ ခမ်း လက်ထဲက ရုန်းကန်ထွက်ဖို့ ကြိုးစားနေသော မင်း
သွေးနီ လက်တွေကို ခမ်းနား တင်းတင်းဆုပ်ထားရင်း

"မင်း သူများတွေ ကြည့်နေတယ်နော်"

ခမ်း အံကလေးကြိတ်ကာ ခပ်တိုးတိုး ကြိတ်ပြောတော့ မင်း
သွေးနီ ဆက်ပြီး မငြင်းရဲတော့ပါ။

မှော်ဝင်အိမ်ကြီးထဲကို ရောက်တော့ ခမ်း ဆုပ်ကိုင်ထားသော
သူ့လက်တွေ အေးစက်နေခဲ့သည်။ မင်းသွေးနီ သည်လောက်အထိ
ကြောက်တတ်လိမ့်မည်ဟု ခမ်း မထင်ခဲ့တာ အမှန်။

"ဂူး ဟီး ဟီး ဟား ဟား အူး"

"ဖလပ် ဖလပ် ဖလပ် ခွီး"

ဖန်တီးထားသော ခြောက်လှန့်သံတွေနှင့် အမှောင်ထဲမှာ စီခဲ
တို ခြောက်လှန့်စေသည့် မီးဆလိုက်တွေက ပြိုးပြက်ဝင်းလက်သွာ။



www.burmeseclassic.com

www.burmeseclassic.com



"အား ခမ်း ခမ်းနား"

နံရံပေါ်က ဇောက်ထိုး ပြုတ်ကျလာသော သရဲအရုပ်ဆိုး

ပဝါစကြီးက မင်းသွေးနီ နောက်စေ့ကို ဘုတ်ခနဲ ရိုက်သလိုဖြစ်သော

မင်းသွေးနီ အော်သံကြီးက စူးစူးဝါးဝါး။

"ပဝါစကြီးပါ မင်းသွေးနီရဲ့"

"ကျွန် ကျွန်တော်"

အသံတွေတုန် စကားသံတွေ ထစ်အလျက် ခမ်း ပခုံးတွေကို

မင်းသွေးနီ ဖက်ထားပုံက နံဘေးမှ စုံတွဲတွေ လူငယ်တွေ တဝါးဝါး

တဟားဟား သဘောကျစရာ ဖြစ်လို့နေသည်။

"ဟိုး ဟိုး ဟား ဟား ဟီး ဟီး အူး ဝူး"

"ခမ်း နား ကျွန်တော် ကျွန်တော်"

မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော်လျက်။ ထိတ်လန့်လွန်း

နေသော မင်းသွေးနီကို ကြည့်ကာ ခမ်းနား အတော်ပဲ စိတ်ညစ်သွား

သည်။

ရှက်လည်း ရှက်စရာ ကောင်းသည်။ သူ့ထစ်ပါးစုံတွဲတွေက

ချစ်သူယောကျ်ားလေးတွေ ရင်ခွင်ထဲမှာ နိုဝင်နေတာ မိန်းကလေးတွေ

မင်းနှင့်ခမ်းအဖြစ်က အများလှောင်ရယ်ချင်စရာ အဖြစ်။

ခမ်း ရင်ခွင်ထဲကို ကလေးငယ်တစ်ဦးလို တိုးဝင်ကာ မင်းသွေး



ထိတ်လန့်နေခဲ့သည့် အဖြစ်။

ပြန်ထွက်လာတော့ တီဗွီဖန်သားပြင်မှာ ရုပ်ကြည့်နေသော

တွေက ခမ်းတို့ စုံတွဲကို ကြည့်ကာ ရယ်မောနေကြတာ တဝါးဝါး။

ခမ်း မရှက်စဘူး ရှက်လိုက်တာမှ မျက်နှာကလေး ရဲရဲနီလို့။

သွေးနီကတော့ အခုချိန်ထိတောင် ကြောက်စိတ်ပြယ်သေးပုံ မရပါ။

ခမ်း လက်တွေကို ဆုပ်ကိုင်ထားသော သူ့လက်တွေမှာလည်း

ချွေးစေးတို့ ရွှဲရွှဲစိုလို့။ ခမ်း မျက်နှာပူပူနှင့် ခပ်သွက်သွက် ထွက်ခဲ့မိသည်။

လူတွေနှင့် အဝေးကို ရောက်မှ ဆုပ်ကိုင်ထားသော မင်းသွေးနီ

လက်တွေကို ဖြုတ်ချပစ်ရင်း

"မင်း ရှင် ဒီလောက်တောင် ကြောက်ရသလား။ ယောကျ်ား

မဟုတ်ဘူးလား ဟင်"

ခမ်း မျက်နှာက ဒေါသတွေ နီမြန်းလျက် ဟောက်တော့ မင်း

သွေးနီ မျက်နှာငယ်လေးနှင့် တောင်းပန်ကာ

"ကျွန်တော် ငယ်ငယ်ကတည်းက ကြောက်တတ်တာပါ ခမ်းနား

ရယ်၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော် နော်"

မျက်တောင်တွေ ပုတ်ခတ်လျက် တောင်းပန်နေတော့လည်း

ခမ်း ပင့်သက်ကြီးရှိုက်ကာ ခွင့်လွှတ်ပေးလိုက်ရ၏။

ခမ်းကိုယ်တိုင်က ဖွတ်ခေါ်မိတာ အမှား။



www.burmeseclassic.com

www.burmeseclassic.com



မင်းသွေးနီ ဆိုသည့် အူကြောင်တုံးလေးကို ခမ်း ဘာလို့

အခြေအနေထိ ရောက်အောင် ငြိတွယ်သွားခဲ့ရတာလဲ။

မျက်နှာငယ်လေးနှင့် ခမ်း မျက်နှာအရိပ်ကို ကြည့်နေသော

သူ့ကို ခမ်း စိတ်မဆိုးရက်။ အပြစ်မဆိုရက်အောင် ရင်ထဲက စာနာ

လွှတ်ပေးနေမိတာ ဘာကြောင့်လဲ။

ဖြူစင်သော သူ့မျက်ဝန်းလေးတွေထဲမှာ ခမ်း နှလုံးသား

လှုပ်မရအောင် ချုပ်နှောင်ခံခဲ့ရပြီလား။

သွင်ခမ်းနား။

ရှင့်အဖြစ်က ရယ်စရာကောင်းလိုက်တာ။

■ ■ ■



## အခန်း (၁၅)

"ဒယ်ဒီ့သမီးလေး ယောကျ်ားဆန်တာတော့ ဒယ်ဒီ သဘောကျ

ပါတယ်၊ ဒါပေမဲ့ ရှူးရှူးဒိုင်းဒိုင်း လုပ်တတ်တာတော့ ပြင်ပါ သမီးရယ်၊

အဖွတ်ထိုး လုပ်ရင် မှားတတ်တယ် သမီးရဲ့"

ဟိုးအရင်က အမြဲတမ်း သွန်သင်ဆုံးမတတ်သည့် ဒယ်ဒီ့စကား

ကို ခမ်း နားထဲမှာ ပြန်ကြားယောင်မိ၏။

ခမ်း ဘဝမှာ ဒယ်ဒီသည် ဖခင်လည်းဟုတ်။ မိခင်လည်း

ဟုတ်ခဲ့ပါသည်။ မာမီက ခမ်း ဆယ့်နှစ်သမီးလောက်မှာပဲ တိမ်းပါးခဲ့

သည်။ ခမ်း ဘဝက ဒယ်ဒီ့ရဲ့ အရိပ်အောက်မှာပဲ ရှင်သန်ခဲ့သည်။

တစ်ဦးတည်းသော သမီး သွင်ခမ်းနားကို ဒယ်ဒီက အသက်

မက ချစ်ခဲ့တာတော့ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အိမ်ထောင်မပြုဘဲ စီးပွားရေး လုပ်ငန်းတွေကို ဒယ်ဒီ အာရုံစိုက်ခဲ့တာက သက်သေဖြစ်သည်။ ငယ်စဉ်ကတည်းက ခမ်း သည် မိန်းကလေးတစ်ဦး ဆိုပေမယ့် ယောကျာ်းလေး တစ်ဦးလို နေထိုင် တတ်ခဲ့တာ ဖြစ်သည်။

စတိတ်ကျောင်းသူ ဘဝတုန်းက မိန်းကလေး ဘောလုံးအသင်း မှာတောင် ခမ်း ပါဝင်ကစားဖူးကာ ကျောင်းလက်ရွေးစင် ဖြစ်ခဲ့ဖူး

ဆယ်တန်းကို ငါးဘာသာ ဂုဏ်ထူးနှင့် ခမ်း အောင်မြင်တော့ ဝါသနာပါသည့် ဆေးကျောင်းတက်ဖို့ ဆုံးဖြတ်သည်။ စာဘက်ကို အာရုံ စိုက်ချင်တာမို့လည်း ခမ်း အားကစားကို စွန့်လွှတ်ခဲ့၏။

ဒယ်ဒီကတော့ ခမ်း လုပ်ချင်တာ၊ ဖြစ်ချင်တာမှန်သမျှ လိုလေ သေးမရှိ ပံ့ပိုးပေးခဲ့၏။

ခမ်း ဆေးကျောင်းကို အခက်အခဲမရှိ တက်နိုင်ခဲ့သည်။ ခမ်း စီးဖို့ဆလွန်းကားလေးကို ဒယ်ဒီ ဝယ်ပေးသည်။ ခမ်းတို့ ဘဝက ပြည့်စုံ ချမ်းသာလှတာ မဟုတ်ပေမယ့် ကုမ္ပဏီကြီးတစ်ခု၏ ရှယ်ယာဝင် မန်နေဂျင်း ဒါရိုက်တာဖြစ်သည့် ဒယ်ဒီရဲ့ ဝင်ငွေက ပြည့်စုံပါသည်။

ခမ်း ဆရာဝန်ဘွဲ့ မပိုင်ဆိုင်မီ တစ်နှစ်မှာပဲ ဒယ်ဒီရဲ့ စီးပွားရေး အခြေအနေ ယိုင်နဲ့လာတာကို သိလိုက်သည်။

“ဒယ်ဒီတို့ ကုမ္ပဏီ စီးပွားရေးကျဆင်းနေပြီ သမီး၊ ဒယ်ဒီ





ဝင်ထားသမျှလည်း အရှုံးပေါ်နေပြီ”

“ဘာဖြစ်သလဲ ဒယ်ဒီရာ၊ စီးပွားရေးလုပ်နေတာပဲ၊ ရှုံးတော့ လည်း ရင်ဆိုင်ရမှာပေါ့၊ ဒယ်ဒီက စိတ်ဓာတ်ကျနေတာလား”

“မကျပါဘူးကွာ သမီး သိအောင်ပြောပြတာပါ”

“သမီး နားလည်ပါတယ် ဒယ်ဒီ အခုတလော တမှိုင်မှိုင် နေကတည်းက မေးချင်နေတာ၊ ဒယ်ဒီ ဖွင့်ပြောတာကို စောင့်နေတာ”

“စိတ်ဓာတ် မကျပါနဲ့ သမီးရယ် ဒယ်ဒီ စုဆောင်းထားတာ ရှိပါတယ်၊ သမီးရဲ့ပညာရေးတော့ မထိခိုက်ပါဘူး”

“သမီး ဆရာဝန်ဖြစ်ဖို့ တစ်နှစ်ပဲ လိုတော့တာပဲ ဒယ်ဒီ၊ အဆင်ပြေမှာ သေချာပါတယ်၊ သမီးကတော့ စိတ်မပျက်ပါဘူး၊ သမီး ဆရာဝန် ဖြစ်ရင် ဒယ်ဒီ့ကို တစ်လှည့်ပြန် တာဝန်ယူမှာပေါ့”

ဒယ်ဒီ ကျေကျေနပ်နပ် ပြုံးကာ ခေါင်းညိတ်သည်။ ခမ်း ရင်ထဲမှာလည်း ဒယ်ဒီရဲ့ ကျေးဇူးတွေအတွက် ခမ်း တတ်နိုင်သမျှ တာဝန်ယူချင်ပါသေးသည်။

ဒါပေမဲ့ ခမ်း ရည်မှန်းချက်တွေ မပြည့်ဝခဲ့ပါ။

ဒယ်ဒီရဲ့ ကုမ္ပဏီ ဒေဝါလီခံလိုက်ရသည်အထိ စီးပွားရေး အခြေအနေက ဆိုးရွားသွားခဲ့သည်။ ထို့အတွက် ဒယ်ဒီ စိတ်ဓာတ်ကျ သွားခဲ့တာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ ကျန်းမာရေးကို ထိခိုက်သွားခဲ့သည်။

"သမီးရယ် သမီးကို ဒယ်ဒီက ပါရဂူကြီးတစ်ယောက် ဖြစ်စေ ချင်ခဲ့တာ"

"ကျန်းမာရေးကို ဂရုစိုက်ပါ ဒယ်ဒီရယ်၊ ဒယ်ဒီ ဖြစ်စေချင် တာကို သမီး ဖြစ်အောင် ကြိုးစားပြမယ် နော် ဒယ်ဒီ"

ခမ်းစကားကို မျက်ရည်ဝဲကာ ငေးကြည့်နေသော ဒယ်ဒီရင်ထဲ က ခံစားချက်တွေကို ခမ်း သိနေခဲ့ပါသည်။

ခြိနှင့်တိုက်ကို ပေါင်နှံကာ အကြွေးတချို့ကို ဒယ်ဒီ ဖြေရှင်းသည် အထိ အခြေအနေက ကျဆင်းနေခဲ့သည်။

ဒယ်ဒီရဲ့ ရောဂါဝေဒနာကို ခမ်း ဂရုစိုက်ပေမယ့် ဒယ်ဒီရဲ့ စိတ်ကိုတော့ ခမ်း မြှင့်တင်ပေးဖို့ မစွမ်းသာခဲ့ပါ။ ဒယ်ဒီ သေဆုံးခဲ့ရခြင်း က ဒယ်ဒီရဲ့ စိတ်ကြောင့်ပဲ ဖြစ်သည်။

ဒယ်ဒီ ဆုံးတော့ ခမ်း ကျောင်းပြီးဖို့ လပိုင်းမျှ လိုသေးသည်။ ခမ်း အကောင်းဆုံးကို ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ခဲ့ရသည်။

ခြံနှင့်တိုက်ကို ရောင်းချပစ်လိုက်၏။ ခမ်း လက်ထဲမှာ ကျန် နေသော ငွေကလေးနှင့် ရှစ်လွှာက တိုက်တစ်ခန်းကို ဝယ်သည်။

သွင်ခမ်းနားရဲ့ အနာဂတ်ကို သွင်ခမ်းနား ကိုယ်တိုင်ပဲ ရွေးချယ် ခဲ့သည်။





ခမ်း ဆရာဝန် တစ်ယောက် ဖြစ်ခဲ့ပါသည်။ ဒယ်ဒီ ဖြစ်လိုသော ပါရဂူကြီးတစ်ယောက် ဖြစ်အောင် ကြိုးစားပြချင်တာက ခမ်းရဲ့ ရည်ရွယ် ချက် ဖြစ်သည်။

ထို့အတွက် ခမ်းဘဝမှာ ချည်းကပ်လာသော ယောကျ်ားတွေကို ပြတ်သားစွာပဲ ငြင်းဆိုခဲ့သည်။ စတိတ်ကျောင်းကတည်းက စာလိုက်ပေး သော ကျောင်းသားတွေကို သံကွန်းပါဘူးနှင့်ရိုက်၊ ခဲနှင့်ထုသည်အထိ ကြမ်းတမ်းပြခဲ့သော ခမ်း အနားကို တော်ရုံ ယောကျ်ားလေးတွေ မသီရဲ ခဲ့ပါ။

ယောကျ်ားဆန်သော သွင်ခမ်းနားကိုလည်း ဆေးကျောင်းဘဝ တစ်လျှောက်လုံးမှာ ယောကျ်ားလေးတိုင်းက ရှဲ့သည်။

လုပချောမောသော ရုပ်ရည်ကိုလည်း ခမ်း ပြင်ပြင်ဆင်ဆင် မနေတတ်။ ခမ်းဘဝကို ခမ်းရဲ့အလုပ်ထဲမှာ နှစ်မြှုပ်ထားခဲ့ရင်း ရှင်သန် ခဲ့သည့်ကာလတွေထဲမှာ

မင်းသွေးနီ ဆိုသော အူကြောင်တုံးလေးသည် ခမ်း နှလုံးသား ထဲထိ ထိုးဖောက်ဝင်လာမည်ဟု ဘယ်တုန်းကမှ မတွေးခဲ့မိဘူးပါ။

တွေ့စကတည်းက ပျော့ညံ့ညံ့၊ တုံးအအ အသွင်မို့ အူကြောင် တုံးဟုတောင် ခမ်း အမည်ပေးခဲ့သည့် ယောကျ်ား၊ ခမ်း အနာဂတ် အတွက် ခမ်း စိတ်ကူးပုံဖော်ထားသည့် ယောကျ်ား တစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ မတူညီသော မင်းသွေးနီသည်. . .။

အခုတော့ ခမ်းရဲ့ ချစ်သူ ဖြစ်နေခဲ့ပြီ။ ဘယ်တုန်းက ဘယ်လို ခမ်း နှလုံးသား တံခါးပွင့်သွားခဲ့တာလဲ။

အချစ်ဆိုတာသည် ခမ်း နှလုံးသားမှာ တိတ်တခိုး ဝင်တွယ်ပြီး နိုင်မြဲစွာ ရစ်နှောင်သွားခဲ့သည်လား။

သွင်ခမ်းနားရဲ့ နှလုံးသားကို ရှင် ပိုင်ဆိုင်ခဲ့တာတော့ ဝန်ခံပါ တယ် မင်းသွေးနီ။

■ ■ ■



## အခန်း (၁၆)

"မင်း ဒီညက ဘာနေ့ညလဲ သိလား"

ခမ်း ဂျူတီအတွက် လာကြိုသော မင်းသွေးနီနှင့်အတူ လမ်း လျှောက်ပြန်ရင်း ခမ်း မေးတော့ မင်း အူတူတူ ခေါင်းလှည့်ကြည့်၏။

"ဒီနေ့ စနေလေ ခမ်းနားရဲ့၊ စနေနေ့ညပေါ့ ဘာဖြစ်လို့လဲ"

မင်းသွေးနီ အဖြေစကားကြောင့် ခမ်း ခြေလှမ်းတွေ တုံ့ခနဲ ရပ်ကာ မကျေမနပ် မျက်မှောင်ကြီး ကုပ်ကြည့်သည်။ မင်းသွေးနီ မျက် တောင်တွေ တဖျပ်ဖျပ်ပုတ်ခတ်လျက်

"ခမ်းနား ဘာဖြစ်လို့လဲဟင် ကျွန်တော်ပြောတာ ဘာမှားလို့လဲ"

"ရှင်နဲ့ ကျွန်မကတော့ တကယ် မလွယ်ဘူး မင်း၊ စနေနေ့ ဆိုတာ ရှင်ပြောမှာလား။ ဒီနေ့က ဒီဇင်ဘာ ၃၁ ရက်နေ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်တယ် ဒီဇင်ဘာ ၃၁ ရက်ည၊ နှစ်ကူးည

ခမ်းနားရဲ့"

မင်း သံယောင်လိုက်ကာ ရေရွတ်မှ ခမ်း အံ့ကလေး တင်း

တစ်ချက်ကြိတ်ကာ မျက်မှောင်လေးထိုးရင်း

"ရှင် အရမ်းတော်တယ်၊ အကောင်ကြီးပြမှ အရိပ်ထင်တာ

ကဲ ထားတော့ ခမ်းမှာ အစီအစဉ်လေးတစ်ခု ရှိတယ် သိလား"

"အစီအစဉ် ဟုတ်လား ဘာအစီအစဉ်လဲ ခမ်းနား"

"ဒီလိုလေ ဒီည နှစ်ကူးညလေးကို ရှင်နဲ့ကျွန်မ ပျော်ပျော်ရွှ

ကုန်ဆုံးကြရအောင် မင်း၊ ရှင် ခမ်းနဲ့လိုက်ခဲ့ ခမ်းတို့ရဲ့ တိုက်ခေါင်

လေးပေါ်မှာ အသားကင်စားကြမယ်၊ ခေါက်ဆွဲကြော် စားကြမယ်၊ ဘ

လိုလဲ"

"ဟား တကယ်ကောင်းတဲ့ အစီအစဉ်ပဲ ခမ်းနား"

မင်း မျက်ဝန်းလေးတွေ တောက်ပလျက် ခမ်း လက်ကလေ

တင်းတင်းလေး ဆုပ်ကိုင်ကာ ရေရွတ်သည်။

နှစ်ဦးသား လက်ချင်းတင်းတင်းဆုပ်ကိုင်လျက် ခြေလှမ်း

သွက်လက်ညီညာစွာ လှမ်းကာ ခမ်းကို ရှစ်လွှာတိုက်လေးဆီသို့ ချီတ

ခဲ့ကြသည်။ မနေ့ကတည်းက အားလုံး ဝယ်ယူပြင်ဆင်ထားသော ခမ်း

ရေခဲသေတ္တာထဲမှ အသားစိမ်းတွေ အသီးအနှံတွေကို ထုတ်ယူသည်





"ခေါက်ဆွဲထုပ်တွေက ကြောင်အိမ်ထဲမှာ ရှိတယ် မင်း ပေး

ဆေး ကျွန်မ တစ်ခါတည်း သယ်သွားမယ်၊ ရှင်က ဟောဒီ မီးသွေးဖိုလေးပဲ

သယ်ခဲ့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် ခမ်းနားရဲ့"

လိုအပ်သည့် အိုးခွက်ပန်းကန်တွေနှင့်အတူ ခင်းကျင်းထိုင်ဖို့

ကောဇောဖျာလေးကိုပါ သယ်ယူခဲ့ကြသည်။

မင်းသွေးနီကတော့ ထူးထူးခြားခြား တက်ကြွလန်းဆန်းကာ

မောစတမ်း တစ်ခေါက်ပြီးတစ်ခေါက် သယ်ယူပေးနေခဲ့သည်။

ခမ်းနား မီးသွေးဖိုလေးကို မီးမွှေးနေတော့ မင်းသွေးနီက

ခေါက်ဆွဲကြော်ဖို့ အသီးအနှံတွေကို လှီးသင်ပေးနေလေသည်။

နှစ်ဦးသား တက်ညီလက်ညီ လုပ်ကိုင်နေကြတာမို့ ချမ်းရမှန်း

သေိ အေးရမှန်းမသိ ဖြစ်နေခဲ့၏။

မီးသွေးဖိုလေး အရှိန်ရလာတော့ အသားကင် သံဇကာလေး

ဖိုပေါ်တင်ကာ တံစို့ထိုးထားသည့် အသားတွေကို ကင်သည်။ ကြက်သား

ဆိတ်သား ဝက်အူချောင်း အကင်တွေက စုံလင်၏။

"မင်း စားချင်စားလေ ဗိုက်ဆာနေပြီလား"

"ဟင့်အင်း မဆာသေးပါဘူး ခမ်းနားရဲ့၊ ပြီးမှ အတူတူ

စားကြမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



လက်ရှည်ဆွယ်တာ အညိုလေးနှင့် ခမ်း ထုတ်ပေးထားသော အနက်ရောင် ခေါင်းစွပ်လေး ဆောင်းထားသော မင်း အသွင်က ခမ်း မျက်ဝန်းထဲမှာတော့ ရှင်းသန့်ချောမောလွန်းနေသည်။

မင်း ရေနွေးဖျော်ပြီး ရေစစ်ပေးထားသော ဖကာလေးထဲ ခေါက်ဆွဲတွေကို ခမ်းက ကိုယ်တိုင် ကြော်လှော်နေတာကိုလည်း မင်းသွေး နီ ငေးငေးလေး ကြည့်နေမိသည်။

အုန်းနွဲ့ရောင် ဂျင်ဂျက်ကက်လေးကို တံတောင်ဆစ်အထိ ခေါက် ပင်ကာ စိတ်ပါလက်ပါ ကြော်လှော်နေသည့် ခမ်းနား။

ခေါင်းစွပ် ဦးထုပ်ဖြူလေးနှင့် ဝင်းမွတ်ကြည်လင်နေသော ခမ်း နား မျက်နှာလေးက စားပွဲတင် မီးဆလိုက်လေးဆီက အလင်းရောင် အောက်မှာ ဝင်းပနေလေသည်။

ခမ်းနား လှုပ်ရှားနေသမျှကို ငေးရင်း မင်းသွေးနီ ရင်ထဲမှာ တသိမ့်သိမ့် ကြည်နူးခံစားနေမိသည်။ ဒီညလေးကို သူ ဘယ်တော့ မမေ့နိုင်တော့မှာ သေချာသည်။

"ကဲ အားလုံး ပြီးပြီ မင်းရေ အတူတူ စားရအောင်နော်"

"အိုကေ ခမ်းနား ကျွန်တော်လည်း တံတွေးတွေ သွားရည်တွေ ချည်း ခဏ ခဏ မျိုချနေရလို့ ဗိုက်တောင် ပြည့်နေပြီ"

"ကြည့် သိပ်ညစ်ပတ်တဲ့ မင်း"



BURMESE CLASSIC .com



ကြည်နူးမှု ရယ်သံလေးတွေ ဝေစီသွားခဲ့သည်။ မင်းအတွက် ခေါက်ဆွဲကြော် ပန်းကန်လေးထဲကို ခမ်း အသားကင်တွေ ထည့်ပေးတော့ သွေးနီက အသည်းအမြစ်ကင်တွေကို ခမ်း ပန်းကန်ထဲ ထည့်ပေး သည်။

ကြည်နူးချမ်းမြေ့စရာ နှစ်ကူးညလေး၏ နှင်းငွေ့လွှမ်းခြုံသိုင်း သော ညဦးလေးက တရွေ့ရွေ့ ကုန်ဆုံးခဲ့သည်။

ဓာတ်ဘူးထဲမှာ ဖျော်ထားသော ကော်ဖီတွေကို အတူငုံသောက် း အသားကင်လေးတွေ ကိုယ်စီခွဲကျွေးကြရင်း ခမ်းနှင့်မင်း နှစ်ဦးသား ပျော်မဆုံးခဲ့ကြ။

"မင်း စားလေ၊ အသားကင်တွေ အများကြီး ရှိသေးတယ်"

"တော်ပြီ ခမ်းနားရဲ့၊ ကျွန်တော် တကယ် ဗိုက်တင်းနေပြီ"

"ဒါဆို ဗိုက်ချောင်သွားအောင် လမ်းလျှောက်ကြမယ်၊ ပြီးမှ ပြီးစားရင်း စကားတွေ တဝကြီး ပြောကြတာပေါ့"

ခမ်း ပြောပြောဆိုဆို ထရပ်သည်။ ပြီးတော့ ခြေလှမ်းတွေက ခန်းစွန်းပိုင်းအနားထိ လျှောက်လာခဲ့သည်။

ခေါင်းကို မော့ကြည့်တော့ နက်မှောင်သော ကောင်းကင်ကြီး ပေါ်မှာ ကြယ်ပွင့်တွေက ပြိုးပြက်ဝင်းလက်နေသည်။ မြေအောက်ကို ငုံ့ကြည့် တော့ နှင်းမြူတွေကို ဖောက်ခွင်း လင်းလက်နေသော မာကျူရီ မီးရောင်



www.burmeseclassic.com

www.burmeseclassic.com



မှားအောက်မှာ လူလေး သေးသေးကွေးကွေးလေးတွေကို အပေါ်စီး
မြင်နေရ၏။

လှုပ်လှုပ်လှုပ်လှုပ် ရွေ့လျားသွားလာနေသော လူတွေ၊ ကားတွေ
ကို ကြည့်ရင်း ခမ်း ပြုံးမိသည်။

တကယ့် ကလေးကစားစရာ အရုပ်ကလေးတွေ ရွေ့လျားလှု
ခတ်နေကြသည့် အတိုင်းပါပဲလား။

ခမ်း မြင်ကြည့်တွေ့နေသော မြင်ကွင်းတွေကို မင်းကိုလည်း
မြင်စေချင်လိုက်တာ။

ခမ်း လှည့်ကြည့်တော့ မင်းသွေးနီက မီးသွေးဖိုလေး အနီး
ထိုင်ကာ လက်ကလေးတွေဖြန့်ကာ မီးလှုံနေသည်။

"မင်း ဒီကို လာကြည့်စမ်းပါ၊ ဒီကနေ ငုံ့ကြည့်ရင် လူလေး
ဝ်စိသေးသေးလေးတွေနဲ့ ချစ်စရာကောင်း၊ မြန်မြန်လာကြည့် မင်း"

"ဟာ မကြည့်ချင်ပါဘူး၊ ကျွန်တော်က အမြင့်ကြောက်တ
တယ်၊ အခုတောင် ခမ်းနားနဲ့မို့ ဒီအပေါ်ထိ ရောက်နေတာ"

မင်းသွေးနီ စကားကြောင့် ခမ်း စိတ်မရှည်နိုင်စွာ ပြန်လှ
လျှောက်လာရင်း

"မင်း ဘာကြောက်စရာရှိလို့လဲ လာစမ်းပါ၊ ညမီးရောင်အော
က မြင်ကွင်းတွေကို မင်း မမြင်ဘူးသေးဘူးမို့လား"





"မလုပ်ပါနဲ့ ကျွန်တော် မကြည့်ရဲလို့ပါ ခမ်းနားရယ်"

ဘာမဟုတ်သည့် ကိစ္စလေးကိုမှ အကြောက်အကန် ငြင်းနေ
သော မင်းသွေးနီကိုတော့ ခမ်း စိတ်မရှည်နိုင်တော့ပါ။ မင်းသွေးနီ
လက်ကိုဆွဲကာ ခမ်း ခေါ်သည်။

"ဘာမှ ကြောက်စရာ မရှိဘူး၊ ခမ်းနဲ့အတူ ကြည့်မယ်နော်
မင်း"

ခမ်း လက်ဆွဲခေါ်တော့မှ မင်း တွန့်ဆုတ်ဆုတ်နှင့် အနောက်က
ပါလာသည်။

"တွေ့လား ဟိုမှာ လူတွေ လေက်မလေးတွေ အတိုင်းပဲ၊
ကားလေးတွေက အရုပ်လေးတွေလိုပဲ ကြည့်၊ မင်း အသေအချာ ကြည့်"

မင်းသွေးနီက ခမ်း အနားထိ ရောက်မလာဘဲ တွန့်ဆုတ်ဆုတ်
နှင့် အနောက်က ပုန်းကြည့်ကာ မမြင်ဘဲနှင့် ခမ်းကို အလိုက်အထိုက်
ခေါင်းညိတ်ပြနေသည်။

"ဘာမှ မမြင်ဘဲ ရမ်းခေါင်းညိတ်မနေနဲ့ မင်း လာစမ်းပါ
ဒီကို"

ခမ်းအသံက မာဆတ်ဆတ်မို့ မင်းရှေ့ကို တစ်လှမ်းအတိုး
ခမ်းက ဆောင့်အဆွဲ အရှိန်လွန်ကာ ပေါင်လယ်မျှသာ မြင့်သော အုတ်
ဘောင်စွန်းမှာ မင်းသွေးနီ ခါးကြီးကုန်းကာ ငိုက်စိုက်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အား"

"အို မင်း"

ဘယ်လိုမှ ထင်မှတ်မထားခဲ့ပါ။ ဖြစ်ပုံက မြန်ဆန်သည်။ အ
ခနဲ အော်ကာ မင်းသွေးနီ ခန္ဓာကိုယ်ကြီး ငိုက်စိုက်ကျသွားတော့ မ
ကသောကမျော လှမ်းဆွဲထားလိုက်မိသည်။

မင်းသွေးနီ ငြိမ်သက် ပျော့ခွေလျက် ခမ်း လက်ထဲမှ ဒူးညွှ
ကာ တအိအိ ပျော့ခွေကျသွား၏။

"မင်း မင်းသွေးနီ"

ခမ်း ဒူးထောက်ထိုင်ချရင်း မင်းကို ပွေ့ထားမိသည်။ နှုတ်
လည်း သွေးရူးသွေးတန်းနှင့် ခမ်း ခေါ်မိသည်။

"မင်း မင်း ရှင် ဘာဖြစ်တာလဲ မင်း"

ခမ်း စိုးရိမ်ပူပန်စွာ လှုပ်ရမ်းခေါ်ပေမယ့် မင်းသွေးနီ မျက်
သွေးဆုတ်ဖြူလျော့လျက် ငြိမ်သက်နေဆဲ။

"မင်း မင်း"

ခမ်း ရင်ထဲမှာ စိုးရိမ်ပူပန်ခြင်းတို့ မွန်းကြပ်ဆို့နစ်လာသ
မျက်ဝန်းတွေထဲမှာ မျက်ရည်စတွေက အလိုလို ပြည့်လျှံလာ၏။

"မင်း မင်း ရှင် ဘာဖြစ်တာလဲ၊ ကျွန်မ ခေါ်နေတယ်
မင်း"





သွေးဆုတ်ဖြူလျော်နေသော မင်း မျက်နှာလေးကို ကြည့်ကာ
ခမ်း ရင်တွေ ပူလောင်လာသည်။ ဟင့်အင်း ရှင် ဘာမှမဖြစ်ရဘူး
မင်းသွေးနီ။ ဘာမှ မဖြစ်ရဘူး။

ရိပ်ခနဲ ပြန်ဝင်လာသော သတိနှင့်အတူ မင်းသွေးနီ လက်
ကောက်ဝတ်သွေးကြောကို ခမ်း စမ်းကြည့်တော့ သွေးခုန်နှုန်းက တိုးနေ
ဆဲ။ ခမ်း ဝမ်းသာသွားကာ မင်းကို အသာပက်လက်လှဲသိပ်သည်။

ပြီးတော့မှ မင်း ရင်ဘတ်ကို ခမ်း လက်အစုံနှင့် ဖိနှိပ်ကာ
ဖြုစုပေးသည်။ တစ်ချက် နှစ်ချက်။ ငါးချက်မြောက်မှာ မင်း နှုတ်က
အင့်ခနဲ ညည်းသံလေး ထွက်လာသည်။

ခမ်း ဝမ်းသာသွားကာ မင်းသွေးနီ ခေါင်းလေးကို အသာ
ထွေးပွေ့မယူသည်။ ပြီးတော့ ဖြူဖျော့ဖျော့ နှုတ်ခမ်းတွေကို အုပ်မိုးကာ

ထိုတခဏမှာတော့ မင်း အမြန်ဆုံး သတိပြန်လာစေနိုင်ဖို့သာ
ခမ်းရင်ထဲမှာ ပြင်းပြင်းပြစိုးရိမ်နေသည်။ အေးစိမ့်နေသော ဆောင်းညလေးထဲ
မှာ ခမ်း ဖောချွေးလေးတွေတောင် ပြန်နေခဲ့၏။

"မင်း မင်း ဟင် ရှင် သတိရပြီနော်"

မင်းသွေးနီ မျက်ဝန်းလေးတွေ ပွင့်ကာ ခမ်းကို မော့ကြည့်နေ
တော့မှ ခမ်း ဝမ်းသာအားရဟာစ်အော်မိ၏။ ပြီးတော့ မင်းသွေးနီ မျက်နှာ
လေးမှာ ပါးကို အပ်ရင်း ခမ်း တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားမိဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"ခမ်းနား ကျွန်တော့်အတွက် အရမ်းစိုးရိမ်သွားသလားဟင်

"မေးရက်လိုက်တာ မင်းရယ်၊ ရှင် တစ်ခုခု ဖြစ်သွား

ကျွန်မ ကျွန်မပါ သေသွားမှာ သေချာတယ်၊ ကျွန်မ ရှင့်ကို သိပ်ချစ်တ

မင်း၊ ကျွန်မ ဘဝမှာ မင်းမရှိလို့ မဖြစ်ဘူး သိလား"

ခမ်း မခြောက်သွေ့သေးသော မျက်ရည်တွေနှင့် တတွတ်တွ

ပြောဆိုနေလေတော့ မင်းသွေးနီ၊ ခမ်း ခန္ဓာကိုယ်လေးကို ညင်သာ

ပြန်ပွေ့ဖက်ထားသည်။

"ကျွန်တော် ဘာမှမဖြစ်ပါဘူး၊ ကျွန်တော် တိုက်အောက်

ပြုတ်ကျသွားပြီ ထင်ပြီး အရမ်း လန့်သွားတာပါ ခမ်းနားရဲ့ မငိုနဲ့တော

နော်၊ ခမ်းနားကို ကျွန်တော် သိပ်ချစ်ပါတယ်ဗျာ"

နှစ်ဦးစလုံးရဲ့ လက်တွေ နွေးထွေးတင်းကြပ်စွာ တုံ့ပြန်ဖက်တွ

ထားမိကြသည်။ ခမ်း မျက်ဝန်းမှ မျက်ရည်အကြွင်းကျန်တွေကို မင်းသွေး

နီ ညင်သာစွာ ပွတ်သုတ်ပေးသည်။

ပြီးတော့ ခမ်း မျက်နှာလေးကို မြတ်နိုးတဝ်မက်စွာ ကြည့်ရ

နဖူးလေးကို တရှိုက်မက်မက် နမ်းသည်။

ခမ်း ရင်တွေ တသိမ့်သိမ့် လှိုက်ဖိုကာ မျက်ဝန်းလေးတွေ

မှေးမှိတ်ထားမိသည်။

ခမ်း ပါးပြင်လေးမှာပဲ နွေးခနဲ ခံစားလိုက်ရသည်၊ အနမ်းတို့





အဆာလေးပဲ ကြာသည်။ ထိုထက် ပိုမိုမလာခဲ့ပါ။

ခမ်း မျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်တော့ မင်းရဲ့ ငေးစိုက်

ကြည့်နေသော မျက်ဝန်းတွေကို နီးကပ်စွာ မြင်နေဆဲ။

"ခမ်းနားကို ကျွန်တော် သိပ်ချစ်တယ်၊ ခမ်းနား ချစ်တာထက်

ပိုပြီး ကျွန်တော် ချစ်တာ ယုံပါ၊ ကျွန်တော် သေသွားခဲ့ရင်တောင်

ခမ်းနားကို ချစ်တဲ့စိတ်နဲ့ သေဆုံးသွားမှာပါ"

"အို တော်ပါတော့ မင်းရယ်"

မင်း နှုတ်ခမ်းတွေဆီကို ခမ်း လက်ညှိုးလေးနှင့် ထိကပ်တား

မြစ်လိုက်မိသည်။ ပြီးတော့ ဖြူစင်မှုတွေနှင့် ပြာလဲ့နေသော မင်းရဲ့

မျက်ဝန်းတွေကို ခမ်း မြတ်နိုးစွာ နမ်းရှိုက်မိသည်။

နှစ်ဦးစလုံး ရင်ခုန်သံတွေက တိတ်ဆိတ်သော ညလေးထဲမှာ

ငြိမ့်ငြိမ့်လေး စီးမျောလို့။

အဖြူရောင် ထုံလွှမ်းသော၊ ခမ်းနားထည်ဝါသော နှစ်ဦးစလုံး

၏ ချစ်ခြင်းတွေသည် . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ခမ်းဘဝမှာ အချစ်ကို တကယ် ပိုင်ဆိုင်ခဲ့ရတာဟာ သိနားလျှ
လိုက်မိသည်က မင်းနှင့် မမျှော်လင့်ဘဲ ဆုံကြုံဖြစ်ပျက်ခဲ့သည့် နှစ်ကူး
လေးက စတင်ခဲ့ခြင်းဟာ အကြွင်းမဲ့စွာ ယုံကြည်ပါသည်။

သွင်ခမ်းနားရဲ့ နှလုံးသားမှာ သိနားလည်သော ချစ်ခြင်းတ
ပိုင်ဆိုင်ခဲ့ဖူးပါသည်။

အုကြောင်တုံးလေးဟာ ခမ်း ကင်ပွန်းတပ် အထင်သေးခဲ့မိသေ
ယောကျ်ားလေးတစ်ယောက်က ခမ်းရဲ့ နှလုံးသားကို ပိုင်စားသွားခဲ့သည်
ဘာမှာယာမှမပါ။ ဖျားယောင်းခြင်းကင်းစွာနှင့် ခမ်းနှလုံးသားကို မ
ပိုင်ဆိုင် သိမ်းပိုက်သွားနိုင်ခဲ့တာပါ။

ဖြူစင်တဲ့ မင်းရဲ့ မျက်ဝန်းတွေ အောက်မှာပဲ ခမ်း နှလုံးသာ
အချစ်တွေ ပေါက်ဖွားခဲ့တာပါ မင်းရယ်။





မင်းကို မြတ်နိုးချစ်တဲ့ ချစ်ခြင်းတွေကြောင့်ပဲ ခမ်းရဲ့ အနာဂတ်
သုပခဲ့ပြီဆိုရင် မင်း ယုံကြည်နိုင်မလား။

ခမ်း ရည်ရွယ်တဲ့ အနာဂတ်မှာ မင်းရယ် ခမ်းရယ် ပြီးတော့
ပျော်စရာကောင်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်သွားချင်တယ်။

ဒီစိတ်ကူး ရည်ရွယ်ချက်တွေနဲ့ ခမ်း ကြည်နူးဝမ်းသာနေတုန်း
မှာပဲ ဝမ်းသာစရာ သတင်းတစ်ခု ခမ်းဆီ ရောက်လာခဲ့သည်။

ခမ်း လျှောက်ထားလော-ပညာသင်ခွင့်အတွက် အင်္ဂလန်မှာ
သွားရောက် ပညာသင်ယူခွင့်ရခဲ့ခြင်းပင်။

သည်သတင်းကို မင်းကို ခမ်း ဖွင့်ပြောတော့ ချက်ချင်း ညှိုးငယ်
သွားခဲ့သော မင်း မျက်ဝန်းတွေအတွက်တော့ ခမ်း စိတ်မကောင်း ဖြစ်မိ
ခြင်း

"မင်း ဘာဖြစ်သွားတာလဲဟင်"

ခမ်း စိုးရိမ်စိတ်လေးနှင့် မေးတော့ မင်း ပျက်သွားသော
မျက်နှာလေးကို ချက်ချင်းပြင်ရင်း

"ဘာမှမဖြစ်ပါဘူး ခမ်းနားအတွက် ကျွန်တော် ဝမ်းလည်းသာ
ပါတယ်၊ ဂုဏ်လည်းယူပါတယ်"

ဟန်ဆောင်တတ်တဲ့ မင်း မျက်ဝန်းတွေထဲက ခံစားချက်တွေက
သိုဝှက်လို့မရပါဘူး မင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်မကောင်းလည်း ဖြစ်သွားတယ် မဟုတ်လား။ မညာ ပါနဲ့အူကြောင်တုံးလေးရယ်၊ ခမ်းက မင်းမျက်ဝန်းတွေကို ဖတ်တတ် တာပေါ့ "

"မဟုတ်ပါဘူး ခမ်းနားရဲ့ ခမ်းနားရဲ့ မျှော်လင့်အိမ်မက်ကြီး တစ်ခုဆိုတာ ကျွန်တော်လည်း သိထားတာပဲ၊ တကယ်ဝမ်းသာပါတယ် အဲ စိတ်ကောင်းဖြစ်တာက ခမ်းကို ကျွန်တော် အကြာကြီး ခွဲရမှာကြောင့် ပါ"

မင်း ကြေကြေကွဲကွဲလေးဆိုတော့ ခမ်း ရင်ထဲမှာလည်း နင့်ခံ ဖြစ်သွားခဲ့ရသည်။ တကယ်ဆိုကတည်းက ခမ်းကိုလည်း ဝမ်းသာ ဝမ်းနည်းဖြစ်စေခဲ့တာပဲ ဖြစ်သည်။

ခမ်း ဘဝထဲမှာ မင်းဆိုသော အူကြောင်တုံးလေးသာ ရှိမနေ လျှင် ခမ်းနားအတွက် ခမ်း ဖြစ်ချင်သော ပါရဂူ ဆရာဝန်ကြီးဘွဲ့ ပိုင်ဆိုင်ရမည့်အရေးမို့ အတိုင်းမသိ ဝမ်းသာမိမှာသေချာသည်။

အခုတော့ မင်းနှင့် ဝေးကွာနေရမည့် အရေးကို ခမ်းလည်း တွေးကာ ရင်ထဲမှာ ဟာဟာတာတာ ဝေဒနာကြီး ခံစားခဲ့ရသည်။

ကိုယ့်ကိုကိုယ် စိတ်ဓာတ်မာကြောသည်ဟု ယုံကြည်ထားသော ခမ်း ကိုယ်တိုင်တောင်မှ ခံစားရတာ မင်းလို ခံစားတတ်လွယ်သည့် နှလုံးသားနှင့်ဆို ပိုဆိုးတော့မှာ နားလည်ပါသည်။





ဒါကြောင့် ခမ်း ပေါ့ပါးစွာပဲ မင်းလက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်း

"မင်းရယ် ရှင့်ကိုလည်း ကျွန်မ လွမ်းတာပေါ့၊ ဒါပေမဲ့ ဒါကျွန်မ တို့ရဲ့ အနာဂတ်အတွက်လေ၊ ရှင့်ကိုကျွန်မ ဘယ်တော့မှ မခွဲနိုင်ဘူး သိလား။ နှစ်နှစ်ဆိုတာ ဘာမှ မကြာပါဘူး မင်းရယ်"

" မဟုတ်ပါဘူး ခမ်းနားရဲ့ ကျွန်တော်လေ ခမ်းနားကို မျှော်ရင်း အတိရနေမှာပါ၊ ခမ်းနား ကျွန်တော့်ကို စိတ်ချလက်ချသွားပါ"

ခမ်းကိုတောင် သူက ပြန်ပြီး နှစ်သိမ့်အားပေးနေပြန်သည့် နှစ်ဦးစလုံးရဲ့ လက်တွေကတော့ တစ်ယောက်ကို တစ်ယောက်အားပေး ဆုပ်ကိုင်ထားမိရင်း

"ခမ်း ရှင့်ဆီကို ကျွန်မ ဖုန်းဆက်မယ်နော်"

ခမ်းဆိုတော့ မင်းသွေးနီ နှုတ်ခမ်းလေးတွေ ယဲ့ယဲ့လေးပြုံးရင်း ခေါင်းကိုညင်သာသွာပဲ ခါရမ်းသည့်

"ဟင့်အင်း မဆက်ပါနဲ့၊ ခမ်းနား အသံကိုကြားရင် ကျွန်တော် ပိုခံစားရမှာ သေချာတယ်၊ ပြီးတော့ ခမ်းနားကိုလည်း ပညာရေးမှာ အနှောင့်အယှက် မဖြစ်စေချင်ဘူး၊ စာကိုပဲ ကြိုးစားနော်၊ ခမ်းနား ကျွန်တော့်ကို တခဏတော့ မေ့ထားလိုက်"

"မဖြစ်နိုင်တာ မဆက်ပါနဲ့ ရှင့်ကို ကျွန်မ မေ့လို့တယ်ရမှာပေ"

"ဒါဆို ခမ်းနားဆီကို ကျွန်တော် တစ်လတစ်ခါ စာရေးမှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး အရောက်ပို့မယ်၊ ခမ်းနား အလွမ်းပြေဖတ်ပေါ့''

ကြည့်စမ်း ကျွန်မ မြတ်နိုးချစ်တဲ့ ချစ်ရတဲ့ အူကြောင်တုံး လေးက အခုကျတော့လည်း ကျွန်မထက် အသက်ကြီးတဲ့ အစ်ကိုကြီး တစ်ယောက်ရဲ့ လေသံနဲ့ နှစ်သိမ့်နားလည်ပေးနေလိုက်တာ။

မင်းသွေးနီ ရယ် ကျွန်မ ရှင့်ကို သိပ်ချစ်သွားပြီ သိလား။

■ ■ ■

ခမ်း သွားရတော့မည့် ရက်တွေ နီးကပ်လာလေလေ ခမ်း ရင်ထဲမှ တစ်စုံတစ်ခုကို စိုးကြောက်နေလေလေ ဖြစ်လာသည်။

အံ့သြစရာ ကောင်းသည်က ထိုကာလလေးတွေမှာ မင်းသည် အမြဲတမ်း ပျော်ရွှင်နေခဲ့ခြင်းဖြစ်သည်။ ခမ်းနှင့် ဆုံတိုင်း မင်း မျက်နှာလေး က ရွှင်ပြုံးနေသည်။

ဒါ မင်း တမင်ဟန်ဆောင်ထားတာပဲလား မသိ။

''မင်း ရှင် ခမ်း ပျော်အောင် တမင်ဟန်ဆောင်ထားတာ မဟုတ်လားဟင်''

'' ခမ်းနားရယ် ကျွန်တော့်တို့ ဒီအချိန်လေးတွေကို မျက်ရည် တွေနဲ့ မကုန်ဆုံးဘဲ ပျော်ပျော် ဖြတ်သန်းရအောင်နော်''

'' မင်းရယ် ရှင့်ကို ကျွန်မ အရမ်းချစ်တယ်''

သူ့ရင်ခွင်ထဲတို့ ဝင်ကာ ခမ်း ကလေးတစ်ယောက်လို မျက်ရည်





...သည်။ မင်းက ခမ်း နဖူးပေါ်က ဆံနွယ်လေးတွေကို ညင်သာစွာ ...တင်ပေးနေခဲ့သည်။

''မင်း ကျွန်မလေ အင်္ဂလန်သွားရမယ့် ကိစ္စကြီးကို ဖျက်ပြီး ...နဲ့ အတူတူ နေပစ်လိုက်ချင်တယ် သိလား''

ခမ်း ရင်ထဲက ခံစားချက်အတိုင်း ဖွင့်ပြောမိတော့ မင်းသွေးနီ ...လုံးကြီး ပြူးလျက် အံ့ထိတ်တလန့်ကြည့်သည်။

''မဟုတ်တာ ခမ်းနားရယ် ဒါ ခမ်းနားရဲ့ ရည်မှန်းချက်ပြီးတော့ ...နား အဖေ မျှော်လင့်ထားတဲ့ ဘဝလေ၊ ကြိုးစားပြင်လိုက်စမ်းပါ ...နားရယ်၊ ခမ်းနားက ကျွန်တော့်ထက် စိတ်ဓာတ်ခိုင်မာတာပဲ''

''ဒီမှာ ခိုင်မာမှုတွေအားလုံး ရှင့်ကို အရမ်းချစ်သွားမိချိန်မှာ ...ယ်ကို ပျောက်ကုန်ပြီလဲ မသိဘူး အဟင်း ဟင်း''

ခမ်းစကားကို သဘောကျစွာ ခမ်း ပြန်ရယ်မောလိုက်မိတော့ ...ာ ခမ်း လက်ဖဝါးလေးကို ဖွဖွလေးဆွဲယူ နမ်းလိုက်သည်။

ညနေခင်းတိုင်း ခမ်းတို့နှစ်ဦးယှဉ်တွဲ လမ်းလျှောက် ပြန်ရာလမ်း ...လေးသည် မြူနှင်းတို့ ဝေသီနေသော အလွမ်းလမ်းကလေး ဖြစ်နေခဲ့ သည်။

''မင်း ကျွန်မအခန်းထိ ရှင်လိုက်ပို့ပေးနော်''

'' ပို့ပေးမှာပေါ့ ပြီးရင် ခမ်းနားဆီက ကျွန်တော် ခွင့်တောင်ခ



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုချင်တယ်"

"ပြောလေ မင်းဘာပြောချင်တာလဲဟင်"

သူ့မျက်နှာလေးကို မော့ကြည့်ကာ ခမ်း မေးတော့ သူ့မျက် ပြာပြာတွေက ခမ်းကို စူးစူးနစ်နစ်လေး ငေးစိုက်ကြည့်ရင်း

"ရှစ်လွှာအပေါ်ထပ် တက်ပြီး ညနေဆည်းဆာလေးကို ခမ်း နဲ့ကျွန်တော် ခံစားရအောင်လေ"

"ကြည့်စမ်း မင်းနဲ့ ကျွန်မ စိတ်ကူးအရမ်းတိုက်ဆိုင်နေတာ ဘုရားစူး၊ ဒီညနေ ခမ်းလည်း အဲလို ကုန်ဆုံးချင်တာ"

"ယုံပါ ခမ်းနားရယ် ကျွန်တော်တို့ နှလုံးသားခံစားချက်တွေ ထပ်တူပဲဥစ္စာ"

ခမ်း ပန်းလေးကို သိုင်းဖက်ကာ သူ ဆိုသည်။ သူ့လက် ကို မှီတွယ်ကာ ခမ်းကြည်နူးမိသည်။ အမြဲတမ်း ခမ်းတို့ချစ်ခြင်း ထပ်တူညီနေမှာပါ မင်းရယ် ။

နှစ်ဦး ဆန္ဒအတိုင်း တိုက်ခေါင်မိုးပေါ်မှာ နီလေးတွေကို အစာကျွေးဖြစ်သည်။

ပြီးတော့ သူက ခမ်းလက်ကို တွဲကာ ခေါင်မိုး ဝရန်တာစွန် ဆီခေါ်သည်။

"ဘာလုပ်မလို့လဲဟင်"





"လူပိစိကွေးလေးတွေကို အတူကြည့်မလို့လေ"

"အို မလုပ်ပါနဲ့၊ ဟိုတစ်ခါ မင်း ကြောက်တတ်တာ ခမ်း သိလို့ ဖွတ်ခေါ်ပြမိတာပါ"

"အခု ကျွန်တော် မကြောက်တော့ဘူး ခမ်း ယုံစမ်းပါ"

ဒီတစ်ခါ တွန့်ဆုတ်ဆုတ်ဖြစ်နေသူက ခမ်း ဖွတ်ဆွဲခေါ် နေသူ က မင်းသွေးနီ ။ ခြောက်လှမ်းသာမျှ ရှိတော့သည့် အုတ်သောင် စွန်းလေး မှာ နှစ်ဦး လက်ချင်းတွဲရပ်ပြီး တိုက်အောက်ကို ငုံကြည့်မိကြသည်။

လူတွေ ၊ ကားတွေ ၊ မြင်တွေ့သမျှ အရာရာသည် အရုပ်လေး တွေ လှုပ်ရှားနေသလိုရှိသည်။

"တွေ့လား ကျွန်တော် မကြောက်တတ်တော့ဘူး ခမ်းနားရဲ့"

"ကျွန်မကို တစ်ခုတော့ ကတိပေးပါနော်၊ ကျွန်မ မရှိရင် ဒီနေရာမျိုးတွေကို မလာပါနဲ့၊ ကတိပေးနော် မင်း "

ခမ်း စိုးရိမ်ပူပန်စွာ တောင်းဆိုနေတာကို မင်း ပြုံးပြုံးလေး ကြည့်ကာ ခေါင်းညိတ်ရင်း ခေါင်မိုးစွန်းမှ ပြန်လျှောက်လာခဲ့ကြသည်။

ပြီးတော့ နှစ်ဦးစလုံး တိတ်ဆိတ်စွာ ယှဉ်တွဲရပ်ရင်း ဆည်းဆာ ရောင်ကို ကောင်းကင်ကြီးကို ငေးကြည့်မိကြပြန်သည်။

"ကျွန်တော်လေ ခမ်းနားကို ငုံကြည့်နေတဲ့ မိုးကောင်းကင်ကြီး အဖြစ် ရှိနေမှာပါ ၊ ဒီကမ္ဘာကြီးရဲ့ ဘယ်နေရာမှာပဲ ခမ်းနား ရှိရှိ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြင်နေရပြီလေ ''

မင်းဆိုတော့ သူ့ရင်ခွင်ထဲ ခမ်းကြည်နူးစွာ တိုးဝင်ရင်း

''ခမ်းလည်း ငှက်ကလေးတစ်ကောင်ဖြစ်ရင် မင်းဆီ ပျံသန်း

လာနိုင်မှာပေါ့''

''မိုးတွေရွာရင် နှင်းတွေကျရင် ကျွန်တော်ကို သတိရနေ

ခမ်းနား အဲဒါ ကျွန်တော့်ရဲ့ မျက်ရည်တွေပေါ့''

သူ့စကားက ခမ်း ရင်ထဲအထိ အနက်ရှိုင်းဆုံး စူးနစ်

စေသော မြားချက်တွေလိုပါပဲ ..။

''မောင်ရယ် မောင့်ကို ခမ်း မြတ်နိုးစွာချစ်တာပါ''

''ဟင် ခမ်းနား ဘယ်လိုခေါ်လိုက်တယ်''

''မောင်လို့ ခေါ်လိုက်တာလေ၊ ကျွန်မ သိပ်ချစ်တဲ့ အူကြေ

တုံးလေး မောင်ပေါ့ မောင်ရယ်''

''ဟာ ခမ်းနားရယ် ''

ကြည်နူးခြင်းတွေ ခမ်းနားရင်ထဲမှာ လှိုင်းအိအိတွေ ထ

စီးမျောရသလို ။

တိမ်သားတွေနှင့် စီးမျောပျံသန်းရသလို တငြိမ့်ငြိမ့်။

ရင်ခုန်သံတို့ စေရာအတိုင်း ခမ်းတို့ကြာရှည်စွာ။ ရှိန်

ခံစားချက်တွေ သွေးထဲမှာ စီးဆင်းနေခဲ့ကြသည်။





သေချာသည်က ရင်ခုန်သံတို့ ကြမ်းရှနေပေမယ့် တပ်မက်ခြင်း

တို့ ကင်းမဲ့စွာဖြင့်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

မောင်နှင့် တကယ်တမ်း ဝေးကွာနေချိန်ရောက်မှ မော
ဘယ်လောက်အထိ ကျွန်မ ချစ်မှန်း သိနိုင်တော့သည်။

နှစ်နှစ်တာ ဆိုသော ကာလသည် မောင့်ကို လွမ်းစိတ်
ဖြတ်သန်းရန်အတွက်တော့ ကြာရှည်လွန်းခဲ့ပါသည်။ ဒါပေမဲ့
ခေါင်းမဖော်နိုင်အောင် ကြိုးစားသင်ယူရသော စာတွေထဲမှာတော့
အတွက် အချိန်ပိုဆိုတာ တကယ့်ကိုရှားပါးခဲ့ပါသည်။

ဒါတွေကို ကြိုတင်တွေးဆပြီး ဖုန်းမဆက်ဖို့၊ စာမရေးဖို့
မောင်မှာခဲ့သည်ထင်၏။

သည်လိုကျတော့လည်း ကျွန်မရဲ့ မောင့်ကို အူကြောင်
လေးဟု ထင်မှတ်ခဲ့ခြင်းသည် တကယ့်ကို မှားယွင်းမှု တစ်ခုသာဖြစ်သ





မောင့်ထံမှ တစ်ကြိမ်ပုံမှန်ရောက်လာသော စာလေးတွေရဲ့
လွမ်းပြေမှုတွေသာ မရှိခဲ့ရင် ကျွန်မ သေလိမ့်မယ်ထင်ပါရဲ့ ။

အခုတော့ တစ်လတစ်ကြိမ် ရောက်လာသော မောင့်စာလေး
တွေက ကျွန်မအလွမ်းတွေကို ပြေပျောက်စေသည်။

ခမ်း

နေကောင်းရဲ့လား ။

ကျန်းမာရေးကို ဂရုစိုက်နော် မောင်လည်းဆုတောင်းပေးနေ
ယ် ။ ခမ်း ပညာတတ် ပါရဂူဘွဲ့ကြီး ယူပြီး မြန်မြန်ပြန်လာနိုင်ပါစေလို့။

မောင့်ဆီမှ ထိုစကားလေးတွေကို ခမ်းအတွက် ခွန်သစ် အား
တွေကို ပိုင်ဆိုင်စေခဲ့သည်။

ခမ်းရေ

မောင့်ကိုလွမ်းရင် ကောင်းကင်ကြီးကို မော့ကြည့်လိုက်နော်
အချိန်ဆို ခမ်း နေတဲ့ နေရာမှာ နှင်းတွေ ဝေနေမလား။ နှင်းပွင့်လေး
တွေက မောင့်ရဲ့ အလွမ်းမျက်ရည်တွေပါ။

မြန်မာပြည်မှာလို နှင်းတွေ တစ်ယောက်တည်း လျှောက်မသွား



www.burmeseclassic.com

www.burmeseclassic.com



နှဲဦးနော် ဆရာဝန်ကြီး ဖျားမှာစိုးလို့ပါကွာ ။

အချစ်ကို အရမ်းသတိရတယ် သိပ်လွမ်းတယ် ။

မောင်

ခမ်းအနားမှ မောင် စကားတွေပြောနေသလိုပါပဲ။ မောင့် ရင်ဘတ်လေးကို တစိမ့်စိမ့်ကြည့်ပြီး ခမ်း မောင်စာတွေကို တစ် တစ်ကြိမ်ဖတ်ရသည်။

မောင့်ရင်ထဲက ခံစားချက်တွေ၊ ချစ်ခြင်းတွေကို မော စာတွေထဲမှာ ခမ်း မြင်တွေ့ခံစားနိုင်သည်။

ခမ်းကို စိုးရိမ်ပူပန်တတ်သော မောင်က ခမ်း ရင်ထဲက စိုး မှုတွေအတွက်လည်း ဖြေသိမ့်ပေးဖို့မမေ့ပါ။

မောင့်အတွက် ခမ်း ဘာမှ စိတ်မပူနဲ့နော်။ မောင် ကျန်းမာ က ဒေါင်ဒေါင်မြည်ပဲ တကယ် နေမကောင်းရင် ပြုစုပေးမယ့် သွင်ခမ်း ဆိုတဲ့ ချစ်သူလေးအနားမှာ မရှိလို့ထင်တယ်။ မောင် မဖျားတော့ အချစ်ရေ ။

မောင် ကျန်းမာသည်ဆိုတဲ့ အတွက် ဝမ်းသာကျေနပ်မိပါသ နှစ်နှစ်တာ ကာလတစ်လျှောက်လုံး မောင်ရဲ့ စာလေးတွေ ခမ်း နှစ်ဆယ့်လေးစောင် တိတိပြည့်ခဲ့သည်။

ခမ်းရဲ့ ပညာသင်ကာလပြီးဆုံးတော့ မောင့်အတွက် ယ





ဆောင် အိုမီဂါ နာရီလေးတစ်လုံး ခမ်း ဝယ်ဖြစ်သည်။

အချိန်တိုင်း ခမ်းကို မောင် ချစ်မြတ်နိုးစေဖို့အတွက် ဟု ပြောကာ မောင့်ကိုပေးမည်။

ခမ်းအတွက်တော့ မောင်က အလွမ်းပြေပို့ပေးသော စာလေး နှစ်ဆယ့်လေးစောင်နှင့် မောင်ရဲ့ ချစ်ခြင်းတွေကလွဲလို့ ဘာမှ မလိုအပ်ပါ။

မြန်မာပြည်ပြန်ရောက်သည်နှင့် ခမ်း မောင့်ဆီက တစ်ခုတည်း ခဲ့ တောင်းဆိုပါမည်။

"မောင်ရယ် ခမ်းတို့ လက်ထပ်ကြရအောင်" လို့။

ခမ်းကို မောင် အထင်သေးမည်လား ။ ဟင့်အင်း ဘာကိုမှ ခမ်း ဂရုမစိုက်တော့ပါ။ မောင့်ကို ခမ်း သိပ်ချစ်တာတစ်ခုနဲ့ပဲ အားလုံးပြီး ပါသည်။

ခမ်း မောင်ရင်ခွင်ထဲကို အရောက်ပြန်ခဲ့ပြီ မောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဘာ ဘာရယ် ဟင့်အင်း မဖြစ်နိုင်ဘူး။ လုံးဝ မဖြစ်နိုင်ဘူး ကျွန်မ မ ယုံချင်ဘူး"

ခမ်း အရူးတစ်ယောက်လို အထိတ်တလန့် ရေရွတ်မိသည်။ မျက်ဝန်းထဲက မျက်ရည်တွေနှင့် ရင်တစ်ခုလုံး ဆို့နစ်တင်းကြပ်လျက် ခမ်း ရှေ့မှာ ရှိနေသော ရှေ့နေကြီး ဦးမြတ်ကောင်း၏ စကားသံတွေကို နားမထောင်ဘဲ ကြားနေ၏။

"မောင်မင်းသွေးနီ ဆုံးပါးသွားတာ တစ်နှစ်ကျော် ကြာပြီ သမီး၊ အန်ကယ် မင်းကို စောင့်နေခဲ့တာ အန်ကယ် သူ လွှဲခဲ့တဲ့ကိစ္စ တွေကို အန်ကယ် ဆောင်ရွက်ဖို့ပါ"

ခမ်း မယုံနိုင် ၊ ဘယ်လိုမှ မယုံနိုင်ပါ။ မောင် ဆုံးပါးခဲ့တာ တစ်နှစ်ကျော်ပြီတဲ့၊ လုံးဝမဖြစ်နိုင်သည့်ကိစ္စ။





မောင် ခမ်းဆီကို စာတွေ လစဉ်ပို့ပေးနေသည်ပဲ။ ခမ်းလက်ထဲ အထောင် လွှန်ခဲ့သည့် တစ်လကျော်က မောင် ပို့ခဲ့သော စာလေးတစ် စောင် ရှိနေသည်။

မောင့်လက်ရေးနှင့် မောင့်ရဲ့ စာသားထဲမှာ ခမ်းပြန်လာလျှင် ဆုတ်ယူဝမ်းသာကြောင်းတောင် ရေးသားခဲ့ သေးသည်။

"ခမ်း ခမ်းကို မညာကြပါနဲ့၊ ခမ်း မောင့်ကို သိပ်ချစ်တယ် မောင်ဘယ်မှာလဲ မောင် မသေစေရဘူး "

ဦးမြတ်ကောင်းက ခမ်း လက်ထဲကို စာအုပ်ပြာပြာလေး ကမ်း ပေးသည်။ ခမ်း လှမ်းယူလိုက်တော့ မောင်ရဲ့ ဒိုင်ယာရီ ခရမ်းပြာလေး ဆု သိလိုက်သည်။

"သူရေးခဲ့တဲ့ မှတ်တမ်းတွေကို သမီး ဖတ်ကြည့်ရင် သမီး အားလုံးကို သိပါလိမ့်မယ်ကွယ် အန်ကယ် တကယ်စိတ်မကောင်းပါဘူး"

ခမ်း မယုံနိုင်စွာ စာအုပ်ပြာလေးကို ဖွင့်ကြည့်မိသည်။

ချစ်သော ခမ်းနားအတွက်တဲ့ ....။

■ ■ ■

ကျွန်တော့်ဘဝမှာ အချစ်ဆုံး မိန်းမ နှစ်ယောက်ရှိတယ်။ တစ် ယောက်က မေမေ။ တစ်ယောက်က သွင်ခမ်းနား တဲ့။

ကံကြမ္မာက ကျွန်တော်တို့ နှစ်ယောက်ကို ဆုံတွေ့ပေးခဲ့တာက



www.burmeseclassic.com

www.burmeseclassic.com



မလှုပခဲ့ပေမယ့်။ တစ်ယောက်ကို တစ်ယောက်က နက်နက်ရှိုင်းရှိုင်း
မြတ်နိုးစွာ ချစ်အောင်လည်း ဖန်တီးပေးနိုင်ခဲ့တယ်။

ဒါ ရှေ့အတိတ်ဘဝ ရေစက်ပဲလား ခမ်းနားရယ်။

ကျွန်တော် သိပ်ချစ်တဲ့ ခမ်းနားဆီက အခမ်းနားဆုံး အချစ်ေ
ကို ပြန်ပိုင်ဆိုင်ရပေမယ့် ကျွန်တော် မပျော်ရွှင်နိုင်ခဲ့ဘူး။

ဒါ မဖြစ်သင့်တဲ့ ကံစွထင်တယ်။ ဘာလို့လဲဆိုတော့ ကျွန်ေ
ချစ်တဲ့ ခမ်းနား ခံစားရအောင် ဝေဒနာတွေပေးသလိုဖြစ်နေလို့ပဲ

မင်းသွေးနီဆိုတဲ့ ကောင်က တစ်ပါးသူတွေထက် ကုသို
ဆိုးဝါးစွာ ရှင်သန်ခဲ့သူဆိုတာ ခမ်းနားမှ မသိနိုင်ဘဲ။

ငယ်စဉ်ကတည်းက ဆေးရုံနဲ့ ဆေးခန်းတွေကို အိမ်ဦး
ကြမ်းပြင်လို သတ်မှတ်ထားရတဲ့ကောင်လေ။

မွေးရာပါ နှလုံးအားနည်း ရောဂါကြီးကြောင့်လည်း မေမေ
အရိပ်ကြည့် ဂရုစိုက်မှုအောက်မှာ ကျွန်တော် အသက်ရှင်ခဲ့ရတာ
နောက်တော့ ဒေါ်လေးရဲ့ အရိပ်အောက်မှာ။

ဆေးဝါးတွေနဲ့ ရောဂါကို အသက်ဆက်ခဲ့ရတာလည်း အခါ
ကံကြမ္မာက မင်းသွေးနီ ဆိုတဲ့ကောင်ကို တရိရိ နှိပ်စက်နေသလားတော
ထင်မိတယ်။

ကျွန်တော်ကို ချစ်တဲ့သူတွေကို ဆုံးရှုံးခဲ့ရပေမယ့် ကျွန်တော်





ဘတော့ ဆိုးရွားစွာ အသက်ရှင်နေတုန်းပဲ။

ဒါပေမဲ့ ခမ်းနားရယ် ကျွန်တော် မပျော်နိုင်ဘူး။ မကြာခင်
လောကကြီးက ထွက်ခွာရတော့မယ် ကျွန်တော် ခမ်းနားကို နှိပ်စက်နေတာ
လားလို့တောင် တွေးမိတယ်။

ဒီအတွက် အမြဲတမ်း မျက်ရည်ကျခံစားရတဲ့ ညတွေကို ခမ်းနား
မှ မသိနိုင်ဘဲလေ။

ကျွန်တော် အခုတော့ ဝဋ်လည်ပြီထင်ပါရဲ့။

ဒီတစ်ခါ ကျွန်တော် သိပ်မြတ်နိုးတဲ့သူကို ကျွန်တော် အရင်ဆုံး
စွန့်လွှတ် ခွဲခွာရတော့မယ်ဆိုတာ သိလိုက်တယ်။

ဒီအခြေအနေဆိုးကြီးကို ရင်ဆိုင်ပြောပြဖို့ ခက်ခဲနေတုန်းမှာ
ခမ်းနားက အင်္ဂလန်ကို သွားဖို့ အကြောင်း ဖန်လာတယ်။

ကျေးဇူးတင်ပါတယ် ကံကြမ္မာရယ်။

ကျွန်တော် မြတ်နိုးတဲ့ သူမရှေ့မှာ ကျွန်တော် ပြန်မလာနိုင်တော့
တဲ့ အဝေးတစ်နေရာကို ထွက်မသွားချင်ဘူး သူ့ရဲ့မျက်ရည်တွေကို
ကျွန်တော် မမြင်ရက်ဘူး ။

ကျွန်တော်နဲ့ အဝေးတစ်နေရာကို ထွက်မသွားချင်ဘူး။ သူ့ရဲ့
မျက်ရည်တွေကို ကျွန်တော် မမြင်ရက်ဘူး

ကျွန်တော်နဲ့ အဝေးမှာ သူဒဏ်ရာတွေ သွေးအေးသွားစေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မိတယ်။

တစ်လတစ်ခါ ပို့ပေးနေတဲ့ စာလေးတွေက သူပြန်လာတဲ့အချိန်ထိ ရှိနိုင်မှာ မဟုတ်ဘူးဆိုတာကို ကျွန်တော် သိတယ်၊ ကျွန်တော် လောကကြီးထဲမှာ ဆက်နေခွင့် သက်တမ်းက သိပ်မကျန်တော့ဘူးလေ။

ဒါကြောင့် ခမ်းနား စိတ်သောက မရောက်စေချင်ဘူး။

ကျွန်တော် ကြိုတင်ရေးထားခဲ့တယ်။ ကျွန်တော် မရှိတော့ရင် ခမ်းနားဆီကို ပုံမှန်ပို့ပေးဖို့ ရှေ့နေကြီးကို မှာဖြစ်တယ်။

ဒေါက်တာသွင်ခမ်းနား ပညာတတ်ဆရာဝန်ကြီး အဖြစ်ဂုဏ်ယူဝင့်ကြွားစွာ ပြန်လာတဲ့အခါ ကျွန်တော် ပိုင်ဆိုင်သမျှတွေကို လွှဲပေးခဲ့ချင်တယ်။

ခမ်းနား စိတ်တိုင်းကျ အသုံးပြုနိုင်ပါတယ်။ ကျွန်တော့်ကို တကယ်ချစ်တယ်ဆိုရင် လက်ခံပေးပါ ခမ်းနားရယ်။

ငွေကြေးမနေတွေထက် ပိုတန်ဖိုးကြီးမားတဲ့ မောင့်ရဲ့ချစ်ခြင်းတွေလည်း ခမ်းနားဆီမှာ အကြွင်းမဲ့ ထားရစ်ခဲ့ပါတယ်။

တစ်ခါတစ်ရံ သတိရတဲ့အခါ ကောင်းကင်ကြီးကိုသာ ခမ်းနား မော့ကြည့်လိုက်ပါ။

အကြောင်းတုံးလေး ရှိနေပါတယ် ခမ်းနားရယ်။

''အဟင့် ဟင့် ဟင့် ဟင့် မောင်ရယ်''





ရင်တစ်ခုလုံး ပူလောင်ခြင်း မီးလျှံတွေနှင့် ကျွမ်းမြိုက်သွားခဲ့ပြီထင်တယ်။ မောင် တကယ်ပဲ လောကကြီးထဲမှာ မရှိတော့တာပေါ့။

ခမ်းနား ဘယ်လိုမှ မရိပ်မိအောင် မသိရှိအောင် မောင်က စာတွေ ပုံမှန်ရောက်အောင် ပို့ပေးဖို့ စီစဉ်ခဲ့တာပေါ့ ။ မောင့်ကို သိပ်ချစ်တဲ့ ဆရာဝန်မလေး မရိပ်မိအောင် မောင်က ကျန်းမာအောင် ဟန်ဆောင်နေပြခဲ့တာပေါ့။

ခမ်း ခမ်း ဘယ်လိုဖြေသိမ့်ရမလဲ မောင်ရယ်။

အကြောင်းတုံးလေးဆိုတဲ့ မောင်ရဲ့ ချစ်ခြင်းတွေက ခမ်း ထင်မှတ်ထားတာထက်တောင် ကြီးမားထည်ဝါ နေခဲ့တာပေါ့။

အဝေးမှာ ဒဏ်ရာတွေ သွေးအေးသွားမယ်လို့ မောင်ထင်မှတ်နေတာလား ဟင်။

ဟင့်အင်း ခမ်းနားမောင့်ကိုချစ်ခဲ့တာ တစ်ဘဝမှာ တစ်ချစ်တည်းပါ။

ကောင်းကင်ကြီးက မောင်ဖြစ်တယ်ဆိုရင် ခမ်း ငှက်ကလေးတစ်ကောင်အဖြစ် မောင့်ဆီကို သေဆုံးတဲ့အထိ ပျံသန်းလာမှာပါ။

မောင့်ကို ကျွန်မ သိပ်ချစ်ခဲ့တာ မောင်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မောင်မင်းသွေးနီ အဖြစ်ချင်ဆုံး ဆန္ဒတွေကို သမီးလက် လိုက်ပါကွယ်၊ ဒါမှ သူ တမလွန်က ကျေနပ် ဝမ်းသာရှာမှာပါ"

မောင့်ပိုင်ဆိုင်မှုတွေကို ကျွန်မ ပြင်းဆိုမိတော့ ရှေ့နေကြီး တောင်းပန်သည်။ ဟင့်အင်း ကျွန်မတစ်သက် လုံး တန်နဲ့မခံစားချင် မောင်။

"သူ့အတွက် ရည်စူးပြီး သမီးစိတ်ကြိုက် လှူဒါန်းပေးလိုက် အန်ကယ်ကတော့ ကာယကံရှင်ရဲ့ ဆန္ဒကို ဆောင်ရွက်ပေးတာပါ၊ သူ နောက်ဆုံးအချိန်တုန်းက အန်ကယ် ကတိပေး ခေါင်းညိတ်ခဲ့တယ် ဒေါက်တာသွင်ခမ်းနွား ပြန်လာရင် သူဖြစ်ချင်တာတွေ ဖြစ်စေရမယ်တဲ့

ရှေ့နေကြီးရဲ့ နောက်ဆုံး စကားလုံးတွေက ခမ်း ရင်ကို တ စိမ့် စူးနစ်စေခဲ့သည်။





မောင်ရဲ့ နောက်ဆုံးအချိန်တွေမှာ ခမ်းနွား တကယ်အနားမှာ မရခဲ့ဘူးနော်။ ခမ်းနွား ရှိချင်လိုက်တာ။ ဘယ်လို အခြေအနေမျိုးပဲ ခမ်းနွား အရောက် ပြန်ခဲ့မှာပါ။

"သမီး အန်ကယ်စကားကို လက်ခံတယ်မဟုတ်လား ဟင်"

မောင့်ရဲ့ နောက်ဆုံးဆန္ဒအတွက် ခမ်း ခေါင်းညိတ်ခဲ့မိပါသည်။ ကို သတိရလျှင် ခမ်းအလွမ်းပြေ ကြည့်ရှုနိုင်ဖို့ မောင်နေထိုင်ခဲ့သည့် နှင့်ခြံကြီးကိုပဲ ထားရစ်ခဲ့ကာ

အားလုံးကို ခမ်း မောင့်အတွက်ရည်စူးကာ လှူဒါန်းပေးဖြစ်ခဲ့ သည်။

ကောင်းကင်ကြီးထက်က မောင် ငုံ့ကြည့်ရင်း ကျေနပ် သာဓု နိုင်ပါစေတော့။

ခမ်း အတွက်တော့ ရင်ဆိုင်ဖြတ်သန်းရမည့် အနာဂတ်သည့် ဒနာတွေနှင့် ပွလောင်နေခဲ့ပါသည်။

မောင့်ကို လွမ်းသမျှ ဝေဒနာတွေကို မေ့ပျောက်ထားရင်း ခမ်းရဲ့ ဝန်တွေထဲမှာ ရှင်သန်ခဲ့ရသည်။

အချစ်ဆိုသော အရာအတွက်တော့ ခမ်းမှာ နှလုံးသားမှ ရှိတော့ဘဲမောင်ရယ်။

သွင်ခမ်းနွား ဆိုတဲ့မိန်းမရဲ့ နှလုံးသားက မောင့်ဆီမှာ ပါသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါပြီ။

သွားဖွားမီးယပ် အိုကို ဆရာဝန်ကြီးတစ်ယောက်အဖြစ် တော

ပေါ်မြို့လေးတစ်မြို့ရဲ့ ဆေးရုံမှာ ခမ်း တာဝန်ကျခဲ့သည်။

ဘယ်အရပ်၊ ဘယ်ဒေသရောက်ရောက် မောင်သည် ကျွန်မ

အနီးဆုံးမှာ ရှိခဲ့ပါသည်။

ရှစ်လွှာရဲ့ တိုက်ခေါင်မိုးလေးပေါ်ကိုလည်း ခမ်း ဘယ်သော

အခါမှ မရောက်ခဲ့တော့ပါ။ မောင့်အရိပ်တွေ ရှင်သန်နေသော မောင့်

တိုက်ကြီးကိုလည်း လူမှုရေး အသင်းအဖွဲ့တစ်ခုအတွက် ခမ်း လှူဒါ

ပေးခဲ့သည်။

ကောင်းကင်ကြီးရဲ့ အောက်တစ်နေရာမှာ ကျွန်မအမြဲတမ်

ရှိနေပါတယ် မောင်။

မောင့်ကို လွမ်းတိုင်း ကောင်းကင်ကြီးကို မော့ကြည့်မိတယ်

ခမ်းရဲ့မျက်ရည်တွေကို မောင် မြင်နိုင်မှာပါ။

ခမ်း ပါးပြင်ပေါ်သို့ အေးစက်စွာ ထိတွေ့လာတာ နှင်းပွင့်တွေ

မဟုတ်ဘူးလို့ ခမ်း သိတယ် မောင်။ ဒါ မောင့်ရဲ့ မျက်ရည်တွေ

မဟုတ်လား။

ကုန်ဆုံးသွားတဲ့ နံနက်ခင်းတွေ လွန်မြောက်သွားတဲ့ ညနေ

အချိန်တိုင်းမှာ မောင် ရှိနေဆဲဆိုတာ ယုံပါ။





မင်းသွေးနီ ၊ မောင် ၊ အချကြောင်းတုံးလေး ။

ခမ်းအတွက်တော့ နှလုံးသားရဲ့ ပြတိုက်လေးထဲမှာ ထာဝရ

ရှင်သန်နေဆဲပါ မောင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ပထမတော့ သူရောက်နေတာ တိမ်တိုက်တွေထဲမှာလားဟု ထင်မိသေးသည်။ ကောင်းကင်ပြာပြာကြီး ထဲမှာ တိမ်တိုက်တွေက လွင့်လွင့်စီးမျောလို့ ထိုတိမ်တိုက်တွေထဲမှာ သူလည်း မျောနေသည်။

တစ်ယောက်တည်းတော့မဟုတ်ပါ။ သူနံဘေးမှာ တစ်စုံတစ် ယောက်ရှိနေသေးသည်။

ကျောအလယ်ထိမရှိတရှိ ဆံပင်တွေက လေပြည်ထဲမှာ မျော လွင့်လျက် ပါးလှပ်လှပ် အင်္ကျီဖြူဖြူဖားဖားကြီးကလည်း လေမှာ တလွင့် လွင့် မျောနေ၏။

အဖြူရောင်အင်္ကျီနှင့် ခိုပြာရောင် ထဘီကို ဝတ်ဆင်ထားသော ထိုအမျိုးသမီးကို သူ ကျွမ်းကျွမ်းဝင်ဝင် သိနေသည်။





စိမ်းဖန့်နေသော မျက်ခုံးတွေအထက်မှာ နဖူးက ပြေပြေကလေး ရှိသည်။ အညိုရိပ်သမ်းသော မျက်ဝန်းတွေက ဖျပ်လက်ရဲရင့်သည့် အသွင်နှင့် စူးရှနေသည်။ နှာတံလေးက ချွန်တာလည်းမဟုတ် ပွယောင်း ယောင်းလည်း မဟုတ်ပါဘဲကျစ်ကျစ်လစ်လစ်ကလေးရှိနေ၏။

ဆေးရောင်မတင်ဘဲ နဂိုစိုလဲ့ နီးမြန်းသည့် နှုတ်ခမ်းတွေက ဆွဲဆောင်မှုအပြည့်ရှိသည်။

အရပ်အမောင်းနှင့် ကိုယ်ဟန်က နွဲ့နှောင်းပြေပြစ်ကာ မိန်း ကလေးတွေထဲမှာ အရပ်အမောင်းကောင်းသော မိန်းမတစ်ယောက်ဟု ခန့်မှန်းနိုင်၏။

ခက်သည်က သူမကို သူသိနေပေမယ့် ကျွမ်းဝင်မှုရှိနေသည်ဟု ထင်မှတ်ပေမယ့် သူမ အမည်ကို သူ မသိပါ။

သူမနှုတ်ခမ်းတွေက လှုပ်ခတ်ကာ သူ့ကို စကားတွေ ပြောဆိုနေခဲ့တာတော့ သေချာသည်။ ဒါပေမဲ့

ဘာတွေပြောနေတာလဲ။ အသံတွေကို သူ မကြားရပါ။

တိမ်တိုက်တွေထဲမှာတော့ မျောလွင့်ပျံသန်းနေမိသည်။

အောက်မှာ လူတွေက ပိစိကွေးလေးတွေ ၊ ကားတွေ ၊ သစ်ပင် တွေ အဆောက်အဦးတွေ အားလုံးသည် သေးငယ်စွာ ရှိနေကြသည်။

သူမနှင့်အတူ တိမ်တိုက်တွေထဲမှာ လက်တွဲချိတ်ပျံသန်းနေရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်တွေ ချော်ထွက်ကာ

" အ  အ အား "

သူ့ခန္ဓာကိုယ် အထိမ်းအကွက အစီးအတားမဲ့စွာ လေဟာနယ်

ကြီးထဲကိုဦးစိုက်ကျွန်းပြန် ပြုတ်ကျသွားခဲ့ သည်။

ရင်တွေ တလှပ်လှပ် ချောက်ချားတုန်လှုပ်ခြင်းဖြေ

အဆုံးသတ်မှာတော့ သူ့အိမ်မက်က အမြဲတမ်း လန့်နိုးတက်စမြဲ ။

အိပ်မက်။ အိပ်မက်ဆိုးလား၊ အိပ်မက်ကောင်းလားဟု

မခွဲခြားတက်ပါ။ ထိုအိပ်မက်က လန့်နိုးတိုင်း သူရင်သည် တဆ

ဆတ် တုန်ယင် မောဟိုက်နေတတ်သည်။

အိပ်ရာထက်က လူးလဲထကာ စားပွဲပေါ်က ရေဘူးကို လှမ်း

ပြီးသူမော့သောက်လိုက်သည်။

ရင်ထဲမှာတော့ အေးသွားသည်။ အိပ်မက်မြင်ကွင်းတွေကတော့

သူ့အာရုံထဲက မပျောက်ဖျက်နိုင်ပါ။

ဆက်အိပ်ချင်စိတ် မရှိတာမို့ ဝရန်တာလေးကို ထွက်ခဲ့သည်

ညဥ့်သန်းခေါင်ကျော်ပြီမို့ အရာရာသည် တိတ်ဆိတ်နေသည်။ ခြံထဲ

သစ်ပင်တွေလည်း တိတ်ဆိတ်အိပ်မောကျလို့၊ မဟူရာကောင်းကင်ကြီး

လကွေးကွေးက ကြယ်တာရာတွေ ခြံရံလျက်။

အိပ်မက်ပုံရိပ်တွေ ပြန်မြင်ယောင်လာ၏။





ကောင်းကင်ထဲမှာ ပျံသန်းနေသည့် သူ့အိပ်မက် ပြီးတော့

သူနှင့်အတူ သူမလည်း ရှိနေသည်။

ယုတ္တိမတန်သော ထိုအိပ်မက်ကိုရှည်း သူ မကြာခဏ မက်နေ

တတ်တာ ဘာကြောင့်လည်း အဖြေရှာမရပါ။

အိပ်မက်တွေ၊ ဇာတ်ကွက်တွေကို သူမယုံကြည်၊ မစွဲလန်းတက်ပါ။

ဒါပေမဲ့ အိပ်မက်ကတော့ နှစ်ပတ် တစ်ခါလောက် မက်တက်သည်။

မက်တိုင်းလည်း တသွေမတိမ်း၊ တစ်ပုံစံတည်းဖြစ်နေသည်။

ဒီအကြောင်းတွေကို မာမီကိုလည်း သူပြောပြဖူးပါသည်။

"သားရယ် စိတ်အစွဲအလန်းမထားပါနဲ့ကွယ်"

"ကျွန်တော် မစွဲလန်းဘဲ မက်နေတာ မာမီ ဒါကို ကျွန်တော်

အံ့သြနေတာ၊ကျွန်တော်ရဲ့ မျက်လုံးတွေနဲ့ သက်ဆိုင်နေမလားလို့"

"အိုး မဟုတ်တာဘဲ သားရယ်၊ အစွဲအလန်းကြောင့် ဒုက္ခ

ရောက်မယ်၊ သားဘဝက အခုမှ ပြန်ပြီး အလင်းရခွင့်ရတာ၊ သားအိပ်

ပျော်အောင် အိပ်နော်"

မာမီ သူ့အတွက် စိုးရိမ်စွာ ပြောသည်။ ပြီးတော့ သူမျက်စိကို

မျက်ကြည်လွှာ အစားထိုးကုသပေးသည့် ဆရာဝန်ကြီးနှင့် သွားတွေ့

ဆုံကာ တိုင်ပင်သည်။

"မောင်မြူခိုးလွင် စိတ်ကအစွဲအလန်း ဖြစ်နေတာပါကွယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျက်ကြည်လွှာ အစားထိုးကုသမှုဆိုတာ အခုမှဖြစ်လာတဲ့ ကုထုံးသ
မဟုတ်ပါဘူး၊ မောင်မြူနိုးလွင်လိုပဲ ကုသပေးပြီး အလင်းရနေသူတွေ
အများကြီးရှိပါတယ်''

''ကျွန်တော် နားလည်လက်ခံပါတယ် ဆရာ၊ ဒါပေမဲ့ ဒီအိပ်မက်
ကိုပဲ နှစ်ပတ်ခြားလောက်၊ တစ်ခါမက်နေတော့ သိချင်လာလို့ပါ''

''မောင်မြူနိုးလွင် စိတ်ထဲမှာ ပေါ့ပေါ့ပါးပါးမနေထား အိပ်မက်ဆို
တာ၊ လူတိုင်းမက်တက်တာပါ ၊လိုအပ်ရင် ဆေးဝါးတွေ မှီဝဲပြီး အိပ်ပျော်
အောင် အိပ်ပေါ့ကွာ''

မာမီနှင့် ဆရာဝန်ကြီးက သူ့ကို အကြံပေးစီစဉ်ပေးခဲ့သည်။
သူလည်းလိုက်နာခဲ့ပါသည်။

ဒါပေမဲ့ ဘာရယ်ဟု အတိအကျမသိသော ကိစ္စကြီးအတွက်
သူစွဲလန်းသည် မဟုတ်ပေမယ့် စိတ်ဝင်စားခဲ့တာ အမှန်ပဲ ဖြစ်လေ
သည်။

''မြူကလည်း ဒီအိပ်မက်အကြောင်းပဲ မက်နေတာပဲနော်''

ချစ်သူ ကြယ်ပွင့် ကိုယ်တိုင်လည်း အမြဲတမ်း နားထောင်နေရ
သော ထိုအိပ်မက်အတွက် ကြာတော့ စိတ်ညစ်ညူးလာဟန်ရှိသည်။

''ဟုတ်တယ် ကြယ်ပွင့်၊ ကိုယ် ဘာကြောင့်မှန်းမသိဘူး။ ဒီအိပ်
မက်ကြီးကိုမက် မက်နေတာ အံ့ဩဖို့ကောင်းတယ်''





''မြူရယ် မြူက မျက်ဝန်းတွေ အလင်းမဲ့စွာ ငါးနှစ်လောက်
နေလာပြီးမှ ပြန်မြင်လိုက်ရတော့ ဒီလိုပဲ အပြောင်းအလဲ သဘောမျိုး
ဖြစ်တတ်တာ ထင်ပါတယ်၊ ကြာရင် သက်သာပြီး ပျောက်ကင်းသွားမှာ
ပေါ့ နော်''

နှစ်သိမ့်တာလားတော့မသိ။ သူ ခေါင်းညိတ် လက်ခံခဲ့ရသည်။
ကြယ်ပွင့်ဆိုသလို အချိန်တန်ရင် ပျောက်ကွယ်သွားနိုင်မှာဟု ယုံကြည်
ထားခဲ့ပေမယ့်

အခုတော့ ထိုအိပ်မက်သည် တစ်နှစ်ကျော်ကြာသည်အထိ
မပျောက်နိုင်ဘဲ စွဲမြဲမက်နေတာတော့ မဟုတ်သေး။

မာမီနှင့် ကြယ်ပွင့်တို့ ကိုလည်း မပြောချင်တော့ပါ။ သူ့ကြောင့်
မာမီနှင့် ကြယ်ပွင့်တို့မှာ ဒုက္ခဆင်းရဲခြင်း တွေကြုံဆုံခဲ့ရတာ ကာလ
ရှည်ခဲ့ပြီ။

သူ့ရင်ထဲမှာပဲ သို့ဝှက်ကာ အဖြေကို ရှာနေမိ၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မြို့ခိုးလွှင်ဆိုသော သူ့ဘဝကို အမိပ္ပါယ်ရှိစွာ ရှင်သန်နိုင်ခွ
ရခဲ့တာ တစ်နှစ်ကျော်မျှသာရှိသေးသည်။

သူ့ဘဝရဲ့ အတိတ်ကာလတွေသည် အလင်းမဲ့သော အမှော
ကမ္ဘာထဲမှာ နှစ်ပေါင်းများစွာကြာခဲ့သည်။

သူ စီးပွားရေးတက္ကသိုလ် ဒုတိယနှစ် ကျောင်းသားဘ
ကျောင်းပိတ်ရက်တစ်ခုမှာ ကံကြမ္မာက ဆိုးရွားစွာ ကျရောက်ခဲ့ခြ
ဖြစ်သည်။

ကုမ္ပဏီတာဝန်နှင့် ဒယ်ဒီရှမ်းပြည်ဘက်ကို ခရီးထွက်မည့်
တော့ ရောက်ချင်စိတ်နှင့် သူ လိုက်ဖြစ်ခဲ့သည်။

သည်မှာပဲ မမျှော်လင့်သော ကားအက်ဆီးဒင့် တစ်ခုဖြစ်ခဲ့





တောင်တက်လမ်းတစ်ခုမှာ သူတို့ရဲ့ ကားဘရိတ်ပေါက်ကာ တိမ်းမှောက်
ခြင်းဖြစ်သည်။

ကားလေးက ချောက်ကမ်းပါးထဲကို အဆီးအတားမဲ့စွာ
ပြုတ်ကျခဲ့သည်။ သစ်ပင်၊ သစ်ကိုင်းတို့နှင့် တဝုန်းဝုန်း ရိုက်ခတ်မိသော
သူတို့ကားလေးက တကယ့် ကစားစရာ အရုပ်ကလေးပမာ။

အစိတ်စိတ် အမွှာမွှာကွဲကြေကုန်သော ကားမှန်ပိုင်းစတွေက
ထိပ်လန့်စွာ ကြောင်ငေးနေသော သူ့မျက်ဝန်းတွေထဲ ဘယ်အချိန်က
ဝင်သွားခဲ့သည် မသိလိုက်။

ကံဆိုးမှုထဲက ကံကောင်းခြင်းက ထိုကားမှန်အပေါက်က သူ
ချွင်းစင် ပြုတ်ကျသွားခဲ့တာကြောင့် ဖြစ်သည်။ ထို့အတွက် ချောက်ကမ်း
အောက် ကျောက်ဆောင်တွေကြားထဲမှာ မီးလောင်ပေါက်ကွဲသွားသော
ကားလေးထဲမှာ သူ မပါဝင်ခဲ့ပါ။

ဒယ်ဒီနှင့်အတူ ဒရိုင်ဘာ ကိုသိုက်ထွန်းတို့ တိမ်းပါးခဲ့သည်။
သူကတော့ တောတန်းတွေထဲက မြို့နွယ်တစ်ခုပေါ်မှာ တင်ကျန်ရစ်ကာ
အသက် မသေခဲ့ပါ။

မျက်နှာတစ်ခုလုံး မှန်ကွဲစလေးတွေ စူးနစ်လျက် နံရိုးနှစ်ချောင်း
ကျိုးသည်။ ဘယ်လက်အဆစ် လွဲကာ ပွန်းပဲ့ဒဏ်ရာ ဒဏ်ချက်တွေက
တော့ တစ်ကိုယ်လုံးအနှံ့နှင့် သတိလစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသတိပြန်ရတော့ ဆေးရုံပေါ်မှာ။

ဒယ်ဒီတို့ရဲ့ သတင်းဆိုးနှင့် အတူ မျက်စိအမြင်အာရုံတွေ

ဆုံးရှုံးလိုက်ရသော သူ့ဘဝကြီးကို သူဝမ်းနည်းမဆုံး။

"သားရယ် မာမီ့သားလေး အသက်ရှင်ကျန်နေတာပဲ မာ

အတွက် ဖြေသိမ့်စရာပါကွယ်၊ သားမျက်နှာပေါ်က ဒဏ်ရာတွေ

နဂိုအတိုင်း ဒဏ်ရာဒဏ်ချက် မရှိအောင် မာမီကုသပေးဖို့ စီစဉ် ထား

တယ်"

"သားမျက်နှာထက် အရေးကြီးတာ သားရဲ့မျက်လုံးတွေ

မာမီ"

"အဲဒီအတွက် သား ဝမ်းမနည်းပါနဲ့၊ ငွေဘယ်လောက်ကုန်ကု

ကုသပေးမှာပါ၊ မျက်ကြည်လွှာ အစားထိုး ကုသလို့ ရတယ်လို့ ဆရာ

ကြီးတွေပြောတယ်သား"

မာမီစကားကြောင့် သူ အားတက်ခဲ့ရပါသည်။ သူဆေး

ဆင်းတော့ ခန္ဓာကိုယ်က ဝေဒနာတွေပျောက် ကင်းခဲ့သည်။ မျက်နှာ

က ဒဏ်ရာတွေကိုလည်း ပလက်စတစ်ဆာဂျရီ နည်းနှင့် ခွဲစိတ်ကုသ

တာမို့ နဂိုအတိုင်း ချောမွေ့သွားခဲ့သည်။

ဒါပေမဲ့ သူလိုချင်လှသော အမြင်အာရုံတွေ အတွက်က

လွယ်ကူလွန်းလှသော ကိစ္စမဟုတ်ခဲ့ပါ။





"မျက်ကြည်လွှာ အစားထိုးဖို့ဆိုတာက အချိန်ကာလတစ်ခုကို

ာင့်ရမှာတဲ့ သားရဲ့မျက်ကြည်လွှာ အလှူရှင်တွေရဲ့ စေတနာနှင့်

ဒနာသည်တွေကို အလှည့်ကျ ကုသပေးရတာတဲ့"

မာမီက အားပေးသလို မျက်စိကုဆရာဝန်ကြီးကလည်း သူ့ကို

ပြပါသည်။

"မောင်မြူခိုးလွှင် နားလည်လွယ်အောင် ပြောရရင် ခန္ဓာကိုယ်

ရဲ့ အစိတ်အပိုင်းတွေကို လှူဒါန်းမယ့် အလှူရှင်က သူတို့ မသေဆုံးမီ

တည်းက လှူဒါန်းခဲ့ကြတာကွဲ့၊ သူတို့တိမ်းပါးတော့မှ ဆေးရုံက

ဝန်ကျ ဆရာဝန်တွေက ခွဲစိတ်ထုတ်ယူပြီး လိုအပ်တဲ့ လူနာတွေမှာ

ားထိုး ကုသပေးရခြင်းမျိုးပေါ့ကွယ်"

သည်လိုနှင့် သူ့မျက်ဝန်းတွေ ပြန်မြင်ခွင့်ရနိုင်ဖို့အတွက် သူမှာ

က်ပြီး စောင့်ခဲ့ရသည်။

ငါးနှစ်ကျော်ဆိုသော ကာလနီးပါးထိတိုင် သူ့ဘဝလည်း အ

င်းမဲ့သောကမ္ဘာတစ်ခုမှာ ရှင်သန်ခဲ့ရ၏။

သည်ကာလမှာ ဆုံဆည်းခဲ့ရသော ကြယ်ပွင့်သည် သူ့အပေါ်

နာမှုပေးစွမ်းနိုင်ဆုံးသော ချစ်သူ မိန်းကလေးလည်း ဖြစ်ခဲ့သည်။

သူ့မျက်ဝန်းတွေ ပြန်မြင်ခွင့်ရခဲ့သည့် နောက်ပိုင်းမှာ သူ့ဘဝက

ဒ်ပျော်ရွှင်စွာ ပြန်ရှင်သန်နိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီရဲ့ ကုမ္ပဏီလုပ်ငန်းတွေကို သူပြန်လည်ဦးဆောင်နိုင်ခဲ့၏။ ချစ်သော ကြယ်ပွင့်ခင်နှင့်လည်း အနာဂတ် ဘဝလေးကို လှပစွာ တည်ဆောက်ဖို့ ရည်ရွယ်ချက်တို့ ထားနိုင်ခဲ့သည်။

ဒါပေမဲ့ သူ့စိတ်ကို ညစ်ညူးစေသည်က အမြဲမက်တက်သော အိပ်မက်ပင်ဖြစ်သည်။

ထိုအိပ်မက်တို့၏ မြစ်ဖျားခံရာသည် . . ။

■ ■ ■

"လာဟော့ မြူနိုးလွင် မင်း ကြိုဖုန်းဆက်ထားလို့ ဆရာစောင့်နေတာကွ"

သူ ရောက်လာတာမြင်သည်နှင့် ဆရာဝန်ကြီးဦးလှိုင်မြတ်သာက ပြုံးရွှင်စွာ ဆီးကြိုသည်။

သူ့ဧည့်သည်ထိုင်ခုံမှာ ဝင်ထိုင်ရင်း

"ကျွန်တော် ဆရာကြီးနဲ့ အရေးတကြီး တိုင်ပင်ဆွေးနွေးခွင့်ရချင်လို့ပါ ခင်ဗျာ"

"လွတ်လွတ်လပ်လပ် တိုင်ပင်ပါ မောင်မြူနိုးလွင်၊ အခုအိမ်မှာ ဆရာပဲရှိတယ်၊ ဆရာ့ဇနီးနဲ့ မိသားစုကတော့ အလှူတစ်ခု သွားကြတယ်ကွ"

ဦးလှိုင်မြတ်သာက သူ့ကို ပွင့်လင်းစွာ ပြောနိုင်အောင် စကား





လမ်းကြောင်း အသိပေးသည်။

"ဟုတ်ကဲ့ ကျေးဇူးပဲဆရာ ကျွန်တော် အရင်ဆုံး ပြောချင်တာ ကျွန်တော်မက်နေတဲ့ အိပ်မက်အကြောင်းပါ"

ဆရာဝန်ကြီး မျက်မှောင်ကုပ်သွား၏။ အံ့ဩစွာနှင့် သူ့ကို ပါဝါမျက်မှန်ထဲက ငေးကြည့်နေခဲ့သည်။

"အိပ်မက်အကြောင်းဟုတ်လား ၊ မောင်မြူနိုးလွင် မျက်စိတွေ ခွဲစိတ်ကုသပြီးစက ဒီကိစ္စ ဆရာနဲ့ ဆွေးနွေးဖြစ်သေးတာပဲ"

"ဟုတ်တယ်ဆရာ၊အဲဒီတုန်းက ကျွန်တော်မက်ခဲ့တဲ့ အိပ်မက်က အခုချိန်ထိ ပုံမှန် မက်နေတုန်းပဲ နှစ်ပတ်တစ်ခါ၊ တစ်ခါတလေကျရင် အနည်းဆုံး တစ်လတစ်ခါတော့ မက်တုန်းပဲ၊ မက်တိုင်းလည်း ပထမတုန်းက မက်တဲ့ အိပ်မက်တွေအတိုင်း တစ်ပုံစံတည်းပဲ"

"ဘယ်လို တစ်ထပ်တည်း မကွဲပြားဘူး ဟုတ်လား"

"အသေအချာပဲ ဆရာ ကြည့်ဖူးပြီးသား ရုပ်ရှင်ကား တစ်ကားကို အကြိမ်ကြိမ်ထပ်ကြည့်နေရတဲ့အတိုင်းပဲ၊ အဲဒီအိပ်မက်ထဲမှာ ကျွန်တော်နဲ့ အတူရှိနေတဲ့ အမျိုးသမီးရဲ့ ပုံစံကလည်း မက်တိုင်းဒီပုံစံပဲ၊ ကျွန်တော် အသေးစိတ်မှတ်မိနေတယ်ဆရာ"

ဆရာဝန်ကြီး အံ့ဩသွားခဲ့တာ သေချာသည်။ သူကိုယ်တိုင် မျက်ကြည်လွှာအစားထိုး ကုသပြီး တစ်နှစ်ကျော်ကာလမျှ အေးအေးမြင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရနေသူက ထူးခြားလှသော အိပ်မက်အကြောင်းကို ပြောပြလာသည် ဆိုတော့

"အင်း ထူးတော့ထူးဆန်းတယ်၊ ဒီလို အဖြစ်အပျက်မျိုး ဆရာ တစ်သက်မှာ မကြုံဖူးသေးဘူး"

"ကျွန်တော်လည်း စိတ်ထဲမှာ မတင်မကျ ခံစားနေရတယ် ဆရာ၊ မာမီကို ပြောရင်ယုံမှာ မဟုတ်ဘူး ကျွန်တော့်ကို စိုးရိမ်နေမှာ စိုးလို့ ဆရာနဲ့ လာတိုင်ပင်တာပါ"

"အေးကွာ ဒီလိုထူးဆန်းတဲ့ စိတ်ခံစားမှုဆိုင်ရာကို ဆရာလည်း စိတ်ဝင်စားပါတယ်"

"ဆရာ့ကို ကျွန်တော်ပြောချင်တာက ကျွန်တော်အခု အလယ် မြင်ခွင့်ရနေတဲ့ မျက်စိအလှူရှင်က ဘယ်သူလဲ သိချင်တာပါ ဆရာ"

ဆရာဝန်ကြီး မျက်ခုံးတွေ ပင့်တက်သွားရင်း

"မောင်မြူနိုးလွင်က ဘာကြောင့်သိချင်တာလဲ"

"ကျွန်တော်ရဲ့ အိပ်မက်နဲ့ ဆက်စပ်နေမလားလို့ စုံစမ်းချင်လို့ ဆရာ အဲဒီမျက်ကြည်လွှာ အလှူရှင်ကို ကျွန်တော်သိချင်လို့ပါ"

ဆရာဝန်ကြီး တဒင်္ဂတော့ တွေဝေသွားခဲ့သည်။ ပြီးမှ အလေး အနက် စဉ်းစားငြိမ်သက်နေရင်း

"ဒီကိစ္စက ဘယ်လိုမှ သိခွင့်မရှိတဲ့ ကိစ္စပဲ မောင်မြူနိုးလွင်





မျှောကိုယ်အစိတ်အပိုင်း အလှူရှင်တွေက ဖြူစင်တဲ့ အလှူနဲ့ သူတို့ခန္ဓာ အစိတ်အပိုင်းတွေကို လှူခဲ့တာ၊ ဘယ်သူ ဘယ်ဝါကို ကုသပေးပါလို့ ရည်ညွှန်းလှူခဲ့တာ မဟုတ်ဘူး၊ ဒီတော့ မသိနိုင်ဘူးကွဲ့၊ ဆရာတို့ဘက်က ကျင့်ဝတ် စည်းကမ်းလည်းရှိတယ်လေ"

ဆရာဝန်ကြီး၏ ဆိုလိုချက်ကို သူနားလည်ပါသည်။ ဒါဆိုလျှင် တော့ သူသိချင်တာကို သိခွင့်ရဖို့ လမ်းမမြင်ပါ။

"ကျွန်တော် နားလည်ပါပြီဆရာ"

"အေးကွာ မောင်မြူနိုးလွင် ရင်ထဲကခံစားချက်ကိုလည်း ဆရာ နားလည်ပါတယ်၊ ထူးခြားမှုရှိရင် ဆရာ့ကို အချိန်မရွေး တိုင်ပင်ပါ၊ အခုချိန်မှာ မင်းကို ဆရာအကြံပေးချင်တာက အိပ်မက်ကို အိပ်မက်တစ်ခု သို့ ပဲသဘောထားလိုက်ပါကွာ၊ ဟုတ်ပြီလား"

သူခေါင်းညိတ် ကတိပေးခဲ့ရပေမယ့် လွယ်ကူလှသည့် ကိစ္စ မဟုတ်ဟုထင်သည်။

အိပ်မက်ထဲက ပုံရိပ်တွေက ပျောက်ပျက်သွားခဲ့လျှင် ကိစ္စမရှိပါ။ အခုတော့ အိပ်မက်တွေက သူ့ကို ပိုင်စိုးလို့နေသည်။

ဒါတွေထဲက သူ ရုန်းထွက်ချင်သည် ဒါပေမဲ့လည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ခြံထဲက ခုံတန်းလေးမှာ သူတစ်ယောက်တည်း ငြိမ်သက်

ထိုင်နေတုန်းမှာပဲ ခြံထဲကို မောင်းဝင်လာသော ကားပြာကြီးကို မြင်လိုက်

သည်။

ကြယ်ပွင့်ခင်ရဲ့ကားဟု သိလိုက်ပေမယ့် သူ ဆက်ပြီး ထိုင်

ဆဲ။

ကားလေးက ဆင်ဝင်းအောက်မှာ ထိုးရပ်သွား၏။ ပြီးတော့

တံခါးလေးဖွင့်ကာ ကြယ်ပွင့်ဆင်းသည်။ အနီရဲရဲကိုယ်ကြပ်လက်

စပို့ရှပ်လေးဝတ်ထားသော ကြယ်ပွင့်သည် ဂျင်းနက်ပြာအကြပ်

နှင့်လည်း လိုက်ဖက်နေသည်။

မျက်ဝန်းတွေက သူ့မ နှစ်သက်သော နှင်းဆီပင်တွေ





ဆေးရင်း သူ့ကို မြင်သွားခဲ့တော့ မျက်ဝန်းလေးတွေ လက်ခနဲ တောက်ပ

မြူးသွား၏။

"မြူ့က အသံမပေးဘဲ ထိုင်နေတယ်ပေါ့"

ချိုနွဲ့နွဲ့အသံလေးနှင့် ဆိုရင်း သူ့ဆီ လှမ်းလျှောက်လာသည်။

ပြီးတော့ သူထိုင်နေသော ခုံတန်းလေးမှာ ဝင်ထိုင်ရင်း

"ဘာဖြစ်နေတာလဲ မြူ နေမကောင်းဘူးလား"

"ကောင်းပါတယ် မြူ နှင်းဆီပန်းတွေကို လှည့်ကြည့်မှာပဲလို့

သိနေလို့ မခေါ်တာလေ လှည့်ကြည့်တော့ ကိုယ့်ကို မြင်သွားပြီပေါ့"

"ဟုတ်ပါပြီ မြူ့က အခု ဘာထိုင်လုပ်နေတာလဲ"

ကြယ်ပွင့် မျက်ခုံးလေးစုကျုံ့ပြီး မေးသည်။ သူပေါ့ပါးစွာ

ပြုံးရင်း ဖြေသည်။

"ဘာမှလုပ်စရာမရှိလို့ ထိုင်နေတာပါကွာ"

"ဘာရယ် မြူ့ကို တစ်နေ့က ကြယ်ပွင့် လှမ်းဖုန်းဆက်တာ

သတိမရဘူးလား"

သည်တော့မှာပဲ သူ ပြန်သတိရ၏။ ဒီတနင်္ဂနွေပိတ်ရက်မှာ

ကြယ်ပွင့်က သူနှင့် အတူလိုက်ခဲ့ဖို့ခေါ်ထားသည်။

"ဟာ ဆောရီး ကြယ်ပွင့်ရယ် ကိုယ်တကယ် မေ့သွားတယ်"

မကျေမနပ်နှုတ်ခမ်းလေး စူသွားပုံက ချစ်စရာကောင်း နေပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူအနူးအညွတ်တောင်းပန်မိ၏။

"ဆောရီး တောင်းပန်ပါတယ် ကြယ်ပွင့်ရယ်၊ ကိုယ်ဒီရက်

အလုပ်တွေ အရမ်းများနေလို့ကွာ နော်"

သည်တော့မှာပဲ မျက်ခုံးလေးတွေတန်းကာ နှုတ်ခမ်းလေး

အရှုံရစ်တော့သည်။

"အခုကော ကြယ်ပွင့်နဲ့ လိုက်နိုင်မှာလား မြူ"

"ဟာ လိုက်မှာပေါ့ ကြယ်ပွင့်ရဲ့ ခဏလေးစောင့် ဟုတ်

လာ မာမီနဲ့ စကားပြောရင်းစောင့်နော်"

ကြယ်ပွင့်ကို ချော့မော့ကာ အိမ်ထဲခေါ်ခဲ့ရသည်။ မာမီ

ဧည့်ခန်းထဲမှာ ရှိနေတာမို့ ကြယ်ပွင့်ကိုမြင်တော့ ပြန်နှုတ်ဆက်ရ

"သမီးလေးရောက်နေတာသိလို့ ဒီမှာ အန်တီကော်ဖီဖျော်

စောင့်နေတာ"

"တီတီ့ သားက သမီးကို ချိန်းထားပြီး မေ့နေတယ်တဲ့၊ အ

တွေထဲမှာချည်း နစ်နေတယ် တီတီရဲ့"

"ဟင်ဟုတ်လား သား သားကတော့ တကယ်ခက်တာ

အဲဒါပဲကြည့်တော့ သမီးရေ၊ အန်တီတော့ မနိုင်တော့ဘူး။ သမီးပဲ ထ

တော့ကွယ်၊ အန်တီ ဝကွက် အပ်တယ် ဟင်း ဟင်း"

မာမီက ရယ်မောရင်း ပြောတော့ ကြယ်ပွင့် ရှက်ပြုံးလေး





ဘိ နားမှာဝင်ထိုင်သည်။ ကြယ်ပွင့်ကို သူ့ဘဝရဲ့ ကြင်ဖော်အဖြစ်

ာမီက အကြွင်းမဲ့လက်ခံထားခဲ့သည်။

တကယ်ဆိုရင်လည်း ကြယ်ပွင့်သည် သူ့အတွက် အကောင်းဆုံး

သော အဖော်မွန်ဆိုတာ သူ ယုံကြည်ပါသည်။

"ကြယ်ပွင့် မာမီတိုက်တဲ့ ကော်ဖီသောက်ရင်း ခဏလေးစောင့်

နော်၊ ခဏလေး ကိုယ်အလွန်ဆုံး ဆယ်မိနစ်ပဲ"

ပြောပြီး အဝတ်အစားလဲဖို့ အခန်းထဲဝင်ခဲ့သည်။ မာမီနှင့်

ယ်ပွင့်တို့ သူ့အကြောင်းပြောနေမှာ သေချာသည်။

မာမီက သူနှင့် ကြယ်ပွင့်တို့ အမြန်ဆုံး လက်ထပ်ပေးချင်နေ

တာ သေချာပါသည်။

သူ့ဘက်က အချိန်ဆွဲနေခဲ့တာ မဟုတ်ပေမယ့် သူ့မျက်ဝန်းတွေ

ကောင်းပကတိပြန်မြင်ချိန်မှာတော့ သူ့ရဲ့စီးပွားရေးလုပ်ငန်းတွေကို

ခြေကျအောင် ကြိုးစားချင်သေးသည်။

သည်လိုနှင့် သူလည်းလုပ်ငန်းတွေထဲမှာ နစ်မြုပ်ခဲ့၏။ ကြယ်ပွင့်

ည်လည်း သူမအစ်ကိုရဲ့ ကုမ္ပဏီမှာ ကူညီပေးနေခဲ့ကြတာဖြစ်သည်။

နှစ်ဖက် မိဘတွေကတော့ သူတို့ဆန္ဒတွေကို ကြည်ဖြူလက်ခံ

လည်ပေးခဲ့ကြသည်။

သူအခန်းထဲက ပြန်ထွက်လာတော့ မာမီနှင့် ကြယ်[illegible] စကား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလို့နေဆဲရှိ၏။

''သွားစို့လေကြယ်ပွင့်၊ မာမီ သားကြယ်ပွင့်နဲ့ ခဏလို
သွားဦးမယ် နော်''

''အံမယ် ခဏမဟုတ်ပါဘူး မြူရဲ့ဒီနေ့ တစ်နေကုန်
ကြယ်ပွင့် သူငယ်ချင်းမင်္ဂလာဆောင် သွားပြီးရင် တစ်မြို့လုံး လည်ဦး
နားရက်လေးလည်ခွင့်ရတာကို ၊ အန်တီဆီမှာ ခွင့်တောင်းပြီးသား

''ဟုတ်တယ် သားရဲ့ ဒီနေ့တော့ သမီးလေး စိတ်တိုင်း
လိုက်ပို့လိုက်ပါကွယ်''

မာမီနှင့်ကြယ်ပွင့် စည်းချက်ညီနေခဲ့ပြီဆိုတော့လည်း
ဘာပြောရမည်လဲ။ ဒီနေ့တော့ ကြယ်ပွင့် စိတ်တိုင်းကျ သူလိုက်ပို့
ပေးဦးပေါ့။

■ ■ ■

ကြယ်ပွင့်ရဲ့ အစီအစဉ်အတိုင်း အရင်ဆုံးရောက်ဖြစ်တာ ကြ
ပွင့် သူငယ်ချင်းဖြစ်သူရဲ့ မင်္ဂလာဧည့်ခံပွဲ ကိုဖြစ်သည်။

ဆုံတွေ့ရသည့်ဧည့်ပရိသတ်တွေက သူနှင့် မရင်းနှီးပေ
ကြယ်ပွင့် မိတ်ဆက်ပေးတာမို့ သူလည်း အလိုက်သင့် နှုတ်ဆက်ခဲ့ရသ
ဘယ်တော့စားရမှာလဲ ပိုင်းမေးတာကို သူလည်း မျက်နှာပူ၊ ကြယ်
လည်း ရှက်ပြုံးတွေနှင့် နှုတ်ဆက်ပြန်ခဲ့သည်။





''ကဲ ဘယ်ကို သွားဦးမှာလဲ မရွှေချော''

''ဘာလဲ မြူက စိတ်မရှည်လို့ အရွဲ့တိုက်မေးတာလား''

''ဟာကွာ မဟုတ်တာ ကြယ်ပွင့်က ဒီနေ့တကယ်ချောနေလို့
ခေါ်လိုက်တာပါ ကြိုက်တဲ့နေရာသွား တဖဝါးမှမခွာ လိုက်ပေးမယ်''

ကြယ်ပွင့် ကျေနပ်သွားခဲ့သည်။ သူ့ကို မျက်စောင်းလေးချိ
ကာကြည့်ရင်း

''ရွှေတိဂုံဘုရားကို အရင်ဝင်ဖူးမယ်''

ကြယ်ပွင့် အစီအမံအတိုင်း ကားကို ရွှေတိဂုံဘုရားဘက် ဦး
တည်သည်။ ဘုရားရင်ပြင်ပေါ်ရောက်တော့ ကြယ်ပွင့်က သူ့အနားတိုး
ကပ်ပြီး တိုးတိုးလေးပြောသည်။

''ဒီနေ့ ကြယ်ပွင့်နဲ့မြူ စပြီးဆုံးဖြစ်ကြ တဲ့နေ့၊ သုံးနှစ်တင်း
တင်းပြည့်တဲ့နေ့လေ၊ ဒါကြောင့် ဘုရားကို လာတာ''

''သုံးနှစ် ဟုတ်လား''

''ဟုတ်တယ် မြူရဲ့ ကြယ်ပွင့် မှတ်မိတာပေါ့''

သူ့ထက် အရပ်အနည်းငယ်နိမ့်သော ကြယ်ပွင့်က မော့မော့
လေးကြည့်ကာ ပြောနေသည်။ မျက်တောင်ကော့ကြီးတွေ ကာရံထားသော
ကြယ်ပွင့် မျက်နက်ဝန်းလေးတွေထဲ အထိ အပြုံးရောင်စဉ်လေးတွေ
ယှက်သမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ပတ်သက်သမျှ မှတ်မှတ်ရရရှိနေသော ကြယ်ပွင့်ကိုတော့ သူ လေးစားမြတ်နိုးရပါသည်။ တကယ်ဆို သူတောင်အသေအချာ မှတ်သားထားတာမျိုး မရှိပါ။

"မြူနဲ့ကြယ်ပွင့်အတွက် ရည်စူးပြီး ဘုရားမှာ ပန်း ဆီမီး ရေချမ်း လှူရအောင်နော်"

အရာရာကို ကြယ်ပွင့်ကပဲ ဦးဆောင်စီမံနေသည်။ လွန်ခဲ့သော နှစ်တွေကလည်း ဒီလိုနေ့ရက် ရောက်တိုင်း ကြယ်ပွင့်က ရွှေတိဂုံဘုရား ပေါ်သို့ သူ့ကို ခေါ်လာတတ်ပါသည်။

ထိုစဉ်တုန်းက သူ့မျက်ဝန်းတွေ မမြင်နိုင်သေးပါ။ ကြယ်ပွင့်က သူ့လက်ကိုတွဲကာ အတူယှဉ်တွဲ ခေါ်သည့်ကာလတွေပဲ ဖြစ်သည်။

ထူးထူးခြားခြား သည်နေ့ကျမှ စေတီဘုရား ရင်ပြင်ပေါ်မှာ ဘုရားဖူးတွေ များပြားစည်ကားနေခဲ့သည်။

ကြယ်ပွင့် ဘုရားဝတ်ပြု ဆုတောင်းနေတာကို သူ နံဘေးမှ ထိုင်စောင့်ပေးနေရင်း ရင်ပြင်ပေါ်ကလူတွေကို အဓိပ္ပါယ်မဲ့ ငေးမော နေချိန်တွင်ေ မထင်မှတ်ဘဲ မျက်ဝန်းထဲကို ဝင်လာသော မျက်နှာလေး တစ်ခု။

"ဟင်"

သူ့မျက်ဝန်းတွေ မင်သက်ကြောင်တွေလျက် ထိုမျက်နှာပိုင်ရှင်





မှာ မိနစ်အတန်ကြာ ငေးမောသွားမိသည်။

မျက်ခုံးမျက်ဝန်းတွေနဲ့ နှာတံတွေ နှုတ်ခမ်းတွေ သေချာသည်။ ဒါ သူ့ရဲ့အိပ်မက်ထဲက မိန်းမပျိုပဲဖြစ်သည်။

ထင်းထင်းရှင်းရှင်း မြင်နေရသော မျက်နှာလေးက လူအုပ်ထဲ မှာ ရောနှောပျောက်သွားတော့ သူအထိတ်တလန့် ထရပ်မိသည်။

ဘုရားဝတ်ပြုနေဆဲ ကြယ်ပွင့်ကိုတော့ ခွင့်မတောင်းနိုင်ဘဲ ထိုမျက်နှာ ပိုင်ရှင် အမျိုးသမီးရှိရာသို့ သူကသော ကမျောလှမ်းခဲ့၏။

လူအုပ်တွေထဲကို တိုးဝှေ့ပြီးလာခဲ့ရတာမို့ ခရီးကထင် သလောက် မပေါက်ပါ။ သူမကို မြင်တွေ့ခဲ့ရသော နေရာလေးမှာ သူမ မရှိတော့ပါ။

သူ့မျက်ဝန်းတွေ ကျိုးကန်းတောင်းမှောက် ရှာဖွေရင်း ရင်ပြင် အတိုင်းပတ်ကာ ရှာဖွေသည်။ အိပ်မက်ထဲမှာ မြင်ဖူးသော အမျိုးသမီးကို အပြင်မှာ အမှန်တကယ် မြင်တွေ့လိုက်ရခြင်းက သူ့စိတ်ကို အံ့ဩ ချောက်ချားစေသည်။

ဘယ်နှကြိမ်၊ ဘယ်နှပတ်၊ ပတ်ကာ ရှာနေမိသည်မသိပါ။ သူ့လက်ကို အနောက်က တစ်စုံတစ်ယောက် လှမ်းဆွဲမှ သူ ဆတ်ခနဲ လှည့်ကြည့်မိသည်။

"မြူ"

"ဟင် ကြယ်ပွင့်"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ ဘယ်သူ့ကို ရှာနေတာလဲဟင်၊ အသိတစ်ယောက်များ
လို့လား"

သူ ကြယ်ပွင့်ကို မညာချင်ပါ။ သူ မျက်နှာကို စူးစူးနစ်နစ်
လေးငေးကြည့်နေသော ကြယ်ပွင့်ကို ရိုးသွားစွာပဲ ဝန်ခံမိသည်။

"ကြယ်ပွင့် ကိုယ် အမြဲမက်တဲ့ အိပ်မက်ထဲမှာပါတဲ့ အမျိုးသမီး
ကို ကိုယ် အခုလေးပဲ တွေ့လိုက်ရတယ်"

"ဟင်"

ကြယ်ပွင့် မျက်ဝန်းလေးတွေ ဝိုင်းဆက်လို့ သူ့ကို ငေးကြည့်
နေတာ အကြာကြီး။ သူ့စကားကို ကြယ်ပွင့် ယုံနိုင်ပါ့မည်လား။ သူ
လိုက်ရတာတော့ အသေအချာ။

သူ့နံဘေးမှာ ရှိနေသော ကြယ်ပွင့်ကို ဂရုမစိုက်နိုင်ဘဲ သူ
မျက်ဝန်းတွေက ဝေ့ဝဲရှာဖွေနေတော့

"မြို့ ထပ်ရှာချင်သေးရင်လည်း လာလေ၊ ကြယ်ပွင့်တို့နှစ်
ယောက် ရင်ပြင်တစ်ပတ်လောက် ထပ်ရှာကြတာပေါ့"

"အင်း ကိုယ်တစ်ခါလောက် ရှာချင်သေးတယ် ကြယ်ပွင့်"

နှစ်ယောက်သား ရင်ပြင်တစ်ပတ်ထပ်ပြီး ပတ်ရှာသေးသည်။
ဒါပေမဲ့ သူမကို မတွေ့ရတော့ပါ။ သည့်အတွက် သူ မချင့်မရဲဖြစ်နေမိ
လို ကြယ်ပွင့်မျက်နှာလေးကို ကြည့်တော့ သူ့ကို အကဲခတ်ကြည့်နေ





ဦးငယ်ငယ်ဖြစ်နေပြီး

"ထားလိုက်ပါတော့ ကြယ်ပွင့်ရယ် ကဲ ကြယ်ပွင့် ပလာဇာသွား
ဦးမယ် မဟုတ်လား"

"ဟင့်အင်း မသွားတော့ပါဘူး မြို့ရယ်"

သူ စိတ်မကောင်းဖြစ်သွားမိသည်။ ကြယ်ပွင့် မျက်ဝန်းတွေထဲက
အရိပ်တွေကို သူ ခံစားနားလည်ပါသည်။ ကိုယ့်ရဲ့ ချစ်သူမိန်းကလေး
အနားမှာ ရှိနေလျက် သူ မသိသော မိန်းမတစ်ယောက်ကို အာရုံလွင့်ပါး
နေခြင်းက ကြယ်ပွင့်ကို ဥပေက္ခာပြု သလိုဖြစ်နေခဲ့ပြီလား။

"ကြယ်ပွင့်ကိုယ့်ကို နားလည်ပေးပါနော်၊ ကိုယ် ကြယ်ပွင့်ကို
သိပ်ချစ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ရဲ့အိပ်မက်ထဲက အဖြစ်အပျက်တွေက
ခုချိန်မှာ ကိုယ့်စိတ်ကို မွန်းကြပ်နေတယ်၊ မာမီစိတ်မချမ်းသာမှာစိုးလို့
ကိုယ်မပြောဖြစ်တာပါ၊ ကိုယ့်အိပ်မက်တွေ အဆုံးမသတ်ဘဲ မက်နေတုန်းပဲ
ဒါ ဒါကြောင့်ပါ ကြယ်ပွင့် ရယ်"

ကြယ်ပွင့်လက်ကလေးကို ဆုပ်ကိုင်ရင်း သူ ရင်ဖွင့်မိသည်။
ကြယ်ပွင့် သူ့လက်တွေကို အုပ်မိုးဆုပ်ကိုင်ရင်း

"မြို့ ရယ် မြို့ကို ကြယ်ပွင့် နားလည်ပါတယ်၊ မြို့ကို
နားလည်နိုင်ဆုံးသူက ကြယ်ပွင့်ဆိုတာ မြို့ ယုံပါကွယ်"

ကြယ်ပွင့်ခင် ဆိုသော ချစ်သူလေးသည် သူ့အတွက် တကယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို မြတ်နိုးချစ်ခင်ရရာကောင်းသော မိန်းကလေးဖြစ်သည်။

ထို့အတွက် ကြယ်ပွင့် နှလုံးသားကို သူ တစ်ရံတစ်ဆစ်လေးမျှ တောင် မခံစား မနာကျင်စေလိုပါ။

လက်ရှိအခြေအနေမှာတော့ . . . ။

■ ■ ■



## အခန်း (၂၄)

"သားကို မာမီ ပြောချင်နေတာကြာပြီသား၊ ဒါပေမဲ့ သားနဲ့ ကြယ်ပွင့်လေးတို့ တွယ်တာမှုကို ယုံကြည်လို့ ဘာမှမပြောခဲ့တာ ပါ၊ အခုတော့ မာမီပြောမယ်သား၊ သား ကြယ်ပွင့်လေးနဲ့ လက်ထပ်ဖို့ ကိစ္စကို စဉ်းစားသင့်ပြီလို့ မာမီယူဆတယ်"

မာမီနှုတ်က ပြောလာသည့် စကားအတွက် သူဘာမှခွန်းတုံ့ မချေပနိုင်ခဲ့ပါ။

"သားပဲ စဉ်းစားကြည့်လေ၊ သမီးလေးက သားအပေါ်မှာ အကောင်းဆုံး အဖော်တစ်ယောက်ဆိုတာ မာမီ ပြောစရာမလိုအောင် သားသိပါတယ်၊သမီးလေးကသားကို အရာရာစွန့်ပြီး ချစ်ခဲ့သူပါ၊ သားက လည်း သမီးလေးကို ချစ်မြတ်နိုးတာ မာမီသိပါတယ်၊အခုပဲ သား လက်ထပ်ဖို့ကို ရက်ရွေးလာတာ တစ်နှစ်ခွဲနီးပါးရှိနေပြီ၊ ဒါ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူးသား''

''ကျွန်တော်လက်ခံပါတယ် မာမိ၊ ကျွန်တော်ကြယ်ပွင့်ကို ချစ်ပါတယ်၊ ကျွန်တော်ရွှေ့လာတယ်ဆိုတာ တမင်အချိန်အချိန်ဆွဲတာ မဟုတ်ပါဘူး''

''သားကို မာမိနားလည်တယ်၊ သားအနေနဲ့ စီးပွားရေးလုပ်ငန်းမှာ အသားကျအောင် လုပ်ဆောင်ချင်သေးလို့ဆိုတာ ကြယ်ပွင့်လေးကောသူ့မိဘတွေကပါ လက်ခံတယ်၊ အခု သားဆန္ဒအတိုင်း ဖြစ်နေပြီပဲကွယ်၊ ဒီထက် မာမိတို့ဘက်က တွန့်ဆုတ်ဆုတ် လုပ်နေမယ်ဆိုရင် သမီးလေးမိဘတွေ စိတ်ထဲမှာ အထင်လွဲသွားလိမ့်မယ်၊ သမီးလေးရဲ့သိက္ခာကိုလည်း သားထည့်စဉ်းစားရမယ်''

သူပင့်သက်ရှိုက်မိ၏။ မာမိပြောသလို သူ့ဘက်က လွန်ခဲ့ပြီလားဆိုတာ စဉ်းစားတွေးတောစရာတောင် မလိုအပ်ပါ။

''ကျွန်တော်ဆုံးဖြတ်ပြီးပါပြီ မာမိ ကြယ်ပွင့်ကို သားအမြန်ဆုံးလက်ထပ်ပါမယ်၊ မာမိ ကြယ်ပွင့် မိဘတွေနဲ့ စီစဉ်လိုက်ပါ''

မာမိမျက်နှာ ဝင်းပကြည်လင်သွားခဲ့သည်။

''ဝမ်းသာလိုက်တာ သားရယ်၊ ဒါဆို ဒေါ်မြင့်မြတ်ခင်နဲ့ မာမီတိုင်ပင် စီစဉ်လိုက်မယ်နော်သား။ သားကော သမီးလေးကို ဖွင့်ပြောပြီးပြီလား''





''ကျွန်တော် ဒီရက်မှာပဲ ဖွင့်ပြောလိုက်မယ် မာမိ၊ တစ်ခုတော့ရှိတယ် မာမိ၊ ကျွန်တော် ဒီတစ်ပတ်အတွင်းမှာ တောင်ကြီးကို သွားရမယ်၊ ဟိုမှာ အနည်းဆုံး တစ်လလောက်တော့ နေပေးရမယ်၊ တောင်ကြီးက ကုမ္ပဏီမှာ ကျွန်တော်ခဏလောက် ရုံးထိုင်ပေးရမှာမို့ပါ''

''ဒါဆို ဒီလိုလုပ်လေ သား။ သား တောင်ကြီးမသွားခင် သမီးလေးနဲ့ စေ့စပ်ပွဲလေးအကျဉ်းစီစဉ်သွားပါ၊ မင်္ဂလာပွဲကိုတော့ သားပြန်ရောက်လာမှ စီစဉ်မယ်၊ မာမိကသားတို့ မင်္ဂလာပွဲကို အကောင်းဆုံး စီစဉ်ချင်တယ်၊ အဲဒါဘာလို့လဲသိလား သား၊ သမီးလေး ကြယ်ပွင့်ရဲ့ သားကို ချစ်မြတ်နိုးမှုအပေါ် မာမိဂုဏ်ပြုတဲ့သဘောပဲ သား''

မာမိ ကျေကျေနပ်နပ်ကြီး ပြုံးကာပြောသည်။ မာမိ ရည်ရွယ်ချက်ကို သူ လက်ခံကြောင်းခေါင်းညိတ်မိပါသည်။

''ကောင်းပါတယ် မာမိ၊ ကျွန်တော် လုပ်စရာရှိတဲ့ စာရင်းလေးတွေသွားလုပ်လိုက်ဦးမယ်နော်''

''အေး အေး မာမိလည်း မြတ်ဆီဖုန်းဆက်ဦးမယ်''

မာမိကတော့ ဝမ်းသာနေသည့် အပျော်မျက်နှာနှင့် ညှော်ခန်းထဲက အရင်ဆုံး ထွက်သွားခဲ့ပါသည်။ သည်တော့မှပဲ သူစာကြည့်ခန်းထဲ ထွက်ခဲ့သည်။

စားပွဲပေါ်မှာ ရှိနေသော ဓါတ်ပုံလေးထဲမှာ ကြယ်ပွင့် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြနေသည်။ သူထိုင်ခုံမှာ ဝင်ထိုင်ရင်း ကြယ်ပွင့်ပုံရိပ်လေးကို ငေးစိုက်ကြည့်နေခဲ့မိသည်။

မျက်နက်ဝန်း စိုလဲ့လဲ့လေးတွေနှင့် ချစ်စရာ ကောင်းသော ကြယ်ပွင့်ခင်သည် တကယ်ဆို သူ့အတွက် အကောင်းဆုံး သော အဖော်ဆိုတာကို သူသိပါသည်။ ကြယ်ပွင့်ရဲ့ ကြိုးမား လေးစားစရာ ကောင်းသော ချစ်ခြင်းတွေ ကို သူပိုင်ဆိုင်ခဲ့ရတာ လွန်ခဲ့သော သုံးနှစ်ခန့် ကတည်းက ဖြစ်သည်။

ထိုစဉ်က

မြှုခိုးလွင် ဆိုသော သူ့ဘဝသည် ဘဝကို အမိပ္ပါယ်မဲ့စွာ ရှင်သန်နေခဲ့ရသော အထီးကျန်ရက်များ ဖြစ်သည်။

ကားအက်ဆီးဒင့်ကြောင့် ပျက်စီးသွားခဲ့သော သူ့အမြင်အာရုံတွေကြောင့် သူ့ဘဝသည် အမှောင်ထုနှင့် မွန်းကြပ်ပိတ် လှောင်နေသော ကမ္ဘာငယ်တစ်ခုမှာ ရှင်သန်ခဲ့ရသည်။

အချိန်ပြည့် အိမ်ထဲမှာ ခြံဝင်းထဲမှာ နေထိုင်ရသော အချိန်တွေကို ငြီးငွေ့လာမိသည့် အခါတိုင်း သူ ရောက်ဖြစ်ခဲ့တာ အိမ်နှင့် မဝေးလှသော သည် စမ်းချောင်းလေးအနားကို ဖြစ်သည်။

ညနေခင်းတိုင်းမှာ သည်နေရာလေးကို သူရောက်သည်။ စမ်းချောင်းလေးနံ့ဘေးကို သစ်ရိပ်အောက်မှာ သူ ထိုင်နေရတာက ကြည်





နူးစရာတစ်ခုဟု သူခံစားမိသည်။

ဟိုးအရင်ကဆိုလျှင် မာမီက သူအိမ်ထဲမှာ ရှိရှိ ခြံထဲ ဆင်းဆင်း စိုးရိမ်ပူပင်စွာ အနီးမှာ အရိပ်လို ရှိတတ်သည်။ မာမီ ရှိမနေနိုင်ခဲ့လျှင်တောင် ဦးမိုးကို သူနှင့် အနီးမှာရှိနေဖို့အတွက် အမြဲတမ်းစောင့်ရှောက်နိုင်းထားခဲ့သည်။

အလင်းမဲ့ဘဝနှင့် သုံးနှစ်ကျော်သူ ဖြတ်သန်းလာတော့ အရာရာသည် အသားကျလာတာကြောင့် မာမီလည်း အရင်လို မစိုးရိမ်တော့ပါ။ သူ့မျက်ဝန်းတွေ မမြင်နိုင်ပေမယ့် သူ့နားအာရုံနှင့် သူအားကိုးရာ တုတ်ကောက်လေးနှင့် သူသွားလာနိုင်သည်။

ဒါကြောင့်လည်း သည်စမ်းချောင်းအနားမှာ သူထိုင်နေချင်သည့်ဆန္ဒကို မာမီကခွင့်ပြုပေးခဲ့သည်။

သူသွားလိုချိန်တိုင်း ဦးမိုးက ကားနှင့် လိုက်ပို့ပေးသည်။

“ဦးမိုး ပြန်တော့ဗျာ ညနေငါးနာရီလောက်ကျမှ ကျွန်တော့်ကို လာခေါ်ပါ”

“အေး အေး မောင်မြှုခိုးလွင်”

သူ ကျေနပ်အောင် ဦးမိုး ခေါင်းညိတ်သွားပေမယ့် အိမ်ကိုပြန်မသွားဘူး ဆိုတာ သူသိပါသည်။ သူ့ကို ထားရစ်ခဲ့ကာ ဦးမိုး ပြန်လျှင် မာမီရဲ့ဆူပူမာန်မဲမှုကို ခံရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဦးမိုး အနားမှာ အရိပ်ကို စောင့်ရှောက် ဂရုစိုက်နေတာကို သဘောမကျပါ။

သည်တော့ ဦးမိုးက သူကျေနပ်အောင် ခေါင်းညိတ်ပြီး ကားကို မောင်းထွက်သွားမည်။ ပြီးလျှင် မလှမ်းမကမ်းမှာ ရပ်ပြီး စောင့်ကြည့်ပေးချင်ပေးမည်။ ဒါမှမဟုတ် ကားထဲမှာ ငုတ်တုတ်ထိုင်ကာ ဦးမိုး တစ်ရေးတမော အိပ်ငိုက်အနားယူလိမ့်မည်။

ဘာပဲဖြစ်ဖြစ် သူ တစ်ယောက်တည်း အေးချမ်းစွာ ထိုင်ကာ စမ်းချောင်းထဲက ရေစီးသံလေးတွေ ပတ်ဝန်းကျင်က အသံလေးတွေကို နားစွင့်ရတာကို သူနှစ်သက်ပါသည်။

အခုလည်း သည်နေရာလေးမှာထိုင်ကာ သူစိတ်တွေ ပေါ့ပါးလွှတ်ထားမိသည်။

မမြင်နိုင်ပေမယ့် သည်စမ်းချောင်းလေး တည်ရှိနေသော ဝန်းကျင် အနေအထားကို ဦးမိုးကို မေးကြည့်ထား၍ သူသိနေပါသည်။

သူထိုင်သော စမ်းချောင်းလေးနံဘေးက ကုက္ကိုပင်ကြီး အောက်မှာဖြစ်၏။ ခပ်လှမ်းလှမ်းမှာ ခြုံနွယ်လေးတွေ စီတန်းနေသော တောင်တန်းလေးနှင့် သစ်ပင်ငယ်လေးတွေ ရှိနေသည်။

ကားလမ်းနှင့် အလှမ်းဝေးသည့် နေရာလေးမို့ မြေဝါလမ်းကလေးပဲရှိသည်ဟု ဦးမိုး ပြောပြထားသည်။





သူ့မျက်ဝန်းတွေ အလင်းရခဲ့လျှင်တော့ သည်နေရာလေးကို ရောက်အောင် ပြန်လာကြည့်ပါဦးမည်။ အခုတော့ ဒီနေရာလေးမှာထိုင် အတိတ်ကမြင်တွေ့ခံစားခဲ့ဖူးသော ပုံရိပ်တွေကို မြင်ယောင်ခံစားရင်း နေရတာက ခြံထဲမှာ နေရတာထက် ပိုပေါ့ပါးသည်။

"ဟင်"

သူ့နားထဲမှာ ခြေသံလိုလိုကြားသည်။ သူမျက်ခနဲ ခေါင်းထောင်သွားကာ လှည့်ကြည့်တော့ ခြေသံက ခပ်လှမ်းလှမ်းမှာ ရပ်သွားသည်။

"ဦးမိုးလား"

တစ်ဖက်က တုံ့ပြန်သံ မကြားရပါ။ သူမျက်မှောက် ကုတ်လျက် နံဘေးက အဖော်တုတ်ကောက်လေးကို လှမ်းကိုင်မိသည်။

ဦးမိုး မဟုတ်လျှင် ဘယ်သူလဲ၊ သူ့ကို အန္တရာယ်ပြု လုယက်မည့်သူလား။ ဒီအတွက်တော့ သူတွေးမပူပါ။ သူ့ခန္ဓာကိုယ်မှာ ဘာ လက်ဝတ် ရတနာမှ ဝတ်ဆင်မထား။ နာရီတောင် ဘယ်တော့မှ ပတ်ဆင် မလာပါ။

ဝတ်ဆင်ထားသော အဝတ်အစားတစ်စုံနှင့် တပ်ဆင်ထားသော အနက်ရောင်မျက်မှန်တစ်လက်ပဲ ပါသည်။

"ဦးမိုး ခင်ဗျား ဦးမိုးမဟုတ်ရင် ဘယ်သူလဲ"

ထပ်မေးတော့လည်း တုံ့ပြန်သံမကြား။ သူထင်ယောင်ခြင်းများ



www.burmeseclassic.com

www.burmeseclassic.com



တာတော့မဟုတ်ပါ။ ခြေသံကို ကြားခဲ့ရတာ အထင်အရှား။ ပြီးတော့
စိတ်မှာ သိနေသည်က ထိုလူစိမ်းသည် သူ့ကို အကဲခတ်နေသည်ထင်
"ခင်ဗျား ဘာလို့ စကားပြန်မပြောတာလဲ၊ ကျွန်တော့်သိ
ဘာလိုချင်လို့လဲ ကျွန်တော့်မှာ ဘာမှမပါဘူး။ ကျွန်တော်က မျက်မမြ
ဒုက္ခိတ တစ်ယောက်ပါ"

သူ အရိုးသားဆုံး ပြောလိုက်သည်။ ဒါကိုမှ အန္တရာယ်ပြု
လည်း ပြုစေတော့။

"ဆော ဆောရီးနော် ကြယ်ပွင့် ရှင့်ကို အန္တရာယ်မပြုပါဘူးရှင်

သူ့နားထဲကို စီးဝင်လာသော အသံချိုချိုလေးက နူးညံ့
သာသည်။ သူ့စကားမှာ သူမ နာမည်လည်း ပါသည်။ ကြယ်ပွင့်

"ကြယ်ပွင့် ဟုတ်လား၊ ဆောရီးဗျာ ကျွန်တော်က ဦး
မဟုတ်ရင် အန္တရာယ်ပေးမယ့်သူ ထင်မိလို့ပါ"

"ဟင့်အင်း ကြယ်ပွင့် အန္တရာယ်မပေးပါဘူး၊ ရှင့်ကို ဒီနေ
လေးမှာ ခဏ ခဏ မြင်နေရတော့ စိတ်ဝင်စားလာလို့ လာကြည့်မိ
ပါ"

"ခဏ ခဏ မြင်တယ်၊ဒါဆို ခင်ဗျား ဒီကို အမြဲရောက်တယ်
ပေါ့"

"ဟုတ်တယ် မနက်တိုင်း ညနေတိုင်း ကျွန်မစက်ဘီး





ထွက်တယ်လေ၊ ဒါနဲ့ ရှင့်နာမည်ဘယ်သူလဲဟင်၊ ကြယ်ပွင့် နာမည်က
ကြယ်ပွင့်ခင်ပါ"

သူမကပဲ နှုတ်ဆက်လာသည်။ အသံချိုချိုလေးနှင့် သင်းပျံ့ပျံ့
ကိုယ်သင်းရနံ့လေးကိုပဲ သူခံစားသိနိုင်သည်။ သူမရုပ်သွင်ကို ခန့်မှန်းမရ
နိုင်ခဲ့ပါ။ နောက်ပိုင်းမှာ မာမီနှင့် ဦးမိုးတို့ပြောပြ၍ ကြယ်ပွင့်ခင် ဆိုသော
မိန်းကလေးသည် ချောမောချစ်စရာကောင်းသူ တစ်ယောက်ဟုသိခဲ့ရတာ
ဖြစ်သည်။

နေ့စဉ် စက်ဘီးစီးတတ်သော ကြယ်ပွင့်ခင်နှင့် သူ နေ့စဉ်တိုင်း
သည်နေရာလေးမှာ ဆုံဖြစ်ခဲ့ကြသည်။

နောက်ပိုင်းမှာ သူမရဲ့အသံချိုချိုလေးနှင့် ကိုယ်သင်းရနံ့လေးကို
သူကျွမ်းဝင်နေခဲ့သည်။

"ကြယ်ပွင့်နဲ့မြို့က ဘုဝတူတာပဲ၊ ကြယ်ပွင့်မှာလည်း ဖေဖေ
မရှိတော့ဘူး၊ မေမေရယ် အစ်ကိုရယ်ပဲရှိတာ၊ ကြယ်ပွင့်က စီးပွားရေးဘွဲ့
ရပြီးပြီ၊ စာရင်းကိုင် ဒီပလိုမာတက်ပြီးပြီ၊ လက်ရှိတော့ ဘာမှမလုပ်ဘဲ
လှုလည်ကြပြီး လ ရ စ ဝန်ထမ်းပေါ့"

"ဘာရယ် လ ရ စ ဝန်ထမ်း ဟုတ်လား ကြယ်ပွင့် "

"အဟင်း ဟင်း လ ရ စ ဆိုတာ လည်မယ် ပတ်မယ်
ပြီးတော့ အိမ်ပြန်လာပြီး စားမယ် ပြောတာ မြို့ ရဲ့၊ အဟင်း ဟင်း



www.burmeseclassic.com

www.burmeseclassic.com



လည်ရာပြန်စားရေး ခစ် ခစ်''

ရယ်စရာလေးတွေကို စကားသံချိုချိုလေးနှင့် ပြောတက်သ
ကြယ်ပွင့်ခင်ကို သူ ခင်မင်ခဲ့ရပါသည်။

ကြယ်ပွင့် ပြောပြ၍ ကြယ်ပွင့်မိသားစု အကြောင်းကိုလ
သူ သိရသည်။ ကြယ်ပွင့် အစ်ကိုကြီးက ဖခင်ဖြစ်သူရဲ့ ကုမ္ပဏီကြီး
အောင်မြင်စွာ ဦးဆောင်စီမံထားသည်မို့ ကြယ်ပွင့်တို့ သားအမိ အေး
စွာ နေနိုင်သည်။

ကြယ်ပွင့်ကတော့ နေ့စဉ်တိုင်း သူနှင့် စကားတွေဖောင်
အောင် ပြောတတ်သည်။ သတင်းစာတွေ ဂျာနယ်တွေ ယူလာ
သူ့ကို ဖတ်ပြတတ်သေးသည်။

နောက်ပိုင်းမှာတော့ ကြယ်ပွင့်ခင်သည် မာမီနှင့်တောင် ရင်
ကျွမ်းဝင်သွားခဲ့ကာ အိမ်ကို ရောက်လာတတ်ပါသည်။

''မြူကို ရွှေတိဂုံဘုရားခေါ်သွားမလို့ လာခေါ်တာ''

''ဟာ လူကြားထဲကို မလိုက်ချင်ပါဘူး ကြယ်ပွင့်ရယ်''

''အို ဘာဖြစ်လို့လဲ မြူရဲ့၊ ကြယ်ပွင့်လည်းပါတယ်၊ အန်
လည်း အန်တီလည်း လိုက်မှာလေ၊ ဒီနေ့ ကြယ်ပွင့်နဲ့ မြူ စတင်
ခင်မင်ခဲ့တာ တစ်နှစ်ပြည့်တဲ့ အထိမ်းအမှတ်အဖြစ် ဘုရားသွားရအော
လိုက်ခဲ့ပါ မြူရယ်''





''မာမီလည်း ပါတာပဲ သားရဲ့၊ သွားကြရအောင်နော်''

သည်လိုနှင့် ကြယ်ပွင့်သည် သူ့ကို အပြင်ခေါ်သွားတက်ခဲ့သည်။
ဘော်ဝန်းကျင်နှင့် မကင်းလွတ်အောင် ကြယ်ပွင့်က သူ့ကို ကျွမ်းဝင်စေခဲ့
သည်။

ကြယ်ပွင့်ရဲ့တွယ်တာမှု သံယောဇဉ်တွေက သူ့ပေါ်မှာ ကြီးမား
နောင်တွယ်ခဲ့ပေမယ့်။

သူနှင့်ကြယ်ပွင့်ခင်တို့ရဲ့ ကျွမ်းဝင်မှုတွေကို တားမြစ်လာသူက
ကြယ်ပွင့်ခင်ရဲ့အစ်ကို မြတ်တိုင်းကျော် ဖြစ်သည်။

ထိုနေ့က ကြယ်ပွင့်နှင့် သူ ဆုံတွေ့နေကြ စမ်းချောင်းလေးမှာ
အတူထိုင်နေတုန်း မြတ်တိုင်းကျော် ရောက်လာ၏။

''ကြယ်ပွင့်''

''ဟင် ကိုကြီး''

မာကြောခက်ထန်နေသော အသံနှင့် အတူ အနားကို လျှောက်
လာသည်။ ခြေသံတွေကို သူခေါင်းမော့ နားစွင့်နေမိဆဲ။

''ကို ကိုကြီး ဘာလုပ်မလို့လဲ မ မလုပ်ပါနဲ့''

''နင့်သတင်းကို ငါကြားနေတာကြာပြီ ကြယ်ပွင့်၊ နင့်အကောင်
ဘာကောင်လဲ ပြောစမ်း''

''ကိုကြီး မလုပ်ပါနဲ့ သူက မျက်စိနှစ်လုံးစလုံး မမြင်ရရှာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူပါ''

''ဘာ''

''ဟုတ်ပါတယ် ကိုကြီးရယ် ကြယ် ကြယ်ပွင့်လေ''

''တော်တော့ မိကြယ်ပွင့် နင် ခုချက်ချင်း ကားပေါ်တက်

တောက် မိုက်လိုက်တဲ့ ကြယ်ပွင့်ရယ်၊ နင့်ရုပ်ရည် အဆင့်အတန်းနဲ့

ဒီလိုမျက်မမြင် ဒုက္ခိတကို ကြိုက်ရသလား''

ခံပြင်း နာကျင်စွာဆိုသော စကားတွေကို သူ နင့်နင့်သီးသီး

ကြားလိုက်ရသည်။ ပြီးတော့ ကြယ်ပွင့်ရဲ့ ငိုရှိုက်တားမြစ်သံတွေ၊ ကိုမြတ်

တိုင်းကျော်ရဲ့ ကြိမ်းဝါးသံတွေ။

''သူနဲ့ နင်ဘယ်တော့မှ ထပ်မပတ်သက်ပါနဲ့ ကြယ်ပွင့်

ဒီမှာ မင်းလည်း ကိုယ့်တာဝ ကိုယ့်အခြေအနေကို နားလည်ပါ၊ ငါပြောတာ

ဆင်းရဲတာ ချမ်းသာတာမဟုတ်ဘူး။ မင်းသဘောပေါက်မှာပါ ကြယ်ပွင့်နဲ့

က ငါ့ရဲ့တစ်ဦးတည်းသော ညီမလေးကွ၊ သူဒုက္ခရောက်အောင် မင်း

မလုပ်ပါနဲ့''

တောင်းဆိုတာလား။ ကြိမ်းဝါးအမိန့်ပေးတာလား သူ မသိခဲ့ပါ။

ကိုမြတ်တိုင်းကျော်၏ စကားသံတွေက နားထဲမှာ ဆူဝေလို့ ကျန်ရစ်ခဲ့

သည်။

အံကိုတင်းတင်းကြိတ်ကာ ဝဲတက်လာသော မျက်ရည်တွေနှင့်





သူဒေါသတွေ ဆူဝေနေခဲ့တာမဟုတ်ပါ။ ဝမ်းနည်းကြေကွဲ မိခြင်းပဲဖြစ်

သည်။

ကြယ်ပွင့် ဘဝ၊ ကြယ်ပွင့်အခြေအနေနှင့် သူ့ဘဝ အခြေအနေ

က တကယ့်ကို မထိုက်တန်သော ဘဝ။

ဒီအတွက် ကြယ်ပွင့်ခင်ရဲ့ အစ်ကို စကားတွေဟာ မမှားယွင်း

ခဲ့ပါ။-သံယောဇဉ်တွေနှင့် နှောင်တွယ်ခဲ့သော နှလုံးသားမှာ ကြာလျှင်တော့

ဘယ်ကိုမှ မဖြစ်သင့်သော အရာတွေ ဖြစ်လာနိုင်သည်။

ကြယ်ပွင့်ရယ်

တကယ့်ကို မမက်သင့်တဲ့ အိပ်မက်တစ်ခုကို ကိုယ် ရူးမိုက်စွာ

လက်နေခဲ့မိတာပါ။

ဒီအတွက် မှားယွင်းခဲ့တာ ကိုယ်ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟင့်အင်း ကြယ်ပွင့် မဖြစ်ဘူး အန်တီ၊ ဘယ်တော့မှ မပြန်ဘူး၊ ကြယ်ပွင့် ဒီကို အပြီးထွက်လာခဲ့တာ၊ ကြယ်ပွင့်ကို နှင်မထုတ်ပါနဲ့နော်၊အဟင့် ဟင့် နော် အန်တီ"

"သမီးရယ် မဖြစ်သင့်ပါဘူးကွယ်"

"ဘာကို မဖြစ်သင့်တာလဲအန်တီ၊မြူကို ကြယ်ပွင့် သံယောဇဉ်ကြီးမားတာ အပြစ်လားဟင်၊ ကိုကြီး တို့က မြူကို ဒုက္ခိတ တစ်ယောက်လို့ သတ်မှတ်ကြတာကို ကြယ်ပွင့် ရင်နာတယ်၊ မြူရဲ့မျက်လုံးတွေက တစ်နေ့ ပြန်မြင်လာမှာပါ၊ အို နောက်ဆုံး တစ်သက်လုံး ပြန်မမြင်လာတောင် ကြယ်ပွင့် မြူ့အနားမှာ ရှိနေမှာပါ"

မာမီကို ဖွတ်အတင်းဖက်တွယ်ပြီး ပြောနေသော ကြယ်ပွင့်စကားတွေကို သူကြားနေခဲ့သည်။

သူ့ရင်ထဲမှာ ဆို့နစ်ခံစားရသည်။





ကြယ်ပွင့် နှလုံးသားက နှောင်တွယ်မှုတွေကို သူ အထင်အရှားမြင်တွေ့လိုက်သည်။ ကြယ်ပွင့် အားလုံးကို အတိုက်အခံပြုပြီး သူ့ဆီရောက်လာသည်တဲ့လား။

ဟင့်အင်း ဒါကိုတော့ သူ ဘယ်လိုမှ လက်မခံနိုင်ပါ။

သူ ခန်းဆီးနောက်က ဘယ်လိုမှ ဆက်ပြီး ရပ်မနေနိုင်တော့ပါ။ အခန်းအပြင်ကို ကသောကမျော ထွက်ခဲ့သည်။

"ဒုန်း"

"ဟင် မြူ"

"အို သား"

အလောတကြီး လှမ်းထွက်မိသော သူ့ခြေထောက်တွေ ဆိုဖာထိုင်ခုံကို ဝင်တိုက်မိတော့ လူက မဟန်နိုင်ဘဲ ပြိုလဲကျသွားတာမို့ မာမီနှင့် ကြယ်ပွင့် သူ့အနား ရောက်လာကာ ပြေးပွေ့ထူသည်။

"ကြယ်ပွင့် ကိုယ့်အားလုံးကြားတယ်၊ ကိုယ် လက်မခံနိုင်ဘူး၊ ကြယ်ပွင့် အိမ်ကိုပြန်ပါ"

"ဟင့်အင်း မပြန်ဘူး ကြယ်ပွင့်ကို မြူ လက်မခံဘူးဆိုရင်လည်း ရတယ်၊ ကြယ်ပွင့် ထွက်ချင်တဲ့ နေရာကို ထွက်သွားမယ်"

"အိုး မဟုတ်တာ သမီးလေးရယ်"

မာမီ စိုးရိမ်စွာတားသလို သူလည်း ထိတ်လန့်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ပွင့် ခြေဦးတည့်ရာ ထွက်သွားမည့်အဖြစ်ကို သူ ဘယ်လိုနည်းနှင့်မှ လက်မခံနိုင်တာ သေချာသည်။

"သားရယ် သမီးလေးဆန္ဒကို လိုက်လျောလိုက်နော် ထဲ သမီးဘယ်မှ ထွက်မသွားနဲ့နော် ဟုတ်လား"

မာမီ သူ့လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ပြောတာကို သူနားလည်သည်။ ကြယ်ပွင့်လက်တွေကို သူ တင်းတင်းဆုပ်ကိုင်ထားရင်း မမြင်နိုင်သော ကြယ်ပွင့် မျက်နှာလေးကို ငေးကြည့်မိ၏။

ကြယ်ပွင့်ရယ်

မင်းကို ကိုယ်မြတ်နိုးစွာ ချစ်ခဲ့မိပြီဆိုတာ သေချာခဲ့ပြီ။

ဒါပေမဲ့ . . . ။

ထိုနေ့လယ်မှာပဲ ကြယ်ပွင့်ရဲ့ မေမေ ဒေါ်မြင့်မြတ်ခင် ရောက် လာပါသည်။ ကြယ်ပွင့် မျက်ဝန်းတွေက ထိတ်လန့်နေမည်လား သူ မသိပါ။ ကြယ်ပွင့် စကားသံတွေကတော့ ခိုင်ကျည်လွန်းနေခဲ့၏။

"သမီး ပြန်မလိုက်တော့ဘူး မေမေ၊ သမီးကို ခွင့်လွှတ် သမီး မြို့နဲ့ မခွဲနိုင်ဘူး၊ မြို့ကိုသမီး သိပ်ချစ်တယ်"

သူ မျက်နှာထူပူသွားမည် ထင်သည်။ သူနှင့်ကြယ်ပွင့်တို့ ချစ် တွေ မဟုတ်ပါ။ ဒါပေမဲ့ ကြယ်ပွင့် ဘာကြောင့် ဒီစကားကို ပြောလိုက်တာ လဲ စဉ်းစားမရ။





"သမီးကို မေမေနားလည်တယ်၊ မောင်မြို့ခိုးလွင်ကိုလည်း မာမီ စာနာနိုင်ပါတယ် သမီးရယ်၊ သမီးကို ကိုကြီးက သမီးကို အစ်ကို တစ်ယောက်မေတ္တာနဲ့ စိုးရိမ်ပူပန်တာကို သမီး နားလည်ပါ၊ မောင်မြို့ လည်း နားလည်ပါကွယ်"

"ကျွန်တော် လက်ခံပါတယ် အန်တီ၊ အဲဒီအတွက် အပြစ် မမြင်ပါဘူး"

"ကျေးဇူးတင်ပါတယ်ကွယ်၊ သမီးကို စောင့်ရှောက်ပြီး မိဘ စိတ်နဲ့ ကျွန်မဆီ ဖုန်းဆက်ပြောပြတဲ့ ဒေါ်ထားလွင်ကိုလည်း ကျေးဇူးတင် ပါတယ်"

ကြယ်ပွင့် မေမေကတော့ နူးညံ့သိမ်မွေ့စွာ ပြောနေသည်။ မာမီနှင့် ဖုန်းထဲမှာ သူမတို့ စကားတွေ ပြောခဲ့ကြပြီး ထင်၏။

သည့်နောက်ပိုင်းမှာတော့ ကြယ်ပွင့် မိခင်ဖြစ်သူနှင့် အတူပြန် လိုက်ပါသွားခဲ့သည်။ ကြယ်ပွင့်ကို သူတို့ ရှေ့မှောက်မှာပဲ ကြယ်ပွင့် မေမေ က ကတိပြုစကား ဆိုသည်။

"သမီးတို့ လူငယ်တွေကိစ္စကို မေမေ မဖျက်ဆီးပါဘူးကွယ်၊ မောင်မြို့ကလည်း တစ်ဘဝလုံး မျက်စိပြန်မမြင်နိုင်မယ့်သူ မဟုတ်ဘူး ဆိုတာ မေမေ သိခဲ့ပါပြီ၊ သားကြီးကိုလည်း ပြောပြလိုက်ပြီ၊ သူ သမီးတို့ကို မတားတော့ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ တကယ်ပြောတာလားဟင်"

ကြယ်ပွင့်က မယုံနိုင်သလို မေးသည်။

"မေမေ မညာပါဘူး သမီးလေးရယ်၊ မောင်မြူ့ မိခင်နဲ့ မေ
စကားတွေ ပြောပြီးပါပြီ၊ မေမေတို့ ဆွေးနွေးဖြစ်တာက မောင်မြူ
မျက်ဝန်းတွေ ပြန်ကုသပြီးတဲ့အခါ သမီးတို့တွေ ဆန္ဒအတိုင်း မေမေ
စီမံပေးမယ်"

သူ့လက်ကို ဆုပ်ကိုင်ထားဆဲ ကြယ်ပွင့် လက်ဖဝါးလေးတွေ
နွေးထွေးရှိန်းမြနေခဲ့သည်။

ကြယ်ပွင့်ရယ် မင်းကို ကိုယ် သိပ်ချစ်တယ်။

ထိုစကားကိုတော့ သူ့ရင်ထဲမှာပဲ ကြယ်ပွင့်ကို အကြိမ်ကြိမ်
အခါခါ ပြောနေခဲ့မိပါသည်။

■ ■ ■

ဘယ်လို ကံကြမ္မာရေစက်က သူနှင့်ကြယ်ပွင့်ကို တွေ့ဆုံစေ
သည်လဲ သူ မသိပါ။

ကြယ်ပွင့်ခင် ဆိုသော မိန်းကလေးကို သူ မမြင်မတွေ့ရပါဘဲ
နှလုံးသား ချစ်ခြင်းကို ခံစားပွင့်ဖူးစေခဲ့သည်။

ကြယ်ပွင့်ခင်ရဲ့ ပုံရိပ်လေးကို မမြင်နိုင်ပေမယ့် သူမရဲ့ လှပ
ခမ်းနားသော နှလုံးသားထဲကို သူ မြင်နိုင်ခဲ့ပါသည်။





ကြယ်ပွင့်ရဲ့ ကြီးမြတ်သော ချစ်ခြင်းတွေအတွက် သူ အံ့ဩမိ၏။

"မြူကို မြင်တော့ စိတ်ဝင်စားသွားတယ်၊ မြူ့အကြောင်းကို
သိလိုက်တော့ သနားမိတယ်၊ နောက်တော့ မြူကို ကြယ်ပွင့် သိပ်ချစ်သွား
တယ်၊ ဘယ်တုန်းက ချစ်မိသွားသလဲ မသိပေမယ့် ကိုကြီးက တားမြစ်
တာတော့မှ မစွန့်လွှတ်နိုင်အောင် ချစ်မိသွားတာ သေချာတယ်"

ကြယ်ပွင့်နှုတ်က ဖွင့်ပြောလာသော ထိုစကားတွေက သူ့ရင်ထဲ
အထိ စိမ့်မြ နွေးသွားခဲ့သည်။

ကမ္ဘာလောကကြီးထဲမှာ ကြယ်ပွင့်ခင်ရဲ့ နှလုံးသားကို သူ
လေးစား မြတ်နိုးခဲ့သည်။

သူ့မျက်ဝန်းတွေ ကုသပြီးချိန်မှာ ကြယ်ပွင့် မျက်နှာလေးကို
အရင်ဆုံး မြင်တွေ့ချင်ခဲ့၏။

"ကြယ်ပွင့်က ရုပ်ဆိုးတယ် မြူရယ်"

"ဟင့်အင်း ကိုယ် မထင်ပါဘူး၊ နှလုံးသား ဖြူတဲ့ ကြယ်ပွင့်ခင်ရဲ့
မျက်နှာလေးက မြတ်နိုးစရာ ကောင်းမှာပါ"

"မြူ ထင်မှတ်ထားသလို မဟုတ်ခဲ့ရင် ကြယ်ပွင့်ကို မချစ်တော့
ဘူးလားဟင်"

သူ့မျက်ဝန်းတွေ ခွဲစိတ် ကုသထားသည့် နေ့ရက်တွေက
ကြယ်ပွင့် နေ့စဉ် ရောက်လာကာ မေးခွန်းတွေ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်ပွင့်ကို ကိုယ် ချစ်တယ်၊ အဲဒါ ကြယ်ပွင့်ရဲ့ ရုပ်အဆင်း[illegible] မသက်ဆိုင်ဘူး။ ကြယ်ပွင့် ရင်ဘတ်ထဲက နှလုံးသားကို ကိုယ့်မျက်ဝန်း[illegible] မမြင်နိုင်ပေမယ့် မြင်နေခဲ့ဖူးတာ ကြာပြီပဲ"

"မြူရယ် မြူ့ကို သိပ်ချစ်တာပဲ သိလား"

သူ့လက်ဖဝါးလေးကို ဆုပ်ကိုင်ဖျစ်ညှစ်ရင်းမှ ကြယ်ပွင့် ဆို[illegible] ကြယ်ပွင့် မျက်နှာလေးကို သူ့လက်တစ်ဖက်နှင့် စမ်းသပ် ပွတ်သပ်[illegible] သူ ပုံရိပ်ဖော်မိသည်။

ချောမွေ့ရှင်းသန့်နေသော ကြယ်ပွင့် မျက်နှာလေးသည် [illegible] စိတ်ကူးပုံဖော်ထားသော ပုံရိပ်ထက် လှပနေခဲ့မှန်း သူ့မျက်ဝန်း [illegible] အလင်းရသည့်နေ့က သိခွင့်ရခဲ့သည်။

"ကြယ်ပွင့်"

"မြူ မြူ မျက်ဝန်းတွေ ပြန်မြင်ရပြီ၊ ဝမ်းသာလိုက်တာ [illegible] ရယ်"

ဝမ်းသာ မျက်ရည်စလေးတွေ ရစ်ဝဲတောက်ပလို့ မှုန့်ညက်[illegible] အောင် လှပတဲ့ ကြယ်ပွင့်ကို ငေးကြည့်ရင်း သူ ရင်တွေ တလှပ်လှပ်[illegible]

နှလုံးသားလေး လှပဖြူစင်သလို ကြယ်ပွင့် မျက်နှာလေးသည်[illegible] လည်း ဝင်းစက် ကြည်လင်နေခဲ့သည်။

ကြယ်ပွင့်ရယ် ချစ်စရာကောင်းလိုက်တာ။

■ ■ ■

စိုးမိုးစာပေ



သူ့ခံစားချက် သူ့ဆန္ဒတွေ အားလုံးကို ကြယ်ပွင့်သည် နားအလည်နိုင်ဆုံးသူတစ်ယောက် ဖြစ်ခဲ့ပါသည်။

မာမီတို့က သူ အလင်းရကတည်းက ကြယ်ပွင့်နှင့် လက်ထပ်စေချင်ခဲ့သည်။ သူက စီးပွားရေးလုပ်ငန်းမှာ အခြေကျချင်သေးတာမို့ ကြယ်ပွင့်နှင့် တိုင်ပင်ကာ နောက်ဆုတ်ခဲ့သည်။

လူယုံတော်တွေနှင့် လွှဲထားသော ကုမ္ပဏီ တာဝန်တွေကို သူ ဦးဆောင်ယူနိုင်ခဲ့သည်။ အရာရာသည် အသားကျ နိုင်ကျည်ခဲ့ပေမယ့် သူ့ကို အမြဲတစေ မက်နေစေသော အိပ်မက်။

သည်အိပ်မက်အကြောင်းကို ပြောတိုင်း ကြယ်ပွင့်က စာနာနားလည်ပေးခဲ့သည်။

ကြယ်ပွင့်ရဲ့ နားလည်မှုတွေကို သူ အခွင့်ကောင်းယူခဲ့သလို ဖြစ်နေပြီလား။ ခွင့်လွှတ်ပေးပါ ကြယ်ပွင့်ရယ်။

ကြီးမားလှတဲ့ ကြယ်ပွင့်ရဲ့ ချစ်ခြင်းတွေအတွက် ကိုယ့်ရဲ့ နှလုံးသားနဲ့ တစ်သက်လုံး ယုယကြင်နာသွားပါ့မယ်။

ကြယ်ပွင့်ခင်ဆိုတာ မြူ ဆိုတဲ့ကောင်ရဲ့ နှလုံးသားပါ။

ဒါကို ကြယ်ပွင့် အကြွင်းမဲ့ ယုံပါတော့။

■ ■ ■

စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

သည်နေ့သူနှင့်ကြယ်ပွင့်တို့ စေ့စပ်ပွဲကို နှစ်ဖက်မိဘနှင့်လူကြီး မိတ်ဆွေတို့ ရှေ့မှောက်မှာကျင်းပဖြစ်သည်။

မာမီက စေ့စပ်လက်စွပ်အဖြစ် စိန်ပွင့်လက်စွပ်လေးတွေကို သူနှင့်ကြယ်ပွင့်ရဲ့လက်တွေမှာ ကိုယ်တိုင်ဝတ်ဆင်ပေးသည်။

အောင်မြင်စွာ ပြီးဆုံးသွားသည့် စေ့စပ်ပွဲလေးအပြီးမှာ မာမီကောဒေါ်မြင့်မြင့်ခင်ပါ ကြည်နူးအပြုံးတွေနှင့်ရှိသည်။ ကြယ်ပွင့် အစ်ကို ကိုမြတ်တိုင်းကျော်က သူ့ပခုံးကိုရင်းနှီးစွာဖက်ရင်း

"ညီ တို့စေ့စပ်ပွဲအထိမ်းအမှတ်အဖြစ် မျက်မမြင်ကျောင်းမှာ အလှူငွေသွားထည့်ကြမလို့ဆို ဒါဆို ကိုကြီးကလည်း ဒါနပါဝင်ပါရစေ"

"ဟာ ကောင်းတာပေါ့ ကိုကြီးရာ"

ကိုမြတ်တိုင်းကျော်က သူတို့နှင့်အတူ ပူးပေါင်း၍ မျက်မမြင်





ကျောင်းအတွက် အလှူငွေ ဆယ်သိန်းကိုပေးသည်။

မနက်စာအတူ စားသောက်ပြီးတော့ သူနှင့်ကြယ်ပွင့်တို့ အလှူငွေပိုက်ကာ နှစ်ယောက်တည်း ထွက်ခဲ့ကြသည်။

ပန်းနုရောင်ထက်အောက်ဝတ်စုံလေးနှင့် ကြယ်ပွင့် သိပ်လှပ ကျက်သရေရှင်းနေသည်။ ကြယ်ပွင့်ရဲ့အပြုံးလေးတွေ အမြဲတမ်း လှပနေတာကိုပဲ သူ မြင်ချင်ပါသည်။

ကြယ်ပွင့်ရဲ့အပြုံးလေးတွေကိုကြည့်ရင်း ညတုန်းက ထပ်မက်သည့် သူ့အိပ်မက်ကိုပြန်သတိရ၏။ ဘုရားရင်ပြင်ပေါ်မှာသူတွေ့ ခဲ့သော သူမ ညကအိပ်မက်ထဲမှာလည်း သူနှင့်အတူ ရင်းနှီးကျွမ်းဝင်စွာ တိမ်တိုက်တွေထဲမှာလေဟုန်စီးခဲ့ကြသည်။

ဘာကြောင့်များ ဒီအိပ်မက်တွေ သူ့အာရုံထဲမှာ စိုးမိုးနေခဲ့ရိုတာ လဲမသိတော့။

"မြူ"

"ဟင် ဘာလဲ ကြယ်ပွင့်"

"ငိုင်လွတ်နေပြီလေမြူရယ် ဘာတွေတွေးနေတာလဲ"

ကြယ်ပွင့်ခိုံမှပဲ ကားကိုကပျာကယာ မောင်းထွက်လိုက်ရပါသည်။

"မြူ ကြည့်ရတာ ဘာဖြစ်နေတာလဲ ဘာတွေတွေးနေတာလဲ ဟင် မြူ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာအရိပ်ကို အကဲခတ်ကြည့်နေသော ကြယ်ပွင့် အ
ကြောင့် သူမညာချင်ဘဲညာရသည်။ သည်အချိန်မှာ ကြယ်ပွင့်ကို သူ
အူကြောင်ကြောင်နိုင်သော အိပ်မက်အကြောင်းတွေ မပြောချင်တေ

"တွေးပေနေတာမဟုတ်ပါဘူး ကြယ်ပွင့်ရဲ့ ကြည်နူးနေမိတာ
ကြယ်ပွင့်နဲ့ကိုယ်တို့အနာဂတ် အကြောင်းတွေးနေတာ"

"ဘာဖြစ်လို့လဲဟင် မြူ"

"ခြော် ပျော်စရာကြီးဖြစ်နေမှာလို့ သားသားမီးမီးတွေ အ
ကြီးနဲ့ အဘွားကြီးနှစ်ယောက် ပျာယာခတ်နေမှာ သေချာတယ်"

"အို မြူနော် ဘာတွေမှန်း မသိဘူး သွား"

မျက်နှာလေး ပန်းနုရောင်သမ်းကာ ကြယ်ပွင့် သူ့ပခုံးကို
အောင် ထုသည်။ သူ တဟားဟား အော်ရယ်ရင်း ကြယ်ပွင့်ကို မြတ်နိုး
ကြည့်နေမိသည်။

ကာလာရောင်စုံတွေ ဘာမှအလွန်အကျွံ ခြယ်သစရာ မလို
လှပသော ကြယ်ပွင့်သည် မကြာခင်သူ့ရဲ့ အိမ်သူသက်ထား တစ်ယော
ဖြစ်လာတော့မည်။

သူ့ဘဝမှာ ဒါအပြည့်စုံဆုံး အနာဂတ်ဘဝဆိုတာ တွေး
တောင် မလိုအပ်သည့်ကိစ္စ။

ဘာကြောင့်များ ဒီအခြေအနေကို သူ အမြန်ဆုံး အကော





အထည် မဖော်မိတာလဲ မသိပါ။

"ကျွီ"

"ဟင် ဘာကိုရယ်လိုက်တာလဲ မြူရဲ့"

"ကြယ်ပွင့်ကို ပေးစရာရှိတဲ့ လက်ဆောင်တစ်ခုပေးဖို့ အခုမှ
သတိရသွားလို့ပါ"

မျက်တောင်ကြီးတွေ ပုတ်ခတ်ပြီး ကြယ်ပွင့် အံ့သြနေသေး၏။
ပြီးမှ မျက်ဝန်းလေးတွေ မှိတ်သည်။

သူ ကျေနပ်စွာပြုံးရင်း ကြယ်ပွင့်နဖူးလေးကို ဖျတ်ခနဲ နမ်းပစ်
လိုက်သည်။

မျက်ဝန်းလေးတွေ ဖျတ်ခနဲ ပွင့်ကာ ကြယ်ပွင့် ရှက်သွေးလျှမ်း
သော မျက်နှာလေးနှင့် ကြည့်၏။

"ဖနီးလောင်းလေးအတွက် စေ့စပ်ပွဲအမှတ်တရ အနမ်းလေ"

"ဟင် မြူ မကောင်းဘူးကွာ သွား"

သွားဟု နှုတ်ကမောင်းထုတ်ရင်း ကြယ်ပွင့် ခန္ဓာကိုယ်လေး
သူ့ရင်ခွင်ထဲကို မှီကျလာသည်။

ရှက်သွေးမပြယ်သောမျက်နှာလေးက သူ့ရင်ခွင်ထဲမှာပါးအပ်ပြီး
ပုံးကွယ်သည်။ ကြယ်ပွင့်ကိုတင်းတင်းလေး သူပြန်ပွေ့ထားရင်း ဆံနွယ်
လေးတွေကို မြတ်နိုးစွာနမ်းရှိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်ပွင့် နောက်နှစ်ရက်ဆို ကိုယ် တောင်ကြီးကကျူ အနည်းဆုံး တစ်လလောက်နေရမှာ၊ ကြယ်ပွင့် တောင်ကြီးကိုမရောက် ဘူးမို့လား လိုက်ခဲ့ပါလားဟင်"

"ကြယ်ပွင့် လိုက်ချင်တယ် ဒါပေမဲ့ ဒီရက်ပိုင်းမှာ ကို ကလည်း မန္တလေးကို သွားစရာရှိတယ် ကြယ်ပွင့်ရှိမှ ဖြစ်မယ် ဒီလို လေ၊ မြို့ ပြန်မလာခင်တော့ ကြယ်ပွင့် လိုက်ခဲ့မယ်လေ"

"ဒါဆို ကြယ်ပွင့် လာမယ့်နေ့ကျ ကိုယ့်ဆီဖုန်းဆက်လို ကိုယ် လေယာဉ်ကွင်း လာကြိုမယ်"

ကြယ်ပွင့် ခေါင်းကလေးညိတ်ပြသည်။ မျက်ဝန်းချင်းအနှ နားလည်မှုတို့တူညီသောချစ်ခြင်းတို့ ပေါင်းဆုံမိသည်။

ကိုယ်တို့နှလုံးသားတွေ မကြာခင် ထပ်တူညီမှုကြတော့မှ ကြယ်ပွင့်ရယ်။

■ ■ ■



## အခန်း (၂၇)

မြူနှင်းတို့ဝေနေသော တောရိပ်ရှုခင်းတွေ နေခြည်ရဲ့ အနွေး ဓာတ်က လျော့ပါးသော ရာသီဥတုက အေးစိမ့်စိမ့်။

တောင်ကြီး၏ရင်ခွင်သည် ရန်ကုန် ရင်ခွင်နဲ့တော့ ကွာခြားပါ သည်။ မြူနှင်းတွေကို ချစ်တတ်သောကြယ်ပွင့်သာ ပါလာလျှင်တော့ တောင်ကြီးကိုသဘောကျနေမှာသေချာသည်။

တောင်ကြီးရောက်နေတာ ရက်ပိုင်းမျှသာရှိသေးသော သူ့ အတွက် ကြယ်ပွင့်ကိုတော့ နေ့စဉ်သတိရမိသည်။ ရန်ကုန်မှာအတူ ရှိနေ စဉ်က ကြယ်ပွင့်ကိုသည်လောက်ချစ်မှန်းမသိခဲ့။

ကြယ်ပွင့်ကို မမြင်နိုင်သည့် နေရာရောက်မှ တမ်းတမ်းတ သတိရမိကာ ကြယ်ပွင့်ကို သူသိပ်မြတ်နိုးလို့ဆိုတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီညလည်း ကြယ်ပွင့်ဆီ ဖုန်းဆက်ရင်လွမ်းရဦးမည်။

တစ်ယောက်တည်းတွေးရင်း ကားလေးကို တောရိပ်တို့အုံ့ဆိုင်းသော လမ်းလေးအတိုင်း ဖြည်းဖြည်းမှန်မှန် မောင်းနှင်ခဲ့ရာက်

"ဟာ"

လမ်းမပေါ်ကို ဖြတ်ကူးသောကျွဲအုပ်ကို ကြိုမြင်တာမို့ သူစက်ရှိန် လျှော့ထားပေမယ့် ကျွဲအုပ်ကိုရှောင်ရင်း သူနှင့်မျက်နှာချင်းဆိုင်တည့်တည့်ကြီး လမ်းကြောင်းပြောင်းဝင်လာသော ကားတစ်စီးကိုတွေ့လိုက်သည်။

ဘရိတ်ကိုအမြန်နင်းကာ ကားကိုရပ်ပစ်လိုက်သည်။

"ကျွီ"

ကားတာရာဘီးနှင့် ကတ္တရာလမ်းမ ပွတ်ကြိတ်သံတွေက ရှူးရှူး ထွက်ပေါ်လာကာ သူလည်းရှေ့ကို ဦးစိုက်ပါသွား၏။

"ဒုတ်"

ကားလက်ကိုင်ဘီးနှင့် မိတ်ဆက်မိသောနဖူးမှာ ဆစ်ခနဲ နာကျင်ကာ ခေါင်းတွေမူးဝေသွားခဲ့၏။

မျက်လုံးတွေကို တင်းခနဲ တစ်ချက်မှိတ်ပြီး ကားတံခါးဖွင့်အဆင်း တစ်ဖက်က ကားပေါ်မှ အမျိုးသမီးတစ်ယောက်လည်း ဆင်းလာ၏။





"ဟင် သူ သူ"

ခြေလှမ်းတို့ရှေ့ဆက်မလှမ်းနိုင်ဘဲ မတ်တပ်ကြီးဖြစ်သွားသည်။ သူ့ဆီကိုခပ်သုတ်သုတ် ခြေလှမ်းတွေနှင့်လျှောက်လာသော အမျိုးသမီး ဝတ်ဆင်ထားသည့် ဂျူတီကုတ်အဖြူကြောင့် ဆရာဝန်မ တစ်ဦးဟု သိလိုက်သည်။

မနွဲ့နှောင်းသောခြေလှမ်းတွေက ယောက်ျားဆန်ပေမယ့် ပေပြစ်သောခန္ဓာအချိုးအဆက်က မိန်းမပီသပါသည်။

ဆံပင်တွေကိုနဖူးပြေပြေပေါ်လွှင်အောင် စုနှောင်ဖြီးသင်ပြီး နောက်မှာ ကျောလယ်ခန့်အထိချထားသည်။

ပေါင်ဒါလေးတစ်ချက်နှစ်ချက်တောင် မတို့မထိသော မျက်နှာကတော့ ဝင်းမွတ်သန့်စင်နေသည်။

မျက်ဝန်း၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတွေအားလုံးက သူ မမေ့နိုင်စရာမရှိပါ။ အိပ်မက်ထဲက အမျိုးသမီး၊ မျက်မြင်ထင်ရှားဗုဒ္ဓတိဂုံဘုရားရင်ပြင်ပေါ်မှာ သူ တစ်ခါဆုံဖူးသည်။

အခု ထပ်ဆုံဆည်းမှုက ဘယ်လိုမှ မျှော်လင့်ထင်မှတ် မထားသော ဆုံတွေ့မှုအဖြစ်မို့။

"ဆောရီးကွာ ကျွဲအုပ်ကို ရှောင်ရင်းဖြစ်သွားတာပါ၊ မင်းနဖူးထိသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်စကားနှင့်အတူ သူမ မျက်ဝန်းတွေက သူ့နဖူးကို ဂရုစိုက်ကြည့်နေ၏။ သည်တော့မှ သူ ကယောင်ကတမ်း လက်နှင့် စမ်းကြည့်မိသည်။

"ဟာ ဖော့ လက်နဲ့မကိုင်နဲ့လေ၊ မတော်တဆ ပိုးဝင်သွားနိုင်တယ်၊ နေ ခဏလေးနေဦး"

ပြောပြောဆိုဆို သူမ ချာခနဲလှည့်ကာ လမ်းဘေးမှာ ရပ်ထားခဲ့သော သူမ ကားဆီကို ပြန်လှမ်းလျှောက်သွားခဲ့သည်။

အခုချိန်ထိ သူ မင်သက်ကြောင်ငေးနေတုန်းရှိ၏။ လက်ဖဝါးမှာ စေးကပ်နေသော သွေးစတချို့ကို ကြည့်ရင်း သူမကို ပြန်မော့အကြည့်မှာ ကားထဲက ဆေးသေတ္တာကို ဆွဲယူရောက်လာ၏။

"ကားတံခါးဖွင့်ပြီး ခဏလောက် ထိုင်လိုက်၊ ဒဏ်ရာကို ကျွန်မကြည့်ပေးမယ် ကျွန်မက ဆရာဝန်ပါ"

သူမ စေခိုင်းသည့်အတိုင်း ကားတံခါးဖွင့်ကာဆိုဖာထိုင်ခုံမှာ ခြေထောက်တွေ အပြင်ထုတ်ကာ သူထိုင်လိုက်သည်။

သူ့ကားပေါ်ကို ဆေးသေတ္တာတင်ဖွင့်ပြီး ဂွမ်းစတွေကို သူမ ထုတ်ယူသည်။ ပြီးတော့နဖူးမှ သွေးစတွေကို ကျွမ်းကျင်သေသပ်စွာ ပွတ်သုတ်သည်။

"ချုပ်စရာတော့မလိုပါဘူး၊ စပါးလုံး တစ်လုံးလောက်ပဲ





ပေါက်သွားတာ ခဏလေးနေဦး ကျွန်မ ဆေးထည့်ပေးမယ်"

အသင့်ပါလာဟန်တူသော ဆေးကိုဂွမ်းမှာသုတ်ပြီး ဒဏ်ရာပေါ် ကပ်သည်။ ပလာစတာနှင့်ပါ ဖိကပ်ပြီးတော့ အားလုံးပြီးသွားပြီ။

"ရော့ မင်းလက်က သွေးတွေကို ဒါနဲ့သုတ်ပစ်လိုက်"

အရက်ပုံးစွတ်ထားသော ဂွမ်းတွေကို သူ့လက်ထဲလှမ်းပေးတာ ကို ယူကာသုတ်ပစ်ချိန်အထိ သူ စကားမဆိုနိုင်သေးပါ။

"ထပ်တောင်းပန်ပါတယ် ဂျူတီအတွက် ဆေးခန်းဖွင့်ချိန်အမီ မြန်မြန်မောင်းလာရင်း ခုလိုဖြစ်ကုန်တာပါ"

"ရ ရပါတယ် မ မ အဲ ဒေါက်တာ"

"အိုခေ အဆင်ပြေတယ်ဆိုရင် ကျွန်မကိုခွင့်ပြုဦး"

ပြောပြီးသည်နှင့်ဆေးသေတ္တာကိုဆွဲကာ ကားဆီပြန်လျှောက် သွားသည်။ သူအတန်ကာအောင် မင်သက် ငေးမောကြည့်နေပြီးမှ သတိဝင်လာကာ

"ဒေါက် ဒေါက်တာ ဒေါက်တာနာမည်လေးပြောခဲ့ပါဦး ဟို ဆေးခန်းက ဘယ်မှာဖွင့်ထားတာလဲ ခင်ဗျာ"

ကားတံခါးဖွင့်နေရာမှ သူမ ဖျတ်ခနဲလှည့်ကြည့်သည်။ အိပ်မက် ထဲမှာတုန်းက ရင်းနှီးကျွမ်းဝင်စွာနှင့် အပျော်ရိပ်သမ်းနေသော မျက်ဝန်း တွေက ခုတော့လည်း စိမ်းသက်စူးရှလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်စွာနှင့် သူနှင့်သူမ မျက်ဝန်းချင်းစကြန့်အတော်ကြာ ဆုံနေမိ၏။

ပြီးမှ သူမသူ့ဆီပြန်လှမ်းလျှောက်လာသည်။ ပြီးတော့လက်ထဲက ဆေးခန်းလိပ်စာကတ်လေးကို ကမ်းပေးရင်း

"ကျွန်မ ဒေါက်တာ သွင်ခမ်းနားပါ၊ မင်း ဒဏ်ရာအတွက် မသက်သာရင် ဆေးခန်းလာခဲ့ပါ၊ ဒါပေမဲ့ အဲဒီလောက်ထိ မလိုအပ်ဘူး ထင်တယ်၊ ဒဏ်ရာက ခဏလေး ကျက်သွားမှာပါ ကဲခွင့်ပြုဦး"

"ဟုတ်ကဲ့ ဒေါက်တာ"

ကားလေးအဝေးကို မောင်းထွက်သွားသည်အထိ သူမင်သက် ငေးမောကြည့်နေမိသည်။

ဒေါက်တာသွင်ခမ်းနား တဲ့။

သူ့အိပ်မက်ထဲမှအမျိုးသမီးသည် အပြင်လောကကြီးထဲမှာ သက်ရှိထင်ရှားရှိနေဆဲပါလား။

အံ့သြစရာကောင်းလိုက်တာ။

ကြယ်ပွင့်သိရင် ဘယ်လောက်အထိ အံ့သြသွားမည်လဲ မသိပါ။ ဒါပေမဲ့ ထိုညက ကြယ်ပွင့်နှင့် ဖုန်းစကားဆိုဖြစ်တော့ ထိုကိစ္စကိုသူ မပြောဖြစ်ပါ။

ညစဉ်တိုင်းကြယ်ပွင့် တစ်ယောက်သာ ပိုင်စိုးခဲ့သော သူ့အတွေး





ထဲမှာ ထိုညက ဒေါက်တာသွင်ခမ်းနားရဲ့ ပုံရိပ်တွေပဲရှိနေသည်။

ထိုညကတိုက်ဆိုင်စွာ အိပ်မက် ထပ်မက်သည်။ တိမ်တိုက်တွေ ထဲမှာ သူနှင့်သူမ။

ဒေါက်တာ သွင်ခမ်းနားတဲ့လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မိုးကောင်းကင်" တဲ့၊ ဆေးခန်းက အမည်နှင့် မအပ်စပ်လှဟု သူ ထင်မိသည်။

ဆေးခန်းလေးရှေ့မှာ ကားရပ်ပြီးမှ တွန့်ခနဲ ဖြစ်ရသည်က ဆေးခန်းဝမှာချိတ်ထားသော သူမနာမည် ဘုတ်ပြားလေးကြောင့် ဖြစ်သည်။

သွင်ခမ်းနားက မီးယပ်နှင့်သားဖွား O.G ဆရာဝန်မကြီး တစ်ယောက်ပါလား။

ဆေးခန်းထဲမှာလည်း အမျိုးသမီးလူနာတွေ၊ ကိုယ်ဝန်ဆောင်တွေပဲမို့ သူမဝင်ရဲပါ။ ဆေးခန်းလေးရှေ့မှာပဲ ကားလေးရပ်ကာ ကားထဲဝင်ထိုင်စောင့်နေမိသည်။





လူနာတွေရှင်းသွားပြီး ဆေးခန်းဝက နာ့စ်မလေး ဖိုင်တွေ စာရွက်တွေသိမ်းဆည်းနေမှ သူဆေးခန်းထဲ မဝံ့မရဲလှမ်းခဲ့ခြင်း။

"ဒေါက်တာသွင်ခမ်းနားနဲ့ ခဏလောက်တွေ့ပါရစေခင်ဗျာ"

"ရှင် ဟုတ်ကဲ့ အဲ ခဏလေး စောင့်ပါရှင်"

နာ့စ်မိန်းကလေးပြောနေတုန်းမှာ အခန်းထဲကခန်းဆီးလေး လှင့်ခနဲ လှပ်သွားသည်။ သူမြင်လိုက်ရသည်က သွင်ခမ်းနားရဲ့ မျက်နှာလေး။

စတွေ့တုန်းကလိုပဲ ဘာအခြယ်အသမှ မရှိသောမျက်နှာလေးမှာ မျက်ဝန်းတွေက သူ့ကိုစူးစူးနစ်နစ်။

"မင်း လား အခန်းထဲကို ဝင်ခဲ့လေ"

မင်း တွေ ကျွန်မတွေပဲ သုံးနှုန်းခေါ်ဝေါ်တတ်ပုံက ထူးခြားသည်။ သူ့ထက်လည်း အသက်ကြီးပုံရသော သူမ အခေါ်အဝေါ် အတွက်တော့ သူ့စိတ်မှာ အောင့်သက်သက်လည်း မဖြစ်မိပါ။

ဘာကြောင့်မှန်းမသိ သူမနှင့် ရင်းနှီးကျွမ်းဝင်ချင်စိတ်သာ သူ့ရင်ထဲမှာ ပြင်းပြနေခဲ့သည်။

"ကဲ ထိုင် ဒေါ်ရာက မသက်သာလို့လား၊ လိုအပ်ရင် ဆေးပါ ထိုးပေးလိုက်မယ်"

သူမစကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားတော့ နှုတ်ခမ်းတွေက



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတစ်ချက် လျှပ်ပြက်သလို တခဏလေးပဲ ပေါ်သည်။ သူ့အိပ်မက်ထဲက အပြုံးအတိုင်းပါပဲလား။

"ကျွန်တော်ဒဏ်ရာ သက်သာပါတယ်၊ ဟို ဟိုလေ [illegible] လမ်းကြုံလို့ ဆရာမဆေးခန်းကို လှည့်ဝင်လာတာပါခင်ဗျာ"

"ဟုတ်လား အကြာကြီးစောင့်နေရတာတောင် အားနာစရာကောင်းနေပြီ မင်း...ားကို အစောကြီးကတည်းက မြင်တယ်"

သူ့မျက်နှာ ရဲခနဲဖြစ်သွားမှာ သေချာ၏။ ဟုတ်တော့လည်း ဟုတ်သား လမ်းကြုံလို့ဝင်လာသူက နှစ်နာရီမျှ စောင့်နေသည်ဆိုတော့ သိပ်အဓိပ္ပာယ်မရှိလှပါ။

"ဟို ကျွန်တော် ဆရာမကို ကျေးဇူးတင်ကြောင်း လာပြောတာပါ"

"ကျေးဇူးတင်ကြောင်း ဘာအတွက်လဲ"

"ဒီလိုလေ ကျွန်တော့်နဖူးကဒဏ်ရာကို ဆရာမ ဆေးထည့်ကုသပေးလိုက်တုန်းက ကျေးဇူးတင်စကားတောင် မပြောလိုက်ရလို့ပါ"

ဒီတစ်ခါတော့ အဆက်အစပ် အချိတ်အဆက်မိသွားသော သူ့စကားကြောင့် သူမ ဘာမှမပြောဘဲ ခေါင်းတစ်ချက်ညိတ်၏။

"ရပါတယ်ကွာ တကယ်ဆို ကိုယ့်ကားကလမ်းမှားပြီး မင်းကားနဲ့ခေါင်းချင်းဆိုင်မတာ မင်းသတိရှိလို့ပေါ့၊ ပြဿနာရှာရင်တောင်





ကိုယ့်လိုင်စင်အသိမ်းခံရပြီပေါ့"

"ဟာ ဆရာမကို ကျွန်တော်နားလည်ပါတယ် ကျွဲအုပ်ကြောင့်ပြီးတော့ အရေးပေါ်အခြေအနေကြောင့်ပဲလေ"

"နားလည်ပေးတာကျေးဇူးပဲ ဆေးခန်းဆိုတော့ မင်းကို ဘာမှဧည့်မခံနိုင်တာ ခွင့်လွှတ်ပါ"

"ဟာ ရပါတယ်ဆရာမ"

ပြောရင်း သူ သတိရမိတာမို့ ထရပ်မိသည်၊ ဆေးခန်းသိမ်းချိန်မှာ သူ အကြာကြီးထိုင် အချိန်းဖြုန်းနေလို့ မသင့်တော်ပါ။

"ကျွန်တော့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားပါနော် ဒီမှာ ကျွန်တော့်လိပ်စာပါ ဆရာမ၊ လိုအပ်တဲ့ အကူအညီ ရှိရင်ပြောပါ ကျွန်တော့်ဆောက်လုပ်ရေးကုမ္ပဏီက ကူညီနိုင်တာဆို ကူညီပါ့မယ်"

သူကမ်းပေးသော ကုမ္ပဏီလိပ်စာကတ်လေးကို သူမ လှမ်းယူဖတ်ကြည့်သည်။ ပြီးတော့ မျက်ခုံးတွေတွန့်သွားရင်း

"မင်းက ရန်ကုန်မှာနေတာလား"

"ဟုတ်တယ်ဆရာမ ကုမ္ပဏီရုံးချုပ်က ရန်ကုန်မှာပါ ကျွန်တော်က တောင်ကြီးက ကုမ္ပဏီရုံးခွဲကို ခဏလာတာ တစ်လလောက်တော့နေဖြစ်မှာပါ"

သူမ ခေါင်းညိတ်သည်၊ ပြီးတော့ သူ့မျက်ဝန်းတွေကိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



တခဏငြိမ်သက်နေသည်။

"ကျွန်မတို့ ဆုံဖြစ်ဦးမယ်ထင်ပါတယ် မြူခိုးလွင်"

■ ■ ■

ဘာကြောင့်များ သည်စကားကို ခမ်း ပြောလိုက်မိသလဲဟု ကိုယ်တိုင်တောင် စဉ်းစားမရပါ။

တကယ်ဆို ဘာမဟုတ်သော ဒဏ်ရာလေးအတွက် သူလည်း ထပ်မရောက်လာသင့်ပါ။ ပြီးတော့ သူမကလည်း ဖော်ရွေစွာ လက်မခံသင့်ပါ။

အခုတော့နောက်ထပ် ဆုံခွင့်တောင် စကားမျိုးပေး လိုက်မိတဲ့ အဖြစ်က ဆိုးပါသည်။

ပြန်တွေးကာ မဖြစ်သင့်ဟု ပိုင်းခြားနေမိပေမယ့်လည်း သူ့မျက်နှာကို ခမ်း မတွေးဘဲ မြင်နေဆဲရှိသည်။

မြူခိုးလွင်တဲ့။ နှဖက်ရှင်းသန့်သော မျက်နှာလေးက ခမ်းထက် အနည်းဆုံး၊ သုံးနှစ်ခန့်တော့ ငယ်ရွယ်မှာ သေချာသည်။ ဒါပေမဲ့ သူ့ မျက်နှာကရင့်ကျက်မှုတွေ အပြည့်ရှိသည်။

ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်တစ်ဦးဆိုတော့ ထက်မြက်မှု ရှိမှာလည်းသေချာ၏။

ဒါပေမဲ့ သူ့မျက်ဝန်းတွေကတော့ ခမ်းကိုပိုလို့တောင် ဆွဲဆောင်





နိုင်စွမ်းရှိသည်။

သည်မျက်ဝန်းပြာပြာတွေကို ခမ်း ရင်းနှီးကျွမ်းဝင်ခဲ့ဖူး၏။ မောင်ရဲ့ မျက်ဝန်းတွေကလည်း အပြာရောင်ကြည်လဲ့နေတတ်ခဲ့တာပဲလေ။

ရိုးသားစွာဝန်ခံရလျှင် သူ့မျက်ဝန်းတွေကိုမြင်လိုက်စဉ်မှာ ခမ်းရင်ထဲဖျပ်ခနဲလှုပ်ခတ်သွားခဲ့သည်။

အကြောင်းပြချက် မရှိနိုင်လုံတဲ့ ရောက်လာသော သူ့ကိုဆေးထိုးပေးမည်ဆိုတော့ တွန့်ခနဲဖြစ်သွားပုံက လည်း မောင်နဲ့တူသငိုလိုမို့ ခမ်း သတိထားမိသွားတာ ထင်၏။

မောင့်လိုပဲ ခမ်းနှင့်ဆုံတော့ စကားသံ တုန်တုန်အအနှင့် မောင့်လို အူကြောင်တုံးလေးဟုတောင် ခမ်း ခေါ်ခဲ့သေးတာပဲ။

မြူခိုးလွင်ဆိုသော သူကတော့ မောင့်လောက် တုံးတုံးအအ ဟုတ်ဟန်မတူပါ။

ခမ်းကိုခင်မင်ကျွမ်းဝင်ဖို့ လှပစွာနှင့် တောင်းဆိုသွားခဲ့သည်။ ခမ်းရဲ့ ဆေးခန်းထဲတောင် ရဲဝံ့စွာလာရောက်ရဲသေးတာပဲ။ မောင်သာဆို ဒီလောက်သတ္တိရှိမည်မထင်ပါ။

သေလိုက်စမ်း သွင်ခမ်းနား။

အခုမှမြင် အခုမှဆုံမိသော သူ့ကိုဘာကြောင့် မောင်နှင့်နှိုင်းယှဉ် နေမိတာလဲ။ မဟုတ်သေးပါဘူး။ မင်းသွေးနီဆိုတဲ့ မောင်ဆိုတာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲရှိခဲ့တာပါ။

ခမ်း အတွေးစတွေကို မောင်းထုတ်ပစ်ရင်း အိပ်ရာပေါ်ထ

ဆင်းလိုက်မိသည်။

စာကြည့်စားပွဲလေးရဲ့ အောက်ဆုံး အံဆွဲကိုဖွင့်လိုက်မိသည်။

အထဲက ယွန်းသေတ္တာသေးသေးလေးကို ထုတ်ယူလိုက်၏။

မောင့်ရဲ့ဓာတ်ပုံနှင့် မောင်ရေးခဲ့သော စာလေးနှစ်ဆယ့်ငေ

စောင်အပြင် မောင့်ရဲ့ဒိုင်ယာရီ စာအုပ်ပြာလေးပါ ရှိနေဆဲ။

ခမ်းမျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲတက်လာခဲ့တာ ဘယ်တုန်း

ကတည်းကမှန်းမသိခဲ့ပါ။

"မောင်ရယ် ရှင့်ကိုမမေ့နိုင်ပါဘူး"

မောင့်ကို သတိရရင် ကောင်းကင်ကြီးပေါ်ကို မော့ကြည့်လိုက်

စမ်းပါဆိုတဲ့ မောင့်စကားသံတွေကို ခမ်း မှတ်မိနေဆဲ။

မိုးကောင်းကင်ကြီး ဖြစ်ချင်တဲ့ မောင့်ကိုသတိရစိတ်နဲ့ခမ်းရဲ့

ဆေးခန်း နာမည်လေးကို မိုးကောင်းကင်လို့ပေးထားခဲ့တာ သက်သေ

မောင်ရယ်။

ခမ်း ခုတင်ပေါ်ကို ပြန်လှဲအိပ်လိုက်ပေမယ့် မောင့်ပုံရိပ်တွေ

ကပျောက်မသွားပါ။

မနေ့တစ်နေ့ကလိုပဲ ရှိနေဆဲပါ မောင်။



## အခန်း (၂၉)

တိမ်သားလိပ်လိပ်တွေ မျောနေတဲ့ ကောင်းကင်ပြာကြီးက ခမ်းရဲ့ ခေါင်းပေါ်မှာ ရှိနေသည်။

ညနေဆည်းဆာ အလင်းအောက်မှာ အိပ်တန်းပြန် ငှက်ကလေးတွေက ပျံဝဲသွားကြတာ အုပ်စုလိုက်၊ အဖွဲ့လိုက်။

မောင်ကတော့ ခမ်းဆီကို ဘယ်တော့မှ ပြန်မလာတော့ဘူး ထင်ပါတယ်။

"ခမ်းနား"

နားထဲကို တိုးဝင်လာသော ခေါ်သံသဲ့သဲ့ကြောင့် သူမ လှည့်တော့ မောင်ရယ်။ ခမ်းအနောက်မှာ ရပ်လို့နေသည်။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



မောင့်အပြုံးတွေက ဟိုးအရင်ကလိုပဲ နူးညံ့သိမ်မွေ့နေသည်။ မောင့်ရင်ခွင်ထဲကို တိုးဝင်ကာ ခမ်းတင်းတင်းကြပ်ကြပ် မောင့်ကို ပွေ့ဖက်ထားမိဆဲ။ စက္ကန့်ပေါင်းများစွာ မောင်နှင့်ခမ်းရင်ခုန်သံတွေ ပေါင်းစပ်တူညီနေမိဆဲ။

"ခမ်းနား မောင်တို့တိမ်တွေနဲ့အတူ ပျံသန်းကြရအောင်နော်"

မောင့်စကားအတိုင်း ခမ်း ခေါင်းညိတ်နာခံသော စက်ရုပ် ကလေးပဲ ဖြစ်နေဆဲ။

မောင်က ခမ်းလက်နှစ်ဖက်ကို အသာဆွဲဆန့်တန်းစေကာ လက်ချင်းချိတ်ဆက်ထားသည်။ ပြီးတော့ တိုးတိုးညင်သာစွာပြောသည်။

"ခမ်းနား မျက်ဝန်းတွေကိုမှိတ်ထားနော်၊ မောင်တို့တိမ်တွေ နဲ့မျောနေကြစို့"

ခမ်း မျက်ဝန်းတွေမှိတ်ထားလိုသည်။ ဆုပ်ကိုင်ထားဆဲ မော လက်ဖဝါးလေးက နွေးနေဆဲ။ လေပြည်သွဲ့သွဲ့က ခမ်း မျက်နှာကို ပြုံးပြီး ကလေးကျီစယ်သွားသေး။

တိမ်သားတွေက နူးညံ့လိုက်တာ။

ခမ်းနဲ့မောင်နဲ့ကောင်းကင်ထက်က တိမ်လွှာတွေနဲ့အတူ တကယ်ပဲ စီးမျောနေခဲ့သည်။

ရုတ်တရက် မောင့်လက်တွေ ပြုတ်ထွက်သွားသေး။ ခမ်းရင်ထဲမှာ





လိုက်ခနဲ ခံစားမိပြီး မျက်ဝန်းတွေဖွင့်ကြည့်လိုက်မိသေး။

တကယ်ပဲ မောင် ခမ်းအနားမှာ မရှိတော့ပါလား။

"မောင် မောင် ကျွန်မကို မထားခဲ့ပါနဲ့ မောင်"

တိမ်သားတွေထဲမှာ ခမ်း လွင့်မျောရင်း မောင့်ကို တကြော်ကြော်ခေါ်ကြည့်မိသည်။

"ခမ်း နား"

"ဟင်"

နူးညံ့သိမ်မွေ့စွာ ခေါ်သောအသံလှိုင်းကမောင့်ခေါ်သံ။ ဒါပေမဲ့ ခမ်း လက်ကလေးဆုပ်ကိုင်ကာ အနားမှာရှိနေသူက မောင့်မျက်နှာတော့ မဟုတ်ပါ။

"ဟင် ရှင် ရှင် မြူခိုးလွင်'

"ဟုတ်တယ် ကိုယ် မြူခိုးလွင်အဖြစ် ခမ်းနားဆီ ပြန်လာခဲ့တာ"

"ဟင့်အင်း ဟင့်အင်း မဟုတ်ဘူး၊ ကျွန်မ သိပ်ချစ်တဲ့မောင်က မင်းသွေးနီပါ ရှင်မဟုတ်ဘူး"

"မင်းသွေးနီကလည်း မြူခိုးလွင်၊ အူကြောင်တုံးကလည်း မြူခိုးလွင်ပါပဲ ခမ်းနားရယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတုံးလေးတဲ့။ ခမ်းနား မယုံနိုင်ဘူး။ သူ့ကိုငေးစိုက်ကြည့်မိသည်။ အသေအချာပါဘဲ။

ဒါမောင့်မျက်ဝန်းတွေ၊ ရိုးသားမှုနဲ့ ပြာလဲ့နေတဲ့ အကြောင်းတုံးလေးရဲ့မျက်ဝန်းတွေ၊ ခမ်း ရူးရူးနစ်နစ် မြတ်နိုးရသော မောင့်ရဲ့ မျက်ဝန်းပြာတစ်စုံပါပဲ။

ခမ်းနား မယုံကြည်နိုင်စွာ ငေးမောရင်းကြည့်နေဆဲမှာ သူ့ပုံရိပ်က ပျောက်ကွယ်သွားသည်။

"မောင် မောင် မောင် မောင်"

ခမ်းနား ဖျတ်ခနဲ လန့်နိုးတော့ ခမ်းနား အိပ်ပျော်သွားခဲ့တာ ဝရန်တာက ဒရင်းဘက်ပေါ်မှာဖြစ်နေသည်။

တစ်လောကလုံး မှောင်အတိ။ တိတ်ဆိတ်နေသော ကောင်းကင်ကြီးမှာ ကြယ်ပွင့်တွေ ပြိုးပြက်လက်နေ၏။ အေးစိမ့်နေသော လေပြည်တစ်ချက်က ဝေ့ဝဲလာမှ ခမ်းနား စိမ့်ခနဲ သတိဝင်လာသည်။

အင်္ကျီလက်ပြတ် ပါးလျပ်လျပ်လေးနဲ့ ခမ်း အိပ်ပျော်နေခဲ့တာပါလား။ အခန်းထဲကို ပြန်ဝင်လာခဲ့ကာ ခုတင်ပေါ်လှဲအိပ်လိုက်သည်။

စားပွဲပေါ်က နာရီလေးကို ကြည့်လိုက်တော့ ညဉ့်တစ်နာရီ ထောင်ထိုးနေပြီပဲ။





ခမ်း အိပ်မပျော်တော့ပါ။ အိပ်မက်ထဲက အဖြစ်တွေကို ပြန်တွေးမိသည်။

မောင့်ကို တမ်းတမက်သည့် အိပ်မက်ထဲမှာမှ မဆီမဆိုင် မြူနိုးလွင်က ဘာကြောင့် ပါဝင်လာရတာလဲ။

ဟင့်အင်း သွင်ခမ်းနား ရင်မှာ မင်းသွေးနီ တစ်ယောက်ပဲရှိသည်။

သွင်ခမ်းနားရဲ့ ချစ်ခြင်းတွေအားလုံး မင်းအတွက်ပဲ စုပုံပေးခဲ့ပြီးပြီလေ။

သွင်ခမ်းနားဆိုတဲ့ မိန်းမက အချစ်မရှိတော့တဲ့ နှလုံးသားနဲ့ ရှင်သန်နေခဲ့တာပါ မြူနိုးလွင်။

မင်း ဝင်မလာပါနဲ့တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဝရန်တာလေးမှာ သတိကင်းလွတ်စွာ အိပ်ပျော်သွားခဲ့ခြင်း၏ အကျိုးဆက်က ခမ်းကို ဆေးရုံနှင့်ဆေးခန်း မသွားနိုင်အောင် နှစ်ရက် တိတိ ဖျားစေခဲ့သည်။

ဆေးရုံမှာက လက်ထောက် ဆရာဝန်တွေရှိနေသေးတာမို့ ပြဿနာမရှိစေပေမယ့် ဆေးခန်းအတွက်တော့ ခမ်းရဲ့တပည့် ဆရာဝန် ပေါက်စမလေးကို အကူအညီတောင်းခဲ့ရသည်။

သည်နှစ်ရက်တော့ ကိုယ့်ကိုသာဆေးကုသရင်း ခမ်း အားပြည့် အောင် အနားယူခဲ့၏။

ညနေခင်းမှာတော့ ခမ်း နေထိုင်ရာ တိုက်ပုလေးရဲ့ ခြံဝင်းထဲမှာ အညောင်းပြေ လမ်းထွက်လျှောက်သည်။ သည်အချိန်မှာပဲ မထင်မှတ် သော ဧည့်သည်ရောက်လာခြင်းဖြစ်သည်။





ခြံဝမှ ထိုးရပ်သောကားကို မြင်ကတည်းက ခမ်း ထိတ်ခနဲ ဖြစ်သွားခဲ့တာ ဝန်ခံပါသည်။ ကားပေါ်က ဆင်းလာသော သူ့ကို မြင်လိုက် တော့ ခမ်း ပါးစပ်အဟောင်းသား ဝေးမိသည်အထိ။

မြူနိုးလွင် ရုပ်ဖြူလက်ရှည်ပေါ်မှာ လက်ပြတ်သိုးမွေး ဆွယ်တာ လေး ဝတ်ဆင်ထားသည့် ဆွယ်တာလေးက အပြာရင့်ရင့် ဘောင်းဘီရှည် ကလည်း အပြာရင့်ရောင်။

မင်းသွေးနီလောက် သူ့ဆံပင်တွေက တိုတိုကပ်ကပ် မဟုတ်ပေ မယ့် ရှင်းသန့်သော မျက်နှာကိုတော့ ပေါ်လွင်စေပါသည်။

ပိတ်ထားသော ခြံတံခါးဝမှာ ရပ်ရင်း သူ့လက်ထဲမှာလည်း လက်ဆွဲအိတ် အဖြူလေးကိုကိုင်ဆွဲထားသည်။

ရင်းနှီးခင်မင်စွာပြုံးပြနေသော အပြုံးနှင့် မျက်ဝန်းတွေကြောင့်ပဲ ထင်ပါသည်။ ခမ်း သူ့အနားသို့ ရောက်မှန်းမသိ ရောက်ခဲ့သည်။

"ဘယ်က လှည့်လာတာလဲ မြူနိုးလွင်"

"ဟင့်အင်း ကျွန်တော်ဆရာမဆီ တမင်လာတာပါ ဆရာမ နေမကောင်းဘူးလို့ ဆေးခန်းက နာ့စ်မလေးပြောလိုက်လို့ တစ်မျိုးတော့ မထင်ပါနဲ့နော်၊ ကျွန်တော် ဓာတ်စာမုန့်တွေ လာပို့ပေးတာပါ"

ခမ်းတကယ်ပဲ အားတုံ့အားနာဖြစ်သွားသည်။ ဆေးရုံမှာသည် လိုပဲ လက်ဆောင်တွေပေးတတ်တိုင်း ခမ်း ထူပူကာ ခါးသီး... ငြင်းရစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



"အို မဟုတ်တာ ကျွန်မ သက်သာနေပြီ ဖျားနာတာကလည်း သာမာန်ပါ အဆိုးကြီးမဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော့် စေတနာကို အသိအမှတ်ပြုတဲ့ အနေနဲ့ လက်ခံပေးပါနော်၊ နှစ်လေးကပြောလိုက်တယ် ဒေါက်တာသွင် ခမ်းနားက စိတ်ထားဖြူစင်တယ်တဲ့"

အခုတော့ သူ့စေတနာကို ခမ်း မငြင်းရက်ပါ။

"အိမ်ထဲဝင်ထိုင်ပါဦး မြူခိုးလွှင်"

"မဝင်တော့ဘူး ဆရာမ၊ ဆရာမက တစ်ယောက်တည်း နေတာလို့ ကျွန်တော် သိထားတယ်"

ခမ်း အကြောင်းတွေကို သူစုံစမ်းထားခဲ့ပုံရပါသည်။ ခမ်း ဘာမှ မပြောတော့ဘဲ ခေါင်းညိတ်ပြမိ၏။ သူ့မျက်ဝန်းတွေကို ရင်ဆိုင်ဖို့ ခမ်း စိုးထိတ်နေတာ မလွှတ်သေး။

"ဆရာမ သက်သာသွားပြီလားဟင်၊ မနေ့ကတည်းက ကျွန်တော် လာချင်နေတာ မသင့်ဘူးထင်လို့၊ ဒီနေ့လည်း ဆရာမ မလာဘူးဆိုတော့ ကျွန်တော်အရမ်း စိတ်ပူသွားတယ်"

ခမ်းကို ဘာကြောင့်သံယောဇဉ်နှယ်သည့် စကားတွေနှင့် တုတ်နှောင်ချည်ဖွဲ့နေရတာလဲ မြူခိုးလွှင်။ ဒါတွေကို ငြင်းဆန်ဖို့လည်း ခမ်း မင်သက်ကြောင်တွေစွာ နစ်မျောနေခဲ့၏။





"ဆရာမ အိပ်မက်တွေကိုယုံလားဟင်"

"ဟင်"

ခမ်း အံ့ဩသွားမိသည်။ အိပ်မက်တွေတဲ့။ ခမ်း တစ်နေ့ကပဲ သူနှင့်ဆက်နွယ်သော အိပ်မက်မက်ခဲ့သေး၏။

"ဟို ကျွန်တော် မေးတာ ဒီလိုပါဆရာမ၊ ဆရာမ မဖျားခင်ရက်က ကျွန်တော် အိပ်မက်မက်တယ်၊ အိပ်မက်ထဲမှာ ဆရာမ နေမကောင်းဘူးတဲ့"

ခမ်း ပိုလို့ထိတ်လန့်သွားမိသည်။ သူတကယ်ပဲ အိပ်မက်မက်ခဲ့သည်လား။ မဖြစ်နိုင်။ ခမ်းကို နှောင်ဖွဲ့ဖို့ကြိုးစားနေတာပဲ ဖြစ်မည်ထင်ပါသည်။

"ဆောရီးနော် ဟို ဆရာမက ဆရာဝန်တစ်ယောက်ဆိုတော့ စိတ်ကူးယဉ်ဆန်မှာ မဟုတ်ဘူး။ ကျွန်တော်လည်း အရင်ကသိပ်မယုံဘူး။ ဒါပေမဲ့ အံ့ဩစရာ ကောင်းလောက်အောင် တိုက်ဆိုင်မှုလို့ပါ"

တိုက်ဆိုင်တာတဲ့။ သူ့မျက်ဝန်းတွေထဲကို ခမ်း စူးစူးနစ်နစ် စိုက်ကြည့်သည်။ ဖြူစင်သောအရိပ်တွေ ပြာလဲ့နေသော မျက်ဝန်းတွေ။ မင်းရဲ့မျက်ဝန်းတွေလည်း သည်လိုပဲ ထင်ပါသည်။

"ကျွန်တော် ပြန်ဦးမယ်ဆရာမ၊ ကျွန်တော် ရန်ကုန်မပြန်ခင် ဆရာမနဲ့ဆုံချင်ပါသေးတယ်၊ ဒီအစားအစာတွေကိုတော့ ဆရာမ လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပေးပါနော်''

ကမ်းပေးလာသော သူ့လက်ထဲက အိတ်လေးကို ခမ်း လှမ်းယူမိစဉ် လက်ခနဲဖြာသွားသော လက်စွပ်လေးကို မြင်ဖြစ်အောင် မြင်လိုက်မိသေးသည်။

ရွှေ့စိန်တစ်ပွင့် နှစ်လက်စွပ်ကလေးက သူ့ရဲ့ဘယ်ဘက် လက်သူကြွယ်မှာ ရှိနေသည်။

ဒါ စေ့စပ်လက်စွပ်လား။ လက်ထပ်လက်စွပ်လား တစ်ခုခုတော့ ဖြစ်မည်ထင်သည်။

''ကျွန်တော်ပြန်ဦးမယ်နော် ဆရာမ''

ယဉ်ကျေးစွာ နှုတ်ဆက်ပြီး သူညင်သာစွာ ပဲလှည့်ထားသွား ခဲ့ပါသည်။ ကျောခိုင်းလှမ်းသွားသည့် သူ့အသွင်က မောင်နှင့်တူသလိုလို ခံစားမိသည်။

အို ကျွန်မ ရူးသွပ်သွားပြီလား။

မဖြစ်နိုင်တာ ဘယ်လိုမှမဖြစ်နိုင်သော အရာကြီးကိုဘာလို့ အမြဲတမ်း နှိုင်းယှဉ်နေခဲ့မိတာလဲမသိ။

ပြီးတော့ သူက ပိုင်ရှင်နှင့်အိမ်ထောင်သည်လည်း ဖြစ်နိုင် သေးသည်။ မောင်နှင့်တူသည်ပဲဖြစ်စေဦးတော့။ မောင်အစစ်အမှန်မှ မဟုတ်တာဘဲလေ။





ပြီးတော့ သွင်ခမ်းနား နှလုံးသားက အချစ်မဲ့စွာရှင်သန် နေတာပါ။

ကိုယ့်ကိုယ်ကိုယ် ခမ်း သတိပေးနေပေမယ့် ရင်ထဲတလှပ်လှပ် ဖြစ်နေတာ ဘာကြောင့်လဲ။

ဟင့်အင်း အချစ်ကြောင့်တော့ မဟုတ်နိုင်ဘူး ထင်ပါရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

လူ့ရဲ့ စိတ်ဆိုသည်က ရှုံးသွပ်မိုက်မဲတတ်ပါသည်။ ဒါပေမဲ့ သွင်ခမ်းနား၏ နှလုံးသားကတော့ မိုက်မဲစရာ အကြောင်း မရှိပါ။

မောင်ကလွဲ၍ဘယ်သူ့ကိုမှ မချစ်ခဲ့သောခမ်းနှလုံးသားက အစားထိုးဖို့ဆိုတာမရှိနိုင်။ ထိုအချက်နှင့်ပဲ သူ့ကို ခမ်းအတွေးထဲက မေ့ပစ်လိုက်သည်။

နောက်ရက်တွေမှာ ဆေးရုံကလူနာတွေထဲမှာပဲ တာဝန်တွေကို နစ်မြှုပ်ထားရင်း ခမ်း တည်ငြိမ်အောင်ကြိုးစားခဲ့သည်။

ဒါပေမဲ့ ကံကြမ္မာက သူနှင့်ခမ်းကို ရေစက်ဆုံခွင့်ထပ် ပေးခဲ့သည်လား။ သူကပဲ ခမ်းနှင့် တမင်ဆုံဆည်းအောင် ဖန်တီးခဲ့တာ လား ခမ်း မသိပါ။





ဂျူတီတာဝန် နားရက်တစ်ရက်မှာ ခမ်း မြို့ထဲတက်ရင်း ဝယ်စရာရှိတာလေးဝယ်သည်။ ဗိုက်ဆာတော့ စားသောက်ဆိုင် တစ်ဆိုင် မှာ ခမ်း ဝင်စားသည်။

ခမ်း နှစ်သက်ကြိုက်နေသော ရှမ်းခေါက်ဆွဲနှင့်ထမင်းချဉ်ကို အားပါးတရ စားနေတုန်း အရိပ်တစ်ခုအနားမှာ လာရပ်၏။

မော့ကြည့်တော့ မြူနိုးလွင်။

''ဆိုင်အပြင်မှာ ဆရာမရဲ့ ကားကိုမြင်လိုက်လို့ ကျွန်တော် ဝင်လာခဲ့တာ ကျွန်တော့်ကိုထိုင်ခွင့်ပြုပါနော်''

ငြင်းလိုက်ချင်သည်။ ဒါပေမဲ့ မသင့်ဟု ဦးနှောက်က သိနေတာမို့ ခေါင်းညိတ်ပြလိုက်ရပါသည်။

''မြူနိုးလွင် ဘာစားမလဲ စားလေ ထမင်းချဉ်ကြိုက်သလား''

''ဒီရောက်မှ စားဖူးတာ ကြိုက်ပါတယ်၊ ဆရာမ စားသလိုပဲ ကျွန်တော် စားမယ် ရှမ်းခေါက်ဆွဲနဲ့ထမင်းချဉ်ပေါ့''

ခမ်းမှာတာကိုပဲ သူမှာစားသည်။ ခမ်းစိတ်တော့ ညစ်ချင်သည်၊ ထထွက်သွားလို့လည်းမကောင်း။ သူ့မျက်ဝန်းတွေကိုမြင်တော့ ခမ်း ဘက်က မရိုးသားဖြစ်နေတာလားဟု ပြန်စဉ်းစားမိပြန်၏။

သူ့ဘက်က ဖြူစင်တာ မဖြူစင်တာထက် ခမ်းဘက်က ဖြူစင် ရင်ပြီးပြီပေါ့။ ဘာဖြစ်လဲ။ ဘာလို့ရင်မဆိုင်ရဲရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကို ကျွန်တော် တစ်ခုမေးချင်လို့ လွန်ခဲ့တဲ့ သုံးလလောက်က ဆရာမကို ရန်ကုန်မှာမြင်ဖူးတယ်"

"..."

ခမ်း အံ့ဩရပြန်ပါသည်။ သူ့စကားမှန်သည်။ ခမ်းရဲ့တပည့် ဆရာဝန်လေးရဲ့ မင်္ဂလာပွဲသို့ မရောက်ရောက်အောင် သွားခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်မှာ သုံးရက်ပဲကြာခဲ့သည်။ သူက ဘယ်လိုမြင်တွေ့ သိသွားခဲ့တာလဲမသိပါ။

"ဟို ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ ကောင်မလေးနဲ့ ရွှေတိဂုံဘုရား သွားရင်း ဆရာမကိုကျွန်တော်မြင်လိုက်တာ"

ခမ်း အစုမှသတိရလိုက်သည်။ မောင့်အတွက် ရည်စူးကာ ဘုရားသွားရင်း ကောင်းမှုပြုခဲ့ပေးတုန်း သူ မြင်ခဲ့တာထင်ပါရဲ့။

"ဟုတ်မယ် အဲဒီရက်လောက်က ကျွန်မ ရန်ကုန်ဘက် ရောက်တယ်"

သူ့မျက်ဝန်းတွေ ပိုလို့ တောက်ပသွားသည်ထင်ပါသည်။ ခမ်း ဝန်ခံလိုက်တာကြောင့်လား။ ဒါပေမဲ့ သူက သူမကို ဘာကြောင့် မှတ်မှတ်ထင်ထင်ဖြစ်နေတာလဲ။

"ဆရာမ ရန်ကုန်ရောက်တယ်ဆိုရင် ကျွန်တော်တွေ့ခဲ့တာ





မှန်သွားပြီပေါ့"

ခမ်း တစ်ခုခုတော့ မေးမှဖြစ်မည် တွေးနေတုန်းမှာ စားပွဲဝိုင်းကိုမထင်မှတ်ဘဲ ရောက်လာသည်က ခမ်းနှင့်ရင်းနှီးသော နယ်ခံ မိတ်ဆွေလင်မယားဖြစ်သည်

"ဟာ ဒေါက်တာ မဆုံတာကြာပြီနော်"

ရှမ်းအမျိုးသားကြီး ဝမ်းသာအားရ နှုတ်ဆက်သည်။ သူ့အမျိုးသမီးကလည်း ဝမ်းသာအယ်လဲဖြစ်နေသည်။ သူတို့ဇနီး မောင်နှံ အတွက်သားဦးလေးကို သူမ ခက်ခက်ခဲခဲ မွေးဖွားပေးခဲ့ရတာမို့ လေးစားခင်မင်နေခြင်းဖြစ်သည်။

ဆုံနေပြီဖြစ်တော့ သူတို့ပါ စားပွဲဝိုင်းမှာထိုင်ကာ စကားတွေပြောတော့သည်။

သူအလိုက်တသိနှင့် ထရပ်ရင်း ခမ်းကို နှုတ်ဆက်ရှာသည်။

"ဆရာမ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ကျွန်တော်အားလုံး ရှင်းခဲ့ပါရစေ"

"အို မလုပ်နဲ့ မလုပ်နဲ့ ဒီဝိုင်းကို ကျွန်မတို့ ရှင်းပါရစေ၊ ဆရာမလေးအတွက် မရှင်းနဲ့ အားလုံးရှင်းမယ် ရတယ်"

မိတ်ဆွေ ရှမ်းအမျိုးသမီးကြီးက ဖွတ်ငြင်းနေတော့ သူလည်း ဘာမှမတတ်သာဘဲ နှုတ်ဆက်ပြန်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခမ်းကို သူဘာတွေပြောချင်တာလဲ သိခွင့်မရလိုက်သလို ခမ်း မေးချင်တာတွေလည်း မေးခွင့်မရလိုက်ပါ။

■ ■ ■



## အခန်း (၃၂)

“မမ မမနဲ့ တွေ့ချင်လို့တဲ့ ညည်းသည် ရောက်နေပါတယ်၊ ရန်ကုန်က ဆရာဝန်ကြီး ဦးလှိုင်မြတ်သာ တဲ့”

ဆရာဝန်မလေး မိုးမိုး စကားကြောင့် ခမ်း ဝမ်းသာသွားမိသည်။ ဆရာကြီးက သူမတို့ ဆေးကျောင်းသူဘဝကတည်းက ဆရာသမား ဖြစ်ဖူးသည်။

မျက်စိအထူးကု သမားတော်ကြီးတစ်ယောက်။ ခမ်းတို့ မဆုံဖြစ်တာကြာပြီ။

ရုံးခန်းထဲရောက်တော့ ဆရာကြီး၏အပြုံးတွေက နွေးထွေးစွာနှင့် ခမ်းကို လက်ကမ်းကြိုဆို၏။

“သွင်ခမ်းနား ဒီဆေးရုံမှာ မင်း O.G အဖြစ် တာဝန်ထမ်း ဆောင်နေတာသိလို့ ဆရာဝင်ခဲ့တာ ကွန်ဂရက်ကျူလေးရှင်း သွင်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



နား''

''သမီးလည်း ဝမ်းသာပါတယ် ဆရာကြီးရယ် ဆရာကြီးနဲ့ မဆုံဖြစ်တာကြာပြီနော်''

''မင်း အင်္ဂလန်ကိုပညာတော်သင်သွားပြီးကတည်းက မဆုံဖြစ်တာလေ အံ့သြစရာပဲ အခု ဆရာ့မိတ်ဆွေဆီလာရင်း မိတ်ဟောင်းတွေနဲ့ မထင်မှတ်ဘဲ ဆုံနေတယ်ဟေ့''

ဆရာကြီးက ဝမ်းသာအားရ ပြောနေသည်။ ခမ်း ဆရာကြီးနှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း

''မိတ်ဟောင်းတွေ ဟုတ်လား ဆရာကြီး၊ ကျောင်းတုန်းက တပည့်တွေပဲလားဟင်''

''တပည့်က မင်းတစ်ယောက်ပဲ၊ နောက်တစ်ယောက်က ဆရာ့ရဲ့ လူနာဖြစ်ခဲ့ဖူးတဲ့သူပါ မောင်မြူခိုးလွင် တဲ့''

''ဟင်''

ခမ်း ဟန်မဆောင်နိုင်အောင် အံ့သြသွားတာကို ဆရာကြီး မျက်လွှာ ပင့်ကြည့်သည်။

''မင်းနဲ့သိလို့လားကွ၊ သူက တောင်ကြီးကို ခဏရောက်နေတာ ရန်ကုန်မှာ ဆောက်လုပ်ရေးကုမ္ပဏီရှိတယ်''

''ဟုတ်၊ ဟုတ်ကဲ့ အရင်းနှီးကြီးတော့ မဟုတ်ပါဘူး





ဆုံဖူးပါတယ် ဆရာ''

ခမ်း အလိုက်သင့်ပဲ ပြောလိုက်မိတယ်။ မုသာဝါဒကံလည်း ဆရာကြီး အပေါ် မထိုက်စေချင်ပါ။ ရင်ထဲမှာတော့ သူ့အမည်ကို ကြားရုံနှင့် လှုပ်ခတ်သွားတာ ကိုယ့်ကိုကိုယ် မကျေနပ်ချင်ပါ။

''အေးကွ အဲဒီသူငယ်က ဆရာကိုယ်တိုင်ခွဲစိတ်ပြီး မျက်ကြည်လွှာ အစားထိုးကုသပေးဖူးတဲ့လူနာ မျက်စိနှစ်ဖက်စလုံး အကာဆီဒင့်တစ်ခုကြောင့် ငါးနှစ်ကျော်ကွယ်နေခဲ့တာ၊ အလှူရှင်တစ်ဦးကြောင့် ပြန်မြင်ခွင့်ရသွားတဲ့လူပေါ့''

ဆရာကြီးစကားတွေကို ခမ်း စိတ်ဝင်စားလာမိသည်၊ ဆရာကြီးကလည်း အတွေ့အကြုံသစ်တစ်ခုမှို့ ပြောပြနေ၏။

''ထူးဆန်းတာ အဲဒီ သူငယ်က ခွဲစိတ်ပြီး မျက်စိပြန်မြင်ခွင့်ရမှ အိပ်မက်တွေ အမြဲမက်တာပဲ''

''အိပ်မက်တွေ ဟုတ်လား ဆရာကြီး''

''ဟုတ်တယ် အရမ်းအံ့သြဖို့ ကောင်းတယ်၊ နှစ်ပတ်တစ်ကြိမ်လောက် တစ်နှစ်ကျော်မက်နေတဲ့ အိပ်မက်က တစ်ပုံစံတည်းပဲတဲ့ အိပ်မက်ထဲမှာလည်း သူတစ်ခါမှ မဆုံဖူးမမြင်ဖူးတဲ့ မိန်းကလေး တစ်ယောက်ကို ထင်ထင်ရှားရှားမြင်ရတယ်တဲ့''

ဆေးပညာရပ်ဆိုင်ရာ အတွေ့အကြုံဆန်းတစ်ခုမို့ ဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com



ခမ်း စိတ်ဝင်စား နားထောင်ပေးတော့ ပြောပြရှာပါသည်။

"သူ့အိမ်မက်ထဲမှာ အဲဒီမိန်းကလေးနဲ့ သူ တိမ်တိုက်တွေထဲမှာ လေဟုန်စီးနေကြတယ်တဲ့ကွ"

"ဟင်"

ခမ်း ရင်တွေ တလှပ်လှပ်ခုန်လာသည်။ အိမ်မက်တွေထဲမှာ လေဟုန်စီးကြသည်တဲ့။

ဒါ ဒါဆို သူ သူ ဟာ ။

■ ■ ■

တကယ့်ဖြစ်ရပ်တွေက စိတ်ကူးယဉ် ဝတ္ထုစာတ်လမ်းတွေထက် ဆန်းကြယ်နေခဲ့သည်လား။

ဆရာကြီး ပြောပြသော မြူနိုးလွင်ရဲ့အိမ်မက်တွေသည် ခမ်းနှင့် မောင်ဆိုသော မင်းသွေးနီတို့ စိတ်ကူးယဉ်ခံစားခဲ့ဖူးသည့် အဖြစ်တွေနှင့်တူညီနေ၏။

ဒါဘာကြောင့်ဟု ဆရာကြီး ကိုယ်တိုင်လည်း မသုံးဖြတ်နိုင်ဟု ပြောသွားခဲ့သည်။

မျက်ကြည်လွှာ အစားထိုးကုသထားသည့် မြူနိုးလွင်။

ခမ်း နားထဲမှာမောင့်ရဲ့ရှေ့နေကြီးပြောသွားသော စကားတွေ ပြန်ကြားယောင်လာပါသည်။





"မောင်မင်းသွေးနီက စိတ်ထားဖြူစင်မြင့်မြတ်တဲ့ ကလေးပါ၊ သူဆုံးပါးတော့ မသေခင်မှာ သူ့ခန္ဓာကိုယ်ကို လှူထားလို့ ဆေးရုံက အလောင်းကို လာသယ်ဆောင်သွားခဲ့တယ်၊ သူရဲ့ခန္ဓာကိုယ်က အစိတ်အပိုင်းနဲ့ လူနာတွေကို ကုသစေချင်လို့တဲ့လေ၊ တကယ် မြင့်မြတ်တဲ့ စိတ်ထားပဲ အန်ကယ် သာဓုခေါ်မိပါတယ်ကွယ်"

မောင့်ရဲ့မြင့်မြတ်သော အလှူအတွက် ခမ်းလည်း သာဓုခေါ်ခဲ့မိဖူးပါသည်။

မောင်သည် လူနာများစွာအတွက် ခန္ဓာ အစိတ်အပိုင်းတွေ လှူဒါန်းခဲ့သည့်သူ။ ဒါဆိုရင်

မောင့်ရဲ့ မျက်ကြည်လွှာ နှစ်ခုက မြူနိုးလွင်အတွက် အစားထိုးကုသခဲ့တာ ဖြစ်နေမည်လား။

ထိုအတွေးက ခမ်း ရင်ကို တလျပ်လျပ် တုန်ယင်စေသည်။

မောင့်မျက်ဝန်းတွေနဲ့ ရှင့်မျက်ဝန်းတွေ အလင်းရခဲ့တာလား မြူနိုးလွင်။

ဒါကြောင့် ရှင့်ရဲ့အိမ်မက်တွေထဲမှာ ကျွန်မပါဝင်နေခဲ့တာလား မြူနိုးလွင်။

ဒါသာ အမှန်တွေဆိုရင်။

ခမ်း ယုံတယ်မောင်၊ မောင် ခမ်း ဆီကို ပြန်လာမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မောင့်မျက်ဝန်းတွေက ခမ်းဆီကို ပြန်ရောက်လာခဲ့တာပေါ့။

ခမ်း ဝမ်းသာကြည်နူးစိတ်နဲ့ စားပွဲလေးဆီကို အပြေးရောက်ခဲ့သည်။

မြူနိုးလွင် ပေးခဲ့ဖူးသော လိပ်စာလေးကိုရှာမိသည်။ အဆင့်သင့်ပဲ တွေ့လိုက်ရသည်။

ခမ်း လက်တွေတောင် တုန်ယင်လို့။ ဖုန်းလေးကို လှမ်းယူကာ ခမ်း နံပါတ်တွေကို ဖိနှိပ်မိသည်။

အတန်ကြာသည်အထိ ကိုင်မည့်သူ မရှိ။ ခမ်း ငါးမိနစ်တောင် ဆက်ခေါ်လိုက်မှ အဆင်ပြေသည်။

"ဟဲလို မြူနိုးလွင် ပါ"

ခမ်း နှုတ်က ချက်ချင်းစကားသံတွေ မထွက်ခဲ့။ မြူနိုးလွင်ရဲ့ ထပ်မံသေးကို ကြားမှ

"ကျွန်မ သွင်ခမ်းနား ပါ"

"ဟာ ဆရာမ"

"ဒီမှာ မြူနိုးလွင် ကျွန်မ ရှင်နဲ့ တစ်ရက် လောက်ဆုံတွေ့ချင်တယ် အရေးကြီးကိစ္စရှိလို့"

"ဆရာမ ဘာကိစ္စရှိလို့လဲ သိပ်အရေးကြီးရင် ကျွန်တော်လာခဲ့မယ်လေ တစ်နာရီလောက်တော့ အချိန်ပေးပါ ဒီမှာနိုင်ငံခြားက ဧည့်သည်





တွေနဲ့ တွေ့စရာရှိလို့"

သူ့လုပ်ငန်းတာဝန်တွေကိုတော့ ခမ်း မထိခိုက်စေချင်ပါ။ ရင်ထဲမှာ ပြင်းပြနေသောစိတ်ကိုတော့ ချိုးနှိမ်ထားလိုက်ရပါသည်။

"ဒီလောက် အရေးမကြီးပါဘူး မနက်ဖြန် ရှင်အားသလား"

"ဖြစ်တယ် ကျွန်တော် အားပါတယ် အလုပ်နားရက်ပါ"

"ဒါဆို ရှင့်အိမ်လိပ်စာအတိုင်း ကျွန်မလာခဲ့မယ် မြူနိုးလွင် ဖြစ်ရဲ့လား"

"ဟာ ဖြစ်တာပေါ့ အခု ကျွန်တော်နေတာ ကျွန်တော့်ရဲ့ အရင်းနှီးဆုံးသူငယ်ချင်း အိမ်မှာပါ ပြဿနာမရှိဘူး ဖြစ်တယ်"

"အိုခေ ကျွန်မ ကိုးနာရီ အရောက်လာခဲ့မယ်"

"ကျွန်တော် ဆက်ဆက်စောင့်နေပါမယ့်ဗျာ"

သူ့အသံလေးကို ခမ်းနားထောင်ရင်း ဖုန်းကိုပိတ်လိုက်မိ၏။ ခမ်း ဒီညတော့ အိပ်မပျော်မှာ သေချာသည်။

သူသာ ခမ်းမြတ်နိုးရသော မောင်ရဲ့အရိပ်တစ်ခု ကျန်ရစ်ပိုင်ဆိုင်ထားသူ ဖြစ်ခဲ့လျှင်။

သေဆုံးသွားတဲ့ ခမ်းရဲ့ရင်ခုန်သံတွေ ပြန်ရှင်သန်လာမှာ သေချာတယ်။

ခမ်း နှလုံးသားကို ရှင်သန်ခွင့်ပြုပါမောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ခြံဝင်းကျယ်ကြီးက ခမ်းနားသည်။ ထိုခြံကျယ်ကြီး၏ အလယ်မှာရှိသော နှစ်ထပ်တိုက်ကြီးကတည်း ထည်ဝါပါသည်။

ခြံရှေ့မှာကားရပ်ပြီး ခမ်း လူခေါ်ဘဲလ်လေးနှိပ်တော့ ခြံစောင့်အဘိုးကြီးတစ်ဦး အပြေးရောက်လာရင်း

"ဆရာဝန်မလေး သွင်ခမ်းနားလား ခင်ဗျာ"

"ဟုတ်ပါတယ်ရှင် ကျွန်မ မြူနိုးလွင်နဲ့ တွေ့ချင်လို့ပါ"

"ဝင်ပါ ခင်ဗျာ ဝင်ပါ၊ ဆရာလေးတော့ မရှိဘူး၊ ဒါပေမဲ့ သူ့ဇနီးလောင်းတော့ ရှိပါတယ်၊ ဆရာမလေးကို စောင့်နေတယ်"

ခမ်း မျက်ခုံးတွေ တွန့်သွားသည်။ သူ့ဇနီးလောင်းတဲ့ ဒီမှာ အတူနေကြတာလား သိချင်မိသည်။





"အဲဒီမိန်းကလေးက ဒီမှာနေတာလား ဦးကြီး"

"မဟုတ်ပါဘူး ခင်ဗျာ ဆရာလေးဆီ လာလည်တာပါ၊ ဒီမနက်ပဲ ရောက်တာခင်ဗျ"

ထင်တော့ ထင်ပါသည်။ အတူနေကြသည့် လင်မယား တွေဆိုလျှင် မြူနိုးလွင် အမှန်ပဲ ဝန်ခံလိမ့်မယ်။ သူ့မျက်ဝန်းတွေက မလိမ်ညာတတ်တဲ့ မျက်ဝန်းတွေပဲလေ။

ခမ်း ဖွင့်ပေးသောတံခါးကြီးမှ ကားလေးကို မောင်းဝင်ခဲ့သည်။

ဆင်ဝင်အောက်မှ ရပ်စောင့်နေသော မိန်းကလေးကို အစောကတည်းက ခမ်း မြင်နေရသည်။

အဝါရောင်ဝတ်စုံလေးနှင့် ခေါင်းစွပ်သိုးမွေးဦးထုပ်အဖြူလေးကို ဆောင်ထားသည်။ တောင်ကြီးရဲ့ အအေးဒဏ်ကို ခံစားဖူးသေး ပုံမပေါ်ပါ။

ခမ်း ကားတံခါးဖွင့်ဆင်းသော ခမ်း အနားကိုလျှောက်လာ၏။ ချစ်ခင်နှစ်လိုဖွယ် အပြုံးလေးက သူမ နှုတ်ခမ်းမှာ ပွင့်ဖူးသည်။

"ဒေါက်တာ သွင်ခမ်းနားဆိုတာ မမ ဟုတ်ပါတယ်နော်"

နှစ်လိုဖွယ်ရာ အပြုံးလေးကြောင့် ခမ်းလည်းသူမရဲ့အပြုံးတွေ ကူးစက်ကာ ခေါင်းကလေး ညိတ်ပြမိသည်။

"မြူ ပြောပြကတည်းက မမကို ကြယ်ပွင့် ခင်မင်ချင်နေတာ မမက တကယ်ချစ်စရာ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေက ခင်မင်စရာကောင်းသလို စကားပြောပုံလေးကလည်း ချစ်စရာကောင်းပါသည်။ အသေအချာကြည့်မှ နုပျို ရှင်းသန့်သော ရုပ်သွင်လေးက ချောမောလွန်းတာ ခမ်း သိုးကျူးမိ၏။

ပခုံးကို ဝဲကျနေသော ဆံနွယ်ညိုညိုလေးတွေက အတိုအရှည် မညီညာသော ခေတ်ဆန်ဆန်စတိုင်လ်လေးဖြစ်၏။

ဒါပေမဲ့ ရှင်းသန့်သော ရုပ်သွင်လေးနှင့်လိုက်ဖက်ပါသည်။ သတိထားမိသော မျက်နှက်ဝန်းလေးတွေက ဖြူစင်ရိုးသားခြင်း တို့ ကိန်းဝပ်နေမှာ သေချာ၏။

"မြူက အရေးတကြီး ကိစ္စရှိလို့ ကုမ္ပဏီကို ခဏထွက်သွားတယ် မမရဲ့ နာရီဝက်အတွင်း ပြန်လာမှာပါ၊ ကြယ်ပွင့်နဲ့ စကားပြောရင်း စောင့်ပေးပါနော် ဟောဟိုမှာ ထိုင်မလား၊ ဧည့်ခန်းထဲထိုင်မလားဟင် မမ"

ခမ်းကို လိုလားစွာ ဖိတ်ခေါ်နေသည်။ ညွှန်ပြသော ရောင်စုံ အမိုးလေးနှင့် ခြံထဲက နားဆောင်လေးက ထိုင်ချင်စရာမို့

"အပြင်မှာပဲ ထိုင်ရအောင်ကွယ်"

"လာ မမ ကော်ဖီပူပူလေးသောက်ရင်း စောင့်ကြတာပေါ့နော်"

ရှုခင်းအလှတွေကို ငေးမောရင်း ခံစားနိုင်သည့် စားပွဲဝိုင်း ကလေးမှာ ခမ်းတို့ ဝင်ထိုင်တော့ အသင့်ရှိသည့် ကော်ဖီခွက်ထဲကို





ဓာတ်ဘူးထဲက ကိုယ်တိုင်ငှဲ့ပေးသည်။

လုပ်သည်ထက် လောကွတ်ပိုနေတာမျိုး မဟုတ်ဘဲ။ တကယ် စေတနာနှင့် ပြုစုပေးနေတာမျိုးမို့ ကောင်မလေးကို ခမ်း ခင်မင်သွားခဲ့သည်။

"ညီမလေးက ကြယ်ပွင့်တဲ့လား"

"ကြယ်ပွင့်ခင်ပါ မမ ခမ်းနား"

ခမ်း အမည်ကိုတောင် ရင်းနှီးစွာ အဖျားစွတ်ခေါ်သည်။ ဘာပဲ ဖြစ်ဖြစ် ကြယ်ပွင့်ခင် ဆိုသော မိန်းကလေးသည် ခင်မင်စရာ ကောင်းသော မိန်းကလေးဟု ခမ်းအကြွင်းမဲ့ ယုံကြည်မိသည်မို့

"ကြယ်ပွင့်က ရန်ကုန်က လာလည်တာလား"

"ဟုတ်ပါတယ် မမ၊ မြူက ကြယ်ပွင့်ကို တောင်ကြီးကို လိုက်လည်စေချင်တယ်၊ ကြယ်ပွင့် ချက်ချင်းမလိုက်ဖြစ်လို့ အခုမှလိုက်ဖြစ်ခဲ့တာပါ"

ပြောရင်း ကော်ဖီခွက်ကို ခမ်းရှေ့ ချပေးသည့် ကြယ်ပွင့် လက်တွေကိုကြည့်ရင်း ခမ်း မထင်မှတ်ဘဲ မြင်လိုက်ရသည်က စိန်တစ်ပွင့် ရွှေလက်စွပ်ကလေးတစ်ကွင်း။

သည်လို လက်စွပ်ကလေးမျိုးကို မြူခိုးလွင်ရဲ့လက်မှာလည်း သူမမြင်ဖူးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမနဲ့ မြူနဲ့ ရင်းနှီးခင်မင်နေတာကြာပြီလားဟင်"

ကြယ်ပွင့်အမေးကြောင့် ခမ်းတွေခနဲဖြစ်သွားရင်း ကော်ဖီခွက်ကို မော့သောက်လိုက်သည်။ ဘာပဲဖြစ်ဖြစ် အမှန်တရားကိုတော့ ကြယ်ပွင့်ခင်ကို ခမ်း မပြောချင်ပါ။

"ဟင့်အင်း မကြာသေးပါဘူး တောင်ကြီးရောက်မှ မမျှော်လင့်ဘဲ သိကျွမ်းခဲ့တာ ဘာလို့မေးတာလဲ ကြယ်ပွင့်"

ကြယ်ပွင့် ပင့်သက်လေးရှိုက်သည်။ ပြီးမှ

"မြူမှာ ခံစားချက်တစ်ခုရှိတယ် မမရဲ့၊ မြူက မျက်ကြည်လွှာ အစားထိုးကုသထားတာလေ၊ အဲဒီနောက်ပိုင်းမှာ မြူမှာ အိမ်မက်တွေ အမြဲမက်တယ်တဲ့ အခုကြယ်ပွင့်ကို သူပြောတယ်"

ခမ်း တွေခနဲဖြစ်သွား၏။ ကြယ်ပွင့် မျက်ဝန်းတွေက ခမ်းကို စူးစမ်းစိုက်ကြည့်ရင်း ပင့်သက်လေးထပ်ရှိုက်၏။

"သူ့အိပ်မက်ထဲမှာ မြင်မက်တဲ့ အမျိုးသမီးက မမခမ်းနားနဲ့ တစ်ထေရာတည်း တူတဲ့ အမျိုးသမီးတဲ့"

"ဟင်"

ခမ်း အံ့ဩသွားမိသည်။ မြူခိုးလွှင်က အားလုံးကို ကြယ်ပွင့်ခင် သိအောင် ရင်ဖွင့်ထားသည်ပေါ့။ ဒါဆို ကြယ်ပွင့် အပေါ်ထားရှိသည့် မြူခိုးလွှင်ရဲ့စိတ်ထားက ဘာလဲ။





ခမ်း စိတ်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရတာတော့ အမှန်။

"မမကိုတော့ မြူသူ့အိမ်မက်အကြောင်းတွေ မပြောပြဘူးလားဟင်၊ အဲဒီ အစွဲအိမ်မက်ကြီးကို မြူ အမြဲမက်နေတာကြာပြီ၊ မြူကို ကြည့်ပြီး ကြယ်ပွင့် အရမ်းခံစားရတယ်မမရယ်"

"ခံစားရတယ် ဟုတ်လား ကြယ်ပွင့်"

"ဟုတ်တယ် မြူကို ကြယ်ပွင့် ဘယ်လောက်ချစ်သလဲဆိုတာ မမ မသိပါဘူး၊ မြူကို ကြယ်ပွင့်ချစ်ခဲ့တာ ကြယ်ပွင့်မိသားစုကို စွန့်ပြီး ချစ်ခဲ့တာပါ"

"ဟင်"

"ဟုတ်တယ် မြူကို ကြယ်ပွင့် စတွေ့တဲ့ အချိန်မှာ မြူက အမြင်အာရုံတွေ ချို့တဲ့နေဆဲပါ"

ကြယ်ပွင့်ခင်ရဲ့ ခံစားချက်တွေကို ခမ်း တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်ပေးဖြစ်သည်။

ခမ်း မယုံနိုင်စွာ သိရှိလိုက်ရသည်က ကြယ်ပွင့်ခင်ဆိုသော မိန်းမတစ်ယောက်ရဲ့ နှလုံးသားကို ဖြစ်သည်။

မြူခိုးလွှင်အပေါ် ကြယ်ပွင့်ခင်ထားရှိသော ချစ်ခြင်းတွေက တကယ့်ကိုကြီးမားခဲ့သည်ပဲ။

မြူခိုးလွှင် မျက်ဝန်းတွေ အလင်းမဲ့ခဲ့စဉ်ကတည်းက ကြယ်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



ခင်က ပေးဆပ်ချစ်ခဲ့တာဘဲ။

"ကြယ်ပွင့်လေ မြူကို အရမ်းသနားတယ်၊ ဘာကြောင့်

ဒီလိုအိမ်မက်တွေထဲက မြူ ရုန်းမထွက်နိုင်တာလဲဟင်၊ အဲဒီအဖြေ

ကြယ်ပွင့် အရမ်းသိချင်တယ်၊ မြူ စိတ်ချမ်းသာစေချင်တယ်၊ မြူရဲ့

ချက်တွေ ပြေစေချင်တယ် မမရယ်"

မျက်ရည်တွေ ရစ်ဝဲလာသော ကြယ်ပွင့်ကို ငေးရင်း ခမ်း

ရင်ထဲမှာ ဆို့နစ်လာရတာအမှန်။

ကြယ်စင်ရဲ့ မျက်ဝန်းတွေကို ငေးစိုက်ကြည့်ရင်း ခမ်းရင်ထဲအ

ဝေဒနာတွေ ကူးစက်လာသလိုမျိုး။

မြူနိုးလွင်ဆိုသော ယောက်ျားတစ်ယောက်ကို ကြယ်ပွင့်ရဲ့

ချစ်ခြင်းတွေ မြတ်နိုးကြီးမားခဲ့တာ သေချာသည်။ ကြယ်ပွင့်ခင် ရဲ့

နှလုံးသားကို ခမ်း လုယူရတော့မည်လား။

ဟင့်အင်း ခမ်း အသည်းတွေ ဒီလောက်အထိ မမာကြော

မရက်စက်တတ်ပါဘူး။

"အခု ကြယ်ပွင့်နဲ့ မြူ စေ့စပ်ထားတာဆိုပေမယ့် ကြယ်ပွင့်

သူ့ကို မချုပ်နှောင်ထားချင်ပါဘူး မမရယ်၊ မြူကို ပိုင်ဆိုင်ခွင့် မရခဲ့ရင်

တောင် ခမ်းချစ်နေနိုင်ပါတယ်"

ပိုင်ဆိုင်ခွင့် မရခဲ့ရင်တောင် ချစ်နေနိုင်သတဲ့လား။ သွင်ခမ်းနော





ဆိုတဲ့ မိန်းမတစ်ယောက်ကတော့ မင်းသွေးနီဆိုတဲ့ ယောက်ျားတစ်ယောက်ကို သည်လိုမြတ်နိုးခဲ့တာပဲလေ။

ခမ်း အတွေးတို့ ချာလည်နေဆဲမှာ ခြံထဲကိုမောင်းဝင်လာသည့် ကားလေးတစ်စီး။

"ဟော မြူ ပြန်လာပြီ"

ရေရွှတ်သံနှင့်အတူ မျက်ရည်စတွေကို ပုတ်ခတ်သိမ်း ဆည်းလျက် ကြယ်ပွင့် ပြေးထွက်သွားပုံက ခမ်းကိုတောင် တဒင်္ဂမေ့လျော့သွားသည့်အတိုင်း။

ဆင်ဝင်အောက်မှာ ရပ်သွားသောကားလေးပေါ်မှ တံခါးဖွင့်ဆင်းလာသော မြူနိုးလွင်က ကြယ်ပွင့်ကို ကျော်လွန်ကာ ခမ်းကို မြင်သွားခဲ့တော့။

တောက်ပကြည်လင်သော မျက်ဝန်းတွေနှင့် ခမ်း ရှိရာသို့ ခပ်သွက်သွက် ခြေလှမ်းတွေနှင့် လှမ်းလာသည်။

"ဆရာမ ရောက်နေပြီလားဟင်"

မြူနိုးလွင် အနောက်မှာ တိတ်ဆိတ်စွာပါလာသော ကြယ်ပွင့်ကို ခမ်း စိတ်မကောင်းစွာကြည့်ရင်း ခေါင်းကိုညင်သာစွာ ညိတ်ပြ၏။

မြူနိုးလွင်က ခမ်းကို စောင့်နေရသည့်အတွက် အနူးအညွတ်တောင်းပန်စကားတွေ ဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတဒင်္ဂမှာ ခမ်းအာကဲခတ်သတိထားနေမိသည်က ကြယ်ပွင့်

မျက်ဝန်းတွေကိုပဲ ဖြစ်သည်။ ဟန်ဆောင်နိုင်စွမ်း မရှိသော ကြယ်ပွင့်

ရင်ထဲမှာ ကြယ်ပွင့်ရဲ့ခံစားချက်တွေ ရှိရင်။

ဖြူစင်ရိုးသားသော မျက်ဝန်းများစွာရဲ့ ခံစားချက်ကို ခမ်း

ဖတ်ရှုတတ်ခဲ့တာ ကြာပါပြီ။

"ဆရာမ ကျွန်တော့်ကို တွေ့ချင်တဲ့ကိစ္စက ဘာလဲဟင်"

မြူနိုးလွင် အလေးအနက်မေးတော့ ခမ်း ပင့်သက်ကိုရှိုက်ရ

မြူနိုးလွင် မျက်ဝန်းတွေထဲကို စိုက်ကြည့်မိ၏။

သိပ်ကို သေချာပါသည်။ သူ့မျက်ဝန်းတွေက မောင့်ရဲ့ မျက်ဝ

တွေပါပဲ။ ဒါပေမဲ့ ခမ်း ရင်ထဲက နှလုံးသားက ကြယ်ပွင့်ရဲ့ မျက်ဝန်းတွေ

ခံစားတတ်ခဲ့ပြီပဲ။

"မင်းရဲ့အိမ်မက်တွေအကြောင်း ကျွန်မဆွေးနွေးချင်လို့"

မြူနိုးလွင် မျက်ဝန်းတွေ ရွှန်းလဲတောက်ပသွားခဲ့တာ အသ

အချာ။

"ကျွန်တော့်အိမ်မက်တွေ ဒါ ဒါတွေကို ဆရာမ သိနေတ

ဟုတ်လား"

"တို့ကို ခမ်းနားလို့ပဲ မင်း ခေါ်နိုင်တယ်၊ ဒါမှမဟုတ် ကြယ်

ခေါ်သလို မမလို့ပဲ ခေါ်နိုင်တယ် မြူနိုးလွင်"





"ဟုတ်ကဲ့ ဟုတ်ကဲ့ ခမ်းနား"

ခမ်းနားတဲ့၊ မောင့်လိုပဲ ခမ်းကိုသူရဲ့ခေါ်ဝေါ်ပုံမှာ ထပ်တူညီ

နေခဲ့သည်။

"မင်းရဲ့အိမ်မက်တွေ အကြောင်းကို တို့သိပြီးပြီ မြူနိုး၊ မျက်စိ

အထူးကု ပါရဂူကြီး ဦးလှိုင်မြတ်သာနဲ့ တို့တွေ့ပြီးပြီ"

"ဗျာ"

"ဟုတ်တယ်၊ နောက်ထပ်အခု တို့ထပ်သိရတာ မင်းရဲ့အိမ်မက်

ထဲမှာ ဖြစ်နေတဲ့သူက တို့လို့သိထားတယ်"

"သေချာတယ် မမခမ်းနား ကျွန်တော် ဒီအကြောင်းတွေကို

မမခမ်းနားကို ပြောခွင့်မရသေးလို့"

ခမ်း ယုံယုံပြုံးမိသည်။ သူ့မျက်ဝန်းတွေက ခမ်းဆီက စကား

သံတွေကို ငံ့လင့်နေတာ သေချာ၏။

"မင်း အိမ်မက်တွေက စိတ်ရဲ့ခံစားမှုတစ်ခုပဲ မြူနိုး"

"ဗျာ ဘယ်ကို မမခမ်းနား"

"မင်းကို တောင်ကြီးရောက်မှ တို့မထင်မှတ်ဘဲ ခင်မင်ဆုံ

တွေ့ခဲ့တာ မင်းအိမ်မက်ထဲမှာ ဆုံတွေ့ခဲ့တယ်ဆိုတာ အတော် စိတ်ကူးယဉ်

ဆန်တဲ့ကိစ္စပဲ"

"မ မဟုတ်ဘူး မမခမ်းနား ဒီအိမ်မက်ကို ကျွန်တော်မြင်



www.burmeseclassic.com

www.burmeseclassic.com



မက်နေတာ တစ်ခါမဟုတ်ဘူး၊ နှစ်ခါ မဟုတ်ဘူး၊ အကြိမ်ကြိမ်ပါ မရေ
တွက်နိုင်အောင်ပါ''

''အိမ်မက်ဆိုတာ ဆန်းကြယ်နိုင်ရင် ဆန်းကြယ်လိမ့်မယ် မြူ
ဒါပေမဲ့ အမှန်တရားမှ မဟုတ်ဘဲ''

''ဗျာ''

''ဟုတ်တယ်လေ အိမ်မက်ဆိုတာ တကယ့်ဖြစ်ရပ် မဟုတ်ဘူး
မင်းဘာကြောင့် ဒီအိမ်မက်တစ်ခုကို စွဲလန်းနေရတာလဲ၊ အမှန်ကန်ဆုံး
ပြောရရင် မင်းနဲ့ငါ မသိဘူး၊ မင်းက အိမ်မက်ထဲမှာပဲ ကျိုတင်သိ
နေခဲ့တာဆိုရင် အံ့ဩစရာ တိုက်ဆိုင်မှုပဲ''

''တိုက်ဆိုင်မှု ဟုတ်လား''

''သေချာတာပေါ့၊ ဒီထက်ဘာမှ မပိုနိုင်ဘူး မင်းစဉ်းစားကြည့်
ပေါ့ ကဲပါလေ၊ ဒါ မင်းကိစ္စပါ မထင်မှတ်ဘဲ ဆရာကြီးဆီက မင်း
အကြောင်း ကြားရလို့ တို့လာရှင်းပြတာ၊ အကောင်းဆုံးက မင်း အိမ်မက်
တွေကြားမှာ မပျော်မွေ့ပါနဲ့ မြူနိုး''

''ဗျာ''

''အိမ်မက်က တကယ် မဟုတ်ဘူးလေ၊ မင်းဘဝကို လက်တွေ့
တည်ဆောက်ပါလို့ တို့အကြံပေးချင်တယ်''

သူ့မျက်ဝန်းတွေက ခမ်းကို ငေးစိုက်ကြည့်နေ၏။ ခမ်း စကား





တွေကို သူ လက်မခံနိုင်မှန်း အောက်နှုတ်ခမ်းတွေကို ဖိကိုက်ထားပုံက
သက်သေခံနေသည်။

''မင်းကို တို့ရဲ့မောင်လေးလို ခင်မင်လို့ အကြံပေးတာမြူနိုး၊
စိတ်ကူးယဉ်ဆန်တဲ့ အိမ်မက်တွေထဲက မင်း ရုန်းထွက်လိုက်ပါ''

သူ့ဆီက ဘာမှ ခွန့်တုံ့ပြန်စကား ထွက်မလာခင် ခမ်း စရပ်
လိုက်မိသည်။

''တို့ပြန်မယ် မြူနိုး၊ ညီမလေး ကြယ်ပွင့် မမကိုခွင့်ပြုပါဦး''

ကြယ်ပွင့်ခင် ခေါင်းကလေး ညိတ်သည်။ မြူနိုးလွင် မျက်ဝန်း
တွေက ခမ်းကို ငေးကြည့်နေမိဆဲ။

ဟင့်အင်း။ ဒီမျက်ဝန်းတွေကို ခမ်း မကြည့်ပါရစေနဲ့။

တောင်းပန်ပါတယ် မြူနိုးလွင်။ အဲဒီမျက်ဝန်းတွေကြောင့်
သွင်ခမ်းနားရဲ့ နှလုံးသားတွေ သေဆုံးပြီးမှ ပြန်လှုပ်ခတ်ခဲ့ရ တာပါ။

ကျွန်မကြောင့် အပြစ်ကင်းစင်တဲ့နှလုံးသားတစ်ခု ကြေမွသွားမှာ
ကို ကျွန်မမမြင်ပါရစေနဲ့။

ခမ်းနှလုံးသားက အချစ်တစ်ခုအတွက် ရှင်သန်ခဲ့သလိုပဲ မြူနိုး
လွင်ရဲ့နှလုံးသားကလည်း ကြယ်ပွင့်ခင်အတွက်ပဲ ရှင်သန် သင့်ပါတယ်။

သေချာတာက ခမ်းရဲ့နှလုံးသားက ဝေဒနာ ဒဏ်ရာ ဒဏ်ချက်
တွေ ဆင့်ကဲခဲ့ပြီဆိုတာ . . ။



www.burmeseclassic.com

www.burmeseclassic.com

*

## အခန်း (၃၄)

"မမ ခမ်းနား"

နားထဲထိ စိမ့်လာသည့် အသံကြောင့် ခမ်း တွန့်ခနဲဖြစ်သွားသည်။ ညှို့ခန်းဆိုဖာထက်တွင် ထိုင်နေပေမယ့် မော့မကြည့်ဖြစ်ပါ။ မောင့် မျက်ဝန်းတွေနဲ့ ရင်ဆိုင်ရမှာကို ခမ်း စိုးရွံ့သည်။

"မင်း ဘာလာလုပ်တာလဲ မြူနိုးလွင်"

အသံတွေတုန်အက်မသွားအောင် ထိန်းပြောလိုက်ရသည်။ ခမ်း ရင်ထဲမှာ ဆို့ကြပ်နေသည်။ ခမ်း အရှေ့မှာ ဝင်ထိုင်လိုက်သည့် အရိပ် တစ်ခုကို တွေ့လိုက်ရသည်။

"မနေ့က ကိစ္စအတွက် ကျွန်တော် လာခဲ့တာပါ၊ မမခမ်းနား ညာနေတယ်ဆိုတာကို ကျွန်တော်သိနေတယ်"

"မင်းကို ဘာကိစ္စ ညာရမှာလဲ မြူနိုးလွင်၊ အဓိပ္ပာယ်မရှိတဲ့





အိပ်မက်တွေကို ဘာကြောင့် စွဲလန်းနေရတာလဲ"

ဖြစ်နိုင်လျှင် ခမ်း နေရာမှာတင် သေးသိမ်ပျောက်ဆုံး သွားချင်ပါသည်။ ရင်မဆိုင်ရဲလို့ အရှုံးပေးခဲ့သူကိုမှ ဝေဒနာတွေ ထပ်ပေးနေသလိုပါပဲလား။

"ကျွန်တော့်ကို မညာပါနဲ့လားဗျာ ကျွန်တော့် အိမ်မက်ထဲက မိန်းကလေးဟာ မမဆိုတာ ကျွန်တော် သိနေတယ်"

"အို မဟုတ်ဘူး မဟုတ်ဘူး မင်းစိတ်စွဲလန်းတာတွေပါလို့ ဘယ်နှစ်ခါ ပြောရမလဲ"

ခမ်း အသားတွေ တဆတ်ဆတ် တုန်ခါသွားအောင် ငြင်းဆိုဖစ်မိသည်။ ခမ်း အာရုံထဲမှာ မြင်ယောင်နေမိတာက အပြစ်ကင်းစင်တဲ့ ကြယ်ပွင့်ခင်ရဲ့ မျက်နှာလေးလေ။

"တိုက်ဆိုင်မှုဆိုတာ အဲဒီလောက်ထိ ရှိနိုင်သလား၊ ကျွန်တော်ကတော့ မမခမ်းနားဟာ အိမ်မက်ထဲက မိန်းကလေးဆိုတာ ယုံကြည်နေတယ်"

ခမ်း ဘယ်လိုရှင်းပြရမှာလဲ၊ ယုံကြည်မှု လွှမ်းကဲနေသည့် နှလုံးသားတစ်ခုကို ဆုပ်ချေပစ်ဖို့ အင်အားတွေ ချိနဲ့နေသည်။

ပိုင်ရှင်ရှိနေတာ သိသိနဲ့ဖွင့်အတင်း ဖန်တီးယူရအောင် အချစ်က ရောင်းကုန်ပစ္စည်းမှမဟုတ်ဘဲ၊ အသိတရားကင်းမဲ့ ရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခမ်း သိက္ခာ မမဲ့ချင်ပါ။

"လက်တွေ့ကျတဲ့ ဘဝတစ်ခုကို ဘာကြောင့် စိတ်အလိုလိုက်ပြီး စိတ်ကူးယဉ်ဆန်ချင်နေတာလဲ မြူနိုးလွင်ရယ်"

"စိတ်ကူးယဉ်ဆန်တာ မဟုတ်ဘူး မမ ခမ်းနား၊ တကယ် ဖြစ်နေတာ၊ ကျွန်တော့်မျက်လုံးတွေကို သေချာစိုက်ကြည့်ပြီး ပြောပါလား မမခမ်းနား"

သွားပြီ။ အဆိပ်တက်နေတဲ့ ဝိဉာဉ်ကောင်ကို အသက်သွင်း လိုက်မိတာ ခမ်း အပြစ်။ တကယ်ဆိုရင် မြူနိုးလွင်ဆီ ခမ်း မသွားဘဲ ကောင်းသည်။

အခုတော့ ဒေင်ဥယျာဉ်ထဲက သစ်သီးကိုမှ ခမ်းက သွားကျွေး မိသည်။ ခမ်း တွေဝေ မနေချင်တော့ပါ။

အံကို တင်းတင်းကြိတ်ပြီး ခေါင်းကိုမော့လိုက်သည်။ ခမ်း မျက်ဝန်းတွေက မြူနိုးလွင်ရဲ့မျက်လုံးတွေကို စိုက်ကြည့်ပစ် လိုက်သည်။

သွေးကြောတွေ တလျှောက်ကြက်သီးဖြန်းဖြန်းထသွားသည်။ အေးစက်စက် အပြစ်ကင်းစင်တဲ့ အကြည့်တွေက အရင်က အတိုင်း ရှိနေဆဲပါပဲလား။

ခန္ဓာကိုယ်တစ်ခုလုံး နွမ်းချိပျော့ခွေသွားသည်။ မောင် မောင်ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းလေး တစ်ခုတလေကတောင် ခမ်းရဲ့ ရင်ကို





လှုပ်ကိုင်နေဆဲပါလား မောင်ရယ်။

ဝမ်းနည်းခြင်းနှင့်ယူကြုံးမရခြင်းတွေက မျက်ရည်တံခါးတွေကို ရိုက်ချိုးဖို့ကြိုးစားနေပြီ။

"ကောင်း ကောင်းပြီ မြူနိုးလွင် မင်းခဏစောင့်နေပါ မင်းကို မမ လက်တွေ့ပြမယ်"

မျက်တောင်တစ်ချက် မခတ်မိအောင် စူးစိုက်ကြည့်ရင်း ပြော လိုက်မိတာဖြစ်သည်။

ခမ်းထထွက်လာခဲ့တော့ မြူနိုးလွင် ငြိမ်သက်စွာ ကျန်ခဲ့သည်။ ခမ်း လှုပ်ရှားလိုက်တိုင်း ကပ်ငြိနေသည့် အကြည့်တွေက မြူနိုးလွင် စိတ်တွေ လှုပ်ရှားနေတာကို ပေါ်လွင်စေသည်။

ခမ်း ပြန်ရောက်လာခဲ့တော့ မြူနိုးလွင် လက်ဝါးခြင်း ပွတ်သပ် နေသည်။ သူလည်း ခမ်း လိုပါပဲလား။

"ရော့ မင်း သေသေချာချာကြည့် မြူနိုးလွင်"

ခမ်း လှမ်းပေးသော ဓာတ်ပုံလေးကို မြူနိုးလွင်က တုန်တုန် ယင်ယင် လက်တွေဖြင့် လှမ်းယူသည်။

ခမ်းနှင့်မောင် ယှဉ်တွဲ၍ ရိုက်ထားသည့် ဓာတ်ပုံလေးပါ။ မျက်စိစုံမှိတ်ရင်း မောင်က ခမ်းလက်တွေကို ကိုင်မြှောက်ဆန့်တန်း ပြီး တိမ်တိုက်တွေက ဝေဟင်ထက်မှာ လွင့်မျောယျက်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါ မမခမ်းနား မဟုတ်လား၊ တစ်ယောက်က မမ ချစ်သူပေါ့"

လည်းချောင်းတွေ ကွဲအက် ခြောက်သွေ့ကာ စကားလုံးတွေ ပျောက်ဆုံးနေသည်။ ခေါင်းကိုသာ လေးလေးတွဲတွဲလေး ခါယမ်းပြမိသည်။

သံသယမကင်းတဲ့ ပုံစံက လက်မခံနိုင်ခြင်းကို ဖော်ဆောင်နေ၏။

"မ မဟုတ်ဘူး မြူနိုးလွင် သူက သျှင်ခမ်းနားတဲ့၊ မမနဲ့ ငါးမိနစ်ပဲ ခြားပြီးမွေးတာ အမြွှာညီအစ်မပေါ့၊ သူ့ချစ်သူနာမည်က မင်းသွေးနီ သူတို့နှစ်ယောက်က သိပ်စိတ်ကူးယဉ်တတ်တဲ့ စုံတွဲပေါ့"

တဒင်္ဂ ငြိမ်သက်သွားသည်။ အသက်ရှူဖို့ပင် မေ့နေလောက်အောင် မြူနိုးလွင် မိန်းမောနေသည်။

တဆတ်ဆတ် တုန်ယင်နေသည့် နှုတ်ခမ်းတွေကို မကြည့်ရက်စွာ မျက်နှာလွှဲမိသည်။

"အခုတော့ နှစ်ယောက်စလုံး မရှိကြတော့ပါဘူး၊ ကား ကား အက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားကြတယ်လေ၊ မင်းအိမ်မက်ထဲလို သူတို့က တိမ်တွေကို ကြည့်ပြီးဆုတောင်းတတ်ကြတယ်၊ ပြီးတော့ နှစ်ယောက် စလုံးက မသေခင် ခန္ဓာကိုယ်တစ်ခုလုံး လှူခဲ့ကြတာလေ"

"ဒါ ဒါဆို ကျွန်တော့ မျက်လုံးတွေက"

"ဟုတ်တယ် အတိအကျ မဆိုနိုင်ပေမယ့် မင်းသွေးနီရဲ့





မျက်လုံးတွေလို့ ယူဆလို့ရတယ်၊ ဆရာဦးလှိုင်မြတ်သာရဲ့ ပြောပြချက်အရ ပေါ့"

စကားဝိုင်းက ပြီးဆုံးသွားခဲ့ပြီ။ မြူနိုးလွင်က ခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ဆိုဖာကျောမှီဘက်သို့ လှဲချပစ်လိုက် သည်။

ခမ်းရဲ့ရင်အစုံက နိမ့်ချည် မြင့်ချည်၊ ခမ်း အာရုံထဲမှာ ပေါ် လာတာက အေးတိအေးစက် မောင့်ရဲ့အကြည့်တွေ အမူအယာတွေ။

လက်တွေဆန့်တန်းရင်း တိမ်တိုက်တွေဆီ ပျံသန်းနေသည်။ ပြန်မရနိုင်တော့တဲ့ အတိတ်က ခံစားမှုတွေ။

မောင်ရယ် ခမ်း တစ်သက်မှာ မောင်တစ်ယောက်တည်း ချစ်ခဲ့မိတာပါ။ မောင့်ကို ခမ်း ချစ်တဲ့အချစ်က ပိုပြီးတိုးလာတယ် မောင်။

ခမ်းကို မောင် ဘယ်လောက်ထိ ချစ်ခဲ့သလဲဆိုတာ အခု ခမ်း ပိုသိသွားခဲ့ပါပြီ။

မောင့်ရဲ့ မျက်လုံးလေးတစ်စုံကတောင် ခမ်းအပေါ် စွဲလန်းစွာ ယစ်မူးနေခဲ့ရင် မောင်ရဲ့နှလုံးသားတွေ ဦးနှောက်တွေမှာဆိုရင် အို ခမ်း မတွေးဝံ့အောင်ပါပဲ။

ခမ်းအပေါ် မေတ္တာကြီးမားတဲ့ မောင့်အကြောင်းတွေကို အခုလောက် လေလေ ခမ်း ယူကျုံးမရဖြစ်လေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မောင့်ရဲ့အချစ်က ခမ်းရဲ့အချစ်ထက် မွန်မြတ်ကြီးမားလှပါတယ် မောင်။

ခမ်း ဖြတ်သန်းရဦးမယ်။ လက်ကျန့် အချိန်တိုင်းမှာ ဘဝဆက်တိုင်း မောင်နဲ့ဆုံဆည်း ပေါင်းဖက်ရပါစေလို့ ဆုတောင်းနေမိတော့မှာပါ မောင်။

"မမ ခမ်းနား"

ခေါ်သံကြောင့် ခမ်းနှင့်ပစ္စုပ္ပန် တသားတည်း ဖြစ်သွားသည်။

"ဟား ကျွန် ကျွန်တော် မမခမ်းနားကို ကျေးဇူးတင်ပါတယ်။ လက်တွေ့ကျတဲ့ ဘဝတစ်ခုကို တည်ဆောက်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါပြီ၊ တွေဝေခြင်းနွံ့အိုင်ထဲက ကျွန်တော့်ကို ဆွဲထုတ်ပေးခဲ့တဲ့ မမခမ်းနားကို ကျွန်တော် ထာဝရ သတိရနေမှာပါ၊ ကျွန်တော် သွားတော့မယ်"

ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သလို မြူနိုးလွင်က တည်ငြိမ်နေခဲ့ပါသည်။ ခမ်း သူ့ကို မနှုတ်ဆက်ဖြစ်ပါ။

တရွေ့ရွေ့လျှောက်လှမ်းသွားသည့် မြူနိုးလွင်ကို ခမ်း တမေ့တမော ငေးမောနေမိသည်။

ခေါင်းတွေ လေးရိလာပြီး ရင်ခေါင်းထဲက ဆို့တက်လာသည်။ မြူနိုးလွင်နှင့်အတူ မောင်ရဲ့စိတ်ဝိညာဉ်ကပါ ထွက်ခွာသွားသလို ခံစား





လိုက်ရသည်။

အမြင်အာရုံတွေ ဝေဝါးဖျော့တော့လာသည်။ ဟန်ဆောင်ခြင်းကင်းမဲ့စွာဖြင့် ခမ်း ချုံးပွဲချငိုပစ်လိုက်မိပါသည်။

မြူနိုးလွင်က မင်းသွေးနီမှ မဟုတ်ဘဲ မောင်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

တစ်မနက်လုံး မွေးလူနာတွေနှင့် လုံးပမ်းနေရတာမို့ ခမ်း မနားနိုင်ခဲ့ပါ။ ဆယ့်နှစ်နာရီ ထိုးလုမှပဲ ခမ်း အနားရတော့သည်။

နားနေခန်းလေးထဲ ဝင်ထိုင်ရင်း စားပွဲပေါ်မှာ ရှိနေသော သတင်းစာကို ခမ်း ကောက်ယူဖတ်လိုက်သည်။

ကြော်ငြာကော်လံကိုရောက်တော့ ခမ်းမျက်ဝန်းတွေ ဝိုင်းခတ် သွားခဲ့သည်။

လက်ထပ်ပြီးစီးခြင်းသတင်းက ထည့်ဝါခန့်ငြားစွာ။

ခမ်း ရင်ထဲမှာ ဟာခနဲ ဖြစ်သွားပေမယ့် ချက်ချင်းပြန်ထိန်း ချုပ်ရင်း ကြည်နူးစွာပဲ ပြုံးမိပါသည်။

မောင်မြူခိုးလွင်နှင့် မကြယ်ပွင့်ခင် တို့၊ ဝမ်းသာပါတယ်ကွယ်။





မင်းတို့ဘဝတစ်လျှောက်လုံး ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

ခမ်း ရင်ထဲမှ တိုးတိုးလေး ဆုတောင်းရင်း သတင်းစာကို ပြန်ချထားလိုက်သည်။

"မမ စောစောကပဲ မမ နာမည်နဲ့ ဆေးရုံကို စာတစ်စောင် ရောက်လာတယ်"

နာ့စ်မလေး ခင်မှုရီစကားကြောင့် ခမ်း အံ့ဩသွားမိသည်။ ခမ်းဆီကို စာရေးဆက်သွယ်သူဆိုလို့ မရှိတက်အောင် ရှားပါးသည်။

စာအိတ်ကို လှမ်းယူပြီး ဖတ်ကြည့်တော့ပိုလို့တောင် အံ့ဩသွား ခဲ့သည်။

ကြယ်ပွင့်ခင်ဆီက ရေးလိုက်သော စာဖြစ်နေခြင်းမို့ ခမ်း အလျှင်အမြန်ပဲ ဖောက်ဖတ်ကြည့်လိုက်သည်။

ဝိုင်းစက် ညီညာသော ကြယ်ပွင့်ရဲ့လက်ရေးလေးတွေ။

<u>မမ</u>

ကြယ်ပွင့် မမကို ကျေးဇူးတင်ပါတယ်လို့ အရင်ဆုံးပြောပါရစေ မမရယ်။ မြူနဲ့ကြယ်ပွင့်တို့ မင်္ဂလာပွဲကို ဖိတ်ချင်ပေမယ့် မမလာနိုင်ဖို့ မလွယ်လို့ မဖိတ်ဖြစ်တော့တာပါ။

မြူရဲ့ရင်ထဲက အစွဲအလန်းကြီးကို မမခမ်းနား ချေဖျက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တဲ့အတွက် ကြယ်ပွင့် အရမ်းကျေးဇူးတင်ပါတယ်။ ဆရာဝန်ကြီး ဦးလှိုင်မြတ်သာနဲ့ ကြယ်ပွင့်တွေ့ဖြစ်တယ် မမ။

"ဟင်"

ခမ်းရင်ထဲ ထိတ်ခနဲဖြစ်သွားမိသည်။ ဆရာကြီးနှင့် မြူနိုးတို့ တွေ့ကြသည်ဆိုတော့ အမှန်တရားတွေကို မြူနိုး သိသွားခဲ့ပြီလား။ ခမ်း စာလေးကို ကသောကမျော ဆက်ဖတ်ကြည့်လိုက်မိသည်။

BURMESE CLASSIC .com

ဆရာကြီးက မမခမ်းနား အကြောင်း ကြယ်ပွင့်ကို ပြောပြပါတယ်။ မမခမ်းနားမှာ အမြွှာညီအစ်မဆိုတာ လုံးဝမရှိဘူးတဲ့။

မမရယ် မြူရဲ့အပေါ် မမခမ်းနား ဖြေရှင်းပေးလိုက်တာ ဘာကြောင့်လဲလို့ ကြယ်ပွင့် နားလည်လိုက်ပါတယ်။

မြူကတော့ မင်းသွေးနီနဲ့ လောကကြီးထဲမှာ တကယ်မရှိတဲ့ သျှင်ခမ်းနား ဆိုတာကို တကယ် ယုံကြည်နေခဲ့တာပါ။

ဆရာဝန်ကြီးနဲ့ ကြယ်ပွင့်တို့လည်း မြူကို ဒီကိစ္စအတွက် လျှို့ဝှက်ထားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မမ လက်ခံပေးမယ်လို့ ကြယ်ပွင့် ယုံကြည်တယ်။

ကြယ်ပွင့်လေ မမကို လေးစားကြည်ညိုသွားခဲ့ပါတယ်။ မမရဲ့ ရင်ထဲကနှလုံးသားကို ကြယ်ပွင့်မြင်လိုက်ရတဲ့ အဖြစ်ပဲ။





ကြယ်ပွင့် ကတိပြုပါတယ် မမခမ်းနား။

မြူကို ကြယ်ပွင့်ဘဝထက် ချစ်မှာပါ။ ကြယ်ပွင့် အသက်ထက် မြတ်နိုးမှာပါ ကြယ်ပွင့်ထင်ပါတယ်။

မင်းသွေးနီဆိုတဲ့ ယောကျ်ားတစ်ယောက်ကို မမခမ်းနား ချစ်မြတ်နိုးခဲ့သလို ကြယ်ပွင့်လည်း မြူကို ထပ်တူမြတ်နိုးပါတယ်။

တစ်နေ့နေ့ကျရင် မမနဲ့ကြယ်ပွင့်ပြန်ဆုံချင်ပါသေးတယ်။

မမကို သတိရကျေးဇူးတင်နေမယ့်
ကြယ်ပွင့်ခင်

စာလေးဆုံးသွားတော့ ခမ်းရင်ထဲမှာ ပေါ့ပါးသွားခဲ့၏။ မျက်ဝန်းတွေမှာ မျက်ရည်တွေ ဘယ်အချိန်ကတွဲခိုနေခဲ့သည် မသိ။

ကြယ်ပွင့်ခင်ရဲ့ မျက်နှာလေးကို ခမ်း မြင်ယောင်မိဆဲ။

သွင်ခမ်းနားဆိုတဲ့ မိန်းမတစ်ယောက်ရဲ့နှလုံးသားကို ကြယ်ပွင့် မြင်သိသွားခဲ့တယ်ပေါ့။

မမကလည်း မင်းတိုနားလည်ကျေးဇူးတင်ပါတယ် ကြယ်ပွင့် လေးရေယ်။

မြူနိုးလွင်ဆိုတဲ့ ယောကျ်ားတစ်ယောက် နှလုံးသားကို မမ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒဏ်ရာတစ်ခု မဖြစ်စေချင်ပါဘူး။

ဒါကို နားလည်ဖြည့်စွမ်းပေးတဲ့ ကြယ်ပွင့်ကို မမ ရင်ထဲမှာ အမြဲ အလွတ်ရနေမှာပါကွယ်။

■ ■ ■



BURMESE CLASSIC .com

## အခန်း (၃၈)

တောင်ကြီးမြို့လေးရဲ့ ရှုခင်းတွေက အေးချမ်းလှပနေမြဲ။ မြူနှင်းလေးတွေက ဝေ့ဝဲသိုင်းခြုံထားမြဲ။

သွင်ခမ်းနားဆိုတဲ့ ခမ်း ဘဝသည်လည်း အသားတကျ ပုံမှန် လည်ပတ် ရှင်သန်နေမြဲ ရှိသည်။

နှစ်နှစ်ကျော်ဆိုသော ကာလအပိုင်းအခြားမှာ ခမ်းနှင့် သည် ဆေးရုံလေးက သံယောဇဉ်တွယ်နှောင်နေခဲ့ပြီ ဖြစ်သည်။

ခမ်း မြတ်နိုးသော ဝါသနာနှင့် လူနာတွေရဲ့ အပြုံးတွေကြားမှာ ခမ်း ကျေနပ်စွာရှင်သန်နေမြဲ။

ရင်ထဲမှာ အမြဲတမ်း အမှတ်တရရှိနေသော အဖြစ်အပျက်ကို ခမ်း မေ့ထားချင်ပေမယ့် ကံကြမ္မာက နှလုံးသားတွေ ပြန်လှုပ်ခတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးပေးခဲ့သည်။

ဆေးရုံလေးမှာ ခမ်း ပုံမှန်တာဝန်တွေနှင့် ရှင်သန်နေသည် တစ်နေ့ နေ့လည်ပိုင်းမှာ ဖြစ်သည်။

"မမ ခမ်းနား အရေးကြီး မွေးလူနာတစ်ယောက် ရောက်လာလို့"

နာ့စ်လေးက အလောတကြီး အခန်းထဲဝင်လာပြောတော့ ခမ်း ဂျူတီကုတ်ကို ကောက်ဝတ်ကာ ချက်ချင်းထွက်လိုက်ခဲ့သည်။

လူနာတင် ဘီးတပ်လှည်းလေးပေါ်မှာ နာကျင်မှုဝေဒနာနှင့် ညီးတွားပါလာသော မွေးလူနာ ထိုလူနာစံဘေးမှာ စိုးရိမ်တကြီး မျက်နှာနှင့်လူနာရှင် အမျိုးသား။

"ဆရာဝန် လာနေပြီ ညီမ၊ ဘာမှမကြောက်နဲ့နော်"

နာ့စ်လေးက မွေးလူနာကို အားပေးစကားဆိုတော့ အမျိုးသားမျက်နှာက ခမ်းကို လှည့်ကြည့်သည်။

"ဟင် မမခမ်းနား"

"မြူ မြူနိုးလွင်"

"ဟုတ်တယ် မမ ဒီမှာ ကျွန်တော့ဇနီး ကြယ်ပွင့်လေးတောင်ကြီးကို အလည်လာရင်း ဗိုက်နာလာလို့ အဲဒါ"

မြူရဲ့ စိုးရိမ်မျက်ဝန်းတွေကို နားလည်စွာ ခေါင်းညိတ်ရင်း





ကြယ်ပွင့်ခင်အနီး ခမ်း ရောက်ခဲ့၏။

"မမခမ်းနား"

နာကျင်မှု ဝေဒနာကြားက ကြယ်ပွင့် နှစ်လိုဖွယ်ပြုံးပြတော့ ခမ်း ကြယ်ပွင့်ပခုံးလေးကို ဆုပ်ကိုင်ရင်း

"ကြယ်ပွင့် ရင်သွေးလေးကို မမ မွေးဖွားပေးမယ် သိလား"

ကြယ်ပွင့် ကျေနပ်စွာ ခေါင်းကလေး ညိတ်သည်။ ခမ်းနား လိုအပ်သည့် စမ်းသပ်မှုတွေကို စစ်ဆေးပြီးသည်နှင့် ခွဲစိတ်ရင်း ပို့နိုင်း လိုက်သည်။

"ရက်စောမွေးမယ့် လက္ခဏာပဲ မြူ မြူလက်မှတ်လိုတယ်၊ ဘာမှမပူနဲ့ အားလုံး အိုခေမှာပါ"

မြူက အားကိုးတကြီး မျက်ဝန်းတွေနှင့် ခေါင်းညိတ်ပြ၏။ ပြာလဲ့လဲ့ မျက်ဝန်းတွေက ခမ်းကို စွဲဆောင်ထားနိုင်ဆဲပါလား။

အခြေအနေက ထင်မှတ်ထားသည်ထက် ခက်ခဲသွားခဲ့သည်။ ဒါပေမဲ့ ကြယ်ပွင့်ကိုကော ကလေးငယ်ကိုပါ ခမ်း ကယ်တင်နိုင်ခဲ့ပါသည်။

"ယောကျာ်းလေး မြူ မင်းဝမ်းသာတော့"

"ဗျာ ဝမ်းသာလိုက်တာ မမရ ဟို ကြယ်ပွင့်ကောဟင်"

"မကြာခင် သက်သာမှာပါ အခု သွေးလိုလို့ သွင်းရမယ်၊ ဒီအတွက်လည်း မပူနဲ့ ကြယ်ပွင့်နဲ့မမ သွေးက တူနေလို့ မမ ကိုယ်တိုင်



www.burmeseclassic.com

သွေးလှူမှာ''

မြို့ မျက်ဝန်းတွေ ဝိုင်းလျှက် ကျန်ခဲ့သည်။ ခမ်း သွေးလှူဖို့အတွက် အခန်းထဲဝင်ခဲ့ရပြန်သည်။

ကံကြွမ္မာက တိုက်ဆိုင်လွန်းသည်။ ကြယ်ပွင့်တို့သားလေးကို ခမ်း ကိုယ်တိုင် မွေးဖွားပေးခဲ့နိုင်သည်။ အခုလည်း ကြယ်ပွင့် အတွက် လိုအပ်သောသွေးကို ခမ်း ပေးလှူခွင့်ရသည့်အဖြစ်။

ခမ်းရင်ထဲမှာ ချမ်းမြေ့ကြည်နူးလိုက်တာ။ ဒီတစ်ခါတော့ ကံကြွမ္မာကို ကျေးဇူးတင်ပါသည်။

''မမကို ကြယ်ပွင့် ထပ်ပြီးကျေးဇူးတင်ပါတယ် မမရယ်''

ကြယ်ပွင့် မျက်ရည်စတွေကို စိုလဲ့သောမျက်ဝန်းတွေနှင့် တုန်တုန်ယင်ယင်လေး ပြောရှာသည်။ မြို့ကလည်း အကြိမ်အကြိမ် ခမ်းကိုပြောခဲ့ပြီးပြီ။

ခမ်း ကြည်နူးစွာ ပြုံးရင်း

''ကြည့်ပွင့်လေးရယ် မလိုပါဘူး။ မမက ကံကြွမ္မာကို ကျေးဇူးတင်နေတာ မမ သိပ်ချစ်တဲ့ မင်းတို့နှစ်ယောက် ရင်သွေးလေးကို မမ မွေးဖွားပေးရတာ ဂုဏ်ယူပါတယ်''

''မမကိုလည်း ကြယ်ပွင့်တို့ ပြောစရာရှိတယ်၊ ဟောဒီ သားလေး နာမည်ကို အခုပဲမြို့နဲ့ ကြယ်ပွင့်ပေးထားပြီးပြီ သိလား''





''ဟုတ်လား ဘယ်သူတဲ့လဲ ကြယ်ပွင့်''

''သားလေး နာမည်က မင်းခမ်းနား တဲ့''

ခမ်း သွေးထဲမှာ ဖျဉ်းခနဲ ခံစားလိုက်ရတဲ့အထိ။ မြို့နှုတ်က ပြောလိုက်တဲ့ သားလေးအမည်ကို ခမ်း ရင်ထဲမှာပဲ့တင် ထပ်ရေရွတ်နေမိဆဲ။

''မင်းခမ်းနား မင်းခမ်းနား မင်း ခမ်းနား''

ခမ်း တကယ် မျက်ရည်ကျခဲမိသည်။ ဘယ်သူမှ မသိအောင် အခန်းထဲမှာ ခမ်း ရှိုက်ငိုမိတဲ့ အထိပါပဲ။ ရင်ထဲမှာ ဝမ်းသာကြည်နူးလွန်းလို့ ကျတဲ့မျက်ရည်တွေပါ။

မြို့နှင်းတွေက ရစ်ဆိုင်းနေဆဲ။ သားလေး မင်းခမ်းနားကတော့ ကြယ်ပွင့် ရင်ခွင်ထဲမှာ နွေးထွေးစွာရှိနေသည်။

''ကြယ်ပွင့်''

''ဘာလဲဟင် မြို့''

''ကြယ်ပွင့်ကိုကျေးဇူးအရမ်းတင်ကြောင်း ပြောမလို့''

''ဟင် မြို့ကလည်း ကိုယ့်မိန်းမကို ကျေးဇူးတင်ကြောင်း ပြောတယ်လို့''

''ပြောရမယ် ဘာလို့လဲဆိုတော့ သားလေးနာမည်ကို လှပအောင် ရွေးချယ်ပေးနိုင်တဲ့ ကြယ်ပွင့်ကိုတကယ်ကျေးဇူးတင်လို့ပါ

www.burmeseclassic.com



အချစ်ရယ်"

ကြယ်ပွင့် ပန်းလေးဆုပ်ကိုင်ရင်း မြူဆိုတော့ ကြယ်ပွင့် ကျေနပ်စွာ ပြုံးမိသည်။

သိပ်လှပတဲ့ နာမည်လေးပါ မြူ။ ဒီနာမည်လေးကို သားလေး မွေးရင်ပေးမယ်လို့ ကြယ်ပွင့် ကြိုတင်ခံစားထားမိတာ မြူမှ မသိဘဲလေ။

မြူရယ်၊ ကြယ်ပွင့်ရယ်၊ သားလေး မင်းခမ်းနားရယ် အတွက် အချစ်တွေ ထုံလွှမ်းနေတဲ့ အနာဂတ်ကြီးတစ်ခု ကြယ်ပွင့် လှမ်းမြင်နေရပါတယ်။

ကြယ်ပွင့်တို့ လက်ချင်းတွဲလို့ လျှောက်လှမ်းကြမယ့် အနာဂတ် လမ်းကြီးပေါ့ မြူရယ်။

BURMESE CLASSIC .com

ပရိသတ်အတွက်

အမြဲတမ်း

ဖျူး



www.burmeseclassic.com